www.burmeseclassic.com

Member of NAING Group
CHAMPION®
Sophisticated lifestyle
Champion Construction Materials Co.,Ltd.
Home Decoration and Sanitary Ware Collection
ntact at CCM MALL - 400562, 400563, 400564, 400565, 200290, 01-8619120, 8619121, 09-73120262,
73104302, 09 - 43098894, 067 - 22297, 25527, 25528, 25529, 09-49244315,02 - 72703, 09-91025792
www.burmeseclassic.com

www.burmeseclassic.com

၁-၁၀-၁၉၉၀ ခုနှစ်မှစတင်၍ မူခင်းပညာပေးအစီအစဉ်ဖြင့်
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

2013
ဒွန်လ

အတွဲ(၅)၊ အမှတ်(၆)

BURMESE CLASSIC .com

နာယက - ရဲမှူးကြီး ဝင်းနိုင် (ရဲသူရ)

အယ်ဒီတာချုပ် - ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး

ဒုအယ်ဒီတာချုပ် - ဒုတိယရဲမှူးကြီး စိုင်းဝင်းအေး

တာဝန်ခံအယ်ဒီတာ - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း)

အမှုဆောင်အယ်ဒီတာ - ရဲမှူးမြင့်ထွေး

ယာယီရဲမှူးရှမ်းရှမ်းဝေ

ဒုတိယရဲမှူး သင်းသင်းကြည်

ရုံးအဖွဲ့ - တပ်ကြပ်ကြီး မတင်သိန်း

တပ်ကြပ်ကြီး တင်ရှောင်

တပ်ကြပ်ကြီး စိန်လင်း

တပ်ကြပ်အေးထွန်း

တပ်ကြပ် ထွန်းလင်းဦး

ဖြန့်ချိရေး

အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊
မဂ်လာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၂၀၅၁၀၈၉

မျက်နှာဖုံးရှင်
ရွှေပိုးအိမ်

ထုတ်ဝေသူ
ယာယီရဲမှူးမူမူသန်း(၀၃၇၈၃)

ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းမွမ်းမံ
Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊
ရဲသူ(ရန်ကုန်တက္ကသိုလ်)

တန်ဖိုး - ၁၀၀၀
အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

CONTENTS 2013 JUNE

ကာတွန်း

သူရိန်၊ မြေရိုင်း၊ ပေါက်ကျိုင်း၊ မောင်တင်ယု၊ ဇွဲနေ၊ နရဏီ(ကျိုပျော်)၊ ဒေါင်းလေး(ပြည်)၊ တွံတေးတွတ္တာပတ်

ကဗျာ

ခဲထက်ဇော်၊ နွယ်ရှင်(ရွှေကျင်ပြို့)၊ မြတ်နိုးဆု(တမာမြေ)၊ နေရဲချို၊ ဒီလူည၊ ပြစ်ငယ်-ဇော်ထွန်းသစ်၊ မင်းကြယ်စင်သွန်း၊ ဆုမွန်ဦး(ဟသံတ)

ဘာသာပြန်

လှမိုး(ပညာရေး) သမိုင်းကပြောသော ကင်ပေတိုင် ၅၃

လွမ်းဆေးထက် တရားခွင်ရောက် စက်မှုလက်မှုလုပ်ငန်းရှင်များ ၅၈

ဟာသဝတ္ထု

ချစ်ကိုကိုယု ရှေ့နေကြီး ဦးနက်ကျော်နှင့်ဘောဂဝင်း ၆၄

တစ်မျက်နှာဝတ္ထု

အိမ်နှင်းဖေ မထားသင့်တဲ့ အချောင်စိတ် ၃၅

ဆောင်းပါး

ဂုဏ်ယူစရာကြီးဝင်းဦး(ငြိမ်း)
ကျီဒီဟူသည့် အရပ်ရပ်နေ့စဉ်မှတ်တမ်း ၂၃

တစ်ခန်းရပ်ဟာသ

ထေက်ထက်(ဟာသ) ၁၃၀



www.burmeseclassic.com

www.burmeseclassic.com

နှပ်ရှင်မိတ်ဆက်

ဦးဝင်းမြင့်(သရုပ်ဆောင်) သိပ်ချစ်တယ် အရမ်းမုန်းတယ် ၁၀၂

သတင်း

နိုင်ငံတကာသတင်း/မြည်တွင်းသတင်း

ဗေဒင်

ဝေဒသုတေသီတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မူခင်းဝတ္ထုတို

ရွှေတိဂာမဇီဝင်အောင်
ကျွန်တော် ကျော်ဒွန်ကို ရိုက်ခွဲခဲ့စဉ်က ၂၉

ထက်ထက်ဦးဝေ
သစ္စာမထိုက်ခိုင်မြဲလျှင်ဖြင့် ၃၆

လေဒီခိုင်မွန်း
ကန္တာရဌာက် ၄၉

ဒေါ်အေးမွန်
ရေတိမ်နစ်တဲ့ လိပ်ပြာ ၅၂

သန်းမြင့်ဦး
အငြိုး ၈၆

မောင်ထွန်းညွှန့်(ကွမ်းခြံကုန်း)
ဖိုးတန်ချစ်တဲ့ ချစ်ဇော ၉၂

မောင်သိန်းဦး
နတ်မျက်စိအလားဆိုသော်လည်း ၁၁၀

မောင်ကြည်အောင်
စိတ်သာအဓိကပါ ၁၁၆

သီဟသန်းအောင်(မြင်းခြံ)
ကံကံ၏ အကျိုး ၁၃၄

မောင်သာမန်(ဒီးကုန်း)
ရင်နာသူတို့၏ ကလဲ့စား ၁၄၂

အောင်ကျော်ဇော
နိဂုံးမလှတဲ့ စိန်ခေါ်ပွဲ ၁၅၀

တိုးမြင့်
မင်းဝမ္မကုန်း ကားပျောက်မှု ၁၅၉

www.burmeseclassic.com

www.burmeseclassic.com

ကံ

BURMESE CLASSIC .com

ကမ္မသကော၊ ကမ္မသကာဆိုတာ
ကံသာအဓိ၊ ကံသာအဖတဲ့
မှန်မှမှန်ပါ့မလားလို့
သံသယမထားနဲ့ မိတ်ဆွေ။
တူသောအကျိုးဆိုတဲ့တရားက
အတိုးတက်လာတဲ့အခါ
ဥဏ်နဲ့ ဝိရိယအားကိုးပြီး
နည်းအမျိုးမျိုးနဲ့ ရင်ဆိုင်ပေမယ့် မနိုင်
သံတိုင်နဲ့ဆောက်တဲ့အိမ်လည်း ကျိုးတတ်တယ်
ဥဏ်ရှိတိုင်းလည်း မွဲတတ်တယ်။
ယုံပြီး ဆူးပုံထဲခုန်ချလို့
မရတာမှန်ပေမယ့်
တစ်ခါတစ်ခါ
ကိုယ့်လည်ပင်းကိုနှင်းဖို့
တစ်လှမ်းချင်း၊ တစ်လှမ်းချင်း လှမ်းလာတဲ့
ကံကြမ္မာရဲ့ခြေသံတွေကို နားစွင့်ရင်း
ခြေလှမ်းတွေကို ရေတွက်ရင်းနဲ့
ကံကြွေးကုန်တဲ့နေ့အထိ
ဘုရားစင်ရှေ့မှာ
ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ကို အလှပြင်နိုင်မှ
တန်ကာကျတယ်။ ။

ရဲထက်ဇော်

www.burmeseclassic.com

www.burmeseclassic.com

အမေ့သမိုင်း

အမေက အပူတက္ကအပူကိုယူ
ပူချင်သလောက်ပူ
ဂရုမစိုက် အပူကိုရှုန်းထွက်
စိုပြည်တဲ့ ရှပ်ရည်ကိုတောင်
ဥပေက္ခာပြုပြီး သားနဲ့သမီးအတွက်
အလုအပကို ဥပေက္ခာပြု
စွန့်လွှတ်ခဲ့တာ ကြာပါပေါ့လား။

အမေက မပြည့်စုံတာတောင် အပြုံးမာန်နဲ့
ရွေတာပြီးတော့ သားတို့မဝတ်တဲ့
အဖာစုံတဲ့အင်္ကျီကိုဝတ်
သမီးတို့မသုံးတော့တဲ့
ဖင်မြီးမရှိတဲ့ ဖိနပ်စုတ်နဲ့
သမီးတို့သာ ရှယ်ဝယ်စီးပါတဲ့လေ။

အမေက စိတ်အားမငယ် ဈေးဝယ်တာတောင်
သားနဲ့သမီးစားဖို့ အသားငါးတဲ့
ငါးပိရည်ကြိုက်တယ်ဆိုတဲ့စကားနဲ့
အားလုံးအတွက်ငဲ့ပြီး
ဖုံးဖိထားတဲ့ အပြုံးတွေနဲ့။

အမေက နေပူစပ်ခါး မိုးရွဲရွဲစိုတာတောင်
အပြုံးမပျက်
ရတက်အေးအောင် ကြိုးစားရှာခဲ့တာ
အခုဆိုရင်.....
နှစ်ပေါင်း (၆၀)ရှိပြီလေ။

အမေ.....အမေ့ကျေးဇူး သိမြင်ရလို့
အမေ ဒဏ်ကျန်းမာပါစေ
အနာမဲ့ အဆင်းလှပါစေ
သက်တော်ရာကျော်ရှည်ပါစေရယ်လို့.....။ ။

နွယ်ရှင် ၊ ဒွေကျင်မြို့ ၊

www.burmeseclassic.com

www.burmeseclassic.com

အပူထဲကအပူ

✱ "နေ".....
ပူလိုက်တာနော်
အော်မြည်ကာ ညည်းမနေနဲ့
နွေအခါ နေပူပါမှ
သဘာဝကျမှာပေါ့။

✱ ပူချင်သလောက်ပူ
ရေဆူမှတ်ကျော်နေလည်း
ကျောကော့ပြီး နေပူမှာစံ၊
နားပူဒဏ်.....
ကြွေးပူဒဏ်.....
ဝမ်းပူဒဏ်တွေ မခံနိုင်လို့။ ။



မြတ်နိုးဆု (တမာငမြို့)

www.burmeseclassic.com

www.burmeseclassic.com

အချိန်နဲ့ကာလ

ခန္ဓာမလွတ်အောင်ရှုမှတ်
အနုလုံပဋိလုံ
ထုံမွှမ်းခြယ်သတဲ့
အဟောဝတ စိတ်ရေစင်ဆိုတာ
မြူမတင် ဖြူစင်လန်းဆန်းလွန်းရဲ့၊
မိုးလင်းမိုးချုပ်
အလုပ်နဲ့ ဝိစိကိစ္စာတွေ
ဘာဝနာအခြေစိုက်
မေတ္တာ ကရုဏာ မုဒိတာ
ဥပေက္ခာအမြို့က်တရားတွေ
ပွားများစုဆောင်းဖို့ထက်၊
အသက်ရှင်ဖို့
မလုပ်ချင်တာလုပ်ရ
မပြောချင်တာပြောရ
သီလကို မသိကျိုးကျွန်ပြုပြီး
ဥပါယ်တံမျဉ် အမည်သစ်နဲ့
လှုပကျစ်လျစ်တဲ့ လိမ်လည်မှုတွေပေါ့၊
ဒီလိုနဲ့ နေညိုလုပြီ
ကုသိုလ်တစ်ပါး၊ ငရဲတစ်ပိသာ
(လောကီလောကုတ် သံသရာခရီးအတွက်)
တွက်ခြေမကိုက်တဲ့ရက်တွေ များလှပြီ။ ။

နေရဲချို

www.burmeseclassic.com

အနှစ်ပုံပြင်

ကိုယ့်ရဲ့မလုံခြုံမှုကိုဝှက်ရင်း
လုံခြုံမှုတွေအား လက်ညှိုးထိုးရင်း အိမ်ပြန်ခဲ့
ဒီခရီးက တိုတောင်းတယ်ဆိုပေမယ့်
အကြွေးကျနေတဲ့ သစ္စာတရားဟာ
ပြန်အမ်းမယ့်အကြွေထက် ရှားပါး
သေချာပါတယ်
ထုံနေတဲ့ လရောင်ဟာ သိပုံမရဘူး
ခုတ်မောင်းနေတဲ့ ရထားဟာ
ပင်လယ်ဆီ ဦးတည်နေတယ်ဆိုတာ.....။ ။

ဒီလူည

www.burmeseclassic.com

www.burmeseclassic.com

မွန်မြတ်သည့်စိတ်

* စိတ်ထားတည်ကြည်
မြင့်မြတ်သည်မှာ
ဝိုးတန်စိန်ကျောက်
လဲလှယ်နှောင့်ခါ
မပျောက် မပြယ်
တစ်လျှောက်ထည့်ဝါ
ချိန်ခါဆက်ကြည့်
လျှာထွက်သည်မှာ
အစဉ်စိတ်ထား
တည်ကြည်ငြားက
မွန်မြတ်သည့်စိတ်
အလေးသာလိမ့်မည်တည်း။ ။

မြစ်ငယ်-ဇော်ထွန်းသစ်

www.burmeseclassic.com

www.burmeseclassic.com

မနစ်ကျွံကြေး

✦ လွမ်းလို့ပဲဖြစ်ဖြစ်
အသည်းကွဲလို့ပဲဖြစ်ဖြစ်
အချစ်စခန်းမှာ အရမ်းထိခိုက်
ဘဝကို မနစ်မြုပ်လိုက်ပါနဲ့ကွယ်။
✦ ချစ်သူပစ်လို့ ဖြစ်တဲ့စိတ်ကြောင့်
ရင်ဝ ဗားသွင်း ကြိုးကွင်း ခေါင်းသွင်း
မင်း အဆိပ်မသောက်လိုက်ပါနဲ့။
✦ ထွက်ပေါက်ပိတ်လျှောင် ရင်ဗလောင်ဆူပြိုက်
လှိုက်လှိုက်ဖိုဖို ရွံရှဲငိုသွန်း
ချစ်လွန်းလို့ဆိုတာ နားလည်ပါတယ်။
✦ အားမငယ်ပါနဲ့
ဘဝတန်ဖိုး ခဏကန့်ကျိုး
ချစ်ကြိုးတုပ်ချည်
သေမင်းဆီသွားဖို့ တန်ပါရဲ့လား။
✦ လောကဓံ အလောင်အမြိုက်အောက်က
သမုဒယတစ်သိုက်အတွက်
ခု နံနက်ကနေ
နောက်နံနက်အထိ ငိုလိုက်ငို
ကိုယ့်ကိုယ်ကိုယ်တော့ ဖြိုမချလိုက်ပါနဲ့ကွယ်။
✦ အချစ်ကျန်းမာ အပျော်သွန်းပါ
အချစ်ကျန်းမာ မနစ်မွန်းပါနဲ့ ကလေး။

မင်းကြယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com

ပျော်တော်ဆက်

၌ ငါးတော့ငါးပဲ
လိုင်းကြားလေကြား
ဒိုက်မော်တိုးစား
ကူးခတ်ပျော်ပါး
ငါးတော့မဟုတ်။

၌ လူတို့ဖန်တီး
ဖန်ရေလှောင်ကန်ကြီးထဲမှာ
ဒိုက်မော်အတု
ရေပြင်အတု
အောက်ဆီဂျင်အတု
အပျော်အတုတွေနဲ့
လူတကာကြည့်ငေး
ဟိုပြေးသည်ပြေး
အဖျော်ဖြေခံ
ရွှင်းလေးတွေ။ ။



ဆုမွန်ဦး (ဟသ်တ)

www.burmeseclassic.com

www.burmeseclassic.com

Cartoon



www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

Cartoon

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယရဲမှူးကြီး ဝင်းဦး (ငြိမ်း)

ကျဉ်းမားသည့် အရာပရပ်နေ့စဉ်မှတ်တမ်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အမှုရေးဖွင့်နိုင်သော ရဲစခန်းများအား (က)အဆင့်မှ (ဃ)အဆင့်ထိ သတ်မှတ်ထားပြီး တပ်ဖွဲ့ဝင်ဦးရေကိုလည်း စခန်းအဆင့်အလိုက် ခွဲခြားသတ်မှတ်ထားပါသည်။ အမှုဖွင့်လှစ်နိုင်ခြင်းမရှိသော ရဲစခန်းများအား (ဌ)အဆင့်၊ တစ်နည်းအားဖြင့် ရဲကင်းအဆင့်ဟု ခေါ်ဝေါ်သတ်မှတ်ထားကြပါသည်။ အမှုဖွင့်လှစ်နိုင်သော ရဲစခန်း (က)မှ (ဃ)အထိလည်းကောင်း၊ ရဲကင်းအဆင့် (ဌ)အထိလည်းကောင်း ရဲစခန်းများတွင် မှတ်ပုံတင်အမှတ် (၄)ခေါ် အရပ်ရပ်နေ့စဉ်မှတ်တမ်း (General Diary) စာအုပ်အား မဖြစ်မနေ ထားရှိရမည်ဖြစ်ပါသည်။ အသုံးပြုပုံစံမှာ (အုပ်ချုပ်ရေး ၇/ရဲ ၃၆)ပုံစံဖြစ်ပါသည်။

အမှုဖွင့်လှစ်နိုင်သော ရဲစခန်းများတွင် သတ်မှတ်ညွှန်ကြားချက်အရ ရဲစခန်းမှတ်ပုံတင် (၁) မှ (၃၇)အထိ ရေးသွင်းထားရှိကြပါသည်။ ထိုမှတ်ပုံတင်စာအုပ်များအား အုပ်ချုပ်ရေးပိုင်း၊ မှုခင်းပိုင်း၊ နယ်ထိန်းပိုင်းဟူ၍ သုံးပိုင်းခွဲခြားသတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ ထိုသို့သော မှတ်ပုံတင်များသည် သူ့ကဏ္ဍနှင့်သူ အရေးပါသော မှတ်ပုံတင်များရှိသော်လည်း စာရေးသူအနေဖြင့် မှတ်ပုံတင် (၄) ခေါ် အရပ်ရပ်နေ့စဉ်မှတ်တမ်းသည့် မှတ်ပုံတင်အား လုံးထက် ပိုမိုအရေးကြီးသော မှတ်ပုံတင်ဖြစ်သည်ဟု ဆိုချင်ပါသည်။

စာရေးသူ၏ လုပ်သက်တစ်လျှောက် စစ်ဆေးခဲ့ရသော ရဲစခန်းများတွင် မှတ်ပုံတင် (၄)အား ပြီးစလွယ်ရေးသားခြင်း၊ သက်ဆိုင်ရာစခန်းမှူးမှ ကြပ်မတ်မှုအားနည်းခြင်း၊ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ရေးသားနိုင်မှုမရှိခြင်း၊ သပ်ရပ်သေသပ်စွာ မထားရှိခြင်းများကို စစ်ဆေးတွေ့ရှိခဲ့ရပါသည်။ စာရေးသူတို့ သင်တန်းဆင်းပြီး ရဲစခန်းရောက်ရှိသည့်အခါ မှတ်ပုံတင် (၄)အား ရဲစခန်း၏ တပ်ကြပ်ကြီး/စာရေး၏ စားပွဲပေါ်တွင် သေသပ်စွာ ချုပ်လုပ်ပြင်ဆင်ထားမှုများကို တွေ့မြင်ခဲ့ဖူးပါသည်။

ဖော်ပြပါ အရပ်ရပ်နေ့စဉ်မှတ်တမ်းအား ၎င်း ခုနှစ် ဝဖ်း၀၀ နာရီအချိန်ရေးဖွင့်ပြီး နောက်တစ်နေ့ ဝဖ်း၀၀ နာရီ အချိန်တွင် ရေးပိတ်ရပါသည်။ ထိုသို့ရေးပိတ်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

၌ ရဲစခန်းမှူးသည် အရပ်ရပ်နေစဉ်မှတ်တမ်းပါ ရေးသွင်းထားသော အမှတ်စဉ် (၁)မှ နောက်ဆုံးရေးသွင်းအစဉ်အထိ မှန်ကန်ကြောင်းကို စခန်းမှူးကိုယ်တိုင် စိစစ် လက်မှတ်ရေးထိုးရပါသည်။ မူလတွင် တပ်ကြပ်ကြီးစာရေးမှ တစ်ချက်ချင်း စိစစ်၍ ရေးသွင်းချက်အပိုဒ်လိုက် ခေါင်းစဉ်များအား မင်နီဖြင့်ရေးသားဖော်ပြပြီးမှ ရဲစခန်းမှူးထံ တင်ပြရပါသည်။ ရဲစခန်းမှူးက ထပ်မံစိစစ်ပြီး ရေးသွင်းချက်အားလုံးကို တာဝန်ခံလျက် လက်မှတ်ရေးထိုးရခြင်းဖြစ်ပါသည်။

သို့သော် စာရေးသူအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန်များ ဆောင်ရွက်ခဲ့ရသဖြင့် ရဲစခန်းများရှိ မှတ်ပုံတင် (၄)အား စစ်ဆေးရာတွင် အားနည်းချက်၊ ချို့ယွင်းချက် များစွာကို တွေ့ရှိနေရပြီး သက်ဆိုင်ရာ အချို့သော ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများကိုယ်တိုင်ပင် မှန်ကန်စွာ ရေးသွင်းနိုင်မှုမရှိခြင်း၊ ကြပ်မတ်မှုအားနည်းခြင်းများကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

ထိုအချိန်က အရပ်ရပ်နေစဉ်မှတ်တမ်းတွင် မမှန်မကန်ရေးသားပါက ထိုအရာရှိအား ရာထူးမှအမြဲထုတ်ပယ်သည့်ပြစ်ဒဏ်ခံရမည် ဟူသော ရဲလက်စွဲ၊ ဒုတိယတွဲ၊ အပိုဒ် ၁၃၄ တွင် ဖော်ပြထားသည့်အချက်ကို . . .

ထိုသို့ဖြစ်ခြင်းမှာလည်း တာဝန်ရှိသူအဆင့်ဆင့်တို့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလက်စွဲ (၃)တွဲ အပိုဒ် ၁၃၃၈ မှ ၁၃၄၅ ထိပါ အချက်များအား သေချာစွာ ဖတ်ရှုလေ့လာမှုအားနည်းမှုကြောင့်ဟု သုံးသပ်မိပါသည်။ အထူးသဖြင့် ရဲစခန်းမှူးများသည် အရပ်ရပ်နေစဉ်မှတ်တမ်း ဖော်ပြချက်နှင့် ပတ်သက်၍ မိမိအား ဒုက္ခရောက်နိုင်သည်၊ ကယ်တင်နိုင်သည် ဆိုသည့်အချက်အား ကောင်းစွာနားလည်သဘောပေါက်နေရန် လိုအပ်ပါသည်။

စာရေးသူအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလ အတွင်း အရပ်ရပ်နေစဉ်မှတ်တမ်းနှင့် ပတ်သက်၍ အခြားသူအား ဘယ်တော့မှ မရေးခိုင်းခဲ့ပါ။ မိမိကိုယ်တိုင်ပင် ခရိုင်ရဲတပ်ဖွဲ့မှူးအဆင့် ရောက်ရှိသည်အထိ ရေးသားမှုရှိခဲ့ပါသည်။ ရဲစခန်းသို့ ရောက်ရှိသည့်အခါတိုင်း အချုပ်ခန်းစစ်ဆေးမှုများကို မိမိကိုယ်တိုင်ပင် ရေးသားသည့်အခါ ရဲစခန်းရှိ အမှုစစ်၊ စခန်းမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အံ့သြစွာဖြင့် ကြည့်နေကြပါသည်။ ၎င်းတို့က မိမိတို့ကိုယ်စားရေးပေးမည်ဟုပြောသော်လည်း စာရေးသူအနေဖြင့် လုံးဝလက်မခံဘဲ ကိုယ်တိုင်ရေးအလေ့အကျင့်အား ဆရာ့ဆရာများ၏ ညွှန်ကြားချက်နှင့်အညီ မှတ်သားလိုက်နာ ရေးသားခဲ့ပါသည်။ စာရေးသူ ခံယူမိသည်မှာ မိမိကိုယ်တိုင်ရေးသားမှု၏ ဆိုးကွေး ကောင်းကွေကို ခံစားမည်ဟု ယူဆထားခြင်းဖြစ်ပါသည်။ မိမိကိုယ်တိုင်လည်း ရဲစခန်းများရောက်ရှိသည့်အခါ ပထမဆုံး စစ်ဆေးမိသည့် မှတ်ပုံတင်မှာ မှတ်ပုံတင် (၄) ပင်ဖြစ်ပါသည်။ စစ်ဆေးချက်များအရ အားနည်းချက်များအား ခြုံငုံ၍ အောက်ပါအတိုင်း တင်ပြလိုပါသည်–

- ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများကိုယ်တိုင် ကင်းစစ်ဆေးချက်များအား ရေးသွင်းနိုင်မှု မရှိခြင်း၊ တာဝန်ခံ လက်မှတ်ရေးထိုးနိုင်မှု မရှိခြင်း။
- ရဲစခန်းရှိ ကင်းတာဝန်ကျ ရဲတပ်သားများကပင် ပုံမှန် ရေးသားနေခြင်း။
- အချုပ်ခန်းရှိ တရားခံအရေအတွက် များယွင်းစွာ ဖော်ပြခြင်း။
- တရားခံ ထုတ်/သွင်း အရေအတွက် များယွင်းနေခြင်း၊ အချိန်နာရီစဉ်များ များယွင်းဖော်ပြခြင်း။
- အချုပ်ခန်းအသေးစိတ်ရာဇဝတ်မှုများတွင် စတင်ရာမှ ချိန်/ပြီးဆုံးချိန်နှင့် ရာဇဝတ်တွေ့ရှိမှု အကြောင်းအရာများကို ဖော်ပြမှုမရှိခြင်း။
- တရားခံများအား နံနက်/ည ထမင်းကျွေး အရေအတွက် များယွင်းစွာ ဖော်ပြခြင်း။
- ညဉ့်နက်ပိုင်း အချုပ်ခန်းကင်းစစ်ဆေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့အတွက် အလှည့်ကျ ရဲတပ်သားများကိုယ်စား စစ်ပေးခြင်း။
- အမှုဖွင့်အမှတ်စဉ်များ များယွင်းစွာဖော်ပြခြင်း။

www.burmeseclassic.com

www.burmeseclassic.com

- ကင်းစောင့်အမည် မှားယွင်းနေခြင်း၊ လွှဲပြောင်းလက်ခံ လက်မှတ်ရေးထိုးမှုမရှိခြင်း၊
- အမှုစစ်အရာရှိများအနေဖြင့် ရဲစခန်းမှအထွက်ဖော်ပြထားပြီး ပြန်လည်ဝင်ရောက်မှု မှတ်တမ်းမရှိခြင်း၊
- နယ်ထိန်းအဖွဲ့များအနေနှင့်လည်း ရဲစခန်းအထွက်မရှိဘဲ အဝင်ပြန်လည်ပြထားခြင်း၊
- မ,တရားခံများနှင့် ပတ်သက်၍ မိန်းမအစောင့်ဖော်ပြထားမှု မရှိခြင်း၊
- ဆေးရုံတက်တရားခံ/ဆေးရုံထုတ်တရားခံများနှင့် ပတ်သက်၍ သေချာစွာဖော်ပြမှုမရှိခြင်း၊
- တစ်ခါတစ်ရံ ရဲစခန်းမှူးသည် နေ့စဉ်လက်မှတ်ရေးထိုးထားမှုမရှိသည်ကို ၁၀ ရက်၊ ၁၅ ရက်ခန့်တွေ့ရှိနေရခြင်း၊
- ရဲစခန်းမှူး လွှဲပြောင်း၊ လက်ခံလက်မှတ်ရေးထိုးမှု မရှိခြင်း။

ထိုသို့ဖော်ပြပါ အားနည်းချက်များ ရှိရခြင်းမှာလည်း ယနေ့ခေတ် အခြေအနေအရ ရဲတပ်ဖွဲ့ဝင်များသည် တာဝန်ရှိသူအဆင့်ဆင့်တိုင်း တာဝန်ကိုယ်စီ အလုပ်များကို အချိန်ပြည့် ထမ်းဆောင်နေမှုများကြောင့်လည်းကောင်း၊ မအားလပ်မှုများကြောင့်လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကြောင့်လည်းကောင်း ရဲစခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများအနေဖြင့် ကိုယ်တိုင်စိစစ်ကြပ်မတ်မှု အားနည်းခြင်းသာဖြစ်မည်ဟု မိမိကိုယ်မိမိ ဖြေသိမ့်မိပါတော့သည်။

စာရေးသူအနေဖြင့် မှတ်ပုံတင်အမှတ် (၄) အရေးကြီးမှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်ဖြစ်စဉ် ရှိခဲ့ဖူးပါသည်။ ထိုဖြစ်စဉ်ကြောင့်ပင် စာရေးသူတွင် ကိုယ်တိုင်ရေးသားသည့် အကျင့် သန္ဓေတည်ခဲ့သည်ဟု ထင်မြင်မိပါသည်။

၁၉၇၈ ခုနှစ်မှစ၍ စာရေးသူသည် အလုပ်သင်တာဝန်ဖြင့် ပဲခူးတိုင်း (ယခု ပဲခူးတိုင်းဒေသကြီး)၊ ညောင်လေးပင်ရဲစခန်းတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် ဒုရဲအုပ် (စခန်းမှူး)အဖြစ် ရာထူးတိုးမြှင့်ခြင်းခံရကာ ညောင်လေးပင်ရဲစခန်း၏ သီးခြားအချုပ်ထောင်တွင် အချုပ်အုပ်တာဝန်ဖြင့် ထမ်းဆောင်စဉ်ကာလဖြစ်ပါသည်။ ရဲစခန်းမှူးမှာ ဦးစိန်ညွန့် (ရဲမှူး၊ ငြိမ်း)ဖြစ်ပြီး တပ်ကြပ်ကြီးစာရေးမှာ ဦးတင်အောင် (ကွယ်လွန်)ဖြစ်ပါသည်။ ထိုအချိန်က ရဲစခန်းရှိ အမှုစစ်များမှာ ဒုရဲအုပ် သိန်းဆွေ (ရဲမှူး၊ ငြိမ်း)၊ ဒုရဲအုပ် သိန်းရွှေ (ရဲအုပ်၊ သေဆုံး)၊ ဒုရဲအုပ် မောင်လှိုင် (ရဲအုပ်၊ ငြိမ်း)တို့ ဖြစ်ကြပါသည်။ စာရေးသူအနေဖြင့် ရဲစခန်းရုံးနှင့် အချုပ်ထောင်မှာ သီးခြားစီဖြစ်သော်လည်း အချုပ်ထောင်တာဝန်ကို ဒုရဲအုပ် (**စခန်းမှူး**) ခင်မောင်ဆွေ (ရဲမှူး၊ ငြိမ်း)နှင့် အလှည့်ကျ တာဝန်ယူရသဖြင့် မိမိအလှည့်မကျသော ရက်များတွင် ရဲစခန်းသို့လာရောက်ပြီး ရဲစခန်းသို့လာရောက်တိုင်ကြားသည့် မှုခင်းဖြစ်ရပ်များအား လေ့လာပညာယူနေချိန်လည်းဖြစ်ပါသည်။

နေ့တစ်နေ့၏ ညနေ ၄ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် ညောင်လေးပင်ရဲစခန်း၌ ရုတ်ရုတ်သဲသဲဖြစ်သံကြား၍ ရဲစခန်းဘက်သို့အပြေးလာပြီး စူးစမ်းမိပါသည်။ ဖြစ်သည့်အကြောင်းရင်းမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်သား ကျော်ဦး (အမည်လွှဲဖော်ပြထားပါသည်)သည် ရပ်ကွက်ထဲရှိ ၎င်း၏ယောကျ်မ၊ မရီးဖြစ်သူတို့နှင့် စကားများရန်ဖြစ်ပြီး ၎င်းကိုင်ဆောင်သည့် ရိုင်ဖယ်သေနတ်ဖြင့်ပစ်လိုက်ရာ နှစ်ဦးလုံးသေဆုံးခဲ့၍ ဆွေမျိုးသားချင်းများဘက်မှ မကျေနပ်သောကြောင့် စုရုံးရောက်ရှိနေသည်ဟု သိရှိရပါသည်။ ထို့ပြင် ရဲတပ်သားကျော်ဦးမှာ ၎င်းပစ်လိုက်သော ရိုင်ဖယ်သေနတ်နှင့်အတူ ရဲစခန်းသို့ပြေးလာသဖြင့် စခန်းမှူးက သေနတ်ကိုသိမ်းပြီး အချုပ်ထောင်တွင် ချုပ်ထားလိုက်ကြောင်း သိရှိရပါသည်။

ထိုအချိန်တွင် ရဲစခန်းမှူး ရဲအုပ် စိန်ညွန့်နှင့် တပ်ကြပ်ကြီးစာရေး တင်အောင်တို့မှာ စခန်းရုံးခန်းတစ်နေရာတွင် တီးတိုးတိုင်ပင်နေကြပါသည်။ ၎င်းတို့အနီးတွင် ရဲစခန်းတာဝန်မှူး ဒုရဲအုပ် သိန်းဆွေကိုလည်း တွေ့ရပါသည်။ စာရေးသူကြားမိသည်မှာ စခန်းမှူးက.....

''သေနတ်နဲ့ပစ်တာက အချိန်အခါမဟုတ်ဗျာ၊ နောက်ပြီး ပစ်တဲ့တပ်ဖွဲ့ဝင်ကလည်း မြို့နယ်မှူးရုံးကဖြစ်နေတယ်၊ သေနတ်ကို ဘယ်အချိန်က ထုတ်ထားလဲ၊ ဘာတာဝန်ပေးထားလဲလို့ တိုင်းမှူးရုံးက မေးတော့မှာ သေချာတယ်'' ဟုပြောသည်။

ထိုအချိန်အခါက ညောင်လေးပင်မြို့နယ်တွင် [illegible] လမ်း ကင်းလုံခြုံရေးအား ရဲစခန်းအင်အား [illegible] မှူးရုံးအင်အားများပါ ညစဉ် တာဝန်ထမ်းဆောင်[illegible] ပါသည်။ မြို့နယ်၊ ရဲစခန်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ညနေ ၆ နာရီခန့်တွင် ရဲစခန်းမှ သေနတ်လာထုတ်ပြီး နောက်နေ့နံနက်ပိုင်းတွင် ရဲစခန်းသို့ သေနတ်ပြန်လာအပ်ရမည်ဖြစ်ပါသည်။ ယခုကျွန်းလွန်သူ ရဲတပ်သား ကျော်ဦးမှာ လွန်ခဲ့သောညက မီးရထားလမ်း ကင်းတာဝန်ကျသူဖြစ်သည်ဟု သိရပါသည်။ အမှန်တွင် ရဲတပ်သားကျော်ဦးမှာ အချင်းဖြစ်ပွားသည့်နေ့ နံနက်ပိုင်းတွင် ရဲစခန်းသို့ သေနတ်လာအပ်ရမည်ဖြစ်သော်လည်း သေနတ်အား မအပ်သေးမီ အိမ်၌ခေတ္တထားစဉ် ယောကျ်မ၊ မရီးဖြစ်သူတို့နှင့် အချင်းများ၍ အသင့်ရှိသော ရိုင်ဖယ်သေနတ်ဖြင့် ပစ်လိုက်ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် လွန်ခဲ့သောနေ့ ညနေ ၅ နာရီ ၃၀ မိနစ်တွင် ရဲတပ်သား ကျော်ဦးအား ရိုင်ဖယ်သေနတ်တစ်လက်၊ ၎င်းကျည် ၂၅ တောင့် ထုတ်ပေးထားကြောင်း ဖော်ပြထားသော်လည်း ယခုနေ့တွင် သေနတ်အား နံနက်ပိုင်း၌ လာမအပ်ခဲ့သောကြောင့်သာ မူခင်းဖြစ်ပွားရသည်ဟု သုံးသပ်ရမိပါသည်။ စုံစမ်းစစ်ဆေးပါက တာဝန်ရှိသူ အဆင့်ဆင့်သည်လည်း တာဝန်ရှိကြမည်ဖြစ်ပါသည်။ နောက်ဆုံးတွင် စခန်းမှူးနှင့် တပ်ကြပ်ကြီးစာရေးတို့ ဆုံးဖြတ်ချက်ချလိုက်သည်ထင်ပါသည်။ စာရေးသူ သိရှိလိုက်သည်မှာ ယနေ့အချင်းဖြစ်ပွားချိန်တွင် ရေးသားထားသော တစ်နေ့တာ အရပ်ရပ် နေ့စဉ်မှတ်တမ်းစာရွက်အား ဆွဲဆုတ်၍ အသစ်ပြန်ရေးရန်ဟူ၍ ဖြစ်ပါသည်။ ဆွဲဆုတ်လိုက်သော အရပ်ရပ်နေ့စဉ်မှတ်တမ်းစာရွက်အား ဒုရဲအုပ် သိန်းဆွေက ခေါက်၍ယူထား လိုက်ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေး၍ပေါ်ပေါက်ခဲ့လျှင် တာဝန်မှူးအနေဖြင့် ပါဝင်ပတ်သက်မှုမရှိကြောင်း သက်သေအထောက်အထား ပြသလိုရှိဖြစ်မည်ထင်ပါသည်။

ထို့နောက် အရပ်ရပ်နေ့စဉ်မှတ်တမ်းအား တပ်ကြပ်ကြီး စာရေး တင်အောင်မှပင် ဦးဆောင်၍ အသစ်ပြန်ရေးကြပါသည်။ ရေးသည့်အကြောင်းအရာတွင် လွန်ခဲ့သောနေ့က ထုတ်ယူထားသော ရိုင်ဖယ်သေနတ်အား ရဲတပ်သား ကျော်ဦးထံမှ ယနေ့နံနက် ၈ နာရီ ၃၀ မိနစ်အချိန်ခန့်တွင် ရဲစခန်းသို့ ပြန်လည်အပ်နှံကြောင်း ဖော်ပြခြင်း။ တစ်ဖန် ရဲတပ်သား ကျော်ဦးအား ယခုနေ့ အချင်းမဖြစ်ပွားမီအချိန်ထက် တစ်နာရီစော၍ ရိုင်ဖယ်သေနတ်အား လုံခြုံရေးအတွက် ပြန်လည်ထုတ်ပေးထားခြင်းများကို ဖော်ပြကာ မမှန်မကန် ရေးသားကြခြင်းဖြစ်ပါသည်။ စာရေးသူအနေဖြင့် လုပ်သက်နှစ်၊ မလည့်

ဒီလောက်
လုပ်သက်တွေရပြီးမှ
ဘာဖြစ်လို့ မဟုတ်တာကို
လုပ်ကြတာလဲ၊ အမှန်ကို
အမှန်အတိုင်းရေးသင့်တာပေါ့ကွာ၊
မင်းတို့ မစဉ်းစားမိဘူးလား၊
စုံစမ်းစစ်ဆေးရင်လည်း
မင်းတို့ပြင်ဆင်ရေးတဲ့ကိစ္စ
ပေါ်မှာပဲ၊ အခု
မင်းတို့ အတတ်နဲ့
မင်းတို့ရူးပြီလေ

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ဆယ်၊ မျက်စိသူငယ်အဆင့်လေးကြောင့် မှားသည်၊ မှန်သည်ကို မည်သို့မျှ မဝေခွဲမဆုံးဖြတ်တတ်အောင် ဖြစ်နေပါသည်။ ဒီဓိဏက် လုပ်သက်ရင့်သော ဆရာများက ကျွမ်းကျင်သဖြင့် လုပ်ကြသည်ဟုသာ သဘောပိုက်မိပါသည်။ ထိုအချိန်က အရပ်ရပ်နေစဉ်မှတ်တမ်းတွင် မမှန်မကန်ရေးသားပါက ထိုအရာရှိအား ရာထူးမှ အမြဲထုတ်ပယ်သည့်ပြစ်ဒဏ်ခံရမည်ဟူသော ရဲလက်စွဲ၊ ဒုတိယတွဲ၊ အပိုဒ် ၁၃၄၁ တွင် ဖော်ပြထားသည့်အချက်ကို စာတွေ့အရသာ သိရှိထားပြီး စာရေးသူကိုယ်တိုင် ဂဃနဏာ မသိရှိသေးသည့် အချိန်အခါလည်းဖြစ်ပါသည်။

ရဲတပ်သားကျော်ဦး၏ ကိုင်ဆောင်သော ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ အရပ်သားနှစ်ဦး သေဆုံးခဲ့ရသဖြင့် နောက်နေ့တွင် တိုင်းရဲတပ်ဖွဲ့မှူး (ယခု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး)ရဲမှူးကြီး မြင့်သိန်းကိုယ်တိုင် ညောင်လေးပင်ရဲစခန်းသို့ လာမည်ဖြစ်ကြောင်း တယ်လီဖုန်းသတင်းရရှိခဲ့ပါသည်။ ရဲစခန်းမှူးနှင့် တပ်ကြပ်ကြီးစာရေးတို့လည်း ကြိုတင်ပြင်ဆင် ဇာတ်တိုက်မှုများကို အဆောတလျင် လုပ်ဆောင်နေကြပါတော့သည်။

စာရေးသူကိုယ်တိုင်လည်း အချုပ်ထောင်တွင် အချုပ်အုပ်တာဝန်ယူချိန်ကာလဖြစ်သဖြင့် အချုပ်ထောင်သန့်ရှင်းရေးနှင့် လိုအပ်သည်များကို အလျင်အမြန် ပြင်ဆင်ရပါသည်။

နောက်နေ့နံနက် ၉ နာရီကျော်ခန့်တွင် တိုင်းရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့ ညောင်လေးပင်ရဲစခန်းသို့ ရောက်ရှိလာသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် အမှုစစ်အရာရှိများအားလုံး ရဲစခန်းဦးရှေ့တွင် တန်းစီရပ်စောင့်ပြီး ကြိုဆိုကြပါသည်။ တိုင်းရဲတပ်ဖွဲ့မှူးကြီးက ရဲစခန်းဦးရှေ့တံတားပေါ်ရောက်သည်နှင့်–

"ဒီနေ့ကတော့ Unlucky ပဲကွာ၊ မင်းတို့ဆီကလည်း သေနတ်ပစ်မှု၊ ဖောင်တော်သီရဲစခန်းကလည်း တရားခံထွက်ပြေးတယ်ကွာ" ဟု ခရီးရောက်မဆိုက် ပြောလိုက်ပါသည်။ ထို့နောက် ရဲစခန်းဦးခန်းရှိ ပြင်ဆင်ထားသော ကုလားထိုင်တွင် ထိုင်လိုက်သည်နှင့် တိုင်းရဲတပ်ဖွဲ့မှူးက–

"မင်းတို့ရဲစခန်း GD ငါ့ကိုပေးကွာ" ဟုပြောသဖြင့် တပ်ကြပ်ကြီးစာရေးက အရပ်ရပ်နေစဉ်မှတ်တမ်းစာအုပ်အား ခြေစုံရပ်၍ ပေးလိုက်ပါသည်။ တိုင်းရဲတပ်ဖွဲ့မှူးကြီးက အရပ်ရပ်နေစဉ်မှတ်တမ်းရေးသားချက်များအား တစ်ရွက်ချင်း စေ့စေ့စပ်စပ် ဖတ်ရှုနေပါသည်။ အချို့နေရာများတွင် ၎င်း၏ ဘောလ်ပင်ကိုထုတ်၍ မှတ်သားထားလိုက်ပါသေးသည်။ စိတ်ရှည်ရှည်ဖတ်ရှုပြီးနောက် စခန်းမှူးနှင့် တပ်ကြပ်ကြီးစာရေးတို့ဘက်လှည့်ပြီး.....

"မင်းတို့ရေးထားတဲ့ G.D (General Diary) က အမှန်ပဲလားကွ" ဟုမေးရာ ရဲစခန်းမှူး ရဲအုပ် စိန်ညွှန့်က သတိဆွဲအလေးပြုပြီး.....

"ဟုတ်ကဲ့၊ အမှန်ပါမင်းကြီး" ဟုပြောရာ တိုင်းရဲတပ်ဖွဲ့မှူးက ပြုံးစိစိလုပ်နေပါသည်။ ဘာကြောင့်ပြုံးသည်ကို စာရေးသူ နားမလည်ပါ။ ထို့နောက်.....

"ကဲ.....ဒါဖြင့်ရင် ငါ့ကို အချင်းဖြစ်နေရာ (Scence of Crime) လိုက်ပို့ကြကွာ" ဟု ကောက်ကာငင်ကာ ပြောလိုက်ပါသည်။ ၎င်း၏ကိုယ်ရေးအရာရှိကိုလည်း အရပ်ရပ်နေစဉ်မှတ်တမ်းစာအုပ်ကိုပါ တစ်ပါတည်းယူလာရန် မှာကြားလိုက်ပါသည်။ အချင်းဖြစ်ပွားရာ ဘူတာကြီးအနောက်ဘက်ရပ်ကွက်သို့ ရောက်သည့်အခါ တိုင်းရဲတပ်ဖွဲ့မှူးကြီးက တပ်ဖွဲ့ဝင်သေနတ်ပစ်သည့်နေရာ၊ သေနတ်မှန်သေဆုံးသူတို့၏နေရာကို မေးမြန်းပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးနေသည်ကို တွေ့ရပါသည်။ ထို့နောက် ပြစ်မှုကျူးလွန်သူ တပ်ဖွဲ့ဝင်၏နေရာကိုသဖြင့်.....

"နင့်ယောကျ်ားသေနတ်က ဘယ်တုန်းက [redacted] တာလဲ၊ ဘာအတွက်ယူထားတာလဲ" ဟု[redacted] က–

www.burmeseclassic.com

www.burmeseclassic.com

''ပြီးခဲ့တဲ့နေ့ညက ရထားလမ်းကင်းကျလို့ ယူထားတာပါ။ ဒီနေ့မနက် သေနတ်မအပ်သေးဘဲ ညနေဘက်ရောက်တော့ ကျွန်မအမေ၊ **အစ်မတို့နဲ့** စကားများပြီး အဲဒီသေနတ်နဲ့ ပစ်လိုက်တာပဲဆရာ''ဟု ငိုယိုရှဲ ပြောပြပါတော့သည်။ တိုင်းရဲတပ်ဖွဲ့မှူးက.....

''အေးပေါ့ကွာ၊ ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ဘူးပေါ့။ တို့လည်း ဥပဒေနဲ့အညီ အရေးယူပါ့မယ်၊ ဟုတ်ပြီလား။ ကိုယ့်စိတ်ကို ကြိုးစားဖြေသိမ့်ပေါ့ကွာ''ဟု နှစ်သိမ့်ပြောဆိုလိုက်ပါသည်။

တိုင်းရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့လည်း ရဲစခန်းသို့ပြန်လာပြီး ကုလားထိုင်တွင် ဝင်ထိုင်ပြီးသည်နှင့် စခန်းမှူးနှင့် စာရေးကြီးတို့အား ၎င်းအနီးသို့ခေါ်ပါသည်။ တိုင်းရဲတပ်ဖွဲ့မှူးက–

''ကဲ...မင်းတို့က ငါ့ကို GD ရေးတာ အမှန်ဆို၊ အခုတော့ မင်းတို့ရေးတဲ့ GD က (False) အမှားတွေပဲကွ၊ မင်းတို့ ပြန်ပြင်ပြီးရေးထားတာမဟုတ်လား။ ဘယ်လိုလုပ်ကြမလဲ'' ဟု မေးပါသည်။ မှန်ပါသည်။ တပ်ဖွဲ့ဝင်၏ဇနီးဖြေကြားချက်ကြောင့် ထုတ်ယူထားသောသေနတ်အား ရဲစခန်းသို့မအပ်ဘဲ အိမ်တွင်ထားရာမှ ရန်ဖြစ်ပြီး အချင်းဖြစ်မှားရခြင်းဖြစ်ပါသည်။ အရပ်ရပ်နေစဉ်မှတ်တမ်းတွင် သေနတ်အား နံနက်ပိုင်း၌ အပ်ထားပြီး ညနေပိုင်းတွင် ပြန်လည်ထုတ်ပေးထားကြောင်း မမှန်မကန်ရေးသားမှုအား တိုင်းရဲတပ်ဖွဲ့မှူးက သိရှိသွားခြင်းဖြစ်ပါသည်။ ရဲစခန်းမှူးနှင့် တပ်ကြပ်ကြီးစာရေးတို့ကတော့ မျက်နှာငယ်စွာဖြင့် ခေါင်းငုံ့လျက်.....

''ကျွန်တော်တို့လည်း စိုးရိမ်ပြီး GD ကို ပြင်ရေးမိပါတယ် မင်းကြီး''ဟု ဝန်ခံပါတော့သည်။ ထိုအခါ တိုင်းရဲတပ်ဖွဲ့မှူးက–

''မင်းတို့ကွာ ဒီလောက်လုပ်သက်တွေရပြီးမှ ဘာဖြစ်လို့ မဟုတ်တာကို လုပ်ကြတာလဲ၊ အမှန်ကို အမှန်အတိုင်းရေးသင့်တာပေါ့ကွာ၊ မင်းတို့ မစဉ်းစားမိဘူးလား၊ စုံစမ်းစစ်ဆေးရင်လည်း မင်းတို့ပြောဆင်ရေးတဲ့ကိစ္စပေါ်မှာပဲ၊ အခု မင်းတို့အတတ်နဲ့ မင်းတို့စူးပြီလေ၊ နောက်ပြီး GD ကို မမှန်မကန်ရေးရင် ဘယ်လောက်ထိ ပြစ်ဒဏ်ရှိတယ်ဆိုတာ မင်းတို့မသိဘူးလား''ဟု ကရုဏာဒေါသဖြင့် ပြောဆိုနေပါသည်။ စခန်းမှူးက–

''ကျွန်တော်တို့မှားပါတယ်''ဟု ပြောရုံမှတစ်ပါး အခြားဘာမှ ပြောဆိုနိုင်ခြင်း မရှိတော့ပါ။ ဆွဲဖြေထားသော GD စာရွက်အား တွေ့မည်ဆိုပါက ပို၍ပင် ဆူပူကြိမ်းမောင်းမည်ထင်ပါသည်။ တိုင်းရဲတပ်ဖွဲ့မှူးက–

''အေး...မင်းတို့မှားမှန်းသိရင် ပြီးတာပဲ၊ ဌာနဆိုင်ရာအရေးယူတာတော့ ခံပေါ့ကွာ၊ နောင်ကို ဒီလိုဖြစ်စဉ်မျိုး ထပ်မဖြစ်စေနဲ့ပေါ့၊ ပြီးတော့ မင်းတို့လုပ်တာကို နောက်လူတွေကအတုခိုးမှားလိုက်ရင် တို့ရဲတပ်ဖွဲ့ကြီး သိက္ခာကျပြီပေါ့ကွာ''ဟုပြောလိုက်ပါသည်။ တိုင်းရဲတပ်ဖွဲ့မှူးကြီးနှင့်အဖွဲ့ ပြန်သွားသည့်အခါမှ စာရေးသူလည်း အရပ်ရပ်နေ့စဉ်မှတ်တမ်းနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းထား ဂရုပြုမိပါသည်။ ထိုအချိန်မှစ၍ စာရေးသူ၏စိတ်တွင် အရပ်ရပ်နေ့စဉ်မှတ်တမ်းအား ကိုယ်တိုင်ရေး၊ စိစစ်သည့်သန္ဓေများ ကိန်းအောင်းလာခဲ့သည်မှာ နောက်ဆုံး အငြိမ်းစားယူသည်အထိပင်ဖြစ်ပါသည်။

ဖော်ပြပါ ဖြစ်စဉ်သာဓကအား နမူနာယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များသည် အရပ်ရပ်နေ့စဉ်မှတ်တမ်းရေးသားခြင်းနှင့်ပတ်သက်၍ သတိပြုနိုင်ကြပါစေ၊ အလေးထားတတ်ကြပါစေ၊ ကိုယ်တိုင်ရေးသွင်းလက်မှတ်ရေးထိုးနိုင်ကြပါစေဟု စိတ်ရင်းအမှန်ဖြင့် ဆန္ဒပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။

(သင်ဆရာများဖြစ်ကြသော ရဲမှူးစိန်ညွှန့် (ငြိမ်း)၊ ရဲမှူးသိန်းဆွေ (ငြိမ်း)နှင့် လုပ်ဖော်ကိုင်ဖက် အရာရှိတပ်ဖွဲ့ဝင်များအား အမှတ်ရလျက် အဖြစ်မှန်အား ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)

ဒုတိယရဲမှူးကြီး ဝင်းဦး (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဆရာ မစ္စတာဂျိမ်းရွဒ် (Mr. James-Ruit) ၏အသံက စူးမှစူးသနဲ့။

"ခင်အောင်၊ တော်တော်ဆိုးတဲ့ကောင်၊ ဆိုးဦးကွာ.....မိုက်ဦးကွာ"

ဆရာ မစ္စတာ မက်သရူး (Mr. Metx-True)က ကျွန်တော့်နားရင်းကို အုပ်ထည့်လိုက်ရာ ကျွန်တော် ယိမ်းယိုင်သွားသည်။

"တော်ပါ ဆရာ၊ တော်...တော်၊ ကျွန်မ ဆုံးမပါ့မယ်"

တီချာ ဒေါ်ကြည်ကြည်က ကျွန်တော့်ကို ဆက်၍မရိုက်တော့ရန် ဝင်ဟန့်၏။

ဂျော်ဒွန်ကို ကျွန်တော်က သတ္တုမျဉ်းတံနှင့်ရိုက်ခဲ့၍ ငါးမိနစ်မျှအတော အတွင်း ကျွန်တော်တို့၏ ဒုတိယတန်း (2nd Standard) အတွင်း လူအုပ်ကြီး ဖြစ်လာတော့သည်။

"ဂျော်ဒွန်ကို ဆေးရုံမြန်မြန်ပို့၊ အခုပို့၊ ဆရာ မက်သရူး ခင်ဗျားရဲ့ဂျစ်ကားနဲ့ မြန်မြန်ပို့လေ၊ ဒဏ်ရာကသွေးထွက်များနေတယ်၊ ဟိုကောင့်ကို ခေါ်ခဲ့"

ကျောင်းအုပ်ဆရာကြီး မစ္စတာ ဒဗလျူဂျွိုင်း (W-Joyle)၏ စူးရှသော အမိန့်သံသည် သူ့အရပ် ၆ ပေထက် ပို၍ရှည်ပုံရ၏။

ထိုအမိန့်၏ နောက်ဆက်တွဲမှာ တိုအံ့မထင်။ အဘယ်ကြောင့်မူ ကျွန် တော်ရိုက်ခွဲလိုက်သော ဘာရီဂျော်ဒွန် (Barry-Gordon) မှာ အင်္ဂလိပ်စစ်ဗိုလ် ကြီးတစ်ဦး၏ သားချောဖြစ်နေ၍တည်း

ကျွန်တော် ကျားအမြီးကို ဆွဲ လိုက်မိပြီ။

"လာ.....လိုက်ခဲ့"

မစ္စတာ ဂျိမ်းရွဒ်က ကျွန်တော့် အား ဆောင့်ဆွဲ၍ ကျောင်းအုပ်ဆရာ ကြီး၏အခန်းဆီသို့ ခေါ်ဆောင်သွား သည်။

ကျွန်တော့်အပေါ် အမြဲကြင်နာ တတ်သော ဆရာမ ဒေါ်ကြည်ကြည် ၏မျက်နှာကို ကျွန်တော် အားကို တကြီးဖြင့် လှမ်း၍ကြည့်စဉ်.....

"လိုက်သွား ခင်အောင်၊ ဆရာ လိုက်ခဲ့မှာပါ"

"တီချာဒေါ်ကြည်ကြည် လိုက် သွားစရာမလိုပါဘူး၊ အတန်းထဲပဲ ရစ်ပါ"

တီချာမေရီ၏ ဟန့်တားချက်။

"ခင်အောင့်အနားမှာ ကျွန်မ နေမှဖြစ်မယ်၊ ဒီနေရာမှာ ခင်အော အတွက် အရေးကြီးတယ်၊ တီချာမေ ကျွန်မကို ဘာမှ အမိန့်ပေးစရာ လိုဘူး"

ကျွန်မက မြန်မာ၊ ခင်အောင်ကလည်း မြန်မာ၊
ကျွန်မတို့ မြန်မာလူမျိုးတွေဟာ အရေးအကြောင်း တစ်ခုတစ်ရာ
ပေါ်ပေါက်လာရင် ကိုယ့်အမျိုးကိုယ် ဓောင့်ရောက်ရမယ်၊
အဲဒါ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ မွေးရာပါတာဝန်ပဲ ...

www.burmeseclassic.com

"ကဲကွာ.....ကဲကွာ.....ကဲကွာ"

"အမယ်လေး...အမယ်လေး... အမယ်လေးဗျ....."

"ဟာ.....ခင်အောင်ရိုက်တယ်၊ ခင်အောင် ရိုက်နေပြီ၊ သွေးတွေ သွေးတွေ၊ ဆရာမ.....ဆရာမ.....ဆရာမ၊ လုပ်.....လုပ်ပါဦး"

"ခင်အောင်.....ခင်အောင်၊ ရပ် လိုက်စမ်း၊ ရပ်လိုက်စမ်း"

အတန်းပိုင်ဆရာမ တီချာ မစ္စက် မေရီ (Miss Mary)သည် ကျွန်တော့် တစ်ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။ တစ်တန်းလုံး ဆူပွက်နေသည်။

ပြေးသူကပြေး၊ အော်သူကအော်၊ ငိုသူကငို၊ အခြားအတန်းက ဆရာ၊ ဆရာမတစ်တွေလည်း ကျွန်တော်တို့ အတန်းတွင်းသို့ လေနှင့်အတူ ရောက်ရှိလာကြပြီး အကြောက်လွန်ကာ အာပြဲကြီးနှင့် ငိုယိုအော်ဟစ်နေသည့် ကျောင်းသူ၊ ကျောင်းသား ကလေး အချို့အား ဖက်ထား၏။

"ဒီကောင်...ဒီကောင်၊ ဒီကောင် ကရိုက်တာ"

www.burmeseclassic.com

တီချာ ဒေါ်ကြည်ကြည်သည် ကျွန်တော့်နောက်မှ ကပ်၍လိုက်ပါလာခဲ့၏။

ကျွန်တော် ငခင်အောင့်အတွက် ထာကယ့်အားထားစရာ၊ အားကိုးစရာဆိုလို့ ဆရာမ ဒေါ်ကြည်ကြည် တစ်ယောက်သာပါ။

အမှိုက်ကစ ပြာသာဒ်တော့ မီးလောင်လေပြီ။

ကျွန်တော်ရှိသေးမီး။

ရှိပြီးမှတော့ ဘာမျှမတတ်နိုင်။

ရဲရဲကြီး ရင်ဆိုင်ရုံပဲပေါ့။

တကယ်တမ်း ဆန်းစစ်ကြည့်လိုက်သော်.....

သည်လိုဖြစ်ရအောင် လက်ဦးပထမ အစပျိုးလာခဲ့သူက အင်္ဂလိပ်ကပြား ဘာရီကျော်ဒွန်ပါ။

+ + +

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ အတွင်းကပါ။ အင်းစိန်မြို့၊ ဂျက်ဆင် အလယ်တန်းကျောင်း[Judson-Middle School (J.M.S)]အတွင်း ဒုတိယတန်း၌ အခြေခံပညာကို သင်နေစဉ်ကာလက ဖြစ်ပေသည်။

ကျွန်တော့်အသက် (၈) နှစ် အရွယ်။ ဂျက်ဆင်အလယ်တန်းကျောင်းသည် အင်္ဂလိပ်ကပြားတစ်တွေ ကြီးစိုးသောကျောင်းဖြစ်၏။

ကျောင်းအုပ်ဆရာကြီးကအင်္ဂလိပ်ကပြား မစ္စတာဒဗလျူဂျီင်း၊ လက်ထောက်ကျောင်းအုပ်က မစ္စတာ ဂျိမ်းရှဒ်၊ အတန်းပိုင်ဆရာမများကတော့ မစ္စက်မေရီ၊ မစ္စက်ကက်သလင်း၊ မစ္စက်

အယ်လီဇက်ကင်း၊ မစ္စက်နော်ထူးမလေ၊ မစ္စက်လီလီ၊ ဆရာမ ဒေါ်ကြည်ကြည် စသည့် ဆရာ၊ ဆရာမအပေါင်းက ထို J.M.S ကျောင်းကို အုပ်စိုးကာ ပညာသင်ပေးကြ၏။

အဲဒီအုပ်စုထဲဝယ် မြန်မာလူမျိုး၊ မြန်မာဆရာမဆိုလို့ ဒေါ်ကြည်ကြည် တစ်ဦးတည်းသာပါ။

ကပြားဆရာ၊ ဆရာမတွေ ကြီးစိုးသည့် ဂျက်ဆင်ကျောင်းမို့ နာမည်ကြီးခဲ့၏။

အင်္ဂလိပ်စာပြ၊ အင်္ဂလိပ်စကားပြော အလွန်တော်၊ ကောင်းသည်ဟု သတင်းကြီးသဖြင့် ဖေဖေက ကျွန်တော့်ကို ထိုကျောင်းသို့ အပ်ခဲ့ခြင်းဖြစ်၏။

လွယ်လွယ်ကူကူနှင့် လက်မခံပါ။

မြန်မာလူမျိုးဆိုလျှင် နာခေါင်းရှဲ့ကာ Get-Out လုပ်လေ့လုပ်ထရှိ၏။

မြန်မာလူမျိုးတွေက စည်းကမ်းမရှိတတ်၊

မြန်မာလူမျိုးတွေက ညစ်ပတ်သည်၊

မြန်မာလူမျိုးတွေက မိုက်ရိုင်းသည်တဲ့လေ။

တို့မြန်မာပြည်ဖြစ်လျက်ကယ်နဲ့ တို့မြန်မာတွေ မနေရတဲ့ကျောင်း။

တော်တော်အသည်းနာဖို့ကောင်းသည်။ ကိုလိုနီကျွန်ဘဝရဲ့ သင်္ကေတ။

မြန်မာနိုင်ငံကြီး လွတ်လပ်ရေးမရသေးသည့် ၁၉၄၆ ခုနှစ်၏ ကာလအပိုင်းအခြားတွင် အင်္ဂလိပ်လူမျိုး၊ အင်္ဂလိပ်အနွယ်တို့ ဗိုလ်ကျစိုးမိုးနေချိန်။

၁၉၃၉ ခုနှစ်အတွင်း ဖေဖေသည် ရာဇဝတ်အုပ် S.I.P ရာထူးမှ ဌာနဝိုင် I.P ရာထူးတစ်ဆင့်တိုးနှင့် ရွှေဘိုမြို့မှ နေပြီး ရန်ကုန်အနီးရှိ အင်းစိန်မြို့ (C.I.D-Insein) သို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းရွက်ရ၏။

ရဲမင်းကြီး D.I.G မစ္စတာဝဲလ်ဗုန်း Mr.Well-Bone ၏ ထောက်ခံချက်အရ ကျွန်တော်တို့မောင်နှမတစ်တွေ Judson-Middle School သို့ နေ့ခွဲ့ရခြင်းဖြစ်ပေသည်။

ကျောင်းရောက်ခါစက ကျွန်တော် တော်တော်အနေရကျပ်ခဲ့၏။ မျက်နှာဖြူတွေကြားထဲ ရွှေဘိုသား၊ တောသားကလေး မျက်စိသူငယ်ဖြစ်နေရသည်။

ကပြားတွေရဲ့ကျောင်းဖြစ်သမို့ ကျောင်းအုပ်ဆရာကြီးပေးခဲ့သည့် ကျွန်တော်၏ အင်္ဂလိပ်အမည်က Peter တဲ့။

ဒါပေမဲ့ သူတို့တွေက ပီတာလို့ ခေါ်ခဲသည်။ သူတို့ဘိုနာမည်နှင့်မတန်တဲ့ဗျား။

ကျောင်းနေခါစ ကျွန်တော့်မှာ တော်တော်ကိုခံရခက်၊ ကျောင်းသား နှင့် လူတကာတို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဒီနိုင်ငံက ဘယ်သူ့နိုင်ငံမှတ်သလဲ၊ ကျွန်မတို့မြန်မာလူမျိုးတွေရဲ့နိုင်ငံပါ။ ထွက်သွားလုမှာက ဆရာကြီးပါ။ ကျွန်မ ဒီနေရာကို ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ပေမယ့် ဒီနေရာမှာ ကြီးစိုးနေလေတဲ့ ဆရာတို့ မျက်နှာပြူတွေ လွင့်ပြေးသွားရအောင် ကျွန်မ တိုက်ခိုက်မယ်။ လေဒွက်ချည်းကျွန် အလံမလုံစေရအောင် ယှဉ်တိုက်ရအောင် ချဲလင့်လုပ်ပြီ ...

ရဲရဲပင် မကြည့်ဝံ့သော ရွှေဘိုဂနိုင်တောက ငခင်အောင်လေးအား အင်္ဂလိပ်ကပြား ကျောင်းသား။ ကျောင်းသူလေးတစ်တွေက ခေါင်းတုံးကို ခေါက်ခေါက်သွားကြသည်။

နာလိုက်တာဗျာ။ ကြောက်နေရတော့ အံကြိတ်ပြီး ခံနေရတော့သည်။

ဘယ်သူကမှလည်း သည်ကျီးမည်းလေးကိုမပေါင်း။

တကယ့်အင်္ဂလိပ်အရာရှိကြီးတွေ၏ သားသမီးတွေကိုး။ ဆရာဇော်ဂျီ၏ ဗေဒါပန်းကလေးပမာလို။ ဘဲအုပ်က တစ်ရာ၊ နှစ်ရာ၊ မဗေဒါက တစ်ပင်တည်း။ တကယ်တမ်း တွေးကြည့်လိုက်တော့ ကျွန်တော် ငခင်အောင်လေး၏အဖြစ်သနစ်ကို သိနေ၍ သနားကရုဏာပွားကာ အမြဲလိုလို စောင့်ရှောက်နေသည့် တီချာတစ်ဦးက တီချာ ဒေါ်ကြည်ကြည်ရယ်ပါ။

တို့မြန်မာအချင်းချင်းတွေပေကိုး။ ကျွန်တော်တို့ကျောင်းတွင် လုံချည်ဝတ် ခွင့်မရှိပါ။ ဘောင်းဘီတို အပြာရင့်၊ အင်္ဂလိပ်ရှည်အဖြူ၊ ကင်းဘတ်ရှူးအဖြူ၊ ခြေအိတ်အဖြူဝတ်ဆင်ပြီး ကျောင်းတက်ရ၏။ သတ္တမတန်း ကျောင်းသားဆိုပါလျှင် နက်ကတိုင် အပြာပါ ဝတ်ဆင်ရသည်။

ကျောင်းသူလေးတွေကတော့ ဂါဝန်အပြာရင့်၊ ခါးစည်းခါးပတ်အဖြူ၊ အင်္ကျီလက်တိုအဖြူ၊ ကင်းဘတ်ရှူး သို့မဟုတ် လည်သာရှူး ခြေအိတ်အဖြူ ဝတ်ဆင်ကာ ကျောင်းတက်ရ၏။

ကျောင်းဝတ်စုံ မစုံလင်လျှင် ကျောင်းတက်ခွင့် မပြုတော့ပါချေ။

You Go Home. "မင်းအိမ်ပြန်တော့"ပဲ။

+ + +

အရပ်အမောင်း ၆ ပေမျှ၊ ကိုယ်အလေးချိန် ပေါင် ၂၀၀ မကရှိ အသားနီစပ်စပ်နှင့် ကျောင်းအုပ်ဆရာကြီးမှာ အင်္ကျီလက်ရှည်အဖြူ၊ ဘောင်းဘီရှည်အဖြူ၊ နက်ကတိုင်အပြာရင့်၊ Leather-Shoe ကို စီးထားကာ လှပ ထည်ဝါခံ့ညားသော စားပွဲဝိုင်း၏ထိပ်ဦး၌ ခပ်မတ်မတ် ထိုင်နေသည်။

သူ၏တောက်ပသော ဖန်ပေသီးနှင့်တူလှသည့် မျက်လုံးပြာတစ်စုံက ကျွန်တော့်အား စူးစူးဝါးဝါး စိုက်၍ကြည့်လျက်ရှိသည်။

ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းတွင် ယူနီယံဂျက်အလံ၊ ဝိတိုရိယဘုရင်မကြီး၏ပုံနှင့် အခြားသော အဆောင်အယောင်တွေ ရှိနေသည်။

ကျောင်းဆရာနှစ်ဦးက ကျွန်တော်၏ လက်ဝဲ၊ လက်ယာတွင် ရပ်နေ၏။ ကျွန်တော်က အလယ်မှ လက်ိုက် လျက်ရပ်နေရသည်။

"ဟေ့ကောင်ကလေး၊ ကျော်ဒွန် ကို ဘာဖြစ်လို့ နဖူးကွဲအောင် မင်းရိုက်ရတာလဲ၊ ပြောစမ်း"

ကျွန်တော် ရုတ်တရက် မဖြေရဲ၊ ကြောက်၍ကြောင်ပြီး ရပ်နေမိ၏။

"ဖြေလိုက်လေ"

"ခင်အောင် ဆရာကြီးမေးနေတယ်၊ ဖြေလိုက်ပါ၊ ကလေးသိတာတွေကို ရဲရဲပဲဖြေလိုက်ကွယ်"

ကျွန်တော့်နောက်နားတွင် မတ်တတ်ရပ်နေသော ဆရာမ ဒေါ်ကြည်ကြည်က အားပေးရှာသည်။

"မင်း ရိုက်တုန်းကတော့ရိုက်ပြီး အခုမှကြောက်နေတယ်၊ ဖြေလေ"

ကျွန်တော် မဖြေလျှင်လည်းမဖြစ်တော့ဘဲ၊ အဆုံး ရဲစိတ် ရဲမာန်သွင်း၍ ဖြေလိုက်ချေသည်။

"ကျော်ဒွန်က ကျွန်တော့်ကို..... ကျွန်တော့်ကို နေ့စဉ် ခေါင်းကို လက်သီးနဲ့ထိုးတယ်ခင်ဗျ၊ ပေတံနဲ့လည်း ခေါက်တယ်ဗျ၊ ပြီး...ပြီးတော့ နားရွက်ကိုဆွဲဆွဲလိမ်ပြီး ခွေးမြန်မာ၊ သူတောင်းစားနဲ့တူတဲ့မြန်မာ၊ သွား...သွားဆိုပြီး ကျွန်တော့်ကို တွန်းတွန်းထုတ်ပါတယ် ဆရာကြီး၊ ပြီးတော့....."

www.burmeseclassic.com

www.burmeseclassic.com

"တော်တော့၊ အတန်းပိုင်ဆရာမ ကို မင်းမတိုင်ဘူးလား"

ကျွန်တော် ဘာမျှမပြောဘဲ ငေးကြည့်နေစဉ်.....

"တီချာမေရီကို ခင်အောင်က တိုင်ပါတယ်၊ ဒါပေမဲ့....."

"ဒေါ်ကြည်ကြည်က ခင်အောင် မဟုတ်လို့ ဝင်ပြောခွင့်မရှိပါဘူး၊ ပါးစပ်ကို ပိတ်ထားပါ"

"တကယ်တော့ ဒီကလေးတရား တယ်၊ ကျော်ဒွန်က နေ့စဉ်နေ့တိုင်း နှိပ်စက်နေလို့ သူ....."

"Stop!"

တစ်အားကုန် အော်ဟစ်လိုက်သံ။

ကျွန်တော် ဒူးဆစ်အထိ တုန်ခါသွား၏။

"ခေါင်းက သွေးတွေပန်းထွက်အောင် ရိုက်တဲ့သူက တရားရဲ့လား၊ ခင်ဗျား ဘက်လိုက်တယ်၊ မြန်မာအချင်းချင်းမို့ ဘက်လိုက်တာမဟုတ်လား"

ဆရာမ ဒေါ်ကြည်ကြည်က ရှေ့တစ်လှမ်းတိုးလာ၏။ ရင်ကော့၍ ဦးခေါင်းကိုမော့ထားကာ ရဲရဲတောက် တုံ့ပြန်လိုက်ပြန်သည်။

"ဟုတ်တယ်၊ ကျွန်မက မြန်မာ၊ ခင်အောင်ကလည်း မြန်မာ၊ ကျွန်မတို့ မြန်မာလူမျိုးတွေဟာ အရေးအကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာရင် ကိုယ့်အမျိုးကိုယ် စောင့်ရှောက်ရမယ်၊ အဲဒါ ကျွန်မတို့ မြန်မာလူမျိုးတွေရဲ့ မွေးရာပါတာဝန်ပဲ၊ ခင်အောင့်ကို ဆရာကြီးတို့ရဲ့ အသိုက်အဝန်းထဲ တစ်ယောက်တည်း ပစ်မထားနိုင်ပါဘူး"

"ခင်ဗျား လူမျိုးရေးစကား ပြောစရာမလိုပါဘူး၊ ဒါ ကျောင်းသားကိစ္စပါ"

"ကျွန်မက ကျွန်မအမျိုး ထိလာရင်တော့ မခံတတ်ဘူး၊ ကျွန်မက ဂျူးဆရာစံ သူပုန်ထခဲ့တဲ့ သာယာဝတီနယ်ကပါ"

ကျောင်းအုပ်ဆရာကြီးသည် ဝုန်းခနဲ မတ်တတ်ရပ်လိုက်ကာ.....

"ထွက်သွား၊ ကျုပ်အခန်းထဲက အခုထွက်သွား၊ ခင်ဗျားကို ကျုပ် ကျောင်းကထုတ်ပစ်မယ်"

ဒေါ်သထွက်လွန်း၍ နတ်ကျသလိုလို တစ်ကိုယ်လုံးတုန်နေ၏။

ဆရာမ ဒေါ်ကြည်ကြည် ၂၄ နှစ်သည် သွေးအေးအေးနှင့် တန်ပြန်ထိုးနှက်လိုက်ပြန်၏။

"ကျွန်မကို နှင်စရာမလိုပါဘူး၊ ဒီနိုင်ငံက ဘယ်သူ့နိုင်ငံမှတ်သလဲ၊ ကျွန်မတို့မြန်မာလူမျိုးတွေရဲ့ နိုင်ငံပါ၊ ထွက်သွားရမှာက ဆရာကြီးပါ၊ ကျွန်မ ဒီနေရာကို ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ပေမယ့် ဒီနေရာမှာ ကြီးစိုးနေလေတဲ့ ဆရာတို့ မျက်နှာဖြူတွေ လွင့်ပြေးသွားရအောင် ကျွန်မ တိုက်ခိုက်မယ်၊ လေခွက်ချည်းကျန် အလံမလဲစတမ်း ယှဉ်တိုက်ရအောင် ခဲ့လင့်လုပ်ပြီ၊ ဒါပဲ၊ လာ....ခင်အောင်၊ သွားမယ်"

ကျွန်တော် ဆရာမ ဒေါ်ကြည်ကြည်၏နောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားတော့သည်။

အမှိုက်ကစ ပြာသာဒ်မီးလောင်လေပြီတည်း။

+++

ကျွန်တော်တို့ ဒုတိယတန်း၌ ခုံတန်းရှည် တစ်ခုကို ငါးယောက်ထိုင်ရ၏။ အတန်းထဲတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀ မျှရှိသည်။

ကျွန်တော်ရယ်၊ Lawrene Barry-Gordon၊ Albert J.D Unney ရယ် ထိုင်ရသည်။ နောက်ဆုံးခုံတန်းပါ။ သူတို့သည် အသက် ၇ နှစ် ပတ်ဝန်းကျင်ပဲ ရှိမည်။ သို့တစေ အင်္ဂလိပ်အနွယ်မို့ ထင်သည်။ လူကောင်က ကျွန်တော့် ထက်ထွား၏။

ကျော်ဒွန်ဆိုလျှင် ပုပုကွကွ ဝဝတုတ်တုတ်ကြီးပါ။ ဖြူဆွတ်ဆွတ် အသားအရေရှိ၏။ ဆံကေသာကတော့ ပြောင်းဖူးအမွေးနုနုကလေးနှင့် ဆင်တူသည်။ အလွန်ဆော့၊ အလွန်အပေါက်ဆိုး၊ မိုက်မိုက်ကန်းကန်း တော်တော်လုပ်တတ်ပါသည်။ အတန်းထဲမှာ သူက ဗိုလ်တကာ့တုရင်ပါ။ သူ့ထက် အရင် ဗိုလ်လုကာ စွာနေသူက အဲလစ် (Alice Fly)။ တစ်နေ့ သူတို့နှစ်ယောက် သတ်ကြရာ ကျော်ဒွန်က [illegible] သဖြင့် ဗိုလ်စွဲသွားသည်။

ကျွန်တော်က [illegible]

www.burmeseclassic.com

www.burmeseclassic.com

(ကျွန်တော် ကျော်ဒွန်ကို ရိုက်ခွဲခဲ့စဉ်က)
ဝတ္ထုကို ဖန်တီးခဲ့သူ စာရေးဆရာ
လက်ဝေနွဲ့ပြည်းပြဆရာ
ရွှေဘိုဘာမထီခင်အောင်ပုံ

မှာ ခပ်ကုပ်ကုပ်လေး နေရတ်။ ကျွန်တော်တို့ မြန်မာကျောင်းသားက သုံးယောက်တည်းရှိသည်။

"ဟေ့...မြန်မာစုတ်၊ ဟေ့..... မြန်မာပုပ် ကျွန်စုတ်" ဟု အခေါ်ခံရစဉ်တွင် ကျွန်တော် အခံရခက်လှတ်။

အဲဒီလို ရက်ရက်စက်စက် အနှိမ်ခံရသည်သာမက နေ့စဉ်နေ့တိုင်းပဲ သူတို့အုပ်စုက ကျွန်တော့်ခေါင်းကို ဘောလုံးလို ပုတ်လိုက်၊ ကန်လိုက်၊ ထိုးလိုက်နှင့် လုပ်လေ့ရှိသည်တွင် ကျွန်တော် မခံမရပ်နိုင် ဖြစ်လာတော့သည်။ တစ်ညသ၌ ဖေဖေ့အား ကျွန်တော်က တိုင်ပြောတော့သည်။ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ရာ ဖေဖေက "တောက်" တစ်ချက်ခေါက်လိုက်ပြီး...

"သား မနက်ဖြန် အတန်းထဲမှာ သားရဲ့ခေါင်းကိုထိုးတဲ့သူကို ဟောဒီမျဉ်းတံနဲ့ ကွဲအောင်ရိုက်ခွဲခဲ့၊ ဒါပဲ"

"----"

"ရိုက်ရဲရဲ့လား"

"ရိုက်ရဲတယ် ဖေဖေ"

"အေး.....ဒါမှပေါ့ကွ၊ တို့က အလောင်းဘုရားသွေးကွ၊ မှတ်ထား၊ ဒီအင်္ဂလိပ်အစုတ်ပလုတ်တွေကို ရဲရဲဝံ့ဝံ့ တိုက်ရဲရမယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သား မနက်ဖြန်ကျရင် ကျော်ဒွန်ရဲ့ခေါင်းကို ဟောဒီလို ဟောဒီလို ရိုက်ခဲ့မယ်"

"ရှင်က မြှောက်ပေးနေပြန်ပြီ၊ ခင်အောင်က တကယ်ရိုက်ခဲ့ရင် ဘယ်နယ်လုပ်ပါ့မလဲ၊ ရှင် မူးမူးနဲ့ ကလေးကို မြှောက်မပေးပါနဲ့၊ ခင်အောင်က မြှောက်ပေးရင် တကယ်လုပ်တတ်တာ"

ထို ၁၉၄၆ ခုနှစ်က ကျွန်တော့် ဖေဖေသည် အရက်သောက်တတ်တ်။ သောက်လေ့ရှိ၏။

+ + +

ကျွန်တော် ကျောင်းကထုတ်ပစ်ခြင်းကိုခံရတ်။ ဂျက်ဆင်အလယ်တန်းကျောင်းက မြန်မာစာပြဆရာမ ဒေါ်ကြည်ကြည်သည် ကျွန်တော့်ဇာတ်လမ်းအရ ကျောင်းဆရာမဘဝကထွက်ကာ ဇာတိမြေ သာယာဝတီမြို့သို့ အပြီးတိုင် ပြောင်းရွှေ့သွားရှာသည်။

ဖေဖေနှင့် ကျောင်းအုပ်ဆရာကြီး မစ္စတာ ဒဗလျူဂျီင်းတို့ စကားအကြိုအကျယ်များရသလို အာရီကျော်ဒွန်၏ ဖခင် မစ္စတာဆင်မြူရယ်ကျော်ဒွန်နှင့် လည်း သေနတ်ချင်းယှဉ်၍ ပစ်ရခါနီး အထိ စကားများရတ်။

ဆင်မြူရယ်ကျော်ဒွန်က ပုလိပ်မင်းကြီး မစ္စတာ ဝဲလ်ဒုန်ထံသို့ စာရေးခဲ့တိုင်းသဖြင့် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း၌ ဖေဖေ သယ်နီးကျွန်းသို့ တာဝန်နှင့် ပြောင်းရွှေ့ရတော့သည်။ ခင်အောင်မွေးသောအိမ်က မြို့ပြင်ဆေးဘဏ်ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တွင် ဇာတိချက်ကြွေ မွေးရပ်မြေ ရွှေဘိုမြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရပါ၊ သည်။ အကယ်၍သာ သည်အင်္ဂလိပ်မျက်နှာပြုအနွယ်တွေ ကျွန်တော်တို့ မြန်မာဇာတိမြေတွေအပေါ် "ကျွန်" ဟု စွပ်မထင်ခဲ့လျှင်၊ လူချင်းမတူဟု မထောရေးဆတ်မုတ်ခဲ့လျှင်.....

ကျွန်တော်တို့ မြန်မာပြည်သားတွေ ကိုလိုနီဘဝ မကျရောက်ခဲ့လျှင် အဲဒီဇာတ်လမ်းလေး ဤသည်ဘို့ ပေါ်ပေါက်လာစရာအကြောင်းမရှိပါတော့။

ရွှေဘိုဘာမထီခင်အောင်

www.burmeseclassic.com

www.burmeseclassic.com

မထားသင့်တဲ့ အချောင်စိတ်

အိမ့် (ရွှမ်းဇေ)

"ကိုမင်းရေ..ကားထွက်ဖို့ ဆယ်မိနစ်ဆိုလိုတော့တယ်၊ကားပေါ်တက်ရအောင်နော်"

"မင်းရဲ့ယောက်မနဲ့ တူမကို နှုတ်ဆက်လိုက်ပါဦးကွာ"

ကိုမင်းသစ်ပြောလိုက်မှ ဆွေလဲ့လည်း နှုတ်ဆက်လိုက်သည်။ ပြီးနောက် Aircon အဝေးပြေးခရီးသည်တင်ယာဉ်ကြီးပေါ်တက်၍ ကိုယ့်ခုံနံပါတ်များတွင် ဝင်ထိုင်လိုက်ကြ၏။ သိပ်မကြာပေ။ ခရီးသည်တင်ယာဉ်ကြီးလည်း ရန်ကုန်သို့ ထွက်ခွာလာတော့သည်။

"ထိုင်ခုံအောက်က ငါးချဉ်ထုပ်တွေ စိတ်ချရပဲ့မလားရှင်၊ ကိုယ့်ရှေ့က ခုံအောက်မှာ ထားတာမဟုတ်ဘူး"

"အိတ်နဲ့စုထည့်ထားတာပဲကွာ ...၊ မပျောက်ပါဘူး"

အမြဲတမ်း ပေါ့ပေါ့တွေးတတ်သော ယောကျ်ားအကြောင်းကို ဆွေလဲ့က သိထား၍ စိတ်မချဖြစ်နေ၏။ သို့ပေမယ့် ယာဉ်ပေါ်ရှိ ပြသနေသော ဗီဒီယိုဇာတ်ကားအား ကိုမင်းသစ်က စိတ်ဝင်တစားကြည့်နေ၍ ငြိမ်သက်စွာလိုက်ပါလာရသည်။ ခဏအကြာတွင် မျက်လုံးမှိတ်လျက် မေးစက်ရင်း အေးချမ်းစွာလိုက်ပါလာကြတော့၏။

+++

"မင်းဝယ်လာတဲ့ ငါးချဉ်တွေက များလှချည်လားကွ၊ အလကားသက်သက် ပိုက်ဆံကုန်အောင်ကွာ၊ မစားနိုင်ရင် လွှင့်ပစ်ရမှာ၊ ကြာကြာခံတာမဟုတ်ဘူး"

"ဩော်.....ယောကျ်ားရယ် အပြန်လက်ဆောင်ပေါ့ရှင်၊ အိမ်နီးချင်းတွေကို ဝေမျှရတာပေါ့၊ သူတို့က မိန်းမတို့ခရီးသွားနေတုန်း အိမ်ကို စောင့်ရှောက်ပေးနေတာလေ၊ ကိုယ်တွေက ပြန်သိတတ်ရမှာပေါ့နော်"

"ဒီလောက်အများကြီးကွာ၊ ပေးရင်တောင် ကုန်မှာမဟုတ်ဘူး"

"ယောကျ်ားကလည်းနော် ရှင့်အလုပ်က ရင်းနှီးသူတွေကိုပေးပေါ့၊ ပြီးရင် အနိတိမြတို့ကိုပေးရမယ်၊ သူတို့က ဆွေမျိုးတွေမဟုတ်လား၊ မပေးလို့မကောင်းဘူး ယောကျ်ားရဲ့"

"မင်းသဘောပဲကွာ၊ ဒါတွေဝယ်တာ ဘယ်လောက်ကုန်သွားလဲ"

"သိပ်မကျပါဘူး ယောကျ်ားရယ်၊ ရှင်ကလည်း ဟင်း.....ဟင်း"

ဆွေလဲ့တို့၏ နောက်ထိုင်ခုံရှိ လင်မယားနှစ်ယောက်ထံမှပြောစကားများကြောင့် နားထောင်နေမိ၏။ ဆွေလဲ့စိတ်ထဲတွင် ကိုယ့်ငါးချဉ်ထုပ်များအား ပို၍စိတ်မချဖြစ်သွားရ၏။ သည်တော့ ကိုမင်းသစ်ထံ တိုးတိုးလေး ကပ်ပြောလိုက်မိသည်။

"ကိုမင်း...ဆွေလဲ့တို့ဟာတွေများ သူတို့က ပြောနေသလားဟင်၊ သူတို့တက်လာတုန်းက လက်ထဲမှာ ငါးချဉ်တစ်တွဲပဲ တွေ့တာပါ"

"အဲဒါကိုပြောတာပဲနေမှာပေါ့ကွာ၊ မင်းကလည်းသက်သက်ညစ်ခြောက်နေပြန်ပါပြီ"

နောက်ခုံရှိအမျိုးသမီးမှာ အပြောချိုချိုဖြင့် စကားများရွှန်းရွှန်းဝေအောင် ပြောနေသလို အမျိုးသားဖြစ်သူနှင့် အတင်းပေါင်းစုံပြောလာသည်မှာ တရစပ်ပင်။ ဆွေလဲ့မှာဖြင့် ထိုအမျိုးသမီး၏ စကားအသွားအလာကိုကြားနေရ၍ ကိုယ့်ဘက်က လုပ်ဆောင်ရမည့် အကောင်းဆုံးနည်းလမ်းကို စဉ်းစားနေရတော့သည်။

+++

မကြာမီတွင် အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ပေတော့မည်။ မင်္ဂလာဒုံမြို့နယ်သို့ဝင်သည်နှင့် နောက်ခုံရှိ အမျိုးသမီးထံမှ အသံကိုကြားရပြန်၏။

"ယောကျ်ားရေ...အဝေးပြေးဂိတ်ကိုရောက်တာနဲ့ ရှင်က အောက်အရင် ဆင်းနှင့်လိုက်၊ မိန်းမက ပစ္စည်းတွေကို ပြတင်းပေါက်က ချပေးမယ်နော်"

"အေးပါကွာ"

ဆွေလဲ့တစ်ယောက် သူတွေးမိသည့် အတိုင်း သေချာနေပြီဟုသိလိုက်သည်။ ထိုအမျိုးသမီးက သူတစ်ပါးပစ္စည်းအား သူ့ပစ္စည်းအဖြစ် လင်ယောကျ်ားကို အယုံသွင်းထားပြီး အလစ်သုတ်ရန် ကြိုတင်ကြံစည်နေခြင်းဖြစ်၏။ ဆွေလဲ့လည်း ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန်ချ၍ ကိုမင်းသစ်ကို ပြောလိုက်သည်။

"ကိုမင်းရေ.....အဝေးပြေးဂိတ်အထိ မလိုက်တော့ဘူးရှင်၊ ကားငှားရခက်တယ်၊ ခရေပင်လမ်းခွဲမှာပဲ ဆင်းလိုက်မယ်နော်၊ အထုပ်တွေ ယူလိုက်တော့"

"ဟုတ်တယ်၊ ဟေ့...စပယ်ယာလေး ရေ အစ်ကိုတို့ကို ခရေပင်လမ်းခွဲမှာ ရပ်ပေးနော်"

ကိုမင်းသစ်သည် ဆင်းရန်နေရာကို ပြောပြီးနောက် သူ့ထိုင်ခုံအောက်ရှိ အိတ်အနက်အားဆွဲထုတ်ရန် နောက်ခုံရှိ အမျိုးသားကို ပြောလိုက်၏။

"ကိုယ့်ညီရေ အစ်ကိုအိတ်ထုတ်မလို့ကွာ၊ ခဏနော်"

ဆွေလဲ့က ထိုအမျိုးသားကို အကဲခတ်နေသလို ထိုအမျိုးသားမှာလည်း သူ့ဇနီးက အယုံသွင်းထားမှုကြောင့် ထိုအိတ်အနက်အား သူတို့ပစ္စည်းထုပ်ဟုထင်နေ၍ အံ့သြသွားပုံဖြင့်.....

"ခင်ဗျားဟာလား ...၊ မိန်းမ...မင်းဟာမဟုတ်ဘူးလားကွ"

"ငါ့ပစ္စည်းမို့ ငါယူတာပေါ့ကွာ၊ မင်းက စစ်လားဆေးလားနဲ့"

"မေးကြည့်ရတာပေါ့ဗျာ၊ ခင်ဗျားက ဘာဖြစ်တာလဲ၊ ဟဲ့.....ငါမေးတာ မကြားဘူးလား"

ထိုအမျိုးသားမှာ တင်းတင်းမာမာဖြင့်ပြောရင်း သူ့ဇနီးအား ဟောက်နေသော်လည်း ဇနီးဖြစ်သူမှာ ငြိမ်သက်နေဆဲပင်။ အချောင်ရပြီဆိုသော သူမ၏ အတွေးများ မအောင်မြင်ဘဲ သူမ၏ လိမ်ညာမှုကြောင့် အရှက်ရသွားပေမည်။

"မင်းက ဘာလုပ်ချင်လို့လဲ၊ ပြောစမ်းကွာ"

ကိုမင်းသစ်မှာ ဒေါသဖြင့် အထုပ်ကိုပစ်ချ၍ စိန်ခေါ်နေသည့်အတွက် ဆွေလဲ့က ဝင်ထိန်းလိုက်ရတော့၏။ ကျန်ခရီးသည်များက သူတို့ကို မော့ကြည့်နေကြသည်။

"ကဲပါရှင် သေချာအောင်မေးတာပါ၊ စိတ်ဆိုးမနေပါနဲ့၊ ဒီမှာ...ရှင့်မိန်းမ မဖြေတာ သူ့ပစ္စည်းမဟုတ်လို့ပေါ့ရှင်၊ ကျွန်မတို့က ကိုယ့်ပစ္စည်းမဟုတ်ရင် အချောင်ယူချင်စိတ်နဲ့ အလစ်မသုတ်တတ်ပါဘူး"

ကားရပ်သည်နှင့် ဆွေလဲ့လည်း ကိုမင်းသစ်၏နောက်မှ အလျင်အမြန် လိုက်ဆင်း၍ အောက်သို့ရောက်မှပင် စိတ်နှလုံးတုံးတုံးချနိုင်တော့သည်။

"ဩော်...လောကကြီးမှာ ဒီလိုလူစားမျိုးလည်း ရှိကြပါလားနော်၊ ဒါကြောင့်မို့ ရှင့်ကို သတိပေးမိတာပေါ့ ကိုမင်းရယ်၊ အများနဲ့သွားလာရတဲ့အခါမျိုးမှာ ကိုယ့်ပစ္စည်းတွေကို ဘယ်တော့မှ လက်လွတ်စပယ် မထားပါနဲ့၊ အခုဖြစ်ရပ်က ရှင့်အတွက် သင်ခန်းစာပဲ မဟုတ်လား"

ဒေါသအလျောက် အပြန်အလှန် လက် တုံ့ပြန်ကြလျှင်ဖြင့် အမှုအခင်းကြီးထပ်ဖြစ် ဦးမည်ကို ဆွေလဲ့ကတော့ပြီး ပင့်သက်မောကို ချလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်ရဲဖတ်

၃၆

ထက်ထက်ဦးဝေ

သစ္စာမလျှော့

နိုင်ငြိမ်ကျော်ဖြုန်း

www.burmeseclassic.com

www.burmeseclassic.com

"ခင်ယွန်း မင်း မနေ့က ဘယ်ကိုသွားတာလဲဟင်၊ ဒေါ်လေးကပြောတော့ မင်း ဖုန်းပြောပြီး မျက်စိပျက်မျက်နှာပျက်နဲ့ အပြင်ကိုထွက်သွားတယ်ဆို"

"ဟင်း.....သတင်းကလည်းမြန်ပါ့၊ အေး.....ဟုတ်တယ်၊ ကိစ္စရှိလို့ အပြင်သွားတာ ဝင့်ရေ"

မာမာဝင့်က ခင်ယွန်းမေကို စိတ်ပူပန်သလောက် ခင်ယွန်းမေမှာဖြင့် လက်သည်းဆေးဆိုးမပျက်ပေ။ စိတ်မရှည်ဟန်ဖြင့် ဖြေနေ၏။

"ဒါဆို တို့ထပ်မေးမယ် ခင် ယွန်း"

ခင်ယွန်းမေက ထူးခြားဟန်ဖြင့် မျက်လုံးကို စောင်းငဲ့ကြည့်လိုက်သည်။ မာမာဝင့်လည်း မပြောချင်သည့်စကားအား ပြောချရတော့၏။

"မင်း ရန်နိုင်နဲ့ ပြန်တွဲနေတယ်ဆို၊ အဲဒီသတင်းက အမှန်ပဲလား"

"နေပါဦး၊ မင်းကို ဘယ်သူအတွန်းအတိုက် လုပ်လိုက်ပြန်တာလဲကွ၊ ခင်ယွန်းတို့ဘဝမှာ ထွေးပြီးသားတံတွေးကို ပြန်မျိုရိုးထုံးစံမရှိဘူး၊ ရန်နိုင်နဲ့ ခင်ယွန်းတို့ ဘာမှမဆိုင်တော့ဘူးနော်"

ဒေါ်သကြောင့် လက်သည်းဆိုးဆေးပုလင်းမှောက်သွား၏။ ဤသည် ကို ခင်ယွန်းမေက ပြန်မကောက်ဘဲ ကန်ပစ်လိုက်သည်။

"ဒီလောက်တောင် ဒေါ်သထွက် စရာမလိုပါဘူး ခင်ယွန်းရာ၊ မဟုတ်ရင် ပြီးတာပါပဲ၊ ကိုလေးက အဝေးရောက်နေချိန်မှာ မင်းကိုကြည့်ရှုဖို့ တို့ကိုအပ်သွားခဲ့တာလေ၊ မင်းတို့က စေ့စပ်ထားပြီးသားဆိုပေမယ့် ကိုလေးဘက်က စိတ်မချတာ အမှန်ပဲ၊ ကိုလေးပြန်ရောက်ရင် လက်ထပ်ကြရမှာနော်"

"အပြင်ထွက်မသွားတာက ဖုန်းဆိုင်မှာ ငွေဖြည့်ကတ် ယူမလာမိလို့ပါ ဝင့်ရာ၊ ခင်ယွန်းက မင်းအစ်ကိုကို ချစ်လို့ စေ့စပ်ဖို့ ခေါင်းညိတ်ခဲ့သူပါကွာ၊ စိတ်ချပါ ယောက်မရာ၊ တို့တွေက အချစ်ဆုံးသူငယ်ချင်းတွေပါနော်"

"ဒါကြောင့်လည်း စိုးရိမ်နေတာပေါ့ကွယ်၊ ခင်ယွန်းက ချောတယ်၊ လှတယ်၊ ဆွဲဆောင်မှုရှိတယ်၊ မင်းစေ့စပ်တာကို မသိသေးတဲ့ ယောကျ်ားတွေ က ခုချိန်ထိ ချစ်စကားဆိုကြတုန်း မဟုတ်လား"

"ဟင်း.....ဟင်း၊ သက်သက်လိုက်ကြောင်တာပါကွာ၊ ခင်ယွန်းက ကိုလေးမှ ကိုလေးပဲ သိလား"

မာမာဝင့်တစ်ယောက် အနည်းငယ် စိတ်သက်သာသွား၏။ ဒါဆို လျှင် သူမ ကြားသည့်သတင်းက မဟုတ်ပေ။ တမင်ပင် ချောက်တွန်းလိုက်သည့်သဘောသာ ဖြစ်ပေမည်။ မာမာဝင့်ရင်ထဲတွင် ကိုလေးကို ပြန်ပြန်ပြန်လာစေချင်နေ၏။ ခင်ယွန်းမေသာ လက်ထပ်ပြီးလျှင် ထိုပူပန်စိတ် မျိုးရှိနိုင်တော့မည်မဟုတ်ပါ။

"ဝင်ဆဲအစ်ကိုက ရိုးသားသူပါ ကွာ၊ မင်းကိုသိပ်ချစ်တဲ့ယောကျ်ား နော်"

"အမယ်.....ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ၊ ကဲ...လာပါ၊ ထမင်းသွားစားကြရအောင်နော်"

ခင်ယွန်းမေ၏နောက်မှ မာမာဝင့်က လိုက်ပါသွားပေမယ့် လက်သည်းဆိုးဆေးပုလင်းလေးအား ကောက်ယူ၍ အဖုံးပိတ်ပြီး စားပွဲပေါ်သို့ ပြန်တင်ပေးခဲ့ဖ၏။ ခင်ယွန်းမေ၏ စိတ်ဓာတ်ကို မာမာဝင့် အသိဆုံးဖြစ်ရာ တစ်ချိန်ချိန်တွင် ကိုလေးကို ထားသွားခဲ့လျှင်ဖြင့် အချစ်ရူးပြီး ကျန်ရစ်ခဲ့ပေမည်။

ကိုလေးက ခင်ယွန်းမေနှင့် နီးစပ်ရန် မာမာဝင့်အား အပူကပ်ခဲ့ဖ၏။ ရည်းစားများသော ခင်ယွန်းမေအား တကယ်ဆိုလျှင် ကိုလေးဘက်က မချစ်သင့် ပေ။ သို့ပေမယ့် ကိုလေးက ချစ်သည့် စိတ်ဖြင့် ခွင့်လွှတ်ပေးခဲ့ဖ၏။

"ချစ်သူများတာ ဘာဖြစ်သလဲ ညီမလေးရာ၊ ကိုလေးအပေါ် သစ္စာရှိရင် ပြီးတာပဲ၊ ဒါမှ ကိုလေးဘက်က ဘယ်လောက်ချစ်တယ်ဆိုတာ သူသိလာမှာပါ"

"ခင်ယွန်းစိတ်ကို ဝင့်မမပိုင်ဘဲ ကိုလေးရာ၊ ပြီးတော့ ဝင့်နဲ့ကိုလေးတို့က မောင်နှမဝမ်းကွဲနော်၊ ပြီးမှ ညီမလေးကို အပြစ်မပြောနဲ့"

"မပြောပါဘူးဗျာ၊ ဒါပေမဲ့ ညီမလေးက သူ့ကိုအနီးကပ်စောင့်ရှောက်တဲ့ ဘော်ဒီဂတ်ပေါ့ကွာ [illegible] ကိုလေးယုံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ ထိုရာထူးကြောင့် မာမာဝင့်လည်း ခင်ယွန်းမေနှင့်ပတ်သက်၍ မျက်စိဖွင့်၊ နားစွင့် လုပ်နေရ၏။ သူ့အလုပ်ကိုပင် ဖြောင့်ဖြောင့်မလုပ်နိုင်ပေ။ ခင်ယွန်းမေကို အိမ်ရှိအုပ်ထိန်းသူများလည်း မနိုင်ပေ။ တစ်ခါတစ်ရံတွင် လှည့်ပတ်ထွက်သွားတတ်သေး ဇာ။ သည်တော့ ခင်ယွန်းမေ၏မိခင်ဒေါ်တင်မာက မာမာဝင့်ကို ကြိုပြောထားခဲ့သည်။

''သမီးသူငယ်ချင်းကို သမီးပဲ ကြည့်ထိန်းတော့နော်၊ ဒေါ်လေးလည်း သူ့အတွက်နဲ့ စိတ်ညစ်နေရတယ်၊ အိမ်ထောင်ကျရင်တော့ ဒေါ်လေးလည်း ကိုယ့်ဇာတိပဲ ပြန်နေတော့မယ်ကွယ်''

ခင်ယွန်းမေက ဤသို့သော မိန်းကလေးမျိုးပင်ဖြစ်၏။ အချိန်အားသည်နှင့် စေးဝယ်ထွက်လိုက်၊ အလှပြင်ဆိုင်သွားလိုက်နှင့် အချိန်ကုန်နေတတ် သည်။

+ + +

ကိုလေးပြန်ရောက်ပြီး တစ်လအကြာတွင် မင်္ဂလာပွဲဆင်နွဲကြ၏။ ငှားရမ်းနေထိုင်သော ခင်ယွန်းမေတို့အိမ် ကို ပြန်အပ်ပြီးနောက် ဒေါ်တင်မာက ကြိုတင်ပြောထားသည့်အတိုင်း သူ့ဇာတိသို့ပြန်သွားတော့သည်။ ကိုလေးလည်း တိုက်ခန်းဝယ်လိုက်ပြီး တူနှစ်ကိုယ် အချစ်အိမ်လေးတစ်ခုကိုတည် ဆောက်လိုက်ကြ၏။

''အိမ်အကူ ခေါ်မထားဘူးလား ခင်ယွန်း''

''လိုအပ်မှ ခေါ်ခိုင်းတာပေါ့ကွာ၊ အိမ်မှာမနေခိုင်းချင်ဘူး၊ ရွှပ်လို့''

''ညော့.....ကိုလေးမရှိတဲ့အချိန်မှာ မင်းအတွက် အဖော်ရတာပေါ့ကွာ''

''မလိုပါဘူး ဝင့်ရာ၊ Shopping ထွက်ချင်ရင် အိမ်ဖော်ကို ထားခဲ့ရမှာ စိတ်မချဘူး၊ သူတို့ကိုလည်း ခေါ်မသွားချင်ဘူးလေ''

''ကိုလေးကို ပြောဦးမှပဲ၊ မန္တလေးက ကြီးကြီးသက်ကို အဖော်ခေါ်ထားရင်ကောင်းမယ်''

ခင်ယွန်းမေက မျက်နှာပျက်သွား ၏။ မာမာဝင့်လည်း လွှတ်ခနဲပြောလိုက်ပြီးမှ ခင်ယွန်းမေအခြေအနေကို ကြည့်၍ ဆက်မပြောတော့ပေ။ ပြီးတော့ ခင်ယွန်းမေက အပြင်အထွက်များတတ်သည်။ လူကြီးတစ်ယောက် ရှိလျှင် သူမအနေနှင့် လွတ်လပ်မည် မဟုတ်ပါ။ ကိုလေးဘက်မှ အမျိုးဖြစ်၍ စိတ်ကျဉ်းကျပ်မည်ကို သိလိုက်၏။

''အေးလေ ကြီးကြီးသက်က ဘာသာရေးသမား၊ နောက်ပြီး ဒီမှာလည်း သူက နေနိုင်မှာမဟုတ်ပါဘူး''

ထိုအပြောဖြင့် ခင်ယွန်းမေ၏စိတ်ကသိကအောက်မဖြစ်စေရန် မာမာဝင့်က ပြောပြလိုက်ရသည်။ သို့သော်လည်း ကိုလေးတစ်ယောက် အလုပ်ကိစ္စနှင့် ခရီးထွက်လျှင်ဖြင့် ခင်ယွန်းမေအတွက် ရင်လေးမိပါ၏။ ကိုလေးမှာတော့ အရာရာတွင် ခင်ယွန်းမေစိတ်ကြိုက်ပင်။ ခင်ပွန်းကောင်းပီသစွာဖြင့် တာဝန်ကျေသူပါ။ ''ယွန်းလေး..ယွန်းလေး''ဖြင့် ပါးစပ်ဖျားက မချတော့ပေ။

''ဝင့်လည်း ကုမ္ပဏီကလွတ်လို့ နယ်ဘက်ဆင်းရဦးမယ်ကွာ၊ အရောင်းမြှင့်တင်ဖို့ကိစ္စလေ''

''ဟုတ်လား၊ ကိုလေးလည်း တောင်ကြီးဘက်ကို သွားရဦးမယ်တဲ့၊ ဝင့်နဲ့အတူတူ မသွားရဘူးလားဟင်''

''ကိုလေးက M.D လေ၊ သူတို့က မြို့ကြီးတွေပဲ သွားရတာကွ၊ ဝင့်တို့က မြို့နယ်လေးတွေအထိ ဖွံ့ဖြိုးတဲ့ ကျေးလက်ဒေသတွေပါမကျန် ဆင်းရတာလေ၊ အခြေအနေချင်းက မတူပါဘူး ခင်ယွန်းရာ''

မာမာဝင့်က ကျောင်းပြီးသည်နှင့် ကိုလေးရှယ်ယာဝင်ထားသည့်ကုမ္ပဏီတွင် အလုပ်ဝင်လုပ်ခဲ့၏။ သည်တော့လည်း မြို့တိုင်းသို့ သွားလာရသည်။ မာမာဝင့်က ခရီးသွားရသည်ကို နှစ်သက်သူပါ။ ဒေသန္တရအတွေ့အကြုံနှင့် ဗဟုသုတများစွာရခဲ့၍ ဘဝအကြောင်းကို လူကြားထဲဆင်းလေ့လာနိုင်ခဲ့၏။ ဘဝအတွေ့အကြုံဟူသည် လူသားများထဲတွင် ရှာဖွေတွေ့နိုင်သည်။ အကောင်း၊ အဆိုးကို ချက်ချင်းအကဲခတ်နိုင်သည့် အတတ်ပညာမျိုး ရခဲ့၏။

''ဟေ့.....ဒါနဲ့ မင်းရော ဇေရဲနဲ့ မယူကြသေးဘူးလား ဝင့်''

''သူက သဘော်တက်ပြီး ငွေရှာချင်သေးတယ်တဲ့၊ နောက်သုံးလေးလောက်ဆို သဘော်တက်ရမှာကွ''

''ကောင်းပါတယ် ဝင့်ရာ၊ ဒါမှလည်း မင်းတို့ဘဝ ပြည့်စုံလာမှာပေါ့၊ ဇေရဲက ကိုလေးလိုပါပဲ၊ အိမ်ထောင်ပြုတာနဲ့ မိန်းမကို ပြည့်ပြည့်စုံစုံ ထားချင်မှာပါ''

''ဇေရဲအစ်ကိုက သဘော်တက်ဖို့လုပ်ထားပြီးမှ နားလိုက်ရတာ၊ ဒီတစ်ခေါက်ပြန်လာတာ အမှတ်အိမ်ဖြစ်လို့တဲ့၊ ဒီတော့ တကယ်မနှစ်စီးဝယ်ပြီး သူကိုယ်တိုင် ထွက်မောင်းတယ်လေ၊

www.burmeseclassic.com

www.burmeseclassic.com

မင်းအကြောင်းကို မေးတယ်၊ ကိုလေးက သိပ်ချစ်မှာပဲတဲ့''

ခင်ယွန်းမေက ကျေနပ်စွာ ပြုံးလိုက်၏။ နောင်ဆုံဖြစ်မှ ကျေးဇူးတင်စကားပြောဦးမည်ဟု ရင်ထဲတွင် အသိအမှတ်ပြုထားမိသည်။

+ + +

''ပြန်ပြန်ပြန်လာနော် ကိုလေး၊ ယွန်းလေးတစ်ယောက်တည်း လွမ်းနေရမှာ''

''အခုပဲပြန်ရောက်ချင်တာပါ ယွန်းလေးရာ၊ ကိုလေးလည်း မတတ်သာလို့သာ သွားရတာပါ၊ ဟိုမှာအခြေအနေကြည့်ပြီးပြန်ပြန်ပြန်ခဲ့မယ်သိလား''

''ဟုတ်ကဲ့ ကိုလေး''

ခင်ယွန်းမေတစ်ယောက် အိမ်ထောင်ကျပြီးချိန်တွင် သူမ၏စိတ်ဓာတ်ကို ပြုပြင်နိုင်ခဲ့၏။ ကိုလေးသည်သာ သူမ၏ဘဝ၊ သူမ၏ကမ္ဘာပါ။ အားကိုးအားထားပြုရာ ခင်ပွန်းဖြစ်သူက သူမအပေါ်တွင် စိတ်ချမ်းသာအောင် ပေးစွမ်းနိုင်သည့်အတွက် တဖြည်းဖြည်းနှင့် အိမ်ထောင်သည်ဘဝအား ပျော်မွေ့လာမိ၏။ ခင်ယွန်းမေက တစ်ယောက် တည်း Shopping ထွက်နေရလျှင် စိတ်ချမ်းသာနေသည်။ သို့သော် အသုံးနှင့်အဖြုန်းကို ခွဲခြားတတ်သူမျိုး မဟုတ်သေးပေ။

ကိုလေးခရီးထွက်သွားသည့် နောက် Shopping ထွက်ရင်း Market တစ်ခုသို့ ရောက်သွား၏။ ထိုဈေးရောမျှားကို ငေးမောကြည့်နေရင်း ချိုင်နှင့် ပြန်တွေ့ကြသည်။

ထစ်စီးက ဒရိုင်ဘာကို အိမ်ပေးမောင်းတယ်''

''အဲဒါလည်း နေစဉ်ဝင်ငွေရလို့ ဆိုပါဘူးကွာ၊ မင်းလည်း အိမ်ထောင်ကျရင် ဇေရဲ့ကို တာဂ္ဂစီဝယ်ခိုင်းပေါ့''

''ဇေရဲ့မိဘတွေက သားတွေအတွက်၊ စီမံကိန်းကိုယ်စီရှိကြပါတယ်ကွာ၊ သားနှစ်ယောက်စလုံးက မိန်းကလေးတွေလိုပဲ၊ မိဘအတွက် အားကိုးရတယ်၊ သိတတ်ကြတယ်၊ ဟင်း... တစ်ခါတစ်ခါ ဝင့်က မနာလိုတောင် ဖြစ်မိတယ် ခင်ယွန်းရေ''

မာမာဝင့်သည် ရှေ့ရေးကို ကြိုတွေးပြီး စမ်းနည်းနေပုံရ၍ ခင်ယွန်းမေက အားပေးလိုက်၏။

''မင်းနဲ့ယူပြီးရင်တော့ မိဘဆိုတာ ဆိုင်သာဆိုင်ပြီး မဝိုင်တော့ဘူးကွ၊ သိပ်လည်းအားငယ်ပြီး စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ အိမ်ထောင်ပြုပြီးရင် ဇေရဲ့လည်း မင်းအပေါ် စာနာပေမှာပါနော်၊ ဇေရဲ့အစ်ကိုကရော အိမ်ထောင်နဲ့ပဲလား''

''ကိုဇေယျာက ချစ်သူတောင် မရှိတူးကွ၊ အစ်ကိုကြီးဆိုတော့ မိဘနဲ့မိန်းမကို မတည့်ကြမှာ တွေးပူပြီး အိမ်ထောင်မပြုတာပဲဖြစ်မှာပါ၊ မင်းရဲ့ မင်္ဂလာပွဲတုန်းက ဇေရဲ့အတူတူ ပါလာသေးတယ်လေ''

''ဟုတ်လား။ လူတွေများလွန်းလို့ ကိုယ့်ရဲ့ရင်းနှီးသူလောက်ပဲ မှတ်မိတာလေ''

''အေး.....ကိုဇေယျာကတော့ မင်းကို အသေအချာမှတ်မိတယ်ကွ၊ အရမ်းချောပြီး သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေးပဲတဲ့၊ ဝင့်နဲ့တွေ့တိုင်း

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး ဘဝဟူသည် အိမ်ထောင်မကျမီအချိန်တွင် တန်ပိုးအရိုဆုံးဖြစ်မှန်း တစ်စထက်တစ်စ နားလည်လာရသည်။ ပြီးတော့လည်း ခင်ယွန်းမေသည် ကိုလေးလို လူတကာလေးစားခံရသည့် ယောကျ်ားတစ်ယောက်၏ ဇနီးဖြစ်နေသည့်အတွက် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းရပါလိမ့်မည် ...

''ယွန်းမဟုတ်လားဟင်၊ ကိုယ်ရန်နိုင်ပါ''

''ဩော်.....ကိုရန်နိုင်ပါလား''

''ကိုယ်တို့ မတွေ့ရတာ ကြာပြီနော်၊ ယွန်းက အရင်ထက် ပိုလှလာတယ်ကွာ''

ရန်နိုင်သည် ခင်ယွန်းမေတစ်ကိုယ်လုံးအား ခြုံကြည့်၍ တပ်ထားသော နေကာမျက်မှန်ကို ခေါင်းပေါ် ဆွဲတင်လိုက်၏။

''ကိုရန်နိုင်ရော ဘာလုပ်နေသလဲ''

''စိမ်းကားလှချည်လား ယွန်းရာ၊ ကိုယ့်ကို အရင်လို ရန်လေးလို့တောင် မခေါ်နိုင်တော့ဘူးလားကွာ''

''မသင့်တော်တော့လို့ပါ ကိုရန်နိုင်၊ ယွန်းသွားတော့မယ်နော်''

ရန်နိုင်က ခင်ယွန်းမေ၏လက်မောင်းတစ်ဖက်အား ရုတ်တရက်ဆွဲကိုင်ရင်း တောင်းပန်လိုက်သည်။

''ကိုယ့်ကိုသနားပါဦး ယွန်းရာ၊ မင်းမရှိတဲ့ဘဝမှာ ကိုယ်တစ်ယောက် တည်း ဘယ်လောက်ခံစားခဲ့ရသလဲ၊ ကိုယ့်ချစ်သူကို တစ်ပါးသူလက်ထဲ ရင်နာနာနဲ့ ပေးအပ်လိုက်ရတာပါကွာ''

ပတ်ဝန်းကျင်ကြောင့် ခင်ယွန်းမေက ရန်နိုင်လက်ကို ဆွဲဖယ်လိုက်၏။

''ကိုရန်နိုင် ဒီမှာပဲနေခဲ့ပါ၊ ယွန်းကို မနှောင့်ယှက်ပါနဲ့တော့၊ ဆက်လိုက်လာရင် ဟိုမှာရပ်နေတဲ့ လုံခြုံရေးကို အကူအညီတောင်းရလိမ့်မယ်နော်''

ခင်ယွန်းမေလည်း မတတ်သာသည့်အဆုံးတွင် ခြိမ်းခြောက်စကားဖြင့် ပြောရင်း အိမ်သို့အပြန်ပြန်လာရတော့သည်။ အတိတ်ကိုမေ့ထားခဲ့သည့် ခင်ယွန်းမေအတွက် ရန်နိုင်သည် သူမ၏နှလုံးသားထဲမှ ထုတ်ပယ်ပြီးသား ယောကျ်ားတစ်ယောက်ပါ။ စကားလက်ခံပြောနေသည်ပင် ပြစ်မှုတစ်ခုကို ကျူးလွန်မိသလိုဖြစ်နေ၏။ သို့ပေမယ့် တုန်လှုပ်စိတ်ကြောင့် အိမ်ရောက်သည်အထိ ကြောက်နေဆဲပင်။

''ဟင်း.....တွေ့မှတွေ့တတ်တယ်နော်၊ ငါကိုက မှားတာပါ၊ ရန်နိုင့်ကို ချစ်သူထားခဲ့မိတာ၊ တကယ်ဆိုမထားသင့်ဘူး၊ သူ့ကိုလှည့်စားသလို လုပ်ခဲ့မိတာ ငါ့အပေါ်မှာ ကျေနပ်မှာမဟုတ်ဘူး၊ လက်စားချေဖို့ ကြိုးစားလာရင် ဒုက္ခ''

တွေးမိပြီး ရန်နိုင့်အား ကြောက်လန့်သွား၏။ ခင်ယွန်းမေသည် ယောကျ်ားများစွာကို လှည့်စားခဲ့သူပါ။ အတိတ်က အရိပ်တစ္ဆေကြောင့် သူမ၏အမှားအား သိမြင်လာ၍ အန္တရာယ်ပေးလာမည်ကို ပူပန်မိ၏။ ငယ်ရွယ်စဉ်က အချစ်ကို အလေးမထားခဲ့ပေ။ ချစ်သူပြောင်းလဲတတ်၍ သူမအတွက်နှင့် ရန်ပွဲဖြစ်ရသည့် ယောကျ်ားများမနည်းတော့ပေ။ ပြဿနာဖြေရှင်းကြ၊ ဆေးရုံ၊ ဆေးခန်းနှင့် ရဲစခန်းသို့ ရောက်ကြလျှင် သူမက ကျေနပ်နေတတ်သည်။ ဟားတိုက်ရယ်မောရ၍ သဘောကျနေမိသည်။ ငယ်စဉ်က မာန့ကြောင့်ထောင်လွှားခဲ့မိ၏။

တကယ်သိုလ်ရောက်ပြန်တော့ ခင်ယွန်းမေနှင့်ပြိုင်ဘက် မေသက်မော်၏ ချစ်သူဖြစ်အံ့ဆဲဆဲ စိုးနောင်အား ခင်ယွန်းမေက လုယူလိုက်သေး၏။ မခံချင်စိတ်ဖြင့် ပိုင်ဆိုင်ရသည့်အတွက် ကိုယ့်ပြိုင်ဘက်အပေါ် အနိုင်ယူရုံမှတစ်ပါး မကြာခင်တွင် စိုးနောင်အား စွန့်လွှတ်လိုက်ပြန်၏။ စိုးနောင်အဖြစ်က ချစ်သူ၏အမုန်းနှင့် ခင်ယွန်းမေ၏ ဥပေက္ခာသာ ရသွားခဲ့သည်။ ထို့နောက်တွင် ကျောင်းဆက်မတက်တော့ပေ။ သည်တော့ ခင်ယွန်းမေကြောင့် အသည်းကွဲသူများ မနည်းတော့ပေ။ သူမအား အသည်းစားဘုရင်မဟု ကင်ပွန်းတပ်ခဲ့ကြ၏။

သို့ပေမယ့် ရန်နိုင်နှင့်တွေ့သည့် အခါတွင်တော့ သူမက ခက်ခက်ခဲခဲ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေမှာမဟုတ်ဘူးနော်၊ ပြီးတော့ ယွန်းကရော နင့်ကိုပြန်လက်ခံမယ်ထင်သလား''

ရန်နိုင်က သူအနိုင်ရရေးအတွက် စုစုကျော်ကို ချဉ်းကပ်လိုက်သည်။ စုစုကျော်သည် ခင်ယွန်းမေ၊ မာမာဝင့်တို့နှင့် တစ်ကျောင်းတည်းအတူနေခဲ့ဖူး၏။ ခင်ယွန်းမေ လက်ထပ်သွားသည့်နောက် ရန်နိုင်သည် အချစ်ကိုအစားထိုးသည့် အနေနှင့် စုစုကျော်ဘက် လှည့်လိုက်သည်။ နောက်တော့ သူတို့နှစ်ဦးက လက်မထပ်ဘဲ အတူနေကြ၏။ ရန်နိုင်ချိန်းဆိုရာသို့ စုစုကျော်က သွားရ၏။ သည်တော့ ရန်နိုင်ပြောသမျှကို စုစုကျော်တစ်ယောက် မလွန်ဆန်နိုင်ဖြစ်နေ၏။

သည်အတွက် ရန်နိုင်က စုစုကျော်အား အသုံးချရန် ခင်ယွန်းမေထံ စေလွှတ်နေသည်။ အချစ်ကြောင့် မနာလို ဖြစ်ပြီး စုစုကျော်က မကူညီချင်ပေ။ သို့ပေမယ့် ရန်နိုင့်အကြောင်းကိုသိ၍ စုစုကျော်မှာ ရုန်းပြီးရင်း အရုန်းပေးနေရ၏။ သူ့ကိုယ်သူ နစ်နာနေမှန်း မစဉ်းစားမိပေ။

''နင့်ဘက်ကသာ ကူညီစမ်းပါ မိစုရာ၊ ငါတို့အကြံအစည်အောင်ရင်ဟော...နင်လိုချင်တဲ့ ဒီလို..ဒီလိုပစ္စည်းတွေ ဝတ်ရမှာပါ၊ ဒီကောင်မကိုသိမ်းသွင်းနိုင်ဖို့က ငါ့တာဝန်ပဲမိစု၊ ဒီအတွက် မပူပါနဲ့ကွာ၊ ဒီကောင်မရဲ့ ဟာကွက်ကို ငါသိတယ်၊ အပိုင်ကိုင်ပြီး ငါတို့နှစ်ယောက်အတွက်ငွေတွင်းကြီးဖြစ်အောင် ဖန်တီးရမယ်၊ နော်.....မိစု ကူညီပါကွာ''

''ငါက ဘယ်လိုကူညီရမှာလဲ ရန်နိုင်''

ဖြတ်ခဲ့ရသည်။ သူမအကြောကို သိနေသည့် ရန်နိုင်က သူမဘက်က နည်းလမ်းအမျိုးမျိုးနှင့် ဖြတ်မည်ကို ကြိုသိနေ၍ ရှောင်တိမ်းတတ်၏။ ခင်ယွန်းမေအား နှောင့်ယှက်ရန် အကြံအစည်ရှိသည်ကို သိခဲ့၍ ကိုလေးနှင့်လက်ထပ်မည့်အကြောင်းကို ပြတ်ပြတ်သားသား ပြောဆိုလိုက်ရ၏။ သည်အတွက် ရန်နိုင့်ဘက်က မခံချင်စိတ်ဖြစ်ရုံမှတစ်ပါး သူပြောသည့် ခံစားချက်မျိုး နှလုံးသားတွင် ရှိမည်မဟုတ်ပါ။

''လောကမှာ မာယာများတဲ့ ယောကျ်ားမျိုးက ပိုကြောက်ဖို့ကောင်းမှန်း ခင်ယွန်းသိပါပြီ ကိုလေးရယ်၊ ကိုလေးကိုချစ်တဲ့အချစ်မျိုး တခြား ဘယ်ယောကျ်ားကိုမှ ခင်ယွန်း မပေးပါဘူး''

တကယ်တမ်း ဝန်ခံရလျှင် ကိုလေးကြောင့် ခင်ယွန်းမေ၏ နှလုံးသားများ ပြောင်းလဲသွား၏။ မိန်းကလေးဘဝဟူသည် အိမ်ထောင်မကျမီအချိန်တွင် တန်ဖိုးအရှိဆုံးဖြစ်မှန်း တစ်စထက်တစ်စ နားလည်လာရသည်။ ပြီးတော့လည်း ခင်ယွန်းမေသည် ကိုလေးလို လူတကာလေးစားခံရသည့် ယောကျ်ားတစ်ယောက်၏ ဇနီးဖြစ်နေသည့်အတွက် ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းရပါလိမ့်မည်။

+ + +

''ငါ ဒီကောင်မကို ကလဲ့စားပြန်ချေရမှ ကျေနပ်မယ် မိစု၊ ဒီအတွက် နင့်အကူအညီလိုတယ်''

''ဖြစ်နိုင်မယ်မထင်ဘူး ရန်နိုင်၊ ယွန်းကိုထိရင် ကိုလေးက လက်ပိုက်

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဘက်က သူ့အတွက် ဘယ်လိုခံစားရသလဲ ဘာပေါ့ညာပေါ့ဟာ၊နင် ကလည်း သင်ပေးဖို့ လိုသေးလို့လား၊ နင့်ခေါင်းထဲမှတ်ထားရမှာက ငွေပဲနော်၊ တို့နှစ်ယောက်က ငွေအတွက် အလုပ်လုပ်နေတာလို့ သဘောထားရင် အောင်မြင်မှာပဲ၊ ဒီကောင်မ ယိမ်းလာဖို့ နင့် အစွမ်းအစလိုတယ် မိစု"

"ဒါပေမဲ့ နင်ငါ့ကို ကတိပေးရမယ် ရန်နိုင်၊ ယွန်းသာ နင့်ဘက်ပါလာရင် နင်က ငါ့ကို လက်ထပ်ရမယ်နော်၊ ငါ့ဘက်က နင့်ကိုပိုင်ဆိုင်နိုင်ဖို့ လက်ထပ်စာချုပ် လိုအပ်တယ်"

"စိန်လိုက်ကွာ၊ OK...၊ ငါချစ်တာက နင့်ကိုပါ မိစုရာ၊ ငါ့ဆန္ဒအားလုံးကို နင်ကဖြည့်ဆည်းပေးတယ်၊ ဟိုကောင်မဆီက မရတဲ့အချစ်မျိုး နင်က အစွမ်းကုန် လိုက်လျောပေးတယ်၊ ဒါကြောင့် နင့်ကို ကျေးဇူးသိပ်တင်တယ် မိစု"

ရန်နိုင်သည် စုစုကျော် ယုံကြည်စေမည့် စကားများဖြင့် မုသားပြောနေသော်လည်း ရန်နိုင့်စိတ်ဓာတ်က ရှိုးသားပစ္စည်းတစ်ခုအား တန်ဖိုးမထားတတ်သူပါ။ စုစုကျော်အပြင် တိတ်တဆိတ် ပေါင်းသင်းနေသော မိန်းမရှိနေ၏။ သူမသည်လည်းယာယီသဘောမျိုးပါ။ အချစ်ကို မေတ္တာတုဖြင့် လိမ်ညာလှည့်ပြောဖြားချစ်တတ်၏။ ဤသည်ကို စုစုကျော်တစ်ယောက် မသိဘဲ ရန်နိုင့် နူတ်ဖျားမှပြောသမျှ စကားလုံးများအား သာယာနေတတ်၏။

ရန်နိုင့်လုပ်ရပ်က ခင်ယွန်းမေအား ကလဲ့စားပြန်ချေရန် အကြံအစည်ရှိထားသည်။ သူ့အသုံးတော်ခံဘဝဖြင့် ကျုံးသွင်းပြီးနောက် အိမ်ထောင်ရေး ပျက်သွားစေရန် ငွေညှစ်မည်။ နောက်ဆုံးတွင် ခင်ယွန်းမေတစ်ယောက် အိမ်ထောင်ပျက်ဘဝဖြင့် ဘဝပျက်စေရန် ဖန်တီးမည်ဟု ဆုံးဖြတ်ထား၏။ စုစုကျော်အား လိုအပ်သမျှကို သင်ပေးပြီးနောက်.....

"ဟား..ဟား..ဟား။ မကြာခင်မှာ ငါ့အကြောင်းသိရလိမ့်မယ် ခင်ယွန်းမေရေ၊ ဟား...ဟား...ဟား"

အားရပါးရ ရယ်မောသံကြီးကြောင့် စုစုကျော်ပင် လန့်ဖျပ်သွား၏။ ရန်နိုင့်အား မယုံရဲရဲဖြင့် စွန့်စားမှုတစ်ခုကို စတင်ပြုလုပ်ရန် ထွက်လာခဲ့တော့သည်။

+ + +

"ဟင်..စုစုကျော်ပါလား။ ခင်ယွန်းက ဘယ်သူများလဲလို့ကွာ"

အထက်တန်းကျောင်းသူဘဝက ခင်မင်ခဲ့ဖူးသူဖြစ်၍ ခင်ယွန်းမေက တံခါးဖွင့်ပေးလိုက်၏။ စုစုကျော်သည် အပြုံးပန်းကို ဆင်မြန်း၍.....

"ဒီနားမှာ တို့အသိအိမ်ရှိတယ် ယွန်း၊ သူတို့ပြောပြလို့ ယွန်း ဒီမှာနေမှန်းသိပြီး အလည်ဝင်လာတာနော်၊ ဟင်.....တစ်ယောက်တည်းလား၊ ကိုလေးရော ယွန်း"

"ကိုလေးက ကုမ္ပဏီကိစ္စနဲ့ ခရီးထွက်သွားရတယ်လေ"

"ဘယ်လောက်ကြာမှာလဲဟင်"

"တစ်ပတ်လောက်ပါ၊ ဒါပေမဲ့ ပြောလို့မရဘူး၊ ကိစ္စပြီးတာနဲ့ အမြန်ပြန်လာမှာပဲ"

"ဟင်း...သိပါတယ်ကွာ၊ ကိုလေးက မင်းကိုသိပ်ချစ်တာ တို့သိတာပေါ့။ မင်းတို့အိမ်ထောင်သက်က တစ်နှစ်တောင်မပြည့်သေးဘူးနော်၊ ကလေးမယူနဲ့ဦးကွာ၊ လွတ်လွတ်လပ်လပ်နေကြဦး"

ခင်ယွန်းမေ ဝတ်စားထားပုံကို ကြည့်၍ စုစုကျော်မှာ အားကျနေမိ၏။ အပျိုဘဝထက် ပိုလှလာသော ခင်ယွန်းမေမှာ အလှတွင် အယဉ်ဆင့်ဆိုသလိုပင် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနေတော့သည်။ တိုက်ခန်းလေးတွင်လည်း အိမ်ထောင်ပရိဘောဂပစ္စည်းများက အစုံအလင်ပင်။ ထိုဘဝမျိုးကို နေချင်လာ၏။ ခင်ယွန်းမေနှင့် အတူ မီးဖိုခန်းထဲသို့ လိုက်သွား၏။

"ယွန်း ကဲကောင်းပါတယ်ကွာ၊ မိစုက ကုသိုလ်ကံမကောင်းပါဘူး၊ကိုယ် နေချင်တဲ့ဘဝမျိုးမရတော့ သူများတွေကံကောင်းတာကိုကြည့်ပြီး မုဒိတာပွားမိတယ်၊ ဟင်း.....ဒီတစ်သက် မမျော်လင့်ရဲပါဘူးကွာ"

စုစုကျော်အတွက် အအေးဖျော်ပေးပြီး ညှော့ခန်းသို့ပြန်ရောက်လာကြသည်။ စုစုကျော်က တစ်အိမ်လုံးကို လိုက်လေ့လာပြီးနောက် သက်ပြင်းမောကို ချလိုက်၏။ ပြီးမှ အအေးကို တစ်ငုံသောက်လိုက်ပြီး.....

"မင်းအခုလိုနေရတာများ ရန်နိုင်တွေ့ရရင် သိပ်ဝမ်းသာမှာပဲကွာ"

ခင်ယွန်းမေ၏ ပြောင်းလဲသွားသော အမူအရာကြောင့် စုစုကျော်က စကားအခြေအနေ တစ်မျိုးပြောင်းမြင်လိုက်ရသည်။

"ရန်နိုင်က မင်းကို ရင်နာနာနဲ့ အသည်းကွဲခံပြီး ထည့်ပေးလိုက်ရတာ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ မင်းလက်ထပ်တော့ သူငိုလိုက်တာကွာ၊ ယောကျ်ားဖြစ်ပြီး မျက်ရည်ကလွယ်ပဲ့။ ပြီးတော့လည်း ယွန်းစိတ်ချမ်းသာရင် သူကျေနပ်ပါတယ်တဲ့၊ ယွန်းကို သူ့နှလုံးသား စတေးခံပြီး အသည်းနှလုံးကို ထုတ်ပေးခဲ့ရတာတဲ့''

အနည်းငယ်စိတ်မကောင်းဖြစ်သွားသည့် မျက်နှာလေးကြောင့် စုစုကျော်မှာ အားတက်သရော ပြောလိုက်တော့တ်။

''ယွန်းဘယ်ဝရောက်ပါစေ သူက ချစ်နေမှာပဲတဲ့ကွယ်၊ ရန်နိုင်ဟာ ယွန်းအပေါ် အချစ်မပြယ်သေးတာ မိစုအသိပါကွာ၊ တစ်ခါတစ်ခါ အိမ်မှာလာပြီးရင် ဖွင့်တတ်တယ်၊ ကိုလေးက ဂုဏ်ရှိသူဆိုတော့ မင်းသတင်းကို အဝေးကနေ ပဲနားထောင်ပြီး ဖြေသိမ့်နေရတာပေါ့ကွာ၊ ခုချိန်ထိ သူ့မှာ ချစ်သူအသစ်လည်း မရှိဘူး၊ အိမ်ထောင်လည်းမပြုသေးဘူး၊ သနားပါတယ်''

ခင်ယွန်းမေ၏ပျော့ကွက်ကသနားစိတ်ဖြစ်၏။ ထိုအရာကို သိထားသော ရန်နိုင်က ခင်ယွန်းမေ၏ နှလုံးသားကို ကိုင်လှုပ်နိုင်မည့် စကားများစွာကို စုစုကျော်အား သင်ပေးလိုက်သည်။

''ရန်နိုင့်ကို သူ့မိဘတွေက အိမ်ထောင်ပြုစေချင်ကြတယ် ယွန်း၊ ဘာကြောင့်လဲဆိုတော့ ရန်နိုင်က တစ်ချိန်လုံး မင်းမှမင်းပဲ၊ မင်းနဲ့မဆုံနိုင်သရွေ့ ဒီတစ်သက် အိမ်ထောင်ပြုမှာမဟုတ်ဘူးပေါ့''

''မဖြစ်နိုင်တော့ပါဘူးကွာ၊ ကိုရန်နိုင်ကိုသာ ပြောပြလိုက်ပါ၊ ယွန်းကို မျှော်လင့်မနေပါနဲ့တော့လို့''

''အင်း...မိစု ဘယ်လိုပြောထွက်ရက်မှာလဲ ယွန်းရယ်၊ သူ့အိပ်ခန်းထဲမှာတောင် ယွန်းရဲ့ဝေါရှိုပိုစတာပုံကြီး ကပ်ထားသေးတယ်၊ သူဖျားနာတိုင်း ကယောင်ကတမ်းတွေပြောပြီး မင်းကိုပဲ တမ်းတနေတာလေ၊ ပြန်လာပါလား ယွန်းရယ်တဲ့ကွာ''

''ကဲ...အအေးတွေ ပူကုန်တော့မယ် စုစုကျော်၊ သောက်လိုက်ဦး၊ မင်းက ယွန်းဆီလာလည်တာလား၊ ကိုရန်နိုင့်အကြောင်း လာပြောနေတာလား ဟင်''

တည့်တိုးမေးလိုက်မှ စုစုကျော်ကအလျင်အမြန်ငြင်းဆန်၏။

''မဟုတ်ပါဘူးကွာ၊ ကိုယ်ချင်းစာလို့ပါ၊ ရန်နိုင်က ချစ်သူအတွက် ပူဆွေးသောကရောက်နေသလောက် ယွန်းကတော့ ချစ်သူကိုမေ့ပြီး ကိုလေးရဲ့ရင်ခွင်ထဲမှာ ပျော်နေတာကိုတွေးပြီး စိတ်မကောင်းဖြစ်မိလို့ပါကွာ''

ခင်ယွန်းမေလည်း စုစုကျော်ကို မြန်မြန်ပြန်စေရန် ပြောလိုက်ရတော့၏။

''ပြန်ပါ့မယ်ရှင် ပြန်ပါ့မယ်၊ တို့ကို ယွန်းရဲ့ဖုန်းနံပါတ်ပေးထားဦးလေ''

သည်တော့ ဖုန်းနံပါတ် ပေးလိုက်မိ၏။ စုစုကျော်သည် ထိုဖုန်းနံပါတ်အား ရန်နိုင့်လက်ထဲသို့ ထည့်ပေးလိုက်ရတော့သည်။

✦ ✦ ✦

''ယွန်းလား၊ မိစုပါကွာ''

''ဩော်.....ပြောလေ စုစုကျော်''

စုစုကျော်သည် ဖုန်းအနားတွင်ရှိနေသည့် ရန်နိုင့်ကို မော့ကြည့်ပြီးမှ ခင်ယွန်းမေအား တောင်းပန်လိုက်၏။

''မင်းရဲ့ဖုန်းနံပါတ်ကို ရန်နိုင်တောင်းလို့ ပေးလိုက်ရတယ်ကွာ၊ မိစုကို ခွင့်လွှတ်နော် ယွန်း''

ခင်ယွန်းမေလည်း စိတ်ပျက်လက်ပျက်နှင့် ပင့်သက်မောကို ချလိုက်မိသည်။ ဖုန်းနံပါတ်ပေးမိသည်မှာ သူမ၏အမှားပင်။ စုစုကျော်သည် ရန်နိုင်နှင့် အဆက်အသွယ်ရှိနေမှန်း မစဉ်းစားမိခဲ့ပေ။

''ယွန်းကို ဖုန်းခဏမပေးပါနဲ့လို့ ပြောထားပေးပါ စုစုကျော်၊ ပြီးတော့ မျှော်လင့်ချက်ထားမနေပါနဲ့လို့၊ အိမ်မှာ အမေရောက်နေတယ်''

''အေးပါ ယွန်းရာ၊ အေးပါ''

ဖုန်းချလိုက်သော်လည်း ရန်နိုင်က ခင်ယွန်းမေပြောသမျှကို ကြားနေရ၍ မေးကြောကြီးများ ရှုံ့တွသွား၏။ ခင်ယွန်းမေမှာလည်း အန္တရာယ်ကို ကြိုရှောင်သည့်အနေဖြင့် ဒေါ်တင်မာရောက်နေသည်ဟု လိမ်ညာပြောထားလိုက်သည်။

''ဟွန်း.....သူ့လင်ပြန်မရောက်ခင် အပြတ်လှုပ်ရှားရမယ် မိစု၊ ဒီတော့ ဒီလိုပြောလိုက်ကွာ''

စုစုကျော်နားတွင် တိုးတိုးလေးကပ်ပြောလိုက်ရာ စုစုကျော်လည်း ပင့်သက်မောကိုချ၍ ဖုန်းပြန်ခေါ်လိုက်ရ၏။

''ယွန်း မိစုပါကွာ၊ ပြောစရာကျန်သွားလို့ပါနော်၊ ရန်နိုင်က မင်းနဲ့တွေ့ချင်လို့တဲ့၊ နောက်ဆုံးအနေနဲ့ တွေ့သွားချင်တာတဲ့လေ၊ အဲဒါကို မင်းက ဖုန်း မဆက်ပါနဲ့ဆိုလို့ တို့က ဆက်ပေးရတာပါ ယွန်းရာ''

''သူက ဘယ်သွားကို ခဲ့ခဲ့ ကျော်''

www.burmeseclassic.com

www.burmeseclassic.com

"အဝေးမှာ သွားလုပ်ရမှာတဲ့၊ ပြီးတော့ မင်းကို သူ့ရဲ့ဒိုင်ယာရီလေးအနှတ် တရ ပေးသွားချင်လို့တဲ့၊ ဘာပဲဖြစ်ဖြစ် ကွာ နောက်ဆုံးအကြိမ် လိုက်လျောပေး လိုက်ပါ၊ ယွန်းရယ်၊ မိစုတောင်းပန်ပါ တယ်နော်"

ခင်ယွန်းမေမှာ စုစုကျော်စကား များကြောင့် မည်သို့ ဆုံးဖြတ်ရမည်မှန်း မသိတော့ပေ။ ညက အိပ်မပျော်နိုင် လောက်အောင် စုစုကျော်ပြောပြသွား သည့် ရန်နိုင့်အကြောင်းများက စိတ် မချမ်းသာခဲ့ရပေ။ ရန်နိုင့်အား ထိုသို့ ပြောင်းလဲလာလိမ့်မည်ဟု ခင်ယွန်းမေ ထင်မထားပေ။

"မင်း မဲ့တစ်ပေါက် မစွန်းစေရ ပါဘူးကွာ၊ သူ့အတွက် နောက်ဆုံး အခွင့်အရေးလေးတော့ ပေးစေချင် တယ်၊ ပေးသင့်တယ်လို့လည်း မိစု ထင်တယ်ကွာ"

ခင်ယွန်းမေထံမှ ငြိမ်သက်သွား မှုကြောင့် စုစုကျော်က ရန်နိုင့်ဘက် သို့လှည့်ပြီး လက်မထောင်ပြလိုက်၏။

"နော်..ယွန်း၊ မိစု ရန်နိုင့်ဆီ ဖုန်းဆက်လိုက်မယ်၊ ဒီနေ့ နေ့လယ် ၃ နာရီမှာ ကန်တော်ကြီးက ပန်းကန် လုံးကျွန်းမှာ ရန်နိုင့်ကို စောင့်ခိုင်းလိုက် မယ်နော်၊ ဟုတ်ပြီလား"

"တို့ ဆယ့်ငါးမိနစ်ပဲ အချိန်ပေး နိုင်မယ် စုစုကျော်"

"ရတယ်..ရတယ်၊ မင်းနဲ့တွေ့ရဖို့ပဲ အရေးကြီးတယ်၊ ဟီး..ဟီး၊ ရန် နိုင်တော့ ဝမ်းသာနေမှာပဲကွာ၊ ဒါပဲနော် ယွန်း"

ဖုန်းချသွား၏။ ခင်ယွန်းမေမှာဖြင့် မတွေ့သင့်သူအား အခွင့်အရေးပေး သလိုဖြစ်နေ၍ သူမ၏လုပ်ရပ်သည် မှားသွားပြီထင်၏။ တကယ်ရော အဝေး တွင် အလုပ်သွားလုပ်ပါမည်လား၊ လိမ် ညာခြင်းမဖြစ်ရန်သာ ဆုတောင်းလိုက် မိသည်။ ရန်နိုင့်ကို သွားတွေ့ခြင်းသည် ကိုလေးအား သစ္စာမဲ့ခြင်းမျိုး ဖြစ်နေ မည်လား။

"အို..ငါ့ဘက်ကလုံရင် ဘာဖြစ် မှာလဲ၊ မိတ်ဆွေတစ်ယောက်ကို သွား နှုတ်ဆက်တာပဲလေ"

နာရီကို မော့ကြည့်လိုက်ရာ နေ့ လယ် ၂ နာရီသို့ ညွှန်ပြနေသည့် အတွက် သွားတွေ့ရန် ပြင်ဆင်လိုက် ရတော့၏။

+ + +

"ကားဆရာ.....အားလား"

"ဟုတ်ကဲ့ အားပါတယ်၊ ဘယ် သွားမလို့လဲဗျာ"

အဆင့်မြင့်တည်းခိုခန်းတစ်ခုမှ ထွက်လာသော စုံတွဲတစ်တွဲက ကား ငှားလာ၏။ ကိုဇေယျာလည်း ကားကို ရပ်၍ သွားလိုရာသို့ ပို့ဆောင်ပေးရန် ကျသင့်ငွေကို ပြောလိုက်သည်။

"ကဲ..တက်တော့၊ ကားဆရာကို ကားခပေးလိုက်ပြီ၊ ဖုန်းဆက်လိုက် မယ်နော်"

"အင်းပါ၊ သွားပြီနော်၊ တာ့တာ"

အမျိုးသမီးတစ်ယောက်တည်း သာ နောက်ခန်းတံခါးဖွင့်၍ ဝင်ထိုင် လိုက်၏။ အမျိုးသားက ကားထွက် သွားသည်ကိုပင် မစောင့်ပေ။ ရပ်ထား သော သူ့ဆိုင်ကယ်ကိုယူ၍ အရင် မောင်းထွက်သွားသည်။ အမျိုးသမီးမှာ

အသက်သုံးဆယ်ပတ်ဝန်းကျင်ခန့် ရှိ ပေမည်။ ခပ်ဟော့ဟော့ ပြင်ဆင်ထား ပြီး လက်ကိုင်အိတ်တစ်ခုပါ၏။

ကိုဇေယျာမှာ သူတို့အား လင် မယား၊ သို့မဟုတ် စုံတွဲဟုသာ ထင် မှတ်၍ တက္ကစီကို မောင်းထွက်လာခဲ့ ၏။ နောက်မှ စဉ်းစားမိပြန်သည်။ လင် မယားဆိုလျှင်လည်း တည်းခိုခန်းတွင် လာစရာအကြောင်းမရှိပေ။ သူတို့၏ အရွယ်များမှာလည်း ငယ်ငယ်ရွယ်ရွယ် များမဟုတ်ကြ၍ ချစ်သူများသာလျှင် ဖြစ်မည်ထင်၏။ သို့မဟုတ်လျှင် တစ် နယ်တစ်ကျေးမှ လာရောက်တည်းခို ကြသော လင်မယားများ ဖြစ်ကြမည် လားဟု တွေးမိသေး၏။

www.burmeseclassic.com

www.burmeseclassic.com

မီးပွိုင့်တစ်ခုတွင် ကားရပ်သည့် အခါတွင်တော့ အမျိုးသမီးက သူမ၏ လက်ကိုင်အိတ်ထဲမှ ဟန်းဖုန်းကိုထုတ် ယူဆက်နေသည်။

''ယောကျ်ားလား၊ ပင်ပန်းနေပြီ လားဟင်၊ အလုပ်ထဲမှာပေါ့နော်၊ မိန်းမ လား၊ အိမ်မှာလေ၊ ဟင်း.....ဟင်း၊ ပင်ပန်းတာပေါ့ ယောကျ်ားရယ်၊ လျော့ ရဖွယ်ရ၊ ချက်ရပြုတ်ရနဲ့၊ ယောကျ်မ ကြီးကိုလည်း ပြုစုရသေးတယ်လေ၊ အမေလား၊ နေကောင်းပါတယ်ရှင်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ပါ''

အမျိုးသမီးသည် တကယ့်ခင်ပွန်းအစစ်ထဲ ဖုန်းပြောနေခြင်းဖြစ်ရာ စောစောက တည်းခိုခန်းမှ ထွက်လာသူသည်.....ဟင်း.....ကိုဇေယျာတစ် ယောက် ထိုအမျိုးသမီးအား ဒေါသ ဖြစ်သွား၏။ သူညီမ၊ သူ့ဆွေမျိုးသာ ဖြစ်လျှင် နားရင်းအုပ်ပစ်မည်မှာအသေ အချာပင်။ နောက်ကြည့်မှန်မှနေ၍ ထို အမျိုးသမီး၏ မူယာမာယာများပုံအား တွေ့မြင်ကြားသိနေရ၏။

''ယောကျ်ားလည်း ကျန်းမာရေး ဂရုစိုက်နော်၊ မိန်းမလား၊ အခုတလော နေမကောင်းဖြစ်ချင်နေတယ်၊ အင်း.. ဆေးသောက်ပါတယ်၊ နေ့လယ်မှာ အိပ်မရဘူး ယောကျ်ားရဲ့''

ကိုဇေယျာက မဲ့ရွဲ့ပြီး စိတ်ထဲ တွင်ပြောနေမိ၏။ 'ဟင်း...ဘယ်အိပ် လို့ရမလဲ၊ ကြာကူလီဇာတ် ခင်းနေကြ တာကိုး၊ နေ့လယ်မှာ တည်းခိုခန်း ရောက်နေတော့ ဘယ်အိပ်နိုင်ပါ့မလဲ၊ ဟင်း.....မိန်းမတွေ၊ မိန်းမတွေ တယ် လည်းမာယာများပြီး ကြောက်စရာ ကောင်းလှပါလားဗျာ'

''ဒါဆိုလည်း ဖုန်းချလိုက်တော့ မယ်နော်၊ ယောကျ်ားပြောတဲ့အသံက သိပ်မပီသဘူး၊ ညကမှ ပြန်ဆက်မယ် နော်၊ လွမ်းလိုက်တာ ယောကျ်ားရယ်၊ ပိတ်ရက်မြန်မြန်ရောက်ပါစေရှင်''

ကိုဇေယျာသည် ရယ်ချင်စိတ်ကို မျိုသိပ်၍ သူလည်းပဲ ထိုခရီးသည် ဆင်းမည့်နေရာအား မြန်မြန်ရောက် စေချင်ပါဘိ။ ကြားနေရသည့်စကား များက နားခံးလှပါဘိ။ သူ့ကိုပင် အား မနာပေ။

''ဟင်း...ပူအိုက်လိုက်တာနော်၊ ကားက Aircon လည်း မပါဘူး၊ စိတ် ပျက်စရာကြီး''

တည်းခိုခန်းတွင် Aircon ဖွင့် ဖိမ်ခံလာပြီးမှ တက္ကစီပေါ်တွင် စိတ် ပျက်နေရသေး၏။ ထိုအမျိုးသမီးမျိုး အား ကိုဇေယျာက ကားပေါ်တွင် ကြာ ကြာမတင်လိုပေ။ ပြီးတော့လည်း စကားလက်ခံပြောချင်စိတ်မရှိပါ။

''ညော့.....ကားဆရာကြီးက ကို တေမိကြီးပါလားရှင်၊ စကားတောင် ပြန်မပြောပါလားနော်''

မည်သို့ပင်ဆိုစေ ကိုဇေယျာက နှုတ်ပိတ်ငြိမ်သက်နေသည့်အတွက် အမျိုးသမီးလည်း နှုတ်ခမ်းစူကာ အပြင်သို့ ငေးကြည့်နေတော့၏။

လောကကြီးတွင် ထိုသို့သော အမျိုးသမီးမျိုး ရှိကြသေးပါလားဟု တွေးမိပြီး သူမ၏ယောကျ်ားအတွက် စိတ်မကောင်းဖြစ်သွားမိသည်။

တချို့အမျိုးသားများက ဇနီး မယားအပေါ်တွင် အလွန်အမင်း ယုံ ကြည်ထားကြ၏။ တချို့က သစ္စာရှိသည့် ဇနီးအပေါ် သံသယစိတ်မျိုးရှိ သလို တချို့ကျတော့ သစ္စာမဲ့သည့် ဇနီးအား သံသယစိတ်မျိုး မထားရှိ တတ်ကြပြန်ပေ။ အပြန်အလှန် သစ္စာ ရှိကြလျှင်ဖြင့် ခိုင်မြဲသော အိမ်ထောင် တစ်ခုအား တည်ဆောက်နိုင်ကြပါ လိမ့်မည်။

ထိုအမျိုးသမီး ဆင်းမည့်နေရာ သို့အရောက်တွင် ဆောင့်ဆောင့်အောင့် အောင့်ဖြင့်.....

''ဒီမှာ ကားဆရာ၊ ရှေ့ကလမ်း ထိပ်မှာပဲ ရပ်လိုက်တော့၊ ဟင်း..ကိုယ့် ကားပေါ်လိုက်စီးတဲ့ ခရီးသည်အပေါ် ဆက်ဆံတာ နွေးထွေးမှုမရှိဘူး၊ ဒီလို တက္ကစီမျိုးစီးရတာ စိတ်ဆင်းရဲစရာပဲ နော်၊ ကိုယ့်ဘဝကို ပျော်ပျော်မှ မနေ တတ်တာ''

ကိုဇေယျာသည် ခရီးသည် ပြော ဆိုသမျှကိုသာ သည်းခံနားထောင်နေ လိုက်၏။ ကိုယ်က တစ်ခုခု ပြန်ပြော လိုက်လျှင် ပြဿနာဖြစ်မည်ကိုသိ၍ မခံချင်စိတ်ကိုထိန်းကာ ခရီးသည် ဆင်းပြီးသည်နှင့် စိတ်လက်ပေါ့ပါးစွာ မောင်းထွက်သွားနိုင်တော့၏။

''ဟင်း.....ခုမှပဲ မွန်းကျပ်စိတ် တွေ ပျောက်တော့တယ်နော်၊ သူ့ကို စကားပြန်မပြောတာပဲ အပြစ်ဖြစ်ရ သေးတယ်ဗျာ၊ ရာဂမီးရဲ့အပျော်ဟာ တစ်နေ့နေ့မှာ ဝမ်းနည်းခြင်းတွေနဲ့ အဆုံးသတ်ရမှန်း ခင်ဗျားမှမသိဘဲဗျာ၊ သနားစရာပါပဲလား''

+ + +

တက္ကစီကို ဆက်မောင်းမည့် ငါးမိနစ်ခန့်အကြာတွင် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရှင်
မိန်းကလေးဆိုတာ
သွားသတိ၊ လာသတိ
ရှိရမယ့်အပြင်
ဆင်ခြင်တုံတရားရှိရမယ်၊
အစ်ကိုပြောသလို
အင်တာနက်ပေါ်
ရောက်သွားရင်
မလွယ်ဘူး
...

တစ်ဦး လက်ပြတားလာပြန်တယ်။ သေသေချာချာကြည့်လိုက်ရာ မြင်ဖူးသလိုတို့ ရှိနေသော်လည်း ရုတ်တရက် စဉ်းစားမရပေ။

"ကန်တော်ကြီး ပန်းကန်လုံးကျွန်တော်ရှင်"

"ဟုတ်ကဲ့ ခင်ဗျ"

အမျိုးသမီးက ယာဉ်စီးခကို မဖေးဘဲ နောက်ခန်းတံခါးကဖွင့်၍ စောစောကခရီးသည်ထိုင်သည့်နေရာ အတိုင်း ဝင်ထိုင်လိုက်တယ်။ ကိုဇေယျာလည်း ကားမောင်းနေရာက ခရီးသည် အမျိုးသမီးတယောက်နောက်ကို နောက်ကြည့်မှန်မှခိုးကြည့်ရင်း စဉ်းစားနေမိသည်။

"ဟင်.....ဒီကညီမက ကိုလေးရဲ့ဇနီး ယွန်းမဟုတ်လား"

"ကြောင်.....ဟုတ်ပါတယ်ရှင်၊ ယွန်းက ကိုလေးဖနီးပါရှင်"

"ဒါကြောင့် တူပါတယ်လို့ကြည့် နေတာကွယ်၊ အစ်ကိုက ဇေရဲ့ အစ်ကိုအရင်းပါကွာ၊ မာမာဝင့်နဲ့ အမျိုးတော်ရတော့မှာကဲ့၊ ညီမတို့မင်္ဂလာပွဲ ကို လာခဲ့သေးတယ်လေ"

"ဒါဆို အစ်ကိုက ကိုဇေယျာ ပေါ့နော်၊ ဝင့်ပြောပြလို့ ယွန်းသိပြီးပါပြီရှင်၊ ကိုဇေယျာကို ယွန်းတည်းတွေ့ချင်နေတာပါ၊ မင်္ဂလာပွဲနေ့က ဧည့်ဝတ်ကျေလိုက်ရတာလေ"

"နားလည်ပါတယ်ဗျာ၊ ဒါနဲ့ ကိုလေးရော မပါဘူးလားကွယ်"

ခင်ယွန်းဇော်စိုးက ကိုယ်နှင့်အသိဖြစ်နေ၍ စိတ်ချလက်ချဖြစ်သွားပြီ။ အပြန်တွင် ကားစောင့်ခိုင်းပြီး ဆက်သုံးမည်ဟု တွေးထားလိုက်ပြီ။ ဆင်းခါနီးမှ ပြောရပေမည်။

"ကိုလေး ခရီးသွားပါတယ်ရှင်"

"ညီမတို့လင်မယားက ရှေ့သွားနောက်လိုက် ညီကြပါတယ်ကွာ၊ အဲဒါပဲကွဲ့၊ တစ်ဦးနဲ့တစ်ဦး သစ္စာရှိထားရင် ကံကောင်းကြတာပါပဲ၊ ကိုလေးကို အစ်ကိုက သိပ်အားကျမိတယ်၊ ဇနီးချောလေးရထားတာ ကံကောင်းတာကွဲ့"

စောစောက နွှတ်ဆိတ်ငြိမ်သက်နေသလောက် ကိုဇေယျာက နွှတ်လျှာသွက်လက်နေတော့သည်။ သည်တော့ ခင်ယွန်းမေအတွက် ဗဟုသုတရစေရန် စောစောက ခရီးသည်အမျိုးသမီး အကြောင်းကို ပြောပြလိုက်တော့တ၏။ ခင်ယွန်းမေလည်း အံ့သြခြင်းများစွာဖြင့် နားထောင်နေရသည်။

"အစ်ကိုက တည်းခိုခန်းကထွက်လာလို့ လင်မယားစုံတွဲလားလို့ ထင်မိတာကွ၊ လက်စသတ်တော့ သူတို့က ဖောက်ပြန်ဖို့လာကြတဲ့သူတွေပေါ့ကွယ်၊ အဲဒီအမျိုးသမီးက သူ့ယောကျ်ား မရှိချိန်မှာ တခြားယောကျ်ားနဲ့ ပျော်ပါးဖို့ ရောက်လာတယ်၊ ဘယ်လိုပဲပြောပြော ပေါ့ကွာ၊ တည်းခိုခန်းကနေ ထွက်လာကြတော့ သူတို့ကို ရိုးသားပါတယ်လို့ ဘယ်သူတွေက ထင်ကြမှာလဲ၊ ရှုတ်ချကဲ့ရဲ့ပြီး အဆိုးဘက်ကပဲ တွေးတော့မှာပေါ့ ညီမရာ"

ခင်ယွန်းမေလည်း ရန်နိုင်နှင့်တွေ့ဆုံလျှင် သူတို့ကိုမြင်သူများက ကိုဇေယျာပြောသလို တွေးကြပါလိမ့်မည်။ သူမအတွက် ဆင်ခြင်စရာဖြစ်သွားရ၏။

"သူတို့ကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ကြဘူး၊ ပြောင်ကြောင်ပဲ၊ ဒီကိစ္စကို သူ့ယောကျ်ားသိရင်တော့

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာအကြီးအကျယ်ဖြစ်ကြဦးမယ်၊ နောက်ဆုံး အိမ်ထောင်ရေးထိခိုက်ကြလိမ့်မယ်၊ ကွဲကြ၊ ကွာကြရင် စိတ်ဒုက္ခအမျိုးမျိုး ရောက်ရပြီး ပတ်ဝန်းကျင်ကဲ့ရဲ့တာမျိုး ခံစားရမှာပေါ့ကွာ''

ရန်နိုင်နှင့် တွေ့ဆုံသည့်ကိစ္စကို ခင်ယွန်းမေက ပေါ့ပေါ့တန်တန်သဘောထား၍ မရတော့ပေ။ ပြီးနောက် ရန်နိုင်သည် အကြံသမားတစ်ယောက်ဖြစ်နေလျှင် ဓာတ်ပုံရိုက်၊ အသံသွင်းထားခဲ့နှင့် အိမ်ထောင်ရေးကိုပါ ထိခိုက်စေနိုင်သည်။

''တချို့က တည်းခိုခန်းမှာဖြစ်တဲ့ကိစ္စက Internet တို့၊ Face book ပေါ်တို့အထိ ရောက်သွားရင် ကိုယ့်အသိုင်းအဝိုင်းနဲ့ ကိုယ့်မိသားစုပါ ထိခိုက်နိုင်တာပေါ့ကွာ၊ ဒါဟာ မိန်းကလေးတိုင်း ဆင်ခြင်ရမယ့် အကြောင်းအရာပဲ ညီမရဲ့''

ရန်နိုင့်တွင် ထိုစိတ်မျိုးမရှိဟု ပြောတတ်ပေ။ သို့ပေမယ့် အိမ်က အထွက်တွင် လမ်းပေါ်၌ ခလုတ်တိုက်မိသေး၏။ နိမိတ်မကောင်းဟု တွေးမိသော်လည်း ထိုလမ်းအား ဆက်လျှောက်လာမိသည်။

''အစ်ကိုတို့ တက္ကစီသမားတွေမှာ လူအမျိုးမျိုး၊ စရိုက်အဖုံဖုံ တွေ့ရတတ်တယ်၊ တချို့ ဆယ်ကျော်သက်အရွယ်လေးတွေတောင် မသွားသင့်တဲ့နေရာမျိုးကိုသွားလာနေကြတာဟာ အနာဂတ်အတွက် ရင်လေးစရာပေါ့ကွာ၊ အစ်ကိုတို့လည်း မိသားစုအတွက် ငွေရှာနေရတော့ သူတို့ပေးတဲ့ငွေကိုယူရတာ မသတိဘူးပေါ့၊ မသွားကြဖို့ တားဆီးလည်း ကိုယ့်မိသားစုမဟုတ်တော့ နာခံမှာမဟုတ်တဲ့အပြင် အရိုက်ထောင်ခံရဦးမှာလေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီစိတ်တွေ ဝင်နေရင် တိုင်းပြည်အတွက် အားထားရတဲ့ လူတော်လူကောင်းတွေ နည်းကုန်ကြမှာပေါ့ကွာ၊ အစ်ကိုတွေးတာ မမှန်ဘူးလား ညီမ''

''ဟုတ်ကဲ့၊ မှန်ပါတယ် အစ်ကိုရယ်၊ မိန်းကလေးတွေအတွက် ဘယ်လိုအသက်အရွယ်ရောက်ရောက် အန္တရာယ်များလွန်းပါတယ်၊ အယုံမကွယ်ဖို့နဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားဖို့ ပိုအရေးကြီးပါတယ် အစ်ကိုရယ်''

''မှန်လိုက်တာ ညီမရာ၊ ဟော.. စကားတပြောပြောနဲ့ ကန်တော်ကြီးတောင် ရောက်နေပြီ''

ခင်ယွန်းမေသည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချ၍ ကိုယောကို ပြောလိုက်၏။

''ယွန်းကို အိမ်ပဲပြန်ပို့ပေးပါတော့အစ်ကို၊ ကန်တော်ကြီးမှာ သူငယ်ချင်းတွေနဲ့ ချိန်းထားပေမယ့် ကိုလေးရဲ့ အသိုင်းအဝိုင်းက တစ်ဦးဦးသာတွေ့သွားရင် အထင်သေးပြီး ကဲ့ရဲ့ကြမှာပေါ့နော်၊ အိမ်ထောင်ရှင်မိန်းကလေးဆိုတာ သွားလေတိ၊ လာသတိ ရှိရမယ့်အပြင် ဆင်ခြင်တုံတရားရှိရမယ်၊ အစ်ကိုပြောသလို အင်တာနက်နဲ့ Face book ပေါ် ရောက်သွားရင် မတွယ်တဲ့ပေါ့ အစ်ကိုရယ်၊ အခုဆိုရင် လူတိုင်းဆီမှာ ဖုန်းတို့၊ ကင်မရာတို့ ရှိနေကြပြီ၊ ဒီတော့ ဗီဒီယိုရိုက်ပြီး လက်ဆော့သွားရင် မခက်လား''

''ဒါပေါ့ ညီမရာ၊ အန္တရာယ်ကို ကြိုရှောင်တာ ကောင်းတာပေါ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com

ညီမကိုတော့ အစ်ကို လေးစားသွားပြီဟေ့''

ကိုဇေယျာက အားပါးတရပြောလိုက်ရင်း တက္ကစီလေးအား လာရာ လမ်းအတိုင်း ပြန်ကွေ့မောင်းလိုက်သည်။ ခင်ယွန်းမေလည်း စိတ်ချမ်းမြေ့ခြင်းများစွာဖြင့် အိမ်အပြန်ခရီးအား ဆုံးဖြတ်ချက်မှန်ကန်စွာ လိုက်ပါသွားတော့တ်။ သို့သော် အကြံသမားနှစ်ဦး၏ ကြိုတင်ပြင်ဆင်မှုများဖြင့် တစ်စုံတစ်ဦးအား ဒုက္ခရောက်စေရန် ဖန်တီးထားခြင်းကို မသိရှိခဲ့ပေ။ သူမအတွေးထဲတွင်တော့...

''ခင်ယွန်းကို ခွင့်လွှတ်ပါ ကိုရန်နိုင်၊ ရှင့်ဘက်က ဘယ်လိုပဲကြိုးစားလာပါစေ ခင်ယွန်းကတော့ ကိုလေးအတွက် သစ္စာမဲ့ဖို့ခိုင်မြဲစွာနဲ့ ခင်ယွန်းရဲ့နှလုံးသားကို သံမဏိချစ်ကြိုးနဲ့ အထပ်ထပ်ရစ်ပတ်ထားနိုင်ပါပြီရှင်''

ထိုစကားလေးဖြင့် ကျေနပ်စွာ ပြောနေမိတော့သည်။

လေးစားစွာဖြင့်

ထက်ထက်ဦးဝေ

ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)

(လက္ခဏာ၊ ဗေဒင်၊ ယတြာအစီအရင်)

- ◆ ခင်ပွန်း အိမ်ထောင်ရေးဖောက်ပြန်နေသူနဲ့ အမြန်ဆုံး မုန်းတီးပြတ်စဲဖို့။
- ◆ ခင်ပွန်းအပေါ် မိမိပြောစကား အောင်မြင်၊ အိမ်ထောင်ရေး သာယာပျော်ရွှင်ဖို့။
- ◆ ကွဲကွာနေသော အိမ်ထောင်ဖက်နဲ့ ပြန်လည်ပေါင်းသင်းရဖို့။
- ◆ မိမိတို့အိမ်ထောင်ရေး ဝင်ရောက်နှောင့်ယှက်သူရန်မှ ကင်းရှင်းဖို့။
- ◆ ခင်ပွန်းဖြစ်သူ ဇနီး၊ သားသမီးအပေါ် အရင်လို ချစ်ခင်ကြင်နာမှုပေးဖို့။

(အမျိုးသမီးဆိုးသန့်)

(နှယ်သို့တောဓာတမ်းပို့ပေးသည်)

လိပ်စာ– အမှတ် (၈၄၃)၊ (၃၄) ရပ်ကွက်၊ ဦးဝိဓာရုလမ်း၊

မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း– ၀၉ ၅၁ ၆၂၃၃၂၊ ၀၉ ၄၉ ၃၄၂၉၅၄

www.burmeseclassic.com

www.burmeseclassic.com

လေဒီဒိုင်းမွန်း

ကန္တာရငှက်

နောင်းသွားတဲ့
အချိန်တွေအတွက်
ဝမ်းနည်းမျက်ရည်တွေ အဝါဝါ
ကျခဲ့မိပါတယ်။ အရိပ်ကိုလိုချင်
နေပူကစောင့်ဆိုပေမယ့်
ကန္တာရငှက်အတွက်ကတော့
ဒီစကားစုလေးက
အသုံးမဝင်နိုင်တော့ပါဘူး
...

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးအပေါ်မှာ တည်မှီခဲ့လောက် အောင်လည်းပဲ အစ်ကိုကြီးက ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်သွားခဲ့တယ်။ ပြီးတော့ အစ်ကိုကြီး အိမ်ထောင်ပြုခဲ့တယ်။ ဒါတောင် အိမ်ကိုဖုန်းဆက်ပြီး ကျွန်မတို့ရဲ့သဘောထားကို လှမ်းမေးပါသေးတယ်။

ငါညီမလေးတွေ သဘောမကျ ရင် မယူပါဘူးတဲ့။ အစ်ကိုကြီးရဲ့စကား ကပျာရာရည် လို ချို ပေမယ့် အနာနဲ့ မတည့်ခဲ့ပါဘူး။ မျက်လုံးတွေကောင်း နေပေမယ့် အနာဂတ်ကို ကျွန်မတို့ လှမ်းမမြင်ရတော့ပါဘူး။ ဒါပေမဲ့လည်း ကျွန်မတို့ အစ်ကိုကြီး စိတ်ချမ်းသာဖို့ ပြုံးနိုင်ခဲ့ကြတယ်။

အဲဒီနောက်ပိုင်းကစလို့ အစ်ကိုကြီး ရာထူးအဆင့်ဆင့် တိုးသွားတာနဲ့အမျှ မျှော်လင့်ခြင်းအရောင်တွေ အဆင့်ဆင့် မှေးမှိန်သွားခဲ့ရသူတွေကတော့ အဖေနဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက်ပေါ့။

ကိုယ့်တုန်းကတော့ ဟိုလူကိုမယူနဲ့၊ ဒီလူကိုမယူနဲ့၊ အစ်ကိုကြီးက တစ်သက်လုံးစောင့်ရှောက်မယ်ဆိုလို့ ဘယ်လိုအဆင့်အတန်းတွေက ဘယ်လိုလူတွေက အမျိုးမျိုးကန်းလှမ်းခဲ့ကြပေ မယ့် အစ်ကို့အရှိန်နဲ့ ခေါင်းယမ်းငြင်းပယ်ခဲ့ကြတယ်။

အချစ်ဆိုတာ မိသားစုချစ်ခြင်းလည်း အချစ်ပဲလို့ နားလည်လက်ခံခဲ့ပါတယ်။ လောကကြီးထဲမှာ မိဘမစုံဘဲ ချို့ချို့ငဲ့ငဲ့နဲ့ ကြီးစားရုန်းကန်ခဲ့ကြတဲ့ ဘဝအဖော်မွန်စိတ်ဓာတ်တွေနဲ့ တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းပံ့ပိုးခဲ့ကြတာ ဆိုတော့ တောင်းတတ် ခဲ့ကြတယ်။ ကျွန်မတို့မိသားစုတွေရဲ့ မျှော်လင့်ခြင်း အလင်းရောင် ရှင်သန်ထမြောက်ဖို့ တစ်ခုတည်းသော ယုံကြည်ချက်က အစ်ကိုကြီးပဲ ဖြစ်ခဲ့တယ်။

ကျွန်မတို့ရဲ့ အနာဂတ်တွေဟာ အနေမှန်တဲ့ ကိုကြီးရဲ့ ဆုံးမသွန်သင်စကားတွေကို ကျွန်မတို့အတွက် နားယဉ်နေတဲ့၊ နားဝမှာ အသားကျနေတဲ့ လိုက်နာတတ်တဲ့ အလေ့အကျင့်နဲ့ ညီအစ်မနှစ်ယောက်စလုံး ကြီးပြင်းခဲ့ကြတယ်။

ကျွန်မတို့ညီအစ်မနှစ်ယောက်ကတော့ ဘွဲ့ရပြီး အလုပ်ကိုယ်စီ ဝင်ခဲ့ကြတယ်။ ညီအစ်မနှစ်ယောက်စလုံး ရည်းစားသနဲ့လည်း ဒီနေ့ထိ မထားခဲ့ဘူး။ မရှိခဲ့ကြပါဘူး။ အစ်ကိုကြီးကိုချစ်တဲ့စိတ်၊ လေးစားယုံကြည်တဲ့စိတ်တွေနဲ့ အရာရာ ပြည့်စုံနေခဲ့လို့ပါပဲ။

ကိုယ်စွမ်းကိုယ်စနဲ့ တိုးတက်လို တဲ့ အစ်ကိုကြီးတစ်ယောက် စိတ်ချမ်း သာဖို့ ပိုပိုပြီး ဘဝလမ်းကြောင်းမြင့်မား စေဖို့ဆုတွေ တောင်းတတ် ခဲ့ကြတယ်။ ကျွန်မတို့မိသားစုတွေရဲ့ မျှော်လင့်ခြင်း အလင်းရောင် ရှင်သန်ထမြောက်ဖို့ တစ်ခုတည်းသော ယုံကြည်ချက်က အစ်ကိုကြီးပဲ ဖြစ်ခဲ့တယ်။

အမေဆိုတာ ကျွန်မ ငါးနှစ်သမီး အရွယ်ကတည်းက လောကကြီးထဲက အပြီးထွက်သွားခဲ့ပြီးတဲ့နောက် အဖေပဲ အမေ၊ အဖေလည်းအဖေ ဖြစ်ခဲ့တယ်။ မုဆိုးဖိုအဖေရဲ့ ရင်ခွင်ရိပ်မှာ ကျွန်မတို့ မောင်နှမသုံးယောက်လုံး နွေးနွေးထွေးထွေး လုံလုံခြုံခြုံနဲ့ ကြီးပြင်းခဲ့ကြတယ်။

ကျွန်မတို့မိသားစုထဲမှာ ကိုယ်ထူးကိုယ်ချွန်စိတ်နဲ့ တစ်မိပေါက် တစ်ယောက်ထွန်း ဖြစ်ခဲ့တာက ကျွန်မတို့ရဲ့ အစ်ကိုအကြီးဆုံးပါပဲ။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို အမေလို ပြုစုပျိုးထောင်ခဲ့တယ်။ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ ဈေးရောင်းအားလုံးကို ငယ်ငယ်လေးကတည်းက ကျွမ်းကျင်ပိုင်နိုင်တဲ့သူပါ။

အဖေရဲ့ အားအကိုးရဆုံး သားကြီးသြရသဖြစ်သလို အငယ်တွေရဲ့ ကိုးစားယုံကြည် လေးစားမြတ်နိုးတန်ဖိုးထားရသူပါ။ ၁၀ တန်းအောင်တော့ ပိုလ်လောင်းဝင်ဖြေပြီး ဘဝသစ်စခဲ့သူပါ။

www.burmeseclassic.com

www.burmeseclassic.com

ထွေနဲ့ နှောင်ဖွဲ့ထားတဲ့ သံယောဇဉ်ကမ္ဘာထဲမှာ သေဆုံးချိန်အထိ အသက်ရှူခွင့်ရမယ်လို့ စိတ်ချထားခဲ့မိတာပါ။ ဒါပေမဲ့လည်း မိသားစုနည်းတဲ့ ကျွန်မတို့က ယောက်မအပေါ် ညီအစ်မအရင်းအချာလို ချစ်ခဲ့မိပါတယ်။

လောကရဲ့ဓမ္မတာအတိုင်း အသီးကောက်တဲ့သူက အပင်ပိုက်ခဲ့တဲ့သူ ထက် ကံကောင်းခဲ့ပါတယ်။ ကျွန်မတို့ရဲ့ယောက်မ ကံကောင်းခဲ့ပါတယ်။ ကျွန်မထက်ငယ်တဲ့ ယောက်မမို့ ကျွန်မတို့ရဲ့ ညီမလေးလို စိတ်ရင်းခံနဲ့ ချစ်ခဲ့ပါတယ်။ မိသားစုဝင်တစ်ဦးလို အပျိုကြီးဖြစ်တဲ့ ကျွန်မရှာတဲ့ ငွေလေးတွေ စုဆောင်းပြီး အခါအခွင့်သင့်တိုင်း သူတို့တာဝန်ကျရာဒေသတွေဆီ လိုအပ်တာလေးတွေ ပို့ပေးခဲ့ပါတယ်။ အစ်ကိုကလည်း အဖေ့အတွက် တစ်လဘယ်လောက်ဆိုတာ သတ်မှတ်ပြီး မုန့်ဖိုးသဘောမျိုး ပို့ပေးတတ်ပါတယ်။

+++

သူတို့လိုအပ်လာတဲ့အခါ ကျွန်မအလုပ်တွေကို ချန်ထားရစ်ပြီး နေပူမိုးရွာမရွောင် သွားလာလုပ်ကိုင်ပေးခဲ့တယ်။ ပင်ပန်းနွမ်းနယ်မိရင်တောင် ဒါငါ့ကိုနေရာပေးတာ၊ ဘာပဲဖြစ်ဖြစ် ငါ့အစ်ကိုအတွက် တစ်ထောင့်တစ်နားက ဝန်းရံခွင့်ရတာလို့တွေးရင်း ချွေးကနေဆေးဖြစ်ခဲ့သူပါ။

ဒီလိုနဲ့ အစ်ကိုကြီးမှာ သမီးလေးနှစ်ယောက် ရလာပြန်တယ်။ ကိုယ့်ထက်ငယ်တဲ့ ယောက်မနဲ့ ချစ်ရတဲ့ အစ်ကို့အတွက် တူမလေးနှစ်ယောက်ကို ပိုချစ်ခဲ့မိတာ အမှန်ပါ။ ကလေးတွေအတွက် အဝတ်အစား၊ လက်ဝတ်ရတနာလေးတွေကို တတ်နိုင်သလောက် စုဆောင်းပြီး ဝယ်ပို့ပေးခဲ့တယ်။ အစ်ကိုကြီးရဲ့ ရုံးကိစ္စ၊ အလုပ်ကိစ္စ၊ လူမှုရေးကိစ္စတွေကို ဟိုအရင်ကတည်းက လုပ်ပေးခဲ့တဲ့အတိုင်း မညည်းမညူ ပျော်ပျော်ရွှင်ရွှင် လုပ်ပေးခဲ့တယ်။ တစ်ဖက်မှာတော့ ကျွန်မရဲ့စီးပွားရေးကို အနည်းနဲ့အများ ထိခိုက်မှုတွေရှိခဲ့တယ်။ ဒါပေမဲ့ အစ်ကိုကြီးသာ အရေးအကြီးဆုံးဆိုတဲ့စိတ်ကို တစ်စက်ကလေးမှ မလျှော့ခဲ့ပါဘူး။

အစ်ကိုကြီးအတွက်ဆိုတဲ့စိတ်၊ အစ်ကိုကြီးကို ချစ်ခင်တွယ်တာတဲ့ စိတ်တွေလည်း မပြောင်းလဲခဲ့ပါဘူး။ ရင်ထဲ၊ အသည်းထဲမှာ အရင်ကနဲ့ ဘာမှမကွာခြားသွားခဲ့ပါဘူး။

ဒါပေမဲ့ အစ်ကိုကြီးရဲ့ မိသားစုဘဝနဲ့ ကျွန်မတို့ဘဝက အများကြီး ကွာခြားသွားခဲ့ပါတယ်။ အဲဒါကတော့ အစ်ကိုကြီးနဲ့ ယောက်မရဲ့ ကျွန်မတို့အပေါ်ထားတဲ့ သဘောထားတွေ ကြောင့်ပါပဲ။

အိုမင်းနေတဲ့အဖေနဲ့ အပျိုကြီးစာရင်းဝင်လာတဲ့ ကျွန်မတို့အတွက် ဟိုအရင်တုန်းကအတိုင်း ရုန်းကန်ရင်း ဘဝတိုက်ပွဲကို ဝင်နေရဆဲပါ။ အများအလယ်မှာ ထည်ဝါခမ်းနားနေတဲ့ အစ်ကိုကြီးဘဝကို ဂုဏ်ယူရင်း ကျေနပ်နေနိုင်ခဲ့ပေမယ့် အဖေ့အတွက်၊ ကိုယ့်ဘဝအတွက်ဆိုတဲ့ အတွေးစတွေက ကျွန်မကို ဆို့နင့်ကြေကွဲနေစေခဲ့တယ်။

အဲဒီကြေကွဲရမှုတွေကို ကျွန်မရဲ့စိတ်ထဲ မထားတတ်ဘူးလို့ပဲ ကိုယ့်ကိုယ်ကိုယ် ဆုံးမနေခဲ့မိတယ်။ အစ်ကိုကြီးတစ်ယောက်တည်းအပေါ်မှာပဲ မြတ်မြတ်နိုးနိုး ယုံကြည်ကိုးစားခဲ့တဲ့စိတ်၊ ချစ်ခင်တွယ်တာခဲ့တာနဲ့တင် လုံလောက်ပြည့်စုံခဲ့ပေမယ့် မိသားစုလေးဖြစ်သွားတဲ့ အစ်ကိုကြီးကတော့ ကျွန်မတို့ကို အထီးကျန်စေခဲ့ပြီလား။ တဖြည်းဖြည်းနဲ့ အစ်ကိုကြီးဟာ သူ့မိသားစုကောင်းစားရေး၊ သူ့မိသားစု စိတ်ချမ်းသာရေး ဆိုတဲ့စကားတွေ ပြောတတ်လာတယ်။

+++

တွဲလက်တွေ ဖြုတ်ခဲ့ပြီးမှ သမင်လည်ပြန်ကြည့်ရင်း သံယောဇဉ်အပိုင်းအစတွေ ထားရစ်တယ်။ ကိုယ့်တုန်းက ကျတော့ အဲဒီလို မလုပ်ရက်ခဲ့ဘူး။ အနှစ်နှစ်အလလ မျှော်လင့်ပျိုးထောင်ခဲ့တဲ့ ကိုယ့်ခြံထဲက သစ်ပင်ကြီးက ခြံအပြင်ဘက်ကို အရိပ်ကျသွားခဲ့ပါပြီ။ ဘဝရပ်တည်မှု ခိုင်ခိုင်မာမာမရှိတဲ့ ကျွန်မတို့ရဲ့ နောင်းသွားတဲ့အချိန်တွေအတွက် ဝမ်းနည်းမျက်ရည်တွေ အခါခါ ကျခဲ့မိပါတယ်။ အရိပ်ကိုလိုချင် နေပူကစောင့်ဆိုပေမယ့် ကန္တာရဝှက်အတွက်ကတော့ ဒီစကားစုလေးက အသုံးမဝင်နိုင်တော့ပါဘူး။

တူမလေးတွေအတွက် ကျွန်မတို့က အခါခါပို့ပေးခဲ့တဲ့ လက်ဆောင်တွေဆိုတာကလည်း အခုအချိန်မှာ အစ်ကိုကြီးမိန်းမနဲ့ ကလေးတွေအတွက် မက်မောစရာပစ္စည်းမျိုးတွေ မဟုတ်နိုင်တော့သလို ကျွန်မတို့ညီအစ်မနှစ်ယောက်နဲ့ အဖေဟာလည်း ကျွန်မတို့အပေါ် မိသားစုလို မမြင်နိုင်တဲ့ အစ်ကိုကြီးမိန်းမအတွက်ကြောင့် ကျွန်မတို့အနာဂတ်ကို စိတ်မချနိုင်ခဲ့ပါဘူး။

လူ့ဘဝရဲ့ထုံးစံအတိုင်း [illegible] အစ်ကိုကြီး[illegible]

www.burmeseclassic.com

www.burmeseclassic.com

ထိတ်မိတိုင်း ကျွန်မတို့တစ်တွေသာ အရင်သေရပါစေလို့ အံကြိတ်ရင်း ဆို နှင့်ဦးကြွေးလျက် အားငယ်စွာနဲ့ ဆုတောင်းနေရပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ အစ်ကို ကြီး အဖအရာအနေနဲ့ မှီခိုခဲ့ရတဲ့ ကျွန်မတို့မှာ ယောက်မနဲ့ အဆင်ပြေမှု၊ ယောက်မက သနားမှုသာ ဆက်ပြီးရှင်သန်ရပ်တည်ရမှာကိုတော့ တွေးရင်း အသည်းတဆတ်ဆတ်တုန်ပြီး သိမ်ငယ်ဝမ်းနည်းရလွန်းလို့ပါ။

အဖေကတော့ မျက်ရည်တွေနဲ့ အားပေးရှာပါတယ်။ အဖေမရှိတော့ရင် ငါ့သမီးလေးနှစ်ယောက် တရားရိပ်သာ ခိုပါတဲ့။ ဒါမှမဟုတ်ရင်လည်း ကိုယ့်တာဝကိုယ် ရပ်တည်နိုင်အောင် အခုကတည်းက ပြင်ဆင်ထားတဲ့။ မိသားစုမျှော်လင့်ခြင်းအိမ်ကလေးမှာ ခေါင်ပြုတ်သွားပြီတဲ့။

ဆက်ဆံရေးပြောင်းလဲသွားတဲ့ ယောက်မနဲ့ တူမလေးတွေအကြောင်း အဖေလည်း သိနေပါတယ်။ ချွေးမနဲ့ မြေးမလေးတွေနဲ့ အရွယ်လွန်သမီးနှစ် ယောက်ရဲ့ ပတ်သက်မှုအနေအထား ကို အဖေလည်း ရိပ်မိနေပါတယ်။

မိတဆိုးသားသမီးတွေအပေါ် ချစ်ရှာလွန်းလို့ နောက်အိမ်ထောင်မပြုဘဲ ချက်ပြုတ်ကျွေးမွေး ပြုစုပျိုးထောင်ခဲ့ တဲ့ ရိုးအတဲ့ ကျွန်မတို့အဖေနဲ့ ကျွန်မ တို့ညီအစ်မနှစ်ယောက်အတွက် အစ်ကို ကြီးဆိုတာ ဘဝတွေခြားနားခဲ့ပြီဆိုတာ တဖြည်းဖြည်း သိခဲ့ရတယ်။ အစ်ကိုကြီး အပေါ် အားကိုးချင်တဲ့စိတ်၊ တွယ်တာ မှီခိုချင်တဲ့စိတ်တွေကို ဖြေဖျောက်ရင်း ကိုယ်ကျိုးမရှာခဲ့ဘဲ ဘဝဖော် မရှာခဲ့ တဲ့၊ အနာဂတ်ကို ကြိုမတွေးခဲ့တဲ့ အတွက် ကိုယ့်ကိုယ်ကိုယ် နောင်တ တွေ ရနေမိတယ်။

ဒါပေမဲ့လည်း ငါ့အစ်ကို ဘဝ မြင့်မားနေတာ ငါတို့ ပျော်နိုင်ရမယ်လို့ ပဲ စိတ်ထဲကခံယူရင်း လောကဓံတွေ ကို ကျော်ချင်းကပ်၊ ရင်ချင်းအပ်ပြီး ရင် ဆိုင်ခဲ့ရတဲ့ ဘဝခရီးရှည်ကို အတူ လျှောက်ခဲ့တဲ့ သံယောဇဉ်တွေကတော့ အစ်ကိုကြီးဆီမှာ ရစ်ပတ်နှောင်တွယ် မိနေဆဲပါ။ ယောက်မအပေါ် ငါမနာလို စိတ်များ ဖြစ်နေသလားလို့ ကိုယ့်ကိုယ် ကိုယ် ပြန်တွေးမိတိုင်း သူတို့အပေါ် ဖြူစင်သန့်ရှင်းခဲ့ပြီး အစ်ကို့ဇနီးမယား အဖြစ် မမြင်ဘဲ ကိုယ့်မိသားစုဝင်အဖြစ် နဲ့ ထွေးရောယှက်တင် ရင်းနှီးကျွမ်းဝင် ခဲ့ကြောင်း သေချာခဲ့ပါတယ်။ ဒါကြောင့် လည်း အခုလို ခံစားခဲ့ရတာပဲမဟုတ် လား။

အစကတည်းကသာ ဒီလိုဖြစ်မယ် ဆိုတာ ကြိုသိခဲ့ရင် အစ်ကိုကြီးအပေါ် ကျွန်မ သည်လောက်မျှော်လင့်ခဲ့ပါ့ မလား။ လေးစားယုံကြည်ခဲ့ပါ့မလား။ ကိုယ့်ခံစားချက်၊ ကိုယ့်ဘဝအတွက် အစ်ကိုကြီးတစ်ယောက်တည်းနဲ့ ပြည့်စုံ ခဲ့ပါ့မလား။ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင် ပိုင်ဆိုင်မှု၊ ကိုယ်ပိုင်အခွင့် အရေးတွေ ဆုံးရှုံးခံခဲ့ပါ့မလား။ အခုလို အရွယ်လွန်မှ သိခဲ့ရတဲ့ အဖြေတစ်ခု အတွက် ကုထုံးက အရိပ်မရှိတဲ့ ကန္တာရ ထဲမှာ ဆက်လက်ပျံသန်းဖို့ရာ အနာ ဂတ်မဲ့သော ကောင်းကင်ခရီးမှတစ်ပါး အခြားမရှိခဲ့ပြီ။

လေဒီဦးမွန်း



www.burmeseclassic.com

www.burmeseclassic.com

လှမိုး (ဟည်ဝေရေး)

သမိုင်းကမ္ဘာ့သောကဇာတ်လမ်းတိုင်

www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ငယ်မှာ လက်ပံပင်ကြီးများ အုံဆိုင်းနေသော ကမ်းနှင့် ကိုက်အနည်းငယ်အကွာ မန်းချောင်းအတွင်း ပျက်ကျခဲ့ခြင်းဖြစ်၏။ ကျွန်တော်တို့ ရောက်သွားသောအခါ ဓား ရှည်ကြီးတစ်ချောင်းကို ခါးပတ်တွင် တွဲလောင်းချိတ်ဆွဲထား ပြီး မျက်နှာထားတင်းမာနေသော မင်းဘူးမြို့ ကင်ပေတိုင် (စစ်ရဲအဖွဲ့)မှ အရပ်သားများက 'ကိုကံပေါ်'ဟု အမည်ပေး ထားသော ဂျပန်စစ်ဗိုလ်ခေါင်းဆောင်သည့် ဂျပန်တပ်သား အချို့ကို တွေ့ရ၏။ ကိုကံပေါ်၏ ဂျပန်အမည်ကို မမှတ်မိ တော့။ သူ့ကို အရပ်သားများက အဘယ်ကြောင့် ကိုကံပေါ် ဟု ကင်ပွန်းတပ်သည်ကို ကျွန်တော် မသိပါ။

သူနှင့်အတူ မြန်မာပုလိပ်(ရဲ)သားအချို့နှင့် ဝါးခွန်များ ဓားများ၊ လုံများ ကိုင်စွဲထားသော ကျေးရွာကာကွယ်ရေး တပ်ဖွဲ့ဝင်များကို တွေ့ရသည်။ ထိုလူအုပ်အတွင်း အထူးခြား ဆုံးနှင့် စိတ်ဝင်စားစရာအကောင်းဆုံးသူမှာ ဗြိတိသျှလေ တပ်မတော် လေသူရဲဝတ်စုံကို ဝတ်ထားပြီး လက်နှစ်ဖက် ကို ကြိုးဖြည့်ချည်ထားသည့် လေသူရဲဖြစ်၏။ သူ၏ဝတ်စုံ ကျောဘက်၌မူ ရစရာမရှိအောင် အစိတ်စိတ်အမြွှာမြွှာ စုတ်ပြဲ နေလေပြီး သွေးစသွေးနများဖြင့်လည်း စွန်းထင်းနေလေသည်။

မတ်လ ...။

အညာနွေ၏ တငွေ့ငွေ့ပူလောင်နေသော နေရောင် အောက်တွင် မန်းချောင်းရေအလျဉ်သည် ပျင်းရိဖွယ်ရာ တငြိမ့် ငြိမ့် စီးဆင်းနေသည်။ ဝါ၊ ယာ ကမ်းတစ်ဖက်တစ်ချက်တွင် အစိအရိပေါက်နေသော လက်ပံပင်များ၊ သရက်ပင်များ၊ ငှက် ပျောပင်များမှာလည်း လုံးဝလေတိုက်ခြင်းမရှိသဖြင့် ငိုက်မျဉ်း လျက်ရှိနေသည်ဟု ထင်ရသည်။

ကျွန်တော်၊ ကျော်စိန်(ကွယ်လွန်)နှင့် ဖိုးပြန့်(ကွယ်လွန်) တို့သည် ရှည်လျားရှု ကောက်ကွေ့နေသော မန်းချောင်းတစ် လျှောက် လက်ပံပင်ကြီးများ၏ အရိပ်များ၊ သရက်ပင်ကြီး များ၏ အရိပ်များခိုကာ စကူပြို့မှ သုံးမိုင်ခန့်ဝေးသော စကာ ရွာဆီသို့ မန်းချောင်းအတိုင်း လျှောက်လာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်ကာလ (၁၉၄၃)ခုနှစ်က ကျွန်တော်တို့မှာ စတုတ္ထ တန်းကျောင်းသားငယ်များသာ ဖြစ်ကြသည်။ လွန်ခဲ့သောနှစ် က စကာရွာနှင့် မနီးမဝေးရှိ မန်းချောင်းအတွင်း ပျက်ကျ သွားသော ဗြိတိသျှဘုရင့်လေတပ်မတော်မှ စပစ်ဖိုင်းရား တိုက်လေယာဉ်အပျက်အား ကျောင်းသားငယ်တို့သဘာဝ အတိုင်း သွားရောက်ကြည့်ရှုကြခြင်းဖြစ်သည်။ ကျွန်တော်မှတ် မိသလောက် ထိုတိုက်လေယာဉ်ငယ်မှာ မကွေးမြို့ရှိ ဂျပန် ဘုရင့်လေတပ်မတော်အုပ်စုအား ကင်းထောက်၍အပြန်တွင် မန်းချောင်းအကူးရှိ ကြေးနန်းတိုင်အမြင့်ကြီးမှ ကြေးနန်းကြိုး များဖြင့်ငြိကာ မန်းချောင်းအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြင်ကွင်းကို ကျွန်တော့်အဖို့ နှစ်ပေါင်း ၎၀ ခန့်ရှိပြီ ဖြစ်သော်လည်း မမေ့နိုင်။ ထိုလေသူရဲ၏မျက်နှာကို မြင်ယောင်သမျှ ကျက်ရှိသည်။ သူ့အား ဂျပန်ကင်ပေတိုင်စစ်ဗိုလ် ကိုကံပေါ်ခေါင်းဆောင်သော ဂျပန်ဖက်ဆစ် ကင်ပေတိုင်အဖွဲ့သည် ကွေးမြို့သို့ ခေါ်ဆောင်သွားခဲ့ပြီး လူမဆန်သော နည်းလမ်းအမျိုးမျိုးနှင့် နှိပ်စက်၍ သတ်ပစ်ခဲ့သည်ဟု သိရ၏။

မှန်ပါသည်။ ကျွန်တော်တို့သည် ဒုတိယကမ္ဘာစစ်မတိုင်မီ မွေးဖွားခဲ့ကြပြီး စစ်ကြီးအတွင်း လူလူသူသူ ဖြစ်လာကြသူများဖြစ်ရာ စစ်၏အနိဋ္ဌာရုံများသာမက စစ်ကြီးအတွင်း နေမျိုးနွယ်၊ စစ်ဝါဒီ၊ ဂျပန်ဖက်ဆစ်တို့၏ ကျူးလွန်ခဲ့သော ဆိုးသွမ်းရက်စက်မှုများကို မျက်မြင်အဖြစ် ကြုံခဲ့ကြရသည်။ ဂျပန်ကင်ပေတိုင်များ၏ ရက်ရက်စက်စက် သတ်ဖြတ်ခြင်း၊ ကိုယ်လက်အင်္ဂါများကို တစ်စချင်း ခုတ်ဖြတ်ခြင်း၊ အကျဉ်းသားအား ပက်လက် လက်ကြိုးချည်ထားလျက် သူ့ပါးစပ်၊ သို့မဟုတ် နှာခေါင်းမှ အဆုတ်ထဲသို့ ရေဝင်သွားစေရန် ရေသွင်းခြင်း၊ ထို့နောက် ဗိုက်ထဲမှ ရေပြန်ထွက်စေရန် ဗိုက်ပေါ်နှာက်ခုန်ခြင်း၊ လက်သည်းခွံခွာခြင်း၊ စီးကရက်၊ ဆေးလိပ်မီးတို့ဖြင့်ထိုးခြင်း၊ ဆီပူ၊ ရေနွေးပူလောင်းခြင်း၊ လျှပ်စစ်ဓာတ်ဖြင့်တို့ခြင်းစသည်တို့မှာ လုပ်ရိုးလုပ်စဉ်များသာ ဖြစ်ကြသည်။

ကျွန်တော် မှတ်မိသလောက် ကျွန်တော်တို့ရပ်ကွက်အတွင်းမှ ကုလားကိုသန်းဆိုသူထံမှ လက်နှိပ်ဓာတ်မီးကို ဂျပန်ကင်ပေတိုင်က မတော်တဆ ဖမ်းဆီးရမိသွားသည်။ ဂျပန်ကင်ပေတိုင်တို့ကမူ ဤလက်နှိပ်ဓာတ်မီးနှင့် မဟာမိတ်လေယာဉ်များအား အချက်ပြရန် သိမ်းထားခြင်းဖြစ်သည်၊ ကုလားကိုသန်းသည် မဟာမိတ်စပိုင်ဖြစ်သည်ဟုဆိုကာ ကင်ပေတိုင်များက ဖမ်းဆီးသွားခဲ့ပြီး လူသားမဆန်သော နည်းလမ်းအမျိုးမျိုးနှင့် စစ်ဆေးခဲ့ရာတွင် ကွယ်လွန်ခဲ့ရသည်။

မင်းဘူးရေနံ့မြေမှ ရေနံခိုးယူမိသော အရပ်သားအချို့အား ဖမ်းဆီး၍ နည်းလမ်းအမျိုးမျိုးနှင့် နှိပ်စက်ညှဉ်းပန်းခဲ့သည်သာမက ပါးစပ်များအတွင်း ရေနံများ လောင်းချခဲ့သည်ဟု သိရသည်။ ဤကဲ့သို့ လူသားမဆန်စွာ ရက်စက်ယုတ်မာမှုများကား ပြောမဆုံးအောင် တောသုံးထောင် ရှိခဲ့သည်။ ကျွန်တော်တို့စာဖတ်ပရိသတ်အဖို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂက်စတာပိုအဖွဲ့၏ ရက်စက်ယုတ်မာမှုများကို သမိုင်းသုတေသီများက စာတစ်စောင်ပေတစ်ဖွဲ့ ရေးသားခဲ့ကြပြီး စာရေးဆရာများကလည်း လက်ဆစ်ချိုး၍ ရေ

ဒုတိယကမ္ဘာစစ်ကြီးအပြီး အရှေ့တောင်အာရှနိုင်ငံအသီးသီး၌ ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့သော ဂျပန်ကင်ပေတိုင်တို့၏ ရက်စက်မှုများကို သက်သေများက ဦးဦးမာမာ၊ တိတိကျကျ ထွက်ဆိုခဲ့ကြရာ အချို့သက်သေများ၏ တင်ပြချက်များမှာ နားမထောင်ဝံ့လောက်အောင် လူသားမဆန်စွာ နှိပ်စက်ခဲ့ကြသည်...။

တွက်မရအောင် စာအုပ်များရေးသားထုတ်ဝေခဲ့ကြရာ ယင်းစာအုပ်များကို ဖတ်ရှုခဲ့ကြပြီးဖြစ်ပါသည်။

ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများကလည်း နာဇီဂက်စတာပို လူသတ်သမားများ၏ လူသားချင်းမစာနာဘဲ ရက်ရက်စက်စက် ကျူးလွန်မှုများ [illegible] သံ့ပန်းများ၊ နာဇီဝါဒကို ဆန့်ကျင်ကြသော [illegible] အများအား လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ပုံများကို [illegible] တွင်းကျ၊ လုံးဝေပတ်ဝေ မြန်မာဘာသာ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကိုယ်တိုင် တွေ့ရကြုံရ၊ မြင်တွေ့ခဲ့ကြရသော ကျပန်ဖက်ဆစ် ကင်ပေတိုင်လူသတ်သမားများထက် နာဇီဂက်စတာပို လူသတ်သမားများအကြောင်းကို ကျွန်တော်တို့ စာဖတ်ပရိသတ်ကြီးအဖို့ သိခွင့်ရခဲ့ကြသည်။

၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျပန်တို့ လက်နက်ချ၍ စစ်ရှုံးစာချုပ်ကို လက်မှတ်ရေးထိုးပြီးသော အခါ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတစ်ခွင်၌ ဆိုးသွမ်းသောင်းကျန်းခဲ့ကြသော ကျပန်ဘုရင့်တပ်မတော်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် ကင်ပေတိုင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား အရှေ့တောင် အာရှရှိ နိုင်ငံအသီးသီးမှ စစ်ခုံရုံးများဖွဲ့စည်းကာ ၎င်းတို့အား စစ်ရာဇဝတ်သားများအဖြစ် အပြစ်ပေးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ ကူးစက်လာစဉ်က နိုင်ငံတကာ လိုက်နာကြရမည့် စစ်စည်းကမ်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို ချိုးဖောက်ကာ အရပ်သူ အရပ်သားများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အလုပ်ကြမ်းများပြုလုပ်ရန် ခွေးတပ်ဆွဲခြင်း၊ ရက်စက်စွာ ညှဉ်းဆဲစေခိုင်းခြင်း စသည်တို့အား ကင်ပေတိုင်အရာရှိများက ဦးဆောင်ပြုလုပ်ခဲ့ကြ၏။

၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း စင်ကာပူ၊ ဖီလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်၊ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ဟောင်ကောင်ကျွန်း၊ ဂူအမ်ကျွန်းရှိ အာဂါနာမြို့၊ အရှေ့အိန္ဒိယကျွန်းစု (ယခု အင်ဒိုနီးရှား)တိုင်မြို့နှင့် ကျပန်နိုင်ငံ၊ တိုကျိုမြို့များတွင် စစ်နိုင်သူမဟာမိတ်များက စစ်ခုံရုံးများကို နိုင်ငံတကာ တရားဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်၍ ကျပန်စစ်ရာဇဝတ်သားများကို စစ်ဆေး၍ အပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

အထက်ဖော်ပြပါ စစ်ခုံရုံးများတွင် ဦးဆောင်ပါးအစတွင် ဖော်ပြခဲ့သော ကင်ပေတိုင်တို့၏ အပြစ်မဲ့ အရပ်သူ အရပ်သားများအား အစုလိုက်အပြုံလိုက် ညှဉ်းပန်းနှိပ်စက်မှုများမှ ကံအားလျော်စွာ မသေမပျောက် လွတ်မြောက်လာခဲ့ကြသော ဖိုးကံဇကောင်၊ မယ်ကံကောင်းများက ကင်ပေတိုင်တို့၏ ငရဲခန်းများတွင် သူတို့ခံစားရပုံများကို နာကြည်းစွာ ထွက်ဆိုခဲ့ကြသဖြင့် ကင်ပေတိုင်တို့၏ ရာဇ စက်မှုများကို နိုင်ငံတကာမှ သိခွင့်ရခဲ့ကြတော့၏။

မှန်ပါသည်။ ကင်ပေတိုင်မှာ ကျပန်စစ်ရဲတပ်ကို ခေါ်ခြင်း ဖြစ်၏။ ကင်ပေတိုင်တို့သည် အရပ်သူအရပ်သားများအား လူသားမဆန်စွာ ရက်စက်ယုတ်မာသောအကျင့်မှာ ကျပန်ဘုရ တပ်များ သိမ်းပိုက်သော နိုင်ငံများတွင်သာမက ကျပန်နိုင် တွင် နာမည်ကျော်ကြား လူသိများခဲ့သည်။ ဒုတိယကမ္ဘာစ ကြီးအတွင်း ကျပန်ကင်ပေတိုင်တို့၏ ညှဉ်းပုံညှဉ်းနည်း၊ နှိ စက်ပုံ၊ နှိပ်စက်နည်းတို့မှာ တစ်နေရာနှင့်တစ်နေရာ ကွဲ ခြင်းမရှိ ဖြစ်နေရကား သုတေသီအများကမူ ထိုပြုမူချက်များ သည် ကျပန်ဘုရင့်အစိုးရအဖွဲ့၏ သဘောတူညီချက်အ ဆောင်ရွက်ခြင်းသာဖြစ်သည်ဟု ဆိုသည်။

ကင်ပေတိုင်အဖွဲ့ဝင်တို့သည် အရပ်သားများနှင့်တကွ စစ်ဘက်ပုဂ္ဂိုလ်များကို ဖမ်းဆီးနှိပ်စက်သောအာဏာအပြည့်ရထား ကြသည်။ ဖမ်းဆီးခံရသူများအား ညှဉ်းပန်းနှိပ်စက်၍ စစ်ဆေ သောအရာ၌ ကင်ပေတိုင်တို့သည် ပါရဂူများဖြစ်ကြသည်။ နာဇီဂက်စတာပိုတို့ကဲ့သို့ ကျပန်ကင်ပေတိုင်တို့သည် ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် အတွေ့အကြုံများစွာ ရထား ကြသည်ဟု ၎င်းတို့အား စောင့်ကြည့်လေ့လာ အကဲဖြတ်သူ တို့က တညီတညွတ်တည်း ဆိုကြသည်။

သူတို့သည် ၁၉၃၁ ခုနှစ်ခန့်ကပင် တရုတ်နိုင်ငံအာ မကြည်သောစစ်ပွဲ ဆင်နွှဲခဲ့ကြ၏။ သို့ဖြစ်၍ ကျပန်ကင်ပေ

www.burmeseclassic.com

www.burmeseclassic.com

တိုင်တို့သည် ၎င်းတို့ကျူးကျော်သိမ်းပိုက်ထားသော တရုတ်နိုင်ငံအတွင်းမှ ပြည်နယ်များရှိ အပြစ်ကင်းစင်သော အရပ်သူအရပ်သားများ၊ တရုတ်စစ်သုံ့ပန်းများကို နှိပ်စက်ညှဉ်းပန်းသည့် နည်းနာများကို ပြင်ဆင်ဖြည့်စွက်ရန် အခွင့်ကောင်းများ ရခဲ့ကြသည်။

ကင်ပေတိုင်သင်တန်းကျောင်းများတွင် စာတွေ့နှင့် လက်တွေ့သင်တန်းများပေးကြသည်။ ထိုသင်တန်းတွင် သင်တန်းသားများလက်စွဲအဖြစ် အသုံးပြုခဲ့သော လမ်းညွှန်စာအုပ်မှာ " Notes for The Interrogation of Prisoners of War" (စစ်အကျဉ်းသမားများအား စစ်ဆေးမေးမြန်းခြင်းဆိုင်ရာနည်းလမ်းများ)ဖြစ်သည်။ ထိုစာအုပ်ကို ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့က မြန်မာနိုင်ငံတွင် ဂျပန်ဘုရင့်တပ်မတော် ဗိုလ်ချုပ် ဟာယာရှိ၏တပ်မက ဝေငှခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။

အောက်ဖော်ပြပါ နည်းလမ်းများသည် ဂျပန်ကင်ပေတိုင်တို့၏ ကျင့်သုံးဆောင်ရွက်မှုဖြစ်သည်-

ညှဉ်းပန်းနှိပ်စက်ခြင်း။ ။ ဤနည်းတွင် ပါးရိုက်ခြင်း၊ ကန်ကျောက်ခြင်း၊ ရိုက်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကို နာကျင်စေရန် ပြုလုပ်ခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ပြီးသောအခါ စစ်ဆေးမေးမြန်းရသော အရာရှိကို အပြောင်းအလဲပြုလုပ်၍ ထိုသူက အကျဉ်းသားအား ကြင်နာသော ဟန်အမူအရာနှင့် မေးမြန်းခြင်းဖြင့် လိုအပ်သောအဖြေကို ရရှိသည်။

ဂျပန်ကင်ပေတိုင်တို့၏ သမားရိုးကျကျင့်သုံးလေ့ရှိသော ညှဉ်းပန်းနှိပ်စက်နည်းများမှာ ရေသွင်းနှိပ်စက်ခြင်း၊ မီးနှင့်တို့ခြင်း၊ ဆေးလိပ်မီးနှင့်တို့ခြင်း၊ ကိုယ်ခန္ဓာကို ထုပ်တွင်းဆွဲထားခြင်း၊ နေပူလှန်းခြင်း၊ ချွန်ထက်သောအရာများပေါ်တွင် ဒူးထောက်စေခြင်းများ ပြုလုပ်လေ့ရှိသည်။

ဂျပန်ကင်ပေတိုင်တို့ မကြာခဏ ကျင့်သုံးသော နည်းတစ်နည်းမှာ ဒူးကိုကားထားခြင်းဖြစ်၏။ အကျဉ်းသားဖြစ်သူအား လက်ပြန်ကြိုးတုပ်လျက် တံကောက်ကွေးတွင် ဝါးလုံးထည့်ကာ ပေါင်များကို ဖိပေးခြင်းဖြစ်သည်။ ရံဖန်ရံခါ စစ်ဆေးသောကင်ပေတိုင်တို့သည် ပေါင်များပေါ်သို့ တက်၍ခုန်ဆွ ဤသို့ပြုကျင့်ခံရသော အကျဉ်းသားမှာ မချိမဆံ့ နာကျင်ရသည်။

အချို့အကျဉ်းသားများကိုမူ လက်သည်း၊ ခြေသည်းများကို ပလာယာဖြင့်ညှပ်၍ ဆွဲထုတ်ခွာယူခြင်းမှာလည်း ဂျပန်ကင်ပေတိုင်တို့၏ ထင်ရှားသော၊ လူသိများသော ညှဉ်းပန်းနည်းတစ်နည်းဖြစ်ပေသည်။ တစ်ခါတစ်ရံ ချွန်ထက်သော ဝါးအစကလေးများကို လက်သည်းကြားသို့ ရိုက်သွင်း၍ စစ်ဆေးကြသည်ဟု သိရ၏။

လက်ချောင်းများကြားတွင် တုတ်ချောင်းကလေးများညှပ်ကာ အဝတ်စဖြင့် ပတ်တီးစီးထားကြသည့်နည်းကိုလည်း အသုံးပြုကြသည်။ အဝတ်စဖြင့် ပတ်တီးစီးထားသော လက်များအား ဝါယာကြိုးများဖြင့် အပြင်ဘက်မှ တင်းကျပ်စွာ ပတ်လိုက်သဖြင့် လက်ချောင်းများမှာ တဖြည်းဖြည်းပို၍ညှပ်လာပြီး များစွာနာကျင်လာတော့၏။ ရံဖန်ရံခါတွင် ကင်ပေတိုင်အဖွဲ့ဝင်တို့သည် လတ်တလော စိတ်ကူးရသလို အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းတတ်ကြသည်။

ဤသည်တို့ကား ဂျပန်ကင်ပေတိုင်တို့၏ ရက်စက်ကြမ်းကြုတ်မှု အမြောက်အမြားအနက် သာဓကအနည်းငယ်သာ ဖြစ်ပေသည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ဒုတိယကမ္ဘာစစ်ကြီးအပြီး အရှေ့တောင်အာရှနိုင်ငံအသီးသီး၌ ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့သော ဂျပန်ကင်ပေတိုင်တို့၏ ရက်စက်မှုများကို သက်သေများက ခိုင်ခိုင်မာမာ၊ တိတိကျကျ ထွက်ဆိုခဲ့ကြရာ အချို့သက်သေများ၏ တင်ပြချက်များမှာ နားမထောင်ဝံ့လောက်အောင် လူသားမဆန်စွာ နှိပ်စက်ခဲ့ကြသည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး- (၁) The Knights of Bushido

(၂) Comrades in Bondage

www.burmeseclassic.com

www.burmeseclassic.com

မုတ်တမ်းများအား
နာမည်ကျော် ရွှေတော်စခန်းများဖြစ်သော
ဆိုပီနှာ၊ ဆရီဘာထင်ကာ၊ ကော့ဖြိုပစ်၊ မော်ထော်ဆင်းသော
စခန်းများတွင် ဗျူဟာချိုးများအပါအဝင်
နာဇီတို့အား ဆန့်ကျင်ခဲ့သည့် ဥရောပနိုင်ငံအသီးသီး၌
ပြည်သူ့အများအား ရက်ရက်စက်စက်
ညှဉ်းပန်းနှိပ်စက်၍ အတိုလိုက်အပြုံလိုက်
တာတ်ငွေ့သွတ်သတ်ခဲ့သော ဆိုဝဲခဲ့စခန်းများတွင်
အသေတံခွန်သော ဗျူဟာမျိုးဖြင့်
စစ်ဆေးတစ်ခုနန်းကိုခဲ့သည် ...

လျှပ်စီးထက်
တာရာခွင်ရောက်
စက်မှုလက်မှုလုပ်ငန်းရှင်များ

www.burmeseclassic.com

www.burmeseclassic.com

တတိယကျွမ်းကျင်မှု စစ်အသုံးအဆောင်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ တင့်ကားများ၊ လက်နက်ကြီးများ ထုတ်လုပ်သော ကမ္ဘာကျော် အိုင်–ဂျီ ဖာဘင် စက်မှုလက်မှုလုပ်ငန်းပိုင်ရှင် သန်းကြွယ်သူဌေးကြီး ကား(လ)ဘော့ဇ်၏ မော်တော်ကားသည် ကျွမ်းကျင်မှုနှင့်ပြုလုပ်ထားသော စထရက်ဘိုမြို့တွင်းသို့ ဝင်လာခဲ့ပြီဖြစ်သည်။ စထရက်ဘိုမြို့၏ လမ်းများမှာ မဟာမိတ်တို့၏ ဗုံးကြဲလေယာဉ်ပျံကြီးများ၏ ဗုံးဒဏ်ကြောင့် ချိုင့်ဝှမ်းများ၊ ကျင်းများ၊ ချိုင့်များဖြင့် ပြည့်နေ၏။

၁၉၄၃ ခုနှစ် ကုန်ဆုံးခါနီးကပင် ဥရောပတိုက်ကောင်းကင်တွင် မဟာမိတ်တို့၏ လေယာဉ်ပျံများသည် ကြီးစိုးလာခဲ့သည်။ နာဇီလေတပ်မတော်ဝန်ကြီး၏ တိုက်တိုင်းအောင် လေတပ်မတော်ဟု ဟိုးဟိုးကျော်ခဲ့သော နာဇီဂျာမန်တို့၏ လေတပ်မတော်မှာ ပျောက်ခြင်းမလှ ပျောက်ခဲ့ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစ ၁၉၄၀ ပြည့်နှစ်အတွင်းကမူ နာဇီဂျာမန်လေတပ်မတော်သည် ဥရောပတိုက်၏ အထက်ကောင်းကင်တွင် စိုးမိုးနိုင်ခဲ့သော်လည်း ၁၉၄၃ ခုနှစ် ကုန်ဆုံးခါနီးအချိန်မှစ၍ မဟာမိတ်လေတပ်မတော်မှ လေယာဉ်ပျံကြီးများသည် ဂျာမနီနိုင်ငံတော်ရှိ အရေးပါအရာရောက်သော မြို့ကြီးများကို နေ့စဉ်ရက်ဆက် ဗုံးကြဲတိုက်ခိုက်ကြသည်။ ဤသို့ဗုံးကြဲတိုက်ခိုက်ခြင်းကိုလည်း အလှည့်ကျ တာဝန်ယူကြသည်။ အမေရိကန်ပြည်ထောင်စု လေတပ်မတော်မှ နေ့ပိုင်းကို ဗုံးကြဲတိုက်ခိုက်လေ့ရှိပြီး ညပိုင်းတွင်မူ ဗြိတိသျှဘုရင်လေတပ်မတော်မှ တာဝန်ယူတိုက်ခိုက်ကြသည်။

အိုင်ဂျီဖာဘင် စက်မှုလက်မှုထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေးကြီး ကား(လ)ဘော့သည် နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏ လမ်းညွှန်ချက်အရ သူ၏လက်ရုံးနှင့်နာဇီပါတီ၏ ပြောရေးဆိုခွင့်ရှိသူ မာတင်ဘောမင်း ဖိတ်ခေါ်သည့် နာဇီဂျာမနီနိုင်ငံနှင့် မိတ်ဆွေနိုင်ငံများမှ စက်မှုလက်မှုလုပ်ငန်းရှင်များ၏ အစည်းအဝေးသို့ တက်ရောက်ရန် စထရက်ဘိုမြို့အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်သည်။ ယင်းအစည်းအဝေးကြီးအား စထရက်ဘိုမြို့ရှိ နာမည်ကျော် မေဆင်ရှ်(ဂ်) ဟိုတယ်ကြီးတွင် အထူးလှို့ဝှက်စွာ ကျင်းပခြင်းဖြစ်သည်ဟု သိရ၏။

ယခင်ကမူ ဤကဲ့သို့အစည်းအဝေးမျိုးကို ခေါင်းဆောင်ကြီး ဟစ်တလာကိုယ်တိုင်တက်ရောက်လေ့ရှိသော်လည်း ၁၉၄၃ ခုနှစ်ဆန်းပိုင်းကစ၍ ခေါင်းဆောင်ကြီးကိုယ်စား မာတင်ဘောမင်းက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသို့ ဖိတ်ကြားထားသော စက်မှုလက်မှုလုပ်ငန်းရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်၏။ ၁၉၄၁ ခုနှစ်ခန့်ကဆိုလျှင် နာဇီဂျာမနီတို့သည် ဒုတိယကမ္ဘာစစ်ကြီးကို အောင်မြင်ရန် သေချာသလောက်ဖြစ်နေသည်။ အစည်းအလာကြီးများခဲ့သော ပြင်သစ်နိုင်ငံအား နာဇီဂျာမန်တပ်များသည် ရက်သတ္တ ခြောက်ပတ်နှင့် သိမ်းပိုက်နိုင်ခဲ့ပြီး ဥရောပတိုက်တစ်တိုက်လုံးမှာ နာဇီဂျာမန်တို့၏ စက်ဘီးတစ်ဆိတ်အောင်လံထောက် အောက်သို့ ကျရောက်ခဲ့ရသည်။

ဗြိတိသျှဘုရင့်တပ်များမှာလည်း ဒန်ကပ်မှ ဆုတ်ခွာခဲ့ရာ အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်မြင်ခဲ့ရသော ဘဲတောင်

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်လာခဲ့ရာမှ အင်္ဂလန်နိုင်ငံအား စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ သင်္ဘောများ၊ လေယာဉ်ပျံများ အကူအညီပေးခဲ့ရာမှ အင်္ဂလန်နိုင်ငံမှာ နာလန်ပြန်ထူလာသည်။

နာဇီတို့သည် ဥရောပအရှေ့ဘက်၊ ဆိုဗီယက် (ရုရှား) စစ်မျက်နှာတွင် အရှုံးနှင့်ရင်ဆိုင်လာခဲ့ရပြီး အာဖရိကစစ်မျက်နှာတွင်လည်း နာဇီဂျာမန် အာဖရိကတပ်မတော်ကြီးနှင့် ဖက်ဆစ်အီတလီတပ်များသည် လက်နက်ချခဲ့ရ၏။ မဟာမိတ်တို့သည်လည်း ဥရောပကမ်းခြေတက် စစ်ဆင်ရေးကြီး ဆင်နွှဲရန် ပြင်ဆင်လျက်ရှိပြီဖြစ်ရကား ၁၉၄၃ ခုနှစ် ကုန်ဆုံးချိန်တွင်မူ နာဇီတို့အဖို့ စစ်ရှုံးရတော့မည့် အခြေအနေရောက်လာသည်။ ၁၉၄၄ ခုနှစ်တွင်မူ မဟာမိတ်တပ်မကြီးများသည် ဥရောပကမ်းခြေတက်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲခဲ့ပြီး မဟာမိတ်တပ်ပေါင်းစုသည် နာဇီဂျာမနီနိုင်ငံနယ်စပ်သို့ ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ဤသို့သောအခြေအနေအရပ်ရပ်တွင် တတိယဂျာမနီနိုင်ငံတော် တစ်နိုင်ငံလုံးမှ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအားလုံးကို ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း စထရက်ဘိုမြို့သို့ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

တတိယဂျာမနီနိုင်ငံတော်မှ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများအားလုံး ဤအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ခဲ့ကြသည်။ ထိုလုပ်ငန်းရှင်ကြီးများတွင် ထင်ရှားသူများကား အိုင်ဂျီဖာဘင်ကုမ္ပဏီပိုင်ရှင် ကား(လ်)ဘော့ခ်၊ နာမည်ကျော် တိုက်လေယာဉ် အမ်အီး ၁၀၉ ထုတ်လုပ်သော လေယာဉ်တည်ဆောက်ရေးကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေးကြီး ဗီလီမက်ရှမစ်နှင့် ကရပ်သံမဏိထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင် ကရပ်တို့ဖြစ်သည်။ အခြားလုပ်ငန်းရှင်ကြီးများအားလုံးလည်း မပျက်မကွက် တက်ရောက်ခဲ့ကြပြီး နာဇီဂျာမန်အစိုးရအဖွဲ့မှ ခေါင်းဆောင်ကြီးဟစ်တလာ၏ ကိုယ်ရေးအတွင်းရေးမှူးဖြစ်သူနှင့် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မာတင်ဘောမင်းနှင့် နာဇီဂျာမန်အစိုးရ စက်မှုလက်မှုဝန်ကြီးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးဝန်ကြီး အယ်(လ်)ဘတ်စပီးယားနှင့် အခြားတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ နာဇီပါတီ ထိပ်သီးခေါင်းဆောင်ကြီး ဟင်းမလား၏ အက်(စ်)အက်(စ်)အထူးထောက်လှမ်းရေးအဖွဲ့မှ ထိပ်သီးခေါင်းဆောင်များလည်း တက်ရောက်ခဲ့ပြီး စစ်ရေးအခြေအနေအရပ်ရပ်ကို မာတင်ဘောမင်းက ပွင့်ပွင့်လင်းလင်း တင်ပြခဲ့သည်ဟု ဆိုသည်။

စစ်ရေးဒီရေသည် ရန်သူမဟာမိတ်တို့ဘက်မှ တိုးတက်လာခဲ့သော်လည်း နာဇီဂျာမန်တပ်မတော်အဖို့ အစွမ်းကုန် ခုခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း၊ မလွှဲမရှောင်သာ၍ တတိယဂျာမနီနိုင်ငံတော်ကြီး ကျရှုံးခဲ့သည်ရှိသော် စတုတ္ထနာဇီဂျာမနီနိုင်ငံတည်ထောင်၍ ဆက်လက်တိုက်ခိုက်ရန် စီမံပြီးဖြစ်ကြောင်း၊ ရန်သူတို့အား အမြစ်မှ ပြုပျက်စေမည့် လက်နက်အသစ်အဆန်းများလည်း တီထွင်နိုင်ခဲ့ပြီဖြစ်၍ စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း၊ လိုအပ်လာပါက စတုတ္ထ

www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီနိုင်ငံတော်ကြီးကို တည်ထောင်ရာတွင် စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ၏ အကူအညီလိုကြောင်း၊ နာဇီဂျာမနီနိုင်ငံအနေဖြင့် လုပ်ငန်းရှင်ကြီးများ၏ အကူအညီနှင့် တောင်အာဖရိကတိုက်ရှိ ပီရူး၊ အာဂျင်တီးနား၊ ချီလီ၊ အီကွေဒေါ၊ ဘရာဇီး(လ်)၊ ဘိုလီးဗီးယားစသော နိုင်ငံများတွင် လုပ်ငန်းပေါင်း ၇၅၀ တို့တွင် အစုရှယ်ယာ ပါဝင်ထားကြောင်း၊ ဤစီမံချက် အောင်မြင်ရန်မှာ စက်မှုလက်မှုလုပ်ငန်းရှင်များ၏ ကိုယ်ရောစိတ်ပါ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း တိုက်တွန်းခဲ့သည်။

မှတ်တမ်းများအရ နာဇီဂျာမနီနိုင်ငံမှ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများသည် ဆွစ်ဇာလန်နိုင်ငံဘဏ်များနှင့် အရှေ့အလယ်ပိုင်းရှိ ကြားနေနိုင်ငံမှဘဏ်များ၊ စပိန်နိုင်ငံမှ ဘဏ်များမှတစ်ဆင့် ငွေလုံးငွေရင်း အမြောက်အများကို လက်တင်အမေရိကတိုက်ရှိ နိုင်ငံများတွင် ငွေအရင်းအနှီး အမြောက်အများ မြှုပ်နှံခဲ့ကြသည်။

မှန်ပါသည်။ ၁၉၃၀ ပြည့်နှစ်များကစ၍ နာဇီပါတီ တဖြည်းဖြည်း ဂျာမနီနိုင်ငံတွင် အင်အားတိုးတက်လာခြင်းနှင့် နိုင်ငံတော်အာဏာကို ရရှိစေနိုင်သည်မှာ နောက်ကွယ်မှ စက်မှုလက်မှုလုပ်ငန်းရှင်ကြီးများ၏ အကူအညီပေးမှုကြောင့် ဖြစ်သည်။ အထူးသဖြင့် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော အိုင်ဂျီဖာဘင်ကုမ္ပဏီကြီးသည် နာဇီပါတီ တန်ခိုးအာဏာရရှိရေးတွင် ထိပ်တန်းမှ ပါဝင်ခဲ့သည်။

သမိုင်းမှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကဆိုလျှင် ပြင်သစ်နိုင်ငံမှ ခူး(လ်)မင်ကုမ္ပဏီ၊ အင်္ဂလန်နိုင်ငံမှ တော်ဝင်ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ၊

အိုင်ဂျီဖာဘင်
ကုမ္ပဏီကြီးသည်
ဓာတုဆေးဝါးပစ္စည်းများသာမက
စစ်လက်နက်ပစ္စည်းများ၊
ကျည်ဆန်များ၊ ဓာတုလက်နက်များ၊
တင့်ကားများ ပြုလုပ်ပေးခဲ့သော
ဧရာမကုမ္ပဏီကြီးတစ်ခု ဖြစ်လာသည်။
နာဇီဂျာမန်တပ်မတော်ကြီးအတွက်
တင့်ကားအမြောက်အများကို
အိုင်ဂျီဖာဘင်ကုမ္ပဏီကြီးက
ထုတ်လုပ်ပေးခဲ့ရာ
ဒုတိယကမ္ဘာစစ်ကြီးခေတ်ကာလက
နာဇီဂျာမန်တို့၏ တင့်ကားတပ်မတော်မှာ
ဟိုးဟိုးကျော်ခဲ့ရသည်...

www.burmeseclassic.com

www.burmeseclassic.com

အီတလီနိုင်ငံမှ မွန်တီကာတီနီကုမ္ပဏီ၊ ပိုလန်နိုင်ငံမှ ဘိုရှ တပ်ကုမ္ပဏီ၊ ကျူးပန်နိုင်ငံမှ မစ်ဆူဘီရှိကုမ္ပဏီ၊ အမေရိကန် ပြည်ထောင်စုမှ စတင်းဒတ်ရေနံကုမ္ပဏီနှင့် ဂျာမနီနိုင်ငံမှ အိုင်ဂျီဖာဘင်ဓာတုပေဒပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီကြီးများမှာ ထိပ်တန်းရောက် ကုမ္ပဏီကြီးများဖြစ်ခဲ့သည်။

အထက်ဖော်ပြပါ ဟိုးဟိုးကျော်သော ကုမ္ပဏီကြီးများအနက် ဂျာမနီနိုင်ငံမှ အိုင်ဂျီဖာဘင်ကုမ္ပဏီမှာ ငွေအင်အား၊ လူအင်အား အကြီးမားဆုံးနှင့် အမြတ်အစွန်းအများဆုံးရရှိသော ကုမ္ပဏီကြီးဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေးပါရဂူများက တညီတညွတ်တည်း ဆိုကြသည်။ ဂျာမနီနိုင်ငံ တစ်နံတစ်လျားတွင် ယင်းကုမ္ပဏီပိုင် ဓာတုပစ္စည်းနှင့်ဆေးဝါးထုတ်လုပ်သည့် စက်ရုံများ၊ ဓာတ်ခွဲခန်းများ၊ ကုန်သိုလှောင်ရုံများ၊ စမ်းသပ်သည့် ဓာတ်ခွဲရုံများမှာ လက်ညှိုးထိုးမလွဲဟု သိရ၏။ ထိုကုမ္ပဏီကြီးတွင် တာဝန်ခံကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များမှာလည်း နိဘယ်ဆုရှင်များသာ ဖြစ်ကြသည်။ ဂျာမနီနိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများမှ ပါမောက္ခအများစုမှ အိုင်ဂျီဖာဘင်ကုမ္ပဏီ၏ နောက်ကွယ်မှ ထောက်ပံ့မှုကို ရနေသူများဖြစ်ရာ ဂျာမနီနိုင်ငံ လူထုကမူ အိုင်ဂျီဖာဘင်ကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေးမိသားစုအား တစ်မိုးလုံး ဖျောက်ဆိတ်ဟု ကင်ပွန်းတပ်ခဲ့ကြသည်။



ဤကုမ္ပဏီကြီးသည် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့စဉ်ကလည်း ကိုင်ဇာဘုရင်ကြီး၏ အစိုးရအဖွဲ့အား နောက်ကွယ်မှ ငွေကြေးအမြောက်အမြား ထောက်ပံ့ခဲ့သည်ဟုဆိုသည်။ ပထမကမ္ဘာစစ်ပြီး၍ ဂျာမနီနိုင်ငံအား ပြန်လည်ထူထောင်ရာတွင်လည်း တစ်ဖက်တစ်လမ်းမှရှေ့ဆောင်ရွေ့ရွက်ပြခဲ့သည်။ ခေါင်းဆောင်ကြီး ဟစ်တလာ ဦးဆောင်သော နာဇီပါတီအာဏာရလာသောအခါ အိုင်ဂျီဖာဘင် ဓာတုဗေဒဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးသည် ဓာတုဆေးဝါးပစ္စည်းများသာမက စစ်လက်နက်ပစ္စည်းများ၊ ကျည်ဆန်များ၊ ဓာတုလက်နက်များ၊ တင့်ကားများ ပြုလုပ်ပေးခဲ့သော ဇာမကုမ္ပဏီကြီးတစ်ခု ဖြစ်လာသည်။ နာဇီဂျာမန်တပ်မတော်ကြီးအတွက် တင့်ကားအမြောက်အများကို အိုင်ဂျီဖာဘင်ကုမ္ပဏီကြီးက ထုတ်လုပ်ပေးခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးခေတ်ကာလက နာဇီဂျာမန်တို့၏ တင့်ကားတပ်မတော်မှာ ဟိုးဟိုးကျော်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ နာဇီဂျာမန် တပ်မတော်တို့ လျှပ်တစ်ပြက် စစ်ဆင်ရေးကို ဆင်နွှဲနိုင်ခြင်းမှာ အိုင်ဂျီဖာဘင်ကုမ္ပဏီ၏ စွမ်းဆောင်ချက်များကြောင့် ဖြစ်သည်။

ဂျာမနီနိုင်ငံတော် တစ်နံတစ်လျား အိုင်ဂျီဖာဘင်၏ စက်ရုံများ မှိုလိုပေါက်လာပြီး နာဇီတပ်မတော်အတွက် လိုအပ်သော လက်နက်များသာမက ဓာတုလက်နက်များပါ ထုတ်ပေးခဲ့ရသည်ဟုဆိုသည်။ ဒုတိယကမ္ဘာစစ်ကြီးတွင် အောင်ပွဲခံရန် သေချာသလောက်ဖြစ်နေသော ၁၉၄၁ ခုနှစ်အတွင်းမှာမူ နာဇီပါတီ၏ အက်(စ်)အက်(စ်)အထူးထောက်လှမ်းရေးတပ်ဖွဲ့ခေါင်းဆောင် ဟင်းမလား၏ အထူးတာဝန်တစ်ရပ်မှာ ဂျူးလူမျိုးများကို အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရေးပင်ဖြစ်သည်။ ဤသို့ အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းရာတွင် အများပြည်သူများ၏ မျက်ကွယ်၌ ပြုလုပ်ခဲ့သည်။

အများပြည်သူများ မရိပ်မိစေရန် ချွေးထုတ်စခန်းများ တည်ဆောက်ထားခဲ့ပြီး ထိုချွေးတပ်စခန်းများတွင် ကျန်းမာ

www.burmeseclassic.com

www.burmeseclassic.com

ဆေးချိုတဲ့သူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများအား အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်သတ်ခဲ့သည်။ ထိုစဉ် ကဆတ်တမ်းများအရ နာမည်ကျော် ချွေးတပ်စခန်းများဖြစ် သောဆိုဗီဘာ၊ ထရီဘလင်ကာ၊ အော့(ဇ်)ဝစ်၊ မော်သော် ဆင်စသော စခန်းများတွင် ဂျူးလူမျိုးများအပါအဝင် နာဇီ တို့အား ဆန့်ကျင်ခဲ့သည့် ဥရောပနိုင်ငံအသီးသီးမှ ပြည်သူ အများအား ချက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်၍ အစု လိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်သတ်ခဲ့ရာ ထိုင်ရဲခန်းများ တွင် အသတ်ခံရသော ဂျူးလူမျိုးပေါင်း တစ်ဆယ့်တစ်သန်း ရှိခဲ့သည်ဟု ဆိုသည်။

ဤကဲ့သို့ အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ် သတ်ဖြတ်နိုင်ရန် တာဝန်ကို အိုင်ဂျီဖာဘင်ကုမ္ပဏီမှ တာဝန်ယူရသည်။ ချွေးတပ်စခန်းများတွင် ဓာတ်ငွေ့လွှတ်သောစက်များ၊ ဓာတ်ငွေ့လွှတ်သတ်ဖြတ်ရန် အခန်းများကို ယင်းကုမ္ပဏီမှ တည်ဆောက်ပေးခဲ့ရပြီး ဆိုင်ကလွန်ဘီဓာတ်ငွေ့အိုးများကို အလုံအလောက် ထုတ်ပေးခဲ့ရသည်။

ကျန်းမာသန်စွမ်းသော ဂျူးလူမျိုးများ၊ မဟာမိတ်စစ်သုံ့ပန်းများ၊ ဥရောပတိုက်နိုင်ငံများမှ အကြောင်းအမျိုးမျိုးနှင့် ဖမ်းဆီးထားသော စစ်သုံ့ပန်းများကို အိုင်ဂျီဖာဘင်ကုမ္ပဏီ၏ စက်ရုံများ၊ အလုပ်ရုံများတွင် ချွေးတပ်သားများအဖြစ် တရား မဲ့ ခိုင်းစေခဲ့သည်ဟူ၍လည်း သတင်းများ ထွက်ပေါ်လာခဲ့ သည်။

နာဇီဂျာမန်တို့၏ စကြာဝဠာဆိပ် အောင်လံတော်ကြီး ဥရောပတိုက် နိုင်ငံအသီးသီးပေါ်တွင် တလူလူလွှင့်ထူနိုင် သောအခါ နာဇီဂျာမနီတို့သည် ဥရောပတိုက် နိုင်ငံအသီးသီး မှ စစ်လက်နက်ပစ္စည်းထုတ်လုပ်သော စက်ရုံများ၊ ဓာတု ဗေဒဆေးဝါးပစ္စည်းထုတ်လုပ်သော စက်ရုံများကို သိမ်းယူ၍ စက်ရုံမှ ပစ္စည်းများကို ဖြုတ်ယူကာ အိုင်ဂျီဖာဘင်ကုမ္ပဏီ အား ပေးခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့ရာ အိုင်ဂျီဖာ ဘင်ကုမ္ပဏီမှာ ထိုစဉ်ကာလက ဟိုးဟိုးကျော်ခဲ့ရသည်။ တတိယဂျာမနီနိုင်ငံ တည်တံ့ရေး၊ နာဇီစစ်ယန္တရား ခိုင်မာ စွာ လည်ပတ်နိုင်ရေးတွင် အိုင်ဂျီဖာဘင်ကုမ္ပဏီသည် အရေး ပါ အရာရောက်သော ထိပ်တန်းစက်မှုလက်မှုကုမ္ပဏီ ဖြစ် လာခဲ့၏။ နာဇီဂျာမန်အစိုးရသည် အထက်ဆောင်းပါးတစ်နေ ရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီးတွင် ရှုံး နိမ့်ခဲ့ပါက စတုတ္ထဂျာမနီနိုင်ငံတော် ဆက်လက်တည်ထောင် ၍ ဒုတိယကမ္ဘာစစ်ကြီးကို ဆက်လက်ဆင်နွှဲရန် ပြင်ဆင်ထား ခဲ့သည်။

အိုင်ဂျီဖာဘင်ကုမ္ပဏီ၏အမည်ကို အသုံးပြု၍ နိုင်ငံ တကာရှိ စက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးကုမ္ပဏီများ၊ ဘဏ်များ၊ ဓာတုဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများတွင် ငွေ အရင်းအနှီးများ ပါဝင်ခဲ့ခြင်း သာဓကအားဖြင့် ပေါ်တူဂီနိုင်ငံ တွင် လုပ်ငန်း ၅၈ ခု၊ တူရကီနိုင်ငံတွင် လုပ်ငန်း ၃၅ ခု၊ တောင်အမေရိကတိုက်၊ အာဂျင်တီးနားနိုင်ငံတွင် လုပ်ငန်း ၉၈ ခု၊ ဆွစ်ဇာလန်နိုင်ငံတွင် လုပ်ငန်း ၂၁၄ ခုနှင့် စပိန်နိုင်ငံ တွင် လုပ်ငန်းပေါင်း ၂၃၃ ခုတို့တွင် ငွေအရင်းအနှီးများ ထည့်ဝင်၍ အကျိုးတူ ဆောင်ရွက်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ဒုတိယကမ္ဘာစစ် ကြီး ပြီးဆုံးခဲ့သည်။ ထို့နောက် သုံးလတိတိကြာမြင့်ခဲ့ပြီး သြဂုတ်လ ၈ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီပါတီ ထိပ်သီးခေါင်းဆောင်များနှင့် ပူးပေါင်းခဲ့သူများ၊ နိုင်ငံတကာမှ ပြည်သူများကို အစုလိုက်အပြုံလိုက် သတ် ဖြတ်ခြင်း၊ ကျွန်ပြုခြင်း၊ နယ်နှင်ခြင်း၊ ရက်စက်စွာ ညှဉ်းပန်း ခြင်း၊ ပဂ္ဂလိကပိုင် ပစ္စည်းများကို သိမ်းယူခြင်း၊ အကြောင်း မဲ့ ဖျက်ဆီးခြင်းစသော ပြစ်မှုများကို ကျူးလွန်သည်ဟုဆို ကာ ဂျာမနီနိုင်ငံ၊ နုရင်ဘတ်မြို့တွင် အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံးဖွဲ့စည်း၍ နိုင်ငံတကာတရားဥပဒေနှင့်အညီ စစ်ဆေး ခဲ့ရာ အိုင်ဂျီဖာဘင်ကုမ္ပဏီမှ တာဝန်ရှိသူများလည်း တရား ခွင်တွင် တရားစွဲဆိုခြင်းခံရသည်။ ယင်းတရားရုံးတွင် လ ပေါင်းများစွာ စစ်ဆေးခဲ့ကြပြီး အိုင်ဂျီဖာဘင်ကုမ္ပဏီမှ တာ ဝန်ရှိသူများမှာလည်း ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည်ဟု သိ ရှိရပါကြောင်း။ ။

လှမ်းထက်

ကျမ်းကိုး- (၁) The Crime and Punishment of I-G Farben

www.burmeseclassic.com

www.burmeseclassic.com

ချစ်ကိုးကိုယ်

ရေနေကြီးဦးနက်ကျော်

နှင့်

ဘောဂဝင်း

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ဒီနှစ်သကြန် ဘယ်သွားမှာလဲ"

"ထုံးစံအတိုင်း ရွာကိုပဲပြန်မယ်"

"ဒါဆို ဆရာ ကားလက်မှတ်တော့ ကြို့ကြို့တင်တင်လုပ်နော်၊ သကြန်ရက်က ကားတွေအရမ်းကျပ်တယ်"

"အေး...သံချောင်းရေ၊ မင်းပြောမှ သတိရတယ်၊ ဆကာကြီးက ဘောဂင်းကားပိုင်ရှင် ကိုကိုလေးဆီ ဖုန်းဆက်မှ"

ရှေ့နေကြီး ဦးနက်ကျော်သည် GSM ဖုန်းခလုတ်ကလေးများအား ညင်သာစွာ နှိပ်လိုက်ဇာ။

"ဟယ်လို"

"ကိုကိုလေးလား"

"မဟုတ်ပါဘူးခင်ဗျာ၊ ခေါ်ပေးပါ့ဗျ၊ ခဏလေးကိုင်ထားနော်"

ကိုကိုလေး ဘာလုပ်နေသည် မသိ။ ဖုန်းထဲတွင် တရားသံများကို ကြားနေရသည်မှာ ထူးထူးခြားခြား။ တစ်အောင့်အကြာတွင်.....

"ဟယ်လို ဘယ်သူပါလဲ"

"ကိုကိုလေးလား"

"ဟုတ်ပါတယ်"

"ငါ နက်ကျော်ပါကွ"

"ဩော်.....ရှေ့နေကြီးလား၊ ပြောပါ"

"တရားသံတွေကြားနေရတယ်၊ ဘာလုပ်နေတာလဲ"

"ကျွန်တော် ကျောင်းသစ် မိုးကုတ်ဝိပဿနာ တရားစခန်းရောက်နေတယ်"

"တယ်ဟုတ်ပါလား။ သာဓုပါကွာ၊ သကြန်ကာလအထိလား"

"မဟုတ်ဘူး ရှေ့နေကြီး၊ သကြန်မတိုင်ခင် စခန်းသိမ်းမှာ၊ ရှေ့နေကြီး ရွာပြန်ဖြစ်မလား"

"ပြန်ဖြစ်မယ်၊ အဲဒါ ကားလက်မှတ် ကြို့မှာမလို့၊ သကြန်အကြို့နေ့ ရန်ကုန်က ကားဘယ်နှနာရီထွက်မလဲ"

"နေဦး၊ ကျွန်တော် တွက်ကြည့်လိုက်ဦးမယ်"

ဆကာကြီး-ရန်ကုန် ယခင်က စံထိပ်တန်းနှင့် ဘောဂဝင်းနှစ်စီးသာ နေ့ချင်းပြန်ထွက်ဇာ။ ယခုနှစ်တွင် စံထိပ်တန်းတစ်စီးတိုးလာသည်။

"ရှေ့နေကြီး"

"ပြောပါ"

"သကြန်အကြို့နေ့မှာ နောက်ဆုံးကား ၂ နာရီခွဲထွက်မယ်"

"ဟုတ်ပြီ၊ ငါ့အတွက် ခုံတစ်လုံးချန်ထားလိုက်နော်"

"စိတ်ချ၊ ရှေ့နေကြီးကို ခုံနံပါတ် (၁)မှာ မှတ်ထားလိုက်မယ်"

"ကျေးဇူးပါပဲ ကိုကိုလေးရာ၊ မင်းတို့မိသားစုတွေကော နေကောင်းကြရဲ့လား"

"ကောင်းပါတယ်၊ ရှေ့နေကြီးတို့မိသားစုကော နေကောင်းကြရဲ့လား"

"အားလုံးကောင်းကြပါတယ်၊ ငါတစ်ယောက်ပဲ ညနေကျရင် ခေါင်းမူးမူးနေတယ်"

ရှေ့နေကြီးက ရယ်သံလေးရောယှက်လျက် စကားအကောင်းပြောနေရာက ဖောက်လိုက်ဇာ။

"ရှေ့နေကြီး ညနေတိုင်း ခေါင်းမူးမှာပေါ့၊ မြန်မာစည်ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေတာကိုး"

"ခိ.....ခိ.....ခိ"

ကိုကိုလေးပြန်ပြောသည်ကို ရှေ့နေကြီးဦးနက်ကျော် သဘောခွေ့သွားလေသည်။

"ဒါပဲနော် ကိုကိုလေး၊ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဆရာ"

"ဘာလဲ သံချောင်း"

"ဆရာ့သူငယ်ချင်း ဦးကိုကိုလေးတောင် တရားစခန်းဝင်သေးတာ၊ ဆရာလည်း အဲဒီလိုစခန်းတွေမှာ အချိန်ပေးသင့်တယ်"

တပည့်ကျော်သံချောင်းစကားကလေးနက်မှုအပြည့်၊ ဦးနက်ကျော်က သံချောင်းထံ အကြည့်တစ်ချက်ပြီး တစ်ချက်ပြုံးလိုက်ဇာ။

"ကိုကိုလေးတို့လို [redacted]
ဘက် မလည့်နိုင်ဆေးပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

အလုပ်က ရဲစခန်းတွေနဲ့ပဲ အချိန်ကုန်နေရတာ''

''အင်း.....ဆရာပြောတာလည်း ဟုတ်ပါတယ်လေ၊ မနက်ဖြန် ဗိုလ် တထောင်ရဲစခန်းကို သွားရဦးမယ်''

''သကြိန်ကာလမှာ တရားစခန်း ဝင်တာ ကောင်းပါတယ်ကွာ၊ တစ်နှစ် နှစ်မှာဝင်နိုင်အောင် ကြိုးစားရမှာပေါ့''

''ဆရာ ကားလက်မှတ် အဆင်ပြေတယ်မဟုတ်လား''

''ပြေပါတယ်ကွာ၊ ခုံနံပါတ်တစ်မှတ်ထားမယ်တဲ့''

''ဒီလိုရက်မျိုးမှာ ထိုင်စရာနေရာ ရရင်ကိုပဲ တော်လှပြီ၊ ခုံနံပါတ်တစ်ဆို တော့ ရှယ်ပဲ''

''အဲဒါ အပေါင်းအသင်း ဂုဏ် ကျေးဇူးပေါ့ကွာ''

+++

၁၃-၄-၂၀၁၃ သကြိ[illegible]ကြို နေ့.....

မောင်ကျော်ဖြိုးဝေ၊ မနိုင်မေလှိုင် တို့၏သား မောင်လင်းဘုန်းကျော် နှစ်နှစ်ပြည့် အရုဏ်ဆွမ်းအလှူသို့ ရွှေနေကြီး ဦးနက်ကျော်သွားရန် စောစောထရသည်။ မောင်ကျော်ဖြိုးဝေမောင်းသောကားဖြင့် ဦးနက်ကျော် လိုက်လာခဲ့သည်။ တရားစခန်းဝင် ယောဂီများ၏ သိမ်မွေ့သောခြေလှမ်းများ၊ ရိုသေသောလက်အုပ်များက ကြည်နူးစရာ။

ယောဂီများအား ကျွေးမွေးပြီးနောက် အလှူရှင်မိသားစုများအား ကျွေးမွေးသည်။ ရွှေနေကြီးဦးနက်ကျော် အလှူရှင်မိသားစုနှင့်အတူ ဝင်စားလိုက်၏။

''မောင်လင်းဘုန်းကျော် အသက်ရာကျော်ရှည်ပြီး ကျန်းမာချမ်းသာပါစေကွယ်''ဟု ဆုခွဲလိုက်၏။

''ရွှေနေကြီးပေးတဲ့ဆုကျွန်မသားလေး ပြည့်ပါစေ''

မောင်လင်းဘုန်းကျော်၏မိခင် မနိုင်မေလှိုင်က ဝမ်းသာကြည်နူးစွာ စကားဆို၏။

''ကဲ...အားလုံးပဲ ဆကာကြီးကိုပြန်ဖို့ ပြင်ဆင်စရာရှိတဲ့အတွက် ပြန်လိုက်ပါဦးမယ်''

ဦးနက်ကျော်က မွေးနေ့ရှင် မောင်လင်းဘုန်းကျော်၏ နှစ်ဖက်အဘိုး၊ အဘွား

ကားထဲတွင် အပြုံးများက ဟိုပြုံးလိုက်။ ဒီပြုံးလိုက်။ ရေနံနေသော ဦးနက်ကျော်တစ်ကိုယ်လုံး အပြုံးများကပ်နေသည်မှာ ပြင်းကောင်း။ ယခုမောင်းနှင်နာတစ်ဝိုက် လိပ်ပြာအပြုံးကဲ့သေးများ ဆောက်နေသည်နှယ်...

www.burmeseclassic.com

www.burmeseclassic.com

များ၊ မိဘများအား နှုတ်ဆက်သည်။

''ကျွန်တော့်ကားနဲ့ လိုက်ပို့ပါ့မယ်''

မောင်ကျော်ဖြိုးဝေက စိတ်ရောကိုယ်ပါပြောသည်မှာ ပျာပျာသလဲ။

''ကျေးဇူးတင်ပါတယ်ကွာ၊ အခုလို အေးအေးဆေးဆေး ဘုန်းကြီးကျောင်းမှာလာနေရတာ ပီတိပဲ၊ အေးအေးဆေးဆေးနေကြပါ၊ ဆရာ့ကို ပြန်ခွင့်ပြုပါဦး''

ရှေ့နေကြီးဦးနက်ကျော်သည် ပြောပြောဆိုဆို ဘုန်းကြီးကျောင်းတိုက်မှ တစ်လှမ်းချင်းလှမ်းကာ ထွက်ခွာလာလေသည်။ တရားငွေ့အေးမြမြတို့ကို ရှုရှိုက်ရင်း ဖြတ်သန်းလာရသည့် နံနက်ခင်းအလှကား ဘယ်ပန်းချီမှ ရေးဆွဲမိမည်မဟုတ်။

+++

''သံချောင်းရေ.....ကားတံခါးလုံတဲ့ ကားကိုငှားကွာ၊ ကလေးတွေကညနေပိုင်းမရောက်သေးဘူး၊ ရေတွေပက်နေကြပြီ''

''ဟုတ်ကဲ့ ဆရာ၊ အေအေနဲ့ဘီဘီပဲ ရွေးငှားမယ်''

''အဆင်ပြေတဲ့ကားပေါ့ကွာ''

ဦးနက်ကျော်တို့ ဆရာတပည့်နှစ်ယောက် ၁၃ ဈေးထိပ်တွင် ကားတားရန် စောင့်နေကြ၏။ ၁၃ ဈေးထိပ်မှ သခင်မြပန်းခြံအထိ တက္ကစီကားခက အများဆုံး သုံးထောင်။ သင်္ကြန်အကြိုရက်ဖြစ်၍ သုံးထောင်တော့ ရတော့မည်မဟုတ်။ ခါတိုင်းထက် ငါးရာ၊ တစ်ထောင် ပိုတောင်းနိုင်၏။

''ဆရာ ဟိုမှာလာနေပြီ၊ တားလိုက်ရမလား''

''တားလေ''

Probox တစ်စီး ထိုးဆိုက်လာ၏။

''သခင်မြပန်းခြံ ဘယ်လောက်လဲ''

သံချောင်းအမေးကို ကားသမားက ရုတ်တရက်မဖြေ။ ဦးနှောက်ကွန်ပျူတာကစားနေပုံရ၏။

''ရှစ်ထောင်''

ရှေ့နေကြီးဦးနက်ကျော် စိတ်ထဲတင်းသွား၏။ သင်္ကြန်ပင်မကျသေး။ တက္ကစီဈေးက အဆမတန်အော်နေသည်။ ဦးနက်ကျော် လက်ယမ်းပြလိုက်၏။ သွားတော့ဆိုသည့်သဘော။

''ဘယ်လောက်ပေးချင်လို့လဲ''

တက္ကစီသမားက ပေကတ်ကတ်ဖြင့်မေးသည်။ ဦးနက်ကျော် ဘာမှပြန်မပြောတော့။ အခြားကားတစ်စီးကိုသာမျှော်ငေးနေသည်။ ရှစ်ထောင်တောင်းသောတက္ကစီ ဦးနက်ကျော်တို့အပါးမှ ထွက်ခွာသွား၏။

''ခါတိုင်း သုံးထောင်တန်တဲ့ခရီးကို ရှစ်ထောင်တောင်းရက်တယ်ကွာ''

ရှေ့နေကြီးဦးနက်ကျော်ရင်ထဲက ပွင့်အန်လာသောစကား။

''ဟုတ်တယ် ဆရာ၊ သင်္ကြန်အကြိုနေ့မို့ သုံးထောင့်ငါးရာလောက်တောင်းရင် တော်သေးတယ်''

''သံချောင်းရေ ဟိုမှာ တက္ကစီတစ်စီးလာနေတယ်၊ တားလိုက်''

သံချောင်း ရှေ့တစ်လှမ်းတိုးပြီး လက်တားသည်။

''ဘယ်လဲ''

ကားဆရာက ဘရိတ်အုပ်ရင်းမေးသည်။

''သခင်မြပန်းခြံ''

သံချောင်းဖြေပုံကလည်း ပြတ်၏။

''သုံးထောင့်ငါးရာ''

တက္ကစီက ဂက်စ်ကားဖြစ်၍ ဈေးဆစ်ရပါက ရမည့်ပုံ။

''သံချောင်း သွားမယ်''

ပြောပြောဆိုဆို ဦးနက်ကျော်သည် နောက်ခန်းတံခါးအားဖွင့်ပြီး တက်ထိုင်လေသည်။

''ဆရာကြီး သခင်မြပန်းခြံ ဘယ်နားလဲ''

''ဆကာကြီးကားဂိတ်''

''သြော်...မြောက်ပိုင်းခရိုင် ၁၃ လိုင်းနဲ့တူတယ်''

''ဟုတ်ပါတယ်''

''ဖြန်း.....''

ကလေးတစ်သိုက်၏လက်ချက်ကြောင့် ရှေ့နေကြီးဦးနက်ကျော် မျက်နှာတစ်ပြင်လုံး ရေများရွှဲနစ်သွား၏။ ဦးနက်ကျော်သည် ဟန်ချက်ပျက်သွားသည့် နေကာမျက်မှန်ကိုချွတ်ပြီး ရေများကို လက်ကိုင်ပဝါဖြင့်သုတ်သည်။ ပြီးမှ မျက်နှာပေါ်မှရေများကို သပ်ချလိုက်၏။

''ဆရာကြီး မှန်တင်ထား၊ ဟိုရှေ့မှာ ကလေးတွေ ရေပုံးတွေနဲ့''

တက္ကစီယာဉ်မောင်းက နောက်ကြည့်မှန်ကိုလှမ်းကြည့်ရင်းပြောသည်။ ဦးနက်ကျော် ကားမှန်များကို အပြန်ပိတ်သည်။

''ဖြန်း.....''

ရှေ့နေကြီးပြုံးသည်။ [illegible] များလှမ်းပက်သောရေများမှာ ဦးနက်ကျော်ထံ တစ်စက်[illegible] အရှိန်ဖြင့်မောင်းနှင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

လေးသည် တာမွေ ရွှေညောင်ပင် မီးပွိုင့်အရောက်တွင် တန့်သွား၏။ ယာဉ်မောင်းက ညာဘက်ခြမ်းမှ ကားမှန်တစ်ဆက်ချလိုက်၏။ ရှေ့နေကြီးက တော့သကြန်ရေကို ကြောက်နေ၍ လားမသိ။ မှန်ကိုလုံးဝမချ။ ထိုအချိန် တွင် လူရွယ်တစ်ယောက် ကားနား ရောက်လာ၏။ မီးပွိုင့်မစိမ်းခင် ဦးနက်ကျော်စီးလာသော ကားခေါင်းခန်းထဲသို့လက်ထည့်လိုက်သည် ဦးနက်ကျော်တွေ့ရသည်။ ဘာမှန်းတော့မသိသေး။ ထိုလူရွယ် လက်ရုပ်ပြီးနောက် မီးပွိုင့်အစိမ်းရောင်က အထင်းသားပေါ်၏။ ကားက အရှိန်ဖြင့် မောင်းထွက်လာသည်။

"ဟင်.....ဘာတွေလဲဟ"

ကားထဲတွင် အဖြူမျှင်များကပြေးလိုက်၊ ဒီပြေးလိုက်။ ရေစိုနေသေး ဦးနက်ကျော်တစ်ကိုယ်လုံး အဖြူများ ကပ်နေသည်မှာ မြင်မကောင်းသာ ယာဉ်မောင်းမျက်နှာတစ်ဝိုက် လိပ်အဖြူကလေးများ ဆော့ကစားနေသည်။

"ဆရာကြီးရေ စောစောက ဂနားကပ်လာတဲ့ လူရွယ်ရဲ့လက်ချက်ပဲ"

"သကြန်မှာ ရေနဲ့မပက်ဘဲ ဘာတွေလုပ်သွားတာလဲ မသိဘူး"

"မို့တွေထည့်သွားတာ၊ ခေါင်းအုံးထဲထည့်တဲ့ လဲမို့တွေလေ"

"ဟုတ်တယ် ဟုတ်တယ်၊ ကြဲကြဲဖန်ဖန်ကွာ၊ တစ်ကိုယ်လုံးလည်းမျောက်ဖြူဖြူစိတော့မယ်"

ယာဉ်မောင်းက ရှေ့နေကြီးကို နောက်ကြည့်မှန်မှကြည့်ပြီး ပြုံးသည်။

"ဆရာကြီးကတော့ ဒီနှစ်သကြန်မှာ စတိုင်လ်သစ်ပဲ"

"ရေစိုတာက တော်သေးတယ်၊ ဒီလဲမို့တွေကို ဘယ်လိုလုပ်ရပ်ပါ့"

"မှန်တွေဖွင့်လိုက် ဆရာကြီး၊ ဒါမှ လေနဲ့အပြင်ထွက်သွားမှာ"

"အေး.....မောင်ရင်ပြောတာမှန်တယ်"

ဦးနက်ကျော် ကားမှန်များကိုချလိုက်၏။ အရှိန်ဖြင့်ပြေးနေသော တက္ကစီထဲသို့ လေများပြေးဝင်လာ၏။ ဖြူဖြူဖွေးဖွေး လဲမို့များမှာ ယောက်ယက်သွားလေပြီ။ ဦးနက်ကျော် ရေဒဏ်ကို ခံနိုင်သော်လည်း လဲမို့ဒဏ်ကိုတော့ မခံနိုင်သည်မှာအမှန်ပင်။ ပေါက်ပေါက်ရှာရှာ ဘယ်သူက ဘာစိတ်ကူးနဲ့ ဘယ်တုန်းက တီထွင်လိုက်သည်မသိ။

"ဟို.....ဟိုရှေ့က ဘောဂဝင်းကားနောက်မှာရပ်လိုက်"

ရှေ့နေကြီးက ဆကာကြီး–ရန်ကုန် အမြန်ယာဉ် ဘောဂဝင်းအားလက်ညှိုးညွှန်ရင်းပြောသည်။ တက္ကစီလေးသည် ဘောဂဝင်းနောက်နားတွင်

ခတ်သွားကြသည်။ အချို့က အပြင်သို့ လွင့်စဉ်သွားသကဲ့သို့ အချို့မှာ ကားထဲတွင် တဝဲလည်လည်။ ဦးနက်ကျော် ခေါင်းတွင်ကပ်နေသော လဲမို့များမှာ သံယောဇဉ်ကြီးကြီးမားမားဖြစ်နေပုံရ၏။

"ဖြန်း....."

ဆကာကြီးကားဂိတ်အဝင် လူငယ်တစ်စု၏ ရေပက်ချက်ကမပေါ့။ ရှေ့နေကြီးဦးနက်ကျော် အငိုက်မိသွား၏။ တစ်ကိုယ်လုံး အတာရေတို့ လွှမ်းလေးဘီးစလုံး ရပ်သွား၏။ ဘောဂဝင်းကားမှ စပယ်ယာလေး ပြေးလာသည်။

"ဆရာကြီး လက်မှတ်ဝယ်ပြီးပြီလား"

"မင်းတို့အုံနာ ကိုကိုလေးကိုမှာထားတယ်"

"ဆရာကြီးနာမည်က ဘယ်သူလဲ"

"ဦးနက်ကျော်ပါ"

"ဩော်.....ဆရာကြီးက ရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးနက်ကျော်ကို၊ ချန်ထားပါတယ်ဗျာ၊ ခုနံပါတ်တစ်၊ ရှယ်ကိုချန်ထားတာ''

''ဘယ်နှနာရီထွက်မှာလဲ''

''အခုပဲထွက်တော့မှာ''

''ဟင်.....မင်းတို့က ဘယ်နှနာရီခေါက်မို့လဲ''

''ခေါင်ခေါက်ပါ၊ အခု ၁ နာရီခွဲထွက်မှာ''

''ဟုတ်လား၊ မင်းတို့အုံနာပြောတော့ ဒုတိယခေါက် ၂ နာရီခွဲဆို''

''ကျွန်တော်တို့အုံနာ အတွက်လွဲပြီး ပြောတာဖြစ်မယ်''

''တော်သေးတာပေါ့ကွာ၊ စောစောထွက်လာမိလို့''

ဦးနက်ကျော် လက်မှနာရီကို တစ်ချက်ကြည့်ပြီးပြောလိုက်တ၏။

''ဘောဂဝင်းခရီးသည်များ ကားပေါ်တက်ကြပါ၊ ကားထွက်တော့မယ်''

ဦးနက်ကျော်တ၏ ခရီးဆောင်အိတ်ကို စပယ်ယာလေးက ကူဆွဲပေးသည်မှာ လူမှုရေးစိတ်ဓာတ်အပြည့်။

ရှေ့နေကြီးဦးနက်ကျော် ခုနံပါတ်(၁)တွင် တက်ထိုင်ပြီး ခရီးသည်အခြေအနေကို အကဲခတ်သည်။ အလယ်ခုံဝင် မရသူများကား သနားစရာ။

ဘောဂဝင်းခုံနံပါတ်(၁)သည် ရှေ့ပေါက်အတက်အဆင်းအစွန်ခုံ။

အတက်အဆင်းအပေါက်နှင့် ခုနံပါတ် (၁)၊ (၂)တို့ကို သံပိုက်လုံးလေးတန်ထား၏။ ရှေ့နေကြီးဦးနက်ကျော်ထိုင်ရသည်မှာ အဆင်ပြေသော်လည်း ခြေထောက်နှစ်ချောင်းအတွက်က အဆင်ကမချော။ ထိုင်ခုံအမှတ်(၁) ခြေရုံးမည့်နေရာ၌ ပလတ်စတစ်ပုံးအမည်းတစ်လုံးရှိနေသည်။ ထိုပုံးထဲတွင် ရေသန့်ဘူးခွံများကအပြည့်။

''ပွမ်.....ပွမ်''

ဘောဂဝင်းအမြန်ယာဉ်ထွက်ခွာရန် ဟွန်းတီးသည်။ ခရီးသည်များ အပြေးအလွှားတက်နေကြသည်မှာ အလုအယက်။

''အားလုံးပဲဗျာ ဒီလိုသကြွန်ရက်မှာ သည်းခံပြီး စီးပေးကြပါ၊ သက်ကြီးရွယ်အိုနဲ့ အမျိုးသမီးတွေကို ဦးစားပေးပါ''

ဘောဂဝင်းအမြန်ယာဉ်ကြီးကြပ်သူ အောင်စိုးက မေတ္တာရပ်ခံသည်။

''ဝေါ.....''

ကားစက်နှိုးသံထွက်လာ၏။

''လေပေါင်ပြည့်တာနဲ့ထွက်မယ်''

အောင်စိုးက ယာဉ်မောင်းကြားအောင် ပြောလိုက်သည်။

''ဝေါ.....ဝေါ''

''အဖျောက်.....ဆကာကြီး၊ အဖျောက်.....ဆကာကြီးကို''

''အရှည်ကြီးရာ မခေါ်ပါနဲ့တော့၊ ကားမှာ ခြေချစရာတောင် မရှိတော့ဘူး''

စပယ်ယာကို အောင်စိုးကပြောလိုက်ရာ စပယ်ယာအရှည်ကြီး အသံပျောက်သွား၏။

''ပွမ်.....''

ဘောဂဝင်းအမြန်ယာဉ် ဘီးများ လိမ့်လေပြီ။ ရှေ့နေကြီးဦးနက်ကျော်တ၏ ခြေနှစ်ချောင်းမှာ အထိုင်မကျသေး။

''အရှည်ကြီး မနေ့က ကျန်ခဲ့တဲ့သူတွေ သတိထားနော်၊ သူတို့စီးမယ့်နေရာ မှတ်မိတယ်မဟုတ်လား''

ယာဉ်မောင်းက စပယ်ယာအရှည်ကြီးကို သတိပေးစကားဆိုသည်။

''မှတ်မိပါတယ်''

စပယ်ယာအရှည်ကြီးက ခုနံပါတ်(၁)ရှေ့ သံပိုက်လုံးပေါ်တက်ထိုင်သည်။ ဦးနက်ကျော်တ၏ ရှေ့မြင်ကွင်းပျောက်သွားတ၏။ အတက်အဆင်းပေါက်ဝတွင် မတ်တတ်ရပ်လိုက်ပါသူများက ပြည့်သိပ်နေတ၏။ ယာဉ်မောင်းက စက်အရှိန်မြှင့်ပြီး မောင်းနှင်နေသည်မှာ ကျွမ်းကျင်ပါးနပ်မှုအပြည့်။ ဘောဂဝင်းအမြန်ယာဉ်သည် သကြွန်အကြိုနေ့၌ ပိုမိုသွက်လက် မြန်ဆန်နေသယောင်။

''အာ.....''

ကားအရှိန်ဖြင့်ပြေးနေစဉ် ဦးနက်ကျော်တ၏ အထိုင်မကျသေးသော ခြေထောက်ပေါ်သို့ ခရီးဆောင်အိတ်ကြီး ရောက်လာသည်။ ဦးနက်ကျော် ခြေထောက်အနည်းငယ်နာသွား၏။ ပြောရမှာလည်းအခက်။ ပြောလို့လည်း ကောင်းမည်မဟုတ်။ မတ်တတ်ရပ်လိုက်ပါသော ခရီးသည်တွေအတွက် ကိုယ်ချင်းစာရမည်မဟုတ်လော။ ခြေထောက်နှစ်ဖက်ကို လှုပ်ကြည့်သည်။ အနည်းငယ်တော့ လှုပ်၍ရသေး၏။ ရှေ့နေကြီးဦးနက်ကျော်တစ်ယောက် ခုနံပါတ် (၁)ပြီး စိတ်ကသိကအောက် ဖြစ်နေသည်ကို မည်သူမျှမသိရှာ။

ခုနံပါတ်(၂)ခရီးသည် မတက်သေး၍ ရှေ့နေကြီးမှာ အသက်ရှူချောင်နေသေးသည်ဟု ပြောရမည်မဟုတ်လော။ ဝဝဖိုင့်ဖိုင့်ခရီးသည်သာ ခုနံပါတ်(၂)သို့ တက်လာပါက မလွယ်။

''ခရေပင်လမ်းခွဲမှာ [illegible] ခဲ့တဲ့ ခရီးသည်တက်မယ်''

စပယ်ယာ[illegible]

ဘောဂဝင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

နေကြီဦးနက်ကျော် မှန်ပေါက်မှုနေ၍ လှမ်းကြည့်သည်။ ဘောဂဝင်း ကားဘီးအားလုံးရပ်သွား၏။

"အစ်မကြီး ဘယ်သူလဲ"

"ဘုတ်ဆုံမ"

စပယ်ယာလေးအမေးအား ဖြေပုံက ပြတ်သည်။ ကိုယ်လုံးကိုယ်ပေါက်က ရုပ်ရှင်သရုပ်ဆောင် ကြူကြူသင်းအဆင်မျိုး။ နည်းနည်းနောနော အချိုးအဆစ်မဟုတ်။ ရွှေနေကြီဦးနက်ကျော် မျက်စိမျက်နှာပျက်နေသည်ကို မည်သူမျှမရိပ်မိ။

"အစ်မကြီး ခုံနံပါတ် (၂)ကို တက်ပါ"

"အေး"

ဘုတ်ဆုံမသည် ဦးနက်ကျော်ဘေးရှိ ခုံနံပါတ် (၂)သို့ ခရီးဆောင်အိတ်ကြီးဆွဲကာတက်လာသည်။ သူမ၏ စွင့်ကားသောတင်ကြီးအား ခုံနံပါတ် (၂)သို့ ပစ်ထည့်လိုက်ရာ ဦးနက်ကျော် တစ်ယောက် အင့်ခနဲဖြစ်သွားသည်။ သူမလက်ထဲက အိတ်ကြီးကို ပေါင်ပေါ်သို့ ခဏတင်ထားကာ နေရာရှာနေသည်။ ဘောဂဝင်းသည် ခရေပင်လမ်းခွဲကို ကျော်ဝိုင်းကာ ထွက်သွားလေ၏။

"အား....."

ဘုတ်ဆုံမသည် သူ့ခရီးဆောင်အိတ်ကြီးအား ဦးနက်ကျော်ခြေထောက်ပေါ်မှ အိတ်အပေါ် ထပ်တင်ထိုက်သည်။ ဦးနက်ကျော် ခြေထောက်နှစ်ချောင်းမှာ ခရီးဆောင်အိတ်ကြီးနှစ်လုံးအဖိခံထားရ၍ မစားသာတော့။ ရွှေနေကြီဦးနက်ကျော်မှာ ထိတ်တုံးခတ်ခံထားရသော သူကြီးခေတ်က တရားခံတစ်ယောက်နှယ်။

ရွှေနေကြီးသည် ခုံနံပါတ် (၂)မှ ဆိုက်ကြီးဘောကြီးကို ငဲ့စောင်းကြည့်ပြီးနောက် ရင်ထဲထိတ်သွားသည်။ ရွှေနေကြီး မျက်နှာကိုလည်း လွှဲလိုက်၏။ ရွှေနေကြီး၏အတွေးများက လွန်ခဲ့သော နှစ်ငါးဆယ်ဆီသို့ ရောက်သွား သည်။

+ + +

ဦးနက်ကျော်ငယ်ငယ်က လူကျောင်းမနေနိုင်။ ဘုန်းကြီးကျောင်းမှာသာ ကျောင်းအိပ်ကျောင်းစားအဖြစ်နေရင်း စာသင်ခဲ့ရသည်။ ထိုစဉ်က ဘုတ်ဆုံမလည်း ဘုန်းကြီးကျောင်းမှာပင် စာသင်ရသည့် နွေကျောင်းသူ။ ဘုတ်ဆုံမက နွှတ်စွာသလောက် လက်ကလည်း မြန်မှမြန်။ ယောကျ်ားလေးများကိုပင် နပန်းလုံး အနိုင်ယူတတ်သူ။ ဦးနက်ကျော် ဘုန်းကြီးကျောင်းသားဘဝက ခေါင်းမှာ ဒက်တွေ၊ ပွေးတွေ ပေါ်ဖူး၏။ သို့အတွက် တစ်ကျောင်းလုံး "ငပွေး"ဟု ကင်ပွန်းတပ်ခြင်းခံရသည့် အဆိုးဆုံးက ဘုတ်ဆုံမ။ ဘယ်နေ့တွေ့တွေ့ "ငပွေး"ဟုသာ ပြိန်ရွဲရေရွဲရေ ခေါ်သည်မဟုတ်လော။

ဦးနက်ကျော်က မသိချင်ယောင်ဆောင်၍ မျက်နှာလွှဲကာနေသော်လည်း ဘုတ်ဆုံမက တစ်ချက်တစ်ချက် ရိွုးသည်။ ရွှေနေကြီးဦးနက်ကျော်မှာ ငယ်သူငယ်ချင်း ဘုတ်ဆုံမက လူထေ့ထဲတွင် "ငပွေး"ဟုခေါ်မည်ကို ထိခိုက်လန့်နေ၏။ ရွှေနေကြီးဦးနက်ကျော် ခုံနံပါတ် (၁)တွင် လိုက်ပါရသည့်ဒုက္ခကို မသေးလှ။ ခြေထောက်နှစ်ဖက်လုံး လှုပ်မရတော့။ နေရထိုင်ရသည်မှာ ကသိကအောက်။ စိတ်အိုက်စရာကလည်း ခုံနံပါတ် (၂)မှာ။

"အစ်ကိုက ဘယ်ပြန်မှာလဲ"

ဘုတ်ဆုံမက စကားစလေ့ဖြင့် ဦးနက်ကျော် ပြန်မပြော၍ မဖြစ်တော့

"ဆကာကြီးကိုပြန်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုက ဆကာကြီးသားလား"

ပြဿနာ။ ဦးနက်ကျော် အမှန်အတိုင်းဖြေရုံမှလွဲ၍ အခြားမရှိတော့။

"ဟုတ်ပါတယ်"

တော်သေးသည်။ ဘုတ်ဆုံမ မေးခွန်းပြတ်သွား၏။ ဦးနက်ကျော် စိတ်သက်သာရာရသွား၏။ ဘောဂဝင်း အမြန်ယာဉ်သည် အဖျောက်၊ လိမ်ပင်ရွာကိုကျော်၍ ဆကာကြီးနားသို့ နီးလာလေပြီ။ ခရီးသည်တချို့ ဆင်းသွားကြသဖြင့် ကားချောင်သွားသည်။ မတ်တတ်ရပ်သူများ မရှိတော့။ ထိုအချိန်တွင် ဘောင်းဘီရှည်၊ စပို့ရှပ်ဝတ်ထားသူတစ်ယောက် ဦးနက်ကျော်အနားသို့ ရောက်လာပြီး.....

"ဆရာက ရှေ့နေကြီးဦးနက်ကျော်မဟုတ်လား"

ဘုတ်ဆုံမ မသိအောင် ခေါင်းအသာညိတ်ပြလိုက်၏။

"ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အောင်ဘော်လေ၊ ကျွန်တော့်လူသတ်မှုကို ဆရာလိုက်ခဲ့တာပဲ"

ရှေ့နေကြီးဦးနက်ကျော် ပြုံးပြသည်။ စကားသံကတော့ ထွက်မလာ။ ဘုတ်ဆုံမ အကဲခတ်နားစွင့်နေသည်ကို ဦးနက်ကျော် မသိရှာ။ ဘောဂဝင်း အမြန်ယာဉ်သည် ဆကာကြီးကားဂိတ်တွင် ထိုးဆိုက်လိုက်သည်။ ဘုတ်ဆုံမ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သံကြောင့် ဆင်းမည့်ခရီးသည်များ၏ အကြည့်များ ခုံနံပါတ် (၁)သို့ ရောက်သွားလေသည်။ ဘုတ်ဆုံမက မတ်တတ်ရပ်ပြီး ဒေါနှင့်မောနှင့် ပြောလိုက်သည်မှာ.....

"လက်စသတ်တော့ နင်က ငပွေးပဲ၊ ဘာ ရှေ့နေကြီးဦးနက်ကျော်လဲ" တဲ့။ ။

ချစ်ကိုကိုယု

မြင့်ဆေတနာဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ဒီဌေးပျောက်ကင်းစေရမည်။)

ခရသင်း သမင်ဖြူ

LEUCODERMA

ခရသင်း (သမင်ဖြူ)၊ ဖြူ နီ နက်ကွက်များ အနာကြီးရောဂါ ယားနာ၊ ပွေး၊ ပဲ၊ နှင်းခူ နှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS, Etc.

ဆရာဦးခင်မောင်မြင့် (မြင့်ဆေတနာဆေးတိုက်)၊အမှတ်(၃)၊ပိတောက်ရိပ်ပြိမ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ကုလားကျောင်းမှတ်တိုင်၊သမိုင်း၊**ရန်ကုန်ပြို့**၊ဖုန်း-၀၁-၆၆၆၄၇၉

ဌာနခွဲ - အမှတ်(၂)၊၆၂-လမ်း၊၂၈×၂၉လမ်းကြား၊အောင်တော်မူရပ်၊ **မန္တလေးပြို့**၊ ဖုန်း-၀၂-၂၄၆၀၉၊ ဖုန်း-၀၉၂၀၀၂၈၄၃၃

www.burmeseclassic.com

www.burmeseclassic.com

နွေဒဏ်ခွန်

ရေတိမ်နစ်တဲ့လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

မအပ်နိုင်ရင် ခိုင့်ကိုဘယ်လိုထင်သွား မလဲ၊ အစ်ကိုနဲ့ စကားများရတော့မယ်၊ ဟင်း.....စိတ်ညစ်လိုက်တာ ညီရာ''

''ညီ.....ညီ ဘယ်လိုလုပ်ရမလဲ ခိုင်ရယ်၊ အကြံဉာဏ်ပေးပါဦး''

''ယောက်မလုပ်တဲ့ ရွေဆိုင်မှာ အဲဒီရင်ထိုးအတိုင်း သွားလုပ်ရတော့မှာ ပေါ့၊ မင်းက သိန်းငါးဆယ်ရှာတော့''

''ဟင်...ညီ့မှာ ဘယ်လိုလုပ်ပြီး ရှိမှာလဲကွာ၊ မရှိလို့ ပစ္စည်းငှားဝတ်တာ ပေါ့၊ ညီတို့သားအမိမှာ ညီ့လုပ်စာပဲ ရှိတာလေ''

''မင်းမလျော်နိုင်ရင်တော့ အစ် ကိုနဲ့ယောက်မကို တို့က ပွင့်ပွင့်လင်း လင်း ပြောပြလိုက်မယ်၊ သူတို့မကျေ နပ်လို့ ရဲစခန်းတိုင်ရင်တော့ ခိုင်လည်း မတတ်နိုင်ဘူးပေါ့ကွာ၊ အဲဒါဆိုရင် မင်း ထောင်ကျပြီး မင်းအမေပါ အရှက် တကွဲ ဖြစ်ကြရမှာ''

သင်္ဘာညီသည် မျက်လုံးထဲတွင် မြင်ယောင်လာပြီး ကြောက်သွားမိ၏။ ကုမ္ပဏီတွင် ရိုးသားပြီး လုပ်ငန်းကျွမ်း ကျင်သော ဝန်ထမ်းတစ်ယောက်အဖို့ ဂုဏ်သိက္ခာကျရပေမည်။ အလုပ်ပြုတ်၊ ထောင်ကျလျှင် မိခင်ဖြစ်သူ၏ စားဝတ် နေရေး ဒုက္ခရောက်ပေလိမ့်မည်။

''ညီ့ကို ကယ်ပါဦး ခိုင်ရယ်၊ ညီ လေ.....ညီ့ အဲဒီသိန်းငါးဆယ်ကို ခွဲ ပြီးပြန်ဆပ်ပါ့မယ်ကွာ''

''ခိုင့်မှာလည်း ငွေမရှိဘူး ညီ့ ပျောက်သွားတယ်ပြောရင် ယုံမှာမဟုတ် ဘူး၊ ဒီတော့ မင်းဘက်က [illegible] အောင် ရှာထားကွာ၊ သူတို့ထံ[illegible] ရွှေ့လမှ ပြန်ဆောက်[illegible] ဆုပါသေးတယ်နော်''

''သင်္ဘာညီရေ.....သင်္ဘာညီ''

အိမ်ရှေ့ဆီမှ အေးသက်ခိုင်အသံ ကိုကြားရ၍ သင်္ဘာညီမှာ ထိတ်လန့် သွားရ၏။ ခေါင်းနားပန်းများ ကြီးသွား သည့်အပြင် ကြောက်လန့်နေတော့ သည်။ မိခင် ဒေါ်ထွေးမြင့်နှင့် စကား ပြောသံများ ကြားရပြီးနောက်.....

''သမီးရေ ညီ့၊ အေးသက်ခိုင် ဆောက်နေတယ်ကွယ်၊ ထွက်တွေ့လိုက် ဦးလေ''

''ဟုတ်.....ဟုတ်ကဲ့ အမေ''

သင်္ဘာညီတစ်ယောက် မလွှဲမ ရှောင်နိုင်သည့်အဆုံး၌ ထွက်တွေ့ရ တော့သည်။ ဒေါ်ထွေးမြင့်က စေးဝယ် ရန် ဆွဲခြင်းလေးကိုင်ဆွဲ၍ နှုတ်ဆက် ထွက်သွား၏။

''လာပါဦး သင်္ဘာညီရာ၊ ရှင်က လူလည်းပေါ်မလာ၊ ပစ္စည်းလည်း လာ မပေးပါလား၊ ဘာတွေဖြစ်နေတာလဲ''

''ဟို.....ဟိုလေ ခိုင့်ပစ္စည်း ကျ ပျောက်သွားလို့ပါ''

''ဘာ.....''

အေးသက်ခိုင်၏ ကျယ်လောင် သောအသံအဆုံး၌ သင်္ဘာညီလည်း ရင် တုန်သွားတော့၏။ မဝံ့မရဲဟန်ဖြင့် မရဲ တရဲ ကြည့်လိုက်ရသည်။

''အဲဒါ ဘယ်လိုလုပ်မလဲဟင်၊ ဒုက္ခပါပဲ၊ ဒါကြောင့်မို့ ဒီရင်ထိုးကို မယူ ပါနဲ့လို့ ခိုင်တားခဲ့တာပေါ့၊ ပြီးတော့ ဒီ ပစ္စည်းက ခိုင့်ပစ္စည်းမဟုတ်ဘူး၊ ခိုင့် ယောက်မဥစ္စာပါလို့ ပြောခဲ့တာပေါ့''

''ဟုတ်ပါတယ် ခိုင်ရယ်၊ ရင်ထိုး က ချိတ်ပြုတ်ပြီး ဘယ်မှာကျကျန်ခဲ့ မှန်း ညီ့မသိတော့ဘူး၊ လိုက်ရှာတာ မတွေ့တော့ဘူးကွာ''

သင်္ဘာညီလေးက မျက်နှာငယ် လေးနှင့် ပြောပြနေသလို အေးသက် ခိုင်မှာလည်း ချောက်ချားနေတော့၏။

''မင်းက သေသေချာချာမှ ချိတ် ကိုမတပ်ခဲ့တာပဲကွာ၊ အဲဒါ စိန်ရင်ထိုး ကွ၊ သိန်းငါးဆယ်လောက်တန်တယ်၊ သူတို့လင်မယား ဘုရားဖူးထွက်သွား လို့ ခိုင့်ကို ခဏအပ်ထားတာကွ၊ ပြန် လာရင် ဘယ်လို လုပ်မလဲ၊ အချိန်မီပြန်

www.burmeseclassic.com

www.burmeseclassic.com

"ဟင်း...မလွယ်ဘူး ခိုင်၊ ငွေက သုံးရင်သာမြန်တာ၊ ရှာရင်ခက်တာမျိုးကွ"

"ခက်မနေနဲ့ ညီရေ့၊ မလျော်နိုင်လို့ ထောင်ကျမှ ခက်မှာကွ၊ ကဲ... ဒေါ်လေးပြန်မလာခင် ခိုင်ပြန်မယ်၊ တော်ကြာ ဒေါ်လေးသိသွားမှ ပိုစိတ်မကောင်းဖြစ်နေဦးမယ်နော်"

"အေးပါ ခိုင်ရယ်"

အေးသက်ခိုင်ပြန်သွားမှ သင္ဘာညီလည်း သက်ပြင်းရှည်ကို ချလိုက်နိုင်တော့တ၏။ သည်လိုဒုက္ခပေးမည်မှန်း သိလျှင် ထိုရင်ထိုးကို ငှားရမ်းဝတ်ဆင်ခဲ့မည်မဟုတ်ပေ။ အခုတော့ သင္ဘာညီအတွက် အကုသိုလ်ကြီးဟ်ဆိုးဝင်ခဲ့လေပြီ။ ထိုကိစ္စအား မည်သူ့ကို တိုင်ပင်ရမည်မှန်း မသိပါ။ မိခင်ဒေါ်ထွေးမြင့်ကို ဖွင့်ပြောပြလိုက်လျှင် အိမ်ရောင်းချ၍ပေးမည်ကို သင္ဘာညီ သိနေတ၏။ ဤသို့ဆိုပါလျှင် သူတို့သားအမိဘဝ နေစရာအခက်အခဲ တွေ့မည်ပင်။

"မဖြစ်သေးပါဘူးလေ၊ ကုမ္ပဏီမှာ ချေးကြည့် ဦးမှပဲ၊ ဦးစိုးမင်းက သဘောကောင်းပါတယ်၊ ငါ့အခက်အခဲကို ကူညီမှာပါ၊ အင်း.....ငါ့ဘက်က ပြောရဲဖို့ သတ္တိရှိရမယ်"

နောက်ဆုံးတော့ သင္ဘာညီသည် ဦးစိုးမင်းကို ပြောပြအကူအညီတောင်းရန် ဆုံးဖြတ်လိုက်တော့သည်။

ဓ ဓ ဓ

"ညီရေ မင်းမပြန်သေးဘူးလား၊ ဖယ်ရီမမီဘဲနေဦးမယ်နော်"

"ဒီစာရင်းတွေ ပြန်စစ်ခိုင်းနေလို့ပါ မမသင်းရယ်၊ ဖယ်ရီမမီရင် တက္ကစီနဲ့ပြန်ဖို့ တက္ကစီခပေးမယ်တဲ့"

"အေးလေ၊ ဒါဆိုလည်း မမသင်းပြန်မယ်နော်"

"ဟုတ်ကဲ့ မမသင်း"

အစည်းအဝေးတွင် စာရင်းများ တင်ပြနိုင်ရန် ဦးစိုးမင်းက အကူအညီတောင်း၏။ သည်တော့ သင္ဘာညီလည်း သူ့အကြံနှင့်သူမို့ စာရင်းပြန်စစ်ပေးရင်း နေရစ်ခဲ့သည်။ ကုမ္ပဏီတွင် လူရှင်းစပြုလာ၏။

"ငါပြောလို့လွယ်ပါ့မလား။ မချေးနိုင်ဘူးဆိုရင် ရှက်စရာပဲ၊ ပြီးတော့ ငါ့မှာ ငွေလိုနေမှန်းသိရင် ကုမ္ပဏီမှာ အလုပ်လုပ်ရတာ ယုံကြည်ပါတော့မလား၊ မရှိခိုးနိုးဆိုသလို မျက်လုံးဒေါက်ထောက်ကြည့်နေတော့မှာပဲ"

သင္ဘာညီသည် သူ့အတွေးနှင့်သူ အလုပ်ရှင်ဆီမှ ငွေချေးရန် အမျိုးမျိုး စဉ်းစားနေပြန်၏။

"အို.....ဘယ်သူမှမရှိတုန်း ပြောရမယ်၊ လစာထဲက ပြန်ဖြတ်လည်း ရတာပဲ၊ အရေးကြီးတာက ငွေသိန်းငါးဆယ်ရဖို့ပဲ၊ ဒါပေမဲ့ စိန်ရင်ထိုးလို့ပြောရင် ယုံကြည်ပါ့မလား။ ဟင်း...ငါဘယ်လို ပြောရမလဲ၊ လိမ်ညာမနေတော့ပါဘူးလေ၊ အမှန်အတိုင်းပဲ ပြောပြရမှာပဲ"

စာရင်းစစ်နေရင်း ထိုသို့ပင် တွေးထားမိ၏။ စာရင်းစစ်နေချိန်ခဏတွင် အချိန်ကို ကြည့်ရပြန်သည်။ ဒေါ်ထွေးမြင့် စိတ်ပူမည်ကိုလည်း စိုးရိမ်ရ၏။

"သင္ဘာညီ မင်း စာရင်းတွေ စစ်ပြီးရင် ဆရာ့စားပွဲပေါ်မှာ တင်ထားခဲ့နော်၊ Dinner ရှိလို့ ဘော်ဒါတွေ လှမ်းခေါ်နေကြပြီ၊ သွားနှင့်တော့မယ်၊ ဟိုမှာ လူစုံနေကြပြီတဲ့"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ပါ"

ဦးစိုးမင်းထွက်သွားသည့်နောက် သင္ဘာညီလည်း စိတ်ပျက်သွားတော့၏။ သူမအဖြစ်က မှန်းချက်လွဲသွားရပေပြီ။ ယခုတော့ မောရုံသာရှိတော့သည်။

"ဟင်း.....ငါ့မှာတော့ အဆင်ပြေမလားမှတ်တယ်၊ စိတ်မောတာပဲ အဖတ်တင်ကျန်တော့တယ်၊ ဘယ်သူမှ မရှိတော့ပါလား၊ မြန်မြန်လုပ်မှပဲ"

နောက်ထပ် ဆယ့်ငါးမိနစ်အကြာတွင် အားလုံးပြီးစီးသွားတော့တ၏။ သည်တော့ ဦးစိုးမင်း၏အခန်းထဲဝင်ပြီး စာရင်းစာအုပ်များကို တင်လိုက်စဉ် သင္ဘာညီမှာ အံ့သြသွား၏။

"ဟင်.....ဦးစိုးမင်းရဲ့သော့တွဲ ကျန်ရစ်ခဲ့ပါလား၊ မေ့သွားတာနဲ့တူပါတယ်"

သော့တွဲတွင် အခန်းသော့၊ ဗီရို သော့နှင့်အံဆွဲသော့များပါနေ၏။ သည်အတိုင်း ထားခဲ့ရကောင်းမလား၊ ကုမ္ပဏီစောင့်ကို ပြောရကောင်းမလား၊ သို့မဟုတ်ပါက ဦးစိုးမင်း၏ ဟန်းဖုန်းကို ဆက်ရကောင်းမလားဟု အမျိုးမျိုးတွေးလိုက်မိသည်။

"ဒီအတိုင်းထားခဲ့တာပဲကောင်းပါတယ်လေ၊ တော်ကြာ အမှုပတ်နေဦးမယ်"

ပြန်ထွက်မည်အပြု သင္ဘာညီ၏ စိတ်က တစ်စုံတစ်ခုကို သတိရသွား၏။ ခေါင်းထဲတွင် ဖျတ်ခနဲပေါ်လာသည့်အကြံအား မှားသည်မှန်သည် စဉ်းစားချိန် မရတော့ပါ။

"ဟုတ်တယ်၊ ဒါဟာ ငါ့အတွက်

www.burmeseclassic.com

ဆောအခွင့်အရေးပဲ၊ ငါထိုးထားတဲ့ ရွေးနိုးငါးဆယ်ကိုယူရမယ်၊ ပြီးရင် နှိုးဆီသွားရမယ်၊ ဩဇာဖြန့်ရုံးလိုက်တာ ကောင်းပါတယ်လေ''

သဇာညိုတစ်ယောက် တစ်ကြိမ်တစ်ခါမှ မပြုမိခဲ့ဂုဏသည် ပြစ်မှုကြောင့် စောလွေးများ အလိုလိုပြန်လာ၏ စိတ်မကောင်း ဖြစ်ခြင်းနှင့်အတူ သူမ၏ဘဝက အမှိုက်မှောင်ထဲသို့ ရောက်ယွားမိခြင်း ဖြစ်၏...

သဇာညိုသည် ဆီးကို ကျင်လည်စွာဖွင့်၍ ဗီရိုထဲမှ သိန်းငါးဆယ် ကိုယူလိုက်၏။ ပြီးနောက် သော့ပြန်ခတ်လိုက်ပြီး စားပွဲပေါ်တွင် နေသားတကျ ပြန်ထားခဲ့သည်။ ထို့နောက် ဦးစိုးမင်းအခန်းထဲမှ ပြန်ထွက်လာခဲ့၏။

''ဟင်း...ရင်တွေတုန်လိုက်တာနော်၊ ဒီနေ့ အိတ်ကြီးကြီးကိုင်လာလို့ တော်သေးတာပေါ့''

သူ့ပခုံးလွယ်အိတ်ထဲသို့ ငွေများကိုထည့်ပြီးနောက် ကုမ္ပဏီမှ ပြန်လာခဲ့တော့သည်။ အပြင်တွင် ညစောင့်က ထိုင်စောင့်နေ၏။

''အထဲမှာ လူကျန်သေးလားညီမ''

''ဟင့်အင်း၊ မရှိတော့ပါဘူးရှင်''

အစောင့်က လျှပ်စစ်မိန်းခလုတ်ကိုချပြီး သံလိပ်တံခါးကို သော့ခတ်ကျန်ရစ်ခဲ့သည်။ သဇာညိုလည်း လမ်းပေါ်အရောက်တွင် တက္ကစီတစ်စီးကို တား၍ အေးသက်ခိုင်အိမ်သို့ တန်းသွားလိုက်၏။

ဇ ဇ ဇ

''ဟယ်..ဒီမိန်းမ အမောတကော နဲ့ ဘာဖြစ်လာတာလဲ၊ ထိုင်ပါဦး''

''ရေတစ်ခွက်လောက် [illegible] လေးတိုက်စင်းပါဟယ်''

''အေး ညီမရာ''

www.burmeseclassic.com

www.burmeseclassic.com

အေးသက်ခိုင်က ရေခဲသေတ္တာထဲမှ ရေပုလင်းလိုက်ယူလာပြီး ပေးလိုက်ရာ သင္ဘာညီလည်း အငမ်းမရသောက်နေတော့တ်။ အေးသက်ခိုင်က ပင် ပြောယူရတ်။

"ဖြည်းဖြည်းသောက်စမ်းပါဟယ်၊ ကဲ...ဒီပုံက အိမ်ပြန်မရောက်သေးဘူးမဟုတ်လား"

"ဟုတ်တယ်လေ၊ အလုပ်ရှင်ဆီက အကျိုးအကြောင်းပြောပြီး ငွေချေးလိုက်တယ်၊ အခုရလာလို့ ခိုင်ဆီ ဝမ်းသာအားရ ပြေးလာခဲ့တာပဲ၊ ရော့...ငွေသိန်းငါးဆယ်"

အေးသက်ခိုင်သည် ငွေများကို လက်မခံသေးဘဲ သင္ဘာညီအား စူးစမ်းသည့်အကြည့်ဖြင့် ကြည့်နေသေး တ်။ မလုံမလဲဖြစ်နေသော သင္ဘာညီအဖို့ အေးသက်ခိုင်တ်အကြည့်များကြောင့် မျက်နှာပူစွာဖြင့် နေရထိုင်ရခက်နေတ်။

"မင်း ဒီငွေတွေက ရိုးရိုးသား သားချေးငှားလာတာပါနော်"

"ဟုတ်တယ်လေကွာ၊ ဘာလဲ ခိုင်က ညို့ကို ဘယ်လိုထင်နေလို့လဲ"

"ဒီအချိန်က ကုမ္ပဏီပြန်ချိန်မှ မဟုတ်တာကွာ၊ မှန်မှန်ပြော ညို့၊ အလုပ်ရှင်ဆီက ကိုယ့်သွေးသားကို ရောင်းချိုးမှ ရလာတဲ့ငွေတော့မဟုတ်လောက်ပါဘူးနော်၊ ဒီလောက်များတဲ့ငွေကို မင်းရဲ့အလုပ်ရှင်က ချေးလိုက်တာ အံ့သြနေလို့ပါ"

သင္ဘာညီအား တစ်မျိုးထင်သွားရာ အလျင်အမြန် ငြင်းဆန်နေမိသည်။ တကယ့်အဖြစ်မှန်သာ အေးသက်ခိုင် သိလျှင်ဖြင့် ထိုငွေများကို လက်ခံလိမ့်မည်မဟုတ်ပေ။ ကိုယ်ကျင့်တရားကို ဖောက်ဖျက်၍ ရလာသည့်ငွေဖြစ်ကြောင်း မည်သူ့ကိုမျှ သင္ဘာညီက ပြောပြလိမ့်မည်မဟုတ်ပါ။

"တို့ရဲ့တာဝန်ကျမှုကြောင့် အလုပ်ရှင်က ကျေကျေနပ်နပ် ချေးလိုက်တာပါ၊ လခထဲက ပြန်ဖြတ်မယ်လေ"

"မင်းတို့အလုပ်ရှင်က သဘောကောင်းသားပဲကွာ၊ ဒါဆိုလည်း မနက်ဖြန် ရွှေဆိုင်မှာ သွားလုပ်လိုက်မယ်၊ ငွေပိုရင် မင်းကိုပြန်ပေးမယ်နော်၊ တော်ပါသေးရဲ့ကွာ၊ အချိန်ရသေးလို့"

အေးသက်ခိုင်က ငွေများရေတွက်ပြီးချိန်အထိ စောင့်နေပြီးမှ အိမ်သို့ပြန်လာခဲ့တ်။ အိမ်အပြန် တက္ကစီပေါ်သို့ ရောက်မှ သူမ ပြုခဲ့သည့်လုပ်ရပ်အား ပြန်လည်တွေးကြည့်မိသည်။

"သွေးပူနေတုန်းက အမှားအမှန် ခွဲခြားမသိခဲ့ပေမယ့် အခုလို သွေးအေးချိန်ရောက်မှ စဉ်းစားမိတော့ ငါလုပ်ရပ်က ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့တာပါလား၊ ငွေကများနေတော့ လျော့နေတာသိရင် အခိုးခံရမှန်း သိသွားမှာပဲ၊ ဒုက္ခပဲ၊ တစ်ခုကအေးတော့ နောက်တစ်ခုက စိတ်ပူနေရပြန်ပြီ၊ ဘုရား...ဘုရား၊ ဦးစိုးမင်း မသိပါစေနဲ့"

သင္ဘာညီတစ်ယောက် တစ်ကြိမ်တစ်ခါမျှ မပြုမိခဲ့ဖူးသည့် ပြစ်မှုကြောင့် ဖောရွေးများ အလိုလိုပြန်လာတ်။ စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ စိန်ရင်ထိုးပြဿနာကြောင့် သူမတ်ဘဝက အမှိုက်မှောင်ထဲသို့ ရောက်သွားမိခြင်းဖြစ်တ်။

"တောက်.....ဒီရင်ထိုးကို ငါမငှားမိရင် အခုလို ကိုယ်ကျင့်တရားဖောက်ဖျက်တဲ့ကိစ္စမျိုး ဖြစ်လာမှာမဟုတ်ဘူး၊ အလှအပကြောင့် ငါစောင့်ထိန်းခဲ့တဲ့သီလကို ချိုးဖောက်မိတယ်၊ ဒါဟာ ငါ့အတွက် သင်ခန်းစာပါလား"

သင္ဘာညီအဖြစ်က ဒုက္ခအပုံကို ရှာယူသလိုဖြစ်နေတ်။ ထိုနေ့က ခမ်းနားသော ဟိတယ်ကြီးတွင်ကျင်းပသော မင်္ဂလာဆောင်တစ်ခုသို့ အသွားဌ မြန်မာဝတ်စုံဝတ်ဆင်ပြီး ပဝါခြုံခဲ့တ် Fancy လက်ဝတ်ရတနာများ ဝတ်ထားသော်လည်း ပဝါတွင် အလှဆင်ရန် ရင်ထိုးမရှိခဲ့။ သည်တော့ အေးသက်ခိုင်အိမ်သို့ဝင်၍ ရင်ထိုးငှားရာကအစ ထိုပြဿနာ ပေါ်ခဲ့ခြင်းဖြစ်တ်။

"အမေသာသိရင် ရှက်မှာပဲ၊ ငါ့လိုသမီးမျိုးကို မွေးမိတာ ရင်နာလိုက်လေခြင်းဆိုပြီး ငိုမှာပါလား။ အမေ.....သမီးကို ခွင့်လွှတ်ပါ အမေရယ်၊ သမီးလေ မလွဲသာမရှောင်သာမို့ လုပ်ရတာပါ"

မျက်ရည်စလေးများပင် ရစ်ဝဲလာရသည်။ သင္ဘာညီအတွက် မကောင်းမှုပြုမိခြင်းကြောင့် ပြဿနာမပေါ်ပါစေနှင့်ဟုသာ ဆုတောင်းနေရပါလိမ့်မည်။

"ညီမ.....ညီမပြောတဲ့နေရောကို ရောက်ပြီလေ၊ ဘယ်နားမှာ ရပ်ပေးရမှာလဲ"

"ဩော်.....လမ်းထိပ်မှာ ရပ်ပေးပါနော်၊ ဒီမှာ ကားခ"

ကားရပ်သည်နှင့် ကားခပေးရှင်းလာခဲ့တ်။ အိမ်အပြန်တွင် မှောင်နေပြီဖြစ်သော်လည်း သင္ဘာညီမှာ ပတ်ဝန်းကျင်အား မလေ့လာနိုင်ပေ။ စောင့်နေမည့် မိခင်ရှိရာသို့ စိတ်ကရောက်နေတ်။ ထင်သည့်အတိုင်းပင် အေါ်ထွေးမြင့်သည် သမီးဖြစ်သူ မလာမည့်လမ်း

www.burmeseclassic.com

www.burmeseclassic.com

အား ငေးမျော်စောင့်ကြည့်နေရသည်။

''အမေ အိမ်ထဲဝင်စောင့်တာ ဟုတ်ဘူး၊ အပြင်မှာ လေတစ်အား ထိုးက်နေတယ်''

''သမီးမလာမချင်း အမေ့စိတ်ထွေ လေးနေတာကွဲ့၊ ဘာကြောင့် ဒီလောက်နောက်ကျရတာလဲကွယ်''

''စာရင်းတွေ ပြန်စစ်ပေးနေရလို့ပါ အမေရယ်၊ လူကြုံမှာလိုက်ဖို့လည်း လမ်းကြုံက မရှိပြန်ဘူး၊ မဖြစ်ပါဘူး၊ အမေ့အတွက် ဖုန်းတစ်လုံးလိုနေပြီ''

''အပိုတွေနဲ့ ငွေကုန်မခံချင်ပါနဲ့ သမီးရယ်၊ အမေ့သမီးလေးကို အမေ ယုံပါတယ်၊ ဒါပေမဲ့ မိဘဆိုတာ ပူနေရတာပါပဲ၊ လမ်းမှာများ တစ်ခုခုဖြစ်နေသလား၊ အန္တရာယ်ကြုံနေရပြီလားဆိုတဲ့အတွေးတွေနဲ့ စိတ်ပူနေရတာပါ ကွယ်၊ ကဲ.....အိမ်ထဲဝင်ပြီး ခဏနား လိုက်၊ ပြီးမှ ရေချိုးပြီး ထမင်းစားကြ မယ်နော်''

''ဟုတ်ကဲ့ပါ အမေရယ်''

ဒေါ်ထွေးမြင့်၏ ခါးသေးသေး လေးကိုဖက်၍ သဠာညိုက တွဲလျက် အိမ်ထဲဝင်လာခဲ့ကြသည်။ ဒေါ်ထွေးမြင့် ပြောနေသော စကားများထဲမှ တစ်ခုသောစကားကြောင့် သဠာညို ဝမ်းနည်းသွား၏။

''သမီးကို ယုံတယ်တဲ့လား အမေရယ်၊ အမေ့သမီးကို မယုံပါနဲ့၊ သမီးလေ အမှားတစ်ခုကို ကျူးလွန်လာခဲ့ပြီ၊ အမေသိရင် သမီးကို ယုံဦးမှာ တဲ့လား အမေရယ်''

စိတ်ထဲတွင် ပြောနေမိတော့၏။ ထိုညနေက သမီးအလာကို လည်တဆန့်ဆန့်နှင့်မျှော်နေသော မိခင်တစ်ယောက်၏ မေတ္တာတရားက သဠာညို အား ထိခိုက်ကြေကွဲစေရ၏။ သမီးဖြစ်သူ၏ ဖုံးကွယ်ထားသောအဖြစ်မှန်ကို မိခင်ဖြစ်သူမသိအောင် လိမ်ညာပြော နေရခြင်းမှာ မိဘအား စော်ကားသလို မျိုး ဖြစ်နေမည်ကိုသိ၍ သဠာညိုမှာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်တော့ ပေ။

ထမင်းစားတော့လည်း သမီးဖြစ်သူကြိုက်တတ်သည့် ဟင်းလျာလေး နှင့် မြို့ရေရှက်ရေ စားသောက်နေသည်ကိုကြည့်ပြီး ဝိတိဖြစ်နေသည့် မိခင်ဖြစ်သူ၏မျက်နှာက သဠာညို့ အတွက် အေးချမ်းလှပါဘိ။ ညအိပ်ရာဝင်ချိန်တွင် သူမ၏အမှားအတွက် ခွင့်လွှတ်ပါရန် အကြိမ်ကြိမ်တောင်းပန်နေမိပြန်သည်။ သို့သော် အိပ်မရခဲ့ပြန်ပေ။

ဧ ဧ ဧ

''ဟေး.....ညို၊ မနေ့ညနေက ဘယ်အချိန်မှ အိမ်ပြန်ရောက်ခဲ့သလဲ၊ မမသင်းဖုန်းဆက်တော့ ညိုက ဖုန်းမကိုင်ဘူး''

ကေန့် ငွေများအောက်သို့ ဖုန်းက ရောက်နေသည့်အတွက် မကြားခြင်းပဲ ဖြစ်ပေမည်။ ပြီးတော့လည်း သူမတွင် လောဘဇောကပ်နေ၍ သတိမထားမိခြင်းလည်းဖြစ်နိုင်၏။

''ဩော်...ဟုတ်လား၊ ညိုလည်း ပင်ပန်းပြီး Miss Called တောင် ပြန်မကြည့်မိဘူး၊ မနေ့က အိမ်ပြန်ရောက်တော့ ၆ နာရီရှိပါပြီ မမသင်း''

''ဦးစိုးမင်းရော ကျန်နေခဲ့တာပဲလား''

''အမယ်လေး...မပြောပါနဲ့တော့ မမသင်းရယ်၊ သူက မမသင်းပြန်ပြီး ဆယ့်ငါးမိနစ်လောက်မှာ Dinner တစ်ခု ရှိလို့ အရင်ပြန်သွားတယ်လေ၊ ညီမတစ်ယောက်တည်း ကြောက်လိုက်တာ မပြောပါနဲ့တော့''

''ဟယ်...ညိုက သတ္တိကောင်းသားပဲနော်၊ နောက်ကိုခိုင်းရင် အိမ်မှာ ယူလုပ်မယ်ဆိုပြီးယူသွား။ တစ်ယောက်တည်း မနေခဲ့နဲ့၊ သူကလည်း ခိုင်းတာများ အဖော်နှစ်ယောက်လောက်ဆိုတော်သေး''

မသင်းသင်းဦးပြောသည့်စကား အား သဠာညိုက နားလည်နေ၏။ မသင့်တော်သော အချိန်ဖြစ်၍ အများအမြင်တွင် ကိုယ့်အတွက် သိက္ခာကျစရာ ဖြစ်ရပေမည်။ ဦးစိုးမင်းကအလုပ်ရှင်ဖြစ်သော်လည်း ချစ်သူမရှိသေးသည့် သဠာညိုအတွက် လူတကာကဲ့ရဲ့စရာ မျိုးဖြင့် အထင်သေးမခံနိုင်၍ ပြောပြနေခြင်းဖြစ်သည်။

''ညို နားလည်ပါတယ် မမသင်း၊ ညို့မာနကိုလည်း မမသင်းသိမှာပါ၊ ညိုက ကိုယ့်ဘဝနဲ့ရင်းပြီး တက်လမ်းရှာသူတွေထဲမှာ မပါဘူး၊ သူတစ်ပါးရဲ့ အထောက်အပံ့နဲ့ ရွှက်ပုန်းသီး အပျော်မယားဘဝဟာ ကိုယ့်လိပ်ပြာ ကိုယ်လုံပါရဲ့လား၊ ကိုယ့်ဘဝ အဆင်ပြေပြေနေနိုင်ဖို့အတွက် လူသိမခံရဲတဲ့ဘဝလောက် နိမ့်ကျတဲ့ဘဝမျိုး ရှိပါတော့မလား မမသင်း''

''ဒါပေါ့ကွယ်၊ တချို့မိန်းကလေးတွေက ဒီဘဝမျိုးကို နှစ်သက်နေကြတော့ မခက်လား၊ မသင်းတို့ရုံးတွင်မှာ ကောင်မလေးတစ်ယောက်ရှိသည် ညိုပြောနေတဲ့ ဘဝမျိုးနဲ့ [illegible] က အရွက်တရားမဲ့ဘူး [illegible]

www.burmeseclassic.com

www.burmeseclassic.com

နဲ့ နေရတာကို ကျေနပ်နေတဲ့အပြင် စေတနာနဲ့ ဆုံးမသူတွေအပေါ် သူ့ကို ပဲ မနာလိုလို့ပြောတာဆိုပြီး ရန်လုပ်လိုက်သေးတယ်လေ"

"အင်း.....သနားစရာတော့ ကောင်းသားနော်၊ တစ်ချိန်ချိန်တော့ နောင်တရလာပါလိမ့်မယ် မမသင်းရယ်၊ သူ့ကို ပေးကမ်းထောက်ပံ့တဲ့သူ မရှိတော့ရင်ပေါ့"

"ဟင်း.....သူက လည်သားကွဲ့၊ ဒါကြောင့်မို့ နှစ်ယောက်လောက်ကို ချိတ်ထားလိုက်တာပေါ့၊ တစ်ယောက်မရှိ တစ်ယောက်ပေါ့ကွယ်၊ တကယ်တော့ သူတို့မှာ မေတ္တာတရားနဲ့ သစ္စာတရား မရှိကြတော့ မုန်းလွယ်၊ မေ့လွယ်၊ ပျောက်လွယ်ပေါ့လေ"

"ဟုတ်တယ်နော် မမသင်း"

အလုပ်စားပွဲတွင်ထိုင်ပြီး ကွန်ပျူတာဖွင့်လိုက်ချိန်တွင်.....

"သစ္စာညို ဆရာခေါ်နေပါတယ်"

"ဟင်....."

ထိတ်လန့်သံဖြင့် ခေါင်းနားပန်းကြီးသွားတော့တ၏။ မသင်းသင်းဦးပင် သစ္စာညိုကို ဖျတ်ခနဲလှမ်းကြည့်နေသည်။ သည်တော့ လူပ်ရှားစိတ်ကို ထိန်း၍ ဦးစိုးမင်းအခန်းသို့ ထွက်သွားရန်အပြုတွင်.....

"မနေ့ကကိစ္စ ဘာမှားသလဲမှ မသိတာကွယ်၊ ဘာပြောပြော ခေါင်းငုံ့ခံနေနော်၊ ဟုတ်ကဲ့ အဆင်ပြေအောင် ပြန်လုပ်ပေးပါ့မယ်လို့ပဲပြော၊ ကြားလား ညို"

"ဟုတ်ကဲ့ မမသင်း"

မသင်းသင်းဦးက သစ္စာညိုကို သတိပေးနေသော်လည်း ဦးစိုးမင်းခေါ်သည့်ကိစ္စအား သစ္စာညိုက သိနေ၏။ ငွေပျောက်ခြင်းသာ ဖြစ်ပေလိမ့်မည်။ အခန်းဝတွင် အသံပြုလိုက်သည်နှင့်...

"ဝင်ခဲ့ သစ္စာညို"

မရဲတရဲဖြင့် ဝင်လာသော သစ္စာညိုက အပြစ်ရှိသူပမာ ခေါင်းကိုငုံ့၍ ရပ်နေဆဲပါ။ ဦးစိုးမင်းပြောလာမည့် စကားအား တုန်လှုပ်စိတ်ဖြင့်နားထောင်မိ၏။

"ထိုင်လေ သစ္စာညို၊ မနေ့က မေ့ပြီး တက္ကစီခ မပေးလိုက်ရဘူး"

"ရှင်....."

သူမ ကြားရသည့်စကားက တစ်မျိုးဖြစ်နေ၍ အံ့ဩသွားရ၏။ သည်အတိုင်းဆိုလျှင် ဦးစိုးမင်းတစ်ယောက် သူ့ငွေပျောက်ခြင်းအား သိရှိပုံမရသေးပေ။ အနည်းငယ်တော့ စိတ်သက်သာသွားစေရ၏။

"ကျေးဇူးသိပ်တင်တယ်၊ ဒီစာရင်းက ဒီနေ့အပြီးတင်ပြရမှာလေ၊ ရော့... တက္ကစီခ"

"နေ.....နေပါစေ ဆရာ၊ ညို မယူတော့ပါဘူး"

"ဘယ်ဟုတ်မလဲကွာ၊ ပြောထားခဲ့ပြီးမှ ပေးဖို့မေ့သွားတာပဲ၊ မင်းက ချမ်းသာသူမှမဟုတ်ဘဲ၊ ယူပါ....."

"ဟုတ်ကဲ့ရှင့်"

သည်နေ့မှ ဦးစိုးမင်းကို ကြောက်နေမှန်း ကိုယ့်ကိုယ်ကိုယ် သိနေ၏။ မဟုတ်တာလုပ်ထားသူအဖို့ မငဲ့မရဲစိတ်ဖြင့် ရင်မဆိုင်ရဲပေ။ ဦးစိုးမင်းက သူမကို ပြုံးကြည့်လျက်.....

"သွားလေ.....ရပါပြီ၊ သွားနိုင်ပါပြီ သစ္စာညို"

"ဟုတ်ကဲ့ ဆရာ"

သစ္စာညိုလည်း ထိုအခန်းထဲမှ မြန်မြန်ထွက်လာမိတော့သည်။ အခန်းအပြင်သို့ရောက်မှ ရင်မောသမျှအား သက်ပြင်းချကာ နားလိုက်ရ၏။ ပြီးမှ သူမအခန်းသို့ ကူးခြေမပျက် ပြန်သွားလိုက်သည်။

"ဘာကိစ္စတဲ့လဲ ညို"

"မနေ့က တက္ကစီခ မပေးလိုက်ရလို့ ခေါ်ပေးတာတဲ့၊ ညို့မှာဖြင့် သတိတောင်မရပါဘူး မမသင်းရာ"

"ဟဲ့.....သူပေးလို့ယူတာ ဘာဖြစ်သလဲ၊ ဒါက ကိုယ့်ရဲ့အချိန်ပိုလုပ်အားခလို့သာ သဘောထားလိုက်၊ ပိုးကြေးပန်းကြေးပေးတာမှမဟုတ်တာ၊ ကဲ.....မမသင်းဆီက စာရင်းတွေ ပရင့်ထုတ်လိုက်တော့"

သစ္စာညိုလည်း စိတ်အေးသက်သာစွာဖြင့် အလုပ်လုပ်နိုင်တော့၏။ သို့ပေမယ့် တစ်နေ့နေ့တွင် ပေါ်ပေါက်လာမည့် ငွေပျောက်မှုအတွက် ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေရပါဦးမည်။

"ဟင်း.....မဟုတ်တာလုပ်မိရင် ဘယ်အချိန်ဖြစ်ဖြစ် သွေးချောက်ချားနေရပါလားနော်၊ ဦးစိုးမင်းလို ရက်ရောသူတစ်ယောက်အပေါ် ငါပြစ်မှားမိပါလား။ အမေ ဆုံးမခဲ့ဖူးတယ်၊ သူတော်ကောင်းအပေါ် ယုတ်မာစိတ်ရှိခဲ့ရင် ဘုရားရှိက်ခံရတတ်တယ်တဲ့၊ ဒါဆို ငါလည်း ဒဏ်ခတ်ခံရမှာပါလား"

သစ္စာညိုတစ်ယောက် တွေးလေကြောက်လေ ဖြစ်နေရတော့သည်။ ငွေကြေးအခက်အခဲတစ်ခုအတွက် ဦးစိုးမင်းဝိုင်ငွေကြေးနှင့် အစားထိုးဖြေရှင်းလိုက်ခြင်းလုပ်ရပ်က ဦးမှုမြောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပဲ၊ အမေကတောင် ပြောနေတယ်၊ ဟိုတလောက မစားနိုင်သလောက် အခုအရမ်းစားတာပဲတဲ့''

''နာလန်ထမို့ပါလို့ ပြောလိုက်ပေါ့ ညီရယ်''

''ဟင်း.....ဟင်း၊ မမသင်းက သိပ်နောက်တာပဲနော်''

နှစ်ပတ်ပြည့်သည့်နေ့တွင်တော့ မသင်းသင်းဦးနှင့်အတူပြန်ရန် ဖယ်ရီပေါ်အရောက်တွင်.....

''သန္ဓာညီကို ဆရာက ခေါ်ခိုင်းလိုက်ပါတယ်၊ ခိုင်းစရာရှိလို့ ဖယ်ရီမစောင့်ပါနဲ့တဲ့၊ တက္ကစီနဲ့ ပြန်ခိုင်းမယ်တဲ့''

''ကဲ.....ညီရေ မင်းတော့ ထန်းတက်လက်မှတ်ရနေပြီ၊ စာရင်းတွေ လုပ်ခိုင်ဦးမယ်နဲ့တူပါတယ်၊ သွားတော့''

သန္ဓာညီတစ်ယောက် ငြိမ်သက်နေသော ရင်တုန်စိတ်များ ပြန်လည်နိုးထလာတော့တ၏။ ကုမ္ပဏီပေါ်သို့ တစ်လှမ်းချင်းလျှောက်လာသော ခြေလှမ်းများက နေးကွေးနေကြပြီး ဦးစိုးမင်းနှင့် ရင်ဆိုင်ရမည့်အရေး တုန်လှုပ်နေမိ၏။

''ဟေး.....ညီ၊ မပြန်သေးဘူးလား။ စောစောကပဲ မင်းတို့ အခန်းထဲက ထွက်သွားကြတာလေ''

''ဟိုလေ ပြန်ခေါ်ညီ လာတာပါ၊ ချိန်းထား ထိုသူတော''

BURMESE CLASSIC .com

ဒီနေ့ကစပြီး
မင်းဟာ
ငါ့ရဲ့ပျော်တော်ဆက်မယား
ဖြစ်သွားပြီ
မင်း ဒီအကြောင်းကို
ဘယ်သူ့မှမပြောရဘူး
ငါခေါ်တဲ့အချိန် မင်းလာရမယ်၊
မင်းဘက်က
ပေါ်ကျိုးရင်တော့
ငါ့ရဲ့ လှုံ့ဂုက်ကင်မရာယူပြီး
...

သူမအား ဥပဒေက ခွင့်မလွှတ်မှန်း သိနေပြန်သည်။ ခွင့်ချွန်နယ်များအား တော်ရဲ့ဟောက်အောင် ကြောက်လန့်နေမိ၏။ ဂျာနယ်ရှိ တရားခံများမုဆိုးစောမသူမတို့ပုံကို မြင်ယောင်လာ၏။

* * *

သို့ပေမယ့် တစ်ပတ်ကြာသည့်အထိ ဦးစိုးမင်းက သိပုံမပေါ်၍ သန္ဓာညီအို ကံကောင်းထောက်မသူဖြစ်သွား၏။ သူမစိတ်တွင်းလည်း စိုးရိမ်ကြောက်လန့်စိတ် မပြန်ပေါ်တော့သလို စိတ်အေးသွားရတော့သည်။

''ဩော်...ငါ့လုပ်ရမ်ကို ဦးစိုးမင်း မသိခဲ့တာ ကျေးဇူးတင်ပါတယ်ရှင်၊ ညို့ ကျေးဇူးရှင်ကြီးကို ညို့ ကန်တော့ပါတယ်၊ နောင်ဘဝရှိသေးရင် ဦးစိုးမင်းရဲ့ကြွေးကို ပြန်ဆပ်ပါ့မယ်နော်''

စိတ်ဟူသည် ကြောက်ခဲ့၊ ဝမ်းနည်းလျှင် ရုပ်ပါကျသွားတတ်၏။ ရုပ်ခန္ဓာဟူသည် စိတ်ပေါ်တွင် တည်မှီသည့် သဘောပါ။ ယခုတော့ ပြဿနာများ ဖြေရှင်းနိုင်ခဲ့ပြီဖြစ်၍ သန္ဓာညီတစ်ယောက် စိတ်ချမ်းသာစွာဖြင့် လှုပနေ၏။

''ညီ့ရေ သိပ်ဝမလာစေနဲ့နော်၊ အစားနဲ့ထိန်းသိလား''

''ဟုတ်တယ် မမသင်း အခုတလော စားကောင်အိပ်

www.burmeseclassic.com

"တို့လည်း ဆရာခေါ်ထားလို့ စာရင်းတွေ ပြန်ကိုင်နေရတယ်လေ၊ အခန်းထဲဝင်သွား၊ ဆရာရှိတယ်"

ခင်ချို ချို ရှိ နေသည့် အတွက် တကယ်ပဲ စာရင်းများလုပ်ခိုင်းခြင်းဖြစ်ကြောင်း သိလိုက်၏။ အဖော်နှင့်ဆို၍ သင္ဘာညိုမှာ စိတ်အေးသွားရပြန်သည်။

"ဝင်ခဲ့ သင္ဘာညို၊ ခင်ချိုချိုဆီက ကွန်ပျူတာရိုက်ပြီးသားစာရင်းကို ပြန်စစ်ပေးရုံပါ၊ ခဏထိုင်စောင့်ဦး"

"ဟုတ်ကဲ့ရှင့်"

"သင္ဘာညိုကို ပြန်စစ်ခိုင်းရတာက မင်းကို စိတ်ချလို့ပါ၊ အခု အရေးပေါ်ခိုင်းရတာက စာရင်းနဲ့ငွေက မကိုက်ဘူးဖြစ်နေတယ်၊ ဘယ်နေရာမှာများမှားနေသလဲလို့ ပြန်စစ်နေတာလေ"

သင္ဘာညိုတစ်ယောက် ရင်ခုန်သံများ ပြင်းထန်ပြန်ဆန်လာ၏။ အခု အချိန်တွင် ဖွင့်ပြောပြရကောင်းမလား၊ ဝန်ခံရကောင်းမားဖြင့် စိတ်က တစ်ခုခုကို ဆုံးဖြတ်မရဖြစ်နေသည်။ အပြင်မှ တံခါးခေါက်သံနှင့်အတူ ခင်ချိုချိုဝင်လာ၏။

"ဆရာ စာရင်းတွေ စစ်ပြီးပါပြီရှင်"

"ကောင်းပါပြီ၊ မင်းပြန်လို့ရပြီ ခင်ချိုချို"

"ဟုတ်ကဲ့ရှင့်"

ခင်ချိုချို့က သင္ဘာညိုအား ပြန်မည်သင်္ကေတနှင့် နှုတ်ဆက်၍ ပြန်ထွက်သွား၏။ သင္ဘာညိုလည်း စာရင်းများကို ဦးစိုးမင်းနှင့်အတူ ပြန်စစ်နေခဲ့ရာ နာရီဝက်နီးပါးကြာမှ ပြီးတော့သည်။

"ဒီမှာတွေ့လား သင္ဘာညို၊ သိန်းငါးဆယ်ကွာနေတာ သေချာနေ ပြီစာရင်းက သုံးခါစစ်တာ ကွာခြားမှုမရှိဘူး"

"သိန်းငါးဆယ်ကွာမှန်း ဆရာက ဘယ်လိုသိတာလဲ"

"ဘဏ်သွင်းဖို့ငွေကို ဒီဇီရီထဲမှာ ထည့်ထားတာ၊ သွားသွင်းဖို့လုပ်တော့ သိန်းငါးဆယ်ပျောက်နေတယ်"

သင္ဘာညိုမှာ မျက်လုံးလေးများ ဝိုင်းခဲ့ဖြစ်သွား၏။ ငွေပျောက်မှန်းသိလျှင် ရဲစခန်းတိုင်ပြီး အမှုဖွင့်မည်၊ ပြီးလျှင် တရားခံပေါ်ရန် စစ်ဆေးကြပါလိမ့်မည်။ သည်တော့ သူမကိုယ်တိုင် ဝန်ခံမှ သက်သာပေမည်။ အကြောင်းအကျိုးကို ရှင်းပြမည်အပြုတွင်....

"ဒီ CCTV မှတ်တမ်းကို ခဏလောက်ကြည့်စမ်း သင္ဘာညို၊ ငါက အခန်းထဲမှာ လျှို့ဝှက်ကင်မရာ တပ်ထားတာကွ"

"ရှင်....."

ဦးစိုးမင်းသည် ဖန်သားပြင်တွင် ပေါ်လာသော ပုံရိပ်များကို ပြလိုက်သည့်အခါတွင်တော့ သောကိုဖွင့်၍ ငွေများကိုယူနေသော သင္ဘာညို၏ရုပ်ပုံက ထင်ထင်ရှားရှား ပေါ်လွင်နေသည်။ ဦးစိုးမင်း၏ ကြိုတင်ပြင်ဆင်မှုရှိသော အန္တရာယ်အသိရှိသည့် လုပ်ရပ်အား ချီးကျူးမိ၏။ သင္ဘာညိုမှာ ထိုအခန်းထဲ၌ လျှို့ဝှက်ကင်မရာထားရှိမှန်း မသိခဲ့ပေ။

"ဒါဟာ တို့တွေရဲ့လူတိုင်းကို မယုံကြည်ရကြောင်း သက်သေပြလိုက်တဲ့ ပစ္စည်းလေးပဲပေါ့ သင္ဘာညို၊ ကဲ... မင်းဘာကြောင့် ဒီငွေတွေကို ယူရတာလဲ၊ မင်းကို ငိုးသားမှုရှိလိမ့်မယ်လို့ ငါထင်ထားမိတာ အလကားပဲ၊ ကဲ..ပြော"

သင္ဘာညိုမှာ ရုက်လွန်း၍ တရှုပ်ရှုပ်ငိုလေတော့သည်။ ပြီးနောက် သူမ၏အခက်အခဲအား ရှင်းပြလိုက်၏။ ခက်ထန်မာကျောသော ဦးစိုးမင်း၏ မျက်နှာက အရင်လို မကြည့်လင်တော့ပေ။ စိတ်ဆိုးလျှင်လည်း စိတ်ဆိုးစရာပါ။ ယုံကြည်မိခြင်းက သူ့အတွက်အမှားဟု ယူဆထားပုံရ၏။

"ကျွန်မအဖြစ်က အဲဒါပါပဲဆရာ၊ ညီလေ ဆရာ့အပေါ် ယုတ်မာစိတ်နဲ့ ငွေတွေခိုးယူခဲ့မိပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်"

"ဘာ...မင်းကိုငါက ခွင့်လွှတ်ရလောက်အောင် မင်းက အမှားကြီးကို ကျူးလွန်ခဲ့သူပဲ၊ အခု ရဲစခန်းကို ဖုန်းဆက်လိုက်မယ်"

"ဆရာ.....မလုပ်ပါနဲ့ရှင်၊ ကျွန်မ အဲဒီငွေကို ရအောင်ပြန်ဆပ်ပါ့မယ်၊ ကျွန်မကို အချိန်တော့ပေးပါရှင်"

ဦးစိုးမင်းက မေးကြောများကို ရှုံ့တွ၍ သင္ဘာညို၏ မျက်နှာအနီးသို့ တိုးကပ်မေးလိုက်သည်။

"ဟုတ်လား၊ မင်းက ဒီငွေတွေကို ဘယ်လိုနည်းနဲ့ ပြန်ဆပ်မှာလဲကွ"

"ဟို.....ဟိုလေ လခထဲကဖြတ်ပါ၊ ပြီးတော့ တခြားကငွေရှာပြီးလည်း ပြန်ဆပ်ပါ့မယ် ဆရာ၊ ကျွန်မကို ယုံပါရှင်"

"ဟား...ဟား...ဟား...ဟား၊ မင်းကိုယုံရမယ် ဟုတ်လား၊ ဒီမှာသင္ဘာညို၊ မင်းကိုယုံလို့ ငါငွေတွေ အခိုးခံရတာပဲကွ၊ မင်းအကြောင်းကို သိချင်လို့ သော့ကိုတမင်ထားခဲ့တာလေ၊ အဲဒါ မင်းစိတ်ကို စမ်းလိုက်တာကွ၊ ခွီးလား"

သင္ဘာညိုလည်း မှုန်ကုပ်ညစ်ကျယ်စာရင်း အမှုမလုပ်ရန် အထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်နေလိုက်သည်။ ဦးစိုးမင်းက သင္ဂွာညို၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်၍.....

''အေး...မင်းဘဝနဲ့လဲမှ ငါကျေနပ်နိုင်မယ် သင္ဂွာညို''

''ရှင်....ဆရာ၊ ဘာကိုဆိုလိုတာလဲဟင်''

''ဒီနေ့ကစပြီး မင်းဟာ ငါ့ရဲ့ ပျော်တော်ဆက်မယားဖြစ်သွားပြီ၊ မင်း ဒီအကြောင်းကို ဘယ်သူ့မှမပြောရဘူး၊ ငါခေါ်တဲ့အချိန် မင်းလာရမယ်၊ မင်းဘက်က ပေါက်ကြားရင်တော့ ငါ့ရဲ့ လျှို့ဝှက်ကင်မရာယူပြီး ရဲစခန်းသွားတိုင်မှာနော်၊ ဒီတော့ မင်းရဲ့မရိုးသားစိတ်ကြောင့် ငါ့ရဲ့ဆုံးရှုံးမှုကို သွေးသားနဲ့ အလဲအလှယ်လုပ်လိုက်တဲ့သဘောပေါ့ကွာ''

သင္ဂွာညိုမှာ သူမ စက်ဆုပ်ရွံရှာဆုံးလုပ်ရပ်တစ်ခုဖြင့် အဆုံးသတ်ခံရတော့ပေမည်။ မာနရှိသော သူမအတွက် နောင်တမျက်ရည်များမှတစ်ပါး လွတ်မြောက်မည့်လမ်းစ ပျောက်ခဲ့ရ၏။ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ဦးစိုးမင်း၏ ရင်ခွင်ထဲသို့ အံကြိတ်ဝင်သွားလိုက်ရ ၏။ သူမဘက်က ထိုအကျဉ်းအကျပ် ထဲမှ လွတ်မြောက်နိုင်မည့် လမ်း မရှိတော့ပေပြီ။

ကျားငစဉ်းလဲ၏ မတရားသတ်ပုတ်ခြင်းကို ရင်နာနာနှင့် အသက်ပေးလိုက်ရသ့် သားကောင်လိုအဖြစ်မျိုးပါ။ နောက်ဆုံးတော့ သင္ဂွာညိုတစ်ယောက် နှလုံးသားတွင် တဆစ်ဆစ်နာကျင်ရင်းစိတ်ဆင်းရဲနေရတော့သည်။ သူမဘဝက ဦးစိုးမင်း၏လက်ခုပ်ထဲမှရေပမာဖြစ်သွားရ၏။

BURMESE CLASSIC .com

ဓ ဓ ဓ

''ဟေး..ညို၊ အိမ်မပြန်သေးဘူးလား၊ လာလေ''

''ဩော်...မမသင်း၊ ညို အိမ်ပြန်မှာပါ၊ အမေ့အတွက် ဆေးဝယ်ချင်လို့ပါ၊ ဘတ်စ်နဲ့ပဲ ပြန်လိုက်တော့မယ်''

ဖယ်ရီပေါ်မှ မသင်းသင်းဦးက သင္ဂွာညိုကို လှမ်းခေါ်၍မေးနေ၏။ အရင်လို ဖယ်ရီနှင့် မှန်မှန်မပြန်ဖြစ်ပေ။ သည်တော့ စိတ်ပူစွာဖြင့် မေးရတော့သည်။

''ဒေါ်လေး ဘာရောဂါဖြစ်လို့လဲညို၊ မင်းကိုကြည့်ရတာ မမသင်း အားမရဘူးကွယ်၊ ညိုရော နေကောင်းရဲ့လား''

''ညို ဘာမှမဖြစ်ပါဘူး မမသင်း၊ အမေသောက်နေကျဆေးကုန်နေလို့ သွားဝယ်မှာပါ''

''မင်းကိုယ်မင်းလည်း ဂရုစိုက်ဦးညို၊ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ မဟုတ်လား၊ တစ်ပတ်အတွင်း ငါ့ညီမက ပြောင်းလဲသွားတယ်၊ ညဘက်ရောမှန်မှန်အိပ်ပျော်ရဲ့လား''

''အိပ်ပျော်ပါတယ်၊ ညို သွားတော့မယ်နော်''

ခပ်သုတ်သုတ်လျှောက်သွား သော သင္ဂွာညိုကိုကြည့်၍ မသင်းသင်း ဦးမှာ ပင့်သက်မောကို ချလိုက်မိတော့ ၏။

''အင်း.....ဒီကောင်မလေး တစ်ခုခုဖြစ်နေတာတော့ သေချာတယ်၊ ဇာတ္တ ရည်းစားနဲ့ ချိန်းထားတာများလား''

တကယ်တမ်း သင္ဂွာညိုအဖြစ်ကို သိရလျှင် ရင်နာစရာဖြစ်သွားရပေမည်။ ဦးစိုးမင်းချိန်းရာသို့ သူမက အရောက်သွားရ၏။ ခြိမ်းခြောက်ခြင်းတစ်ခုက သူမအား ခြောက်လှန့်နေပြန်ရာ သူမဘက်က ငြင်းဆန်နိုင်ခြင်းမရှိခဲ့ပေ။ တွေးကြည့်လျှင် သူမ၏ဘဝအား သိန်းငါးဆယ်နှင့် ဦးစိုးမင်းထံ ရောင်းစားလိုက်ရသည့်သဘောမျိုးဖြစ်နေ၏။ ထိုဘဝမျိုး အိပ်မက်ပင် မမက်ခဲ့ဖူး၍ ရင်နာသည်ထက် ရင်နှင့်စေရ၏။

''အမေသာသိရင် ငါ့လုပ်ရပ်ကို ရှက်လို့သေသွားမှာပဲ၊ အခုနေများ ငါသေသွားရင် ဒီဘဝက လွတ်မြောက်သွားပြီ''

ကိုယ့်ဘဝကိုကိုယ် အဆုံးသတ် ရန် အကြိမ်ကြိမ် ကြံစည်ခဲ့သော်လည်း သေမင်းက သူမအား လက်မခံပြန်ဘေး

''ငါဘာကြောင့်များ သတ်ဆုံး ရှုံးနေရတာလဲ၊ ငါသေရင် ဒီအကြောင်း လမ်းက ပြီးဆုံးသွားပြီပဲ၊ ကျွေးတဲ့ အားဆေးဆိုတာ ငါ့ကိုမှ ရေးကောင်းခဲ့မှ မကျေးဇူးတဲ့ ဒီ

www.burmeseclassic.com

www.burmeseclassic.com

ကြောင့်လည်း ဦးစိုးမင်းဟာ ခုချိန်ထိ လူသိရှင်ကြား မိန်းမ မယူတာဘဲကိုး''

ဦးစိုးမင်းနှင့်အတူရှိနေချိန်တွင် ကောင်မလေးတစ်ယောက် Message ပို့ထား၏။ ဖတ်မိသူပင် ရှက်မိသည်။ ထိုမှ ဦးစိုးမင်းအကြောင်းကို သိခဲ့ရ၏။

''ဒီကောင်မလေးလည်း ငါ့လိုပဲလား၊ ဒါမှမဟုတ်ရင် အပျော်ပဲလား၊ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးက ငါ့ဘဝလောက် ဆိုးမယ်မထင်ပါဘူး၊ ဩော်.....မေတ္တာစိတ်မရှိတော့လည်း မသတီစရာတွေနဲ့ ဒီဘဝက ထွက်ပြေးချင်လိုက်တာနော်''

သို့ပေမယ့် သင္ဘာညိုတွင် သတ္တိက မရှိပြန်ပေ။ မိခင်ကြီးကို ထားခဲ့၍လည်း မဖြစ်ပါ။ ဦးစိုးမင်းက ကုမ္ပဏီပိတ်ရက်တွင် ချိန်းသည့်အတွက် မိခင်ကြီးအား မုသားပြောရပြန်သည်။ သင္ဘာညိုဘဝက ငြင်းခွင့်မရှိသော လှောင်အိမ်ထဲက ငှက်ငယ်လေးဖြစ်နေ၏။ ယောကျ်ားတစ်ယောက်အဖို့ မိန်းမတစ်ယောက်အား မည်သည့်နည်းဖြင့် ပိုင်ဆိုင်ခဲ့သည်ဖြစ်စေ ထိုမိန်းမအဖို့ ထိုသူ၏ အသုံးတော်ခံဘဝသို့ ကျရောက်သွား၏။ တစ်ကြိမ်တစ်ခါမှ အကြိမ်ကြိမ်အခါခါ ပေးဆပ်ရင်း စိတ်အကျဉ်းသားဘဝမှ ရုန်းမထွက်နိုင်တော့ပေ။

''ငါ ဘယ်အချိန်ထိ ပေးဆပ်နေရဦးမှာလဲ၊ ငါ့ဘက်ကငြင်းရင် ဦးစိုးမင်းရဲ့ ခြိမ်းခြောက်စကားတွေကို မပယ်ရှားနိုင်ပြန်ဘူး။ သူ့ကိုသတ်လိုက်ရင်..''

သင္ဘာညို တွေးမိပြန်ရာ လူသတ်မှုပါ ထပ်တိုးပြီး ပိုဆိုးနေပေမည်။ သည်တော့ နှလုံးသားမှ သွေးမျက်ရည်များ နှင့် ဆုတောင်းမိ၏။

''အရှင်ဘုရား ဒီဘဝက အမြန်ဆုံး တပည့်တော်မ လွတ်မြောက်ပါရစေတော့၊ ဒီအဖြစ်မျိုးနဲ့ လူဖြစ်မရှုံးရပါစေနဲ့ ဘုရား''

ဆုတောင်းတိုင်း ရင်မှာနင့်သွားရ၏။ နှလုံးသားမှ ခံစားချက်ကြောင့် စူးအောင့်လာသည့် ဝေဒနာကို သင္ဘာညိုမကုစားချင်တော့ပါ။ ထိုဝေဒနာနှင့်ပင် မြန်မြန်သေချင်နေသည်။

''အမေ.....သမီးသေပါရစေ အမေရယ်၊ သမီးရင်ထဲမှာ မခံစားနိုင်တော့လို့ပါ။ ဝေဒနာတစ်ခုကို ကြိတ်မိတ်ခံစားနေရတာထက် သေသွားတာမှ ကောင်းပါသေးတယ်၊ အမေ..... အမေ.....''

''ဟဲ့.....သမီး၊ ဘာတွေယောင်အော်နေတာလဲ၊ သမီးအော်သံကြားလို့ အမေလာကြည့်တာပါ။ အိုကွယ်.....ကြည့်ပါဦး၊ ချွေးတွေစိုရွှဲနေပါလား''

မိဘ၏ အကြင်နာမေတ္တာစကားက သင္ဘာညိုအား ဝမ်းနည်းစေရသည်။ ဒေါ်ထွေးမြင့်က သမီးဖြစ်သူ၏ စကားများကို မကြားလိုက်ပေမယ့် မျက်ရည်များနှင့် ငိုနေသော သမီးအား ထွေးဖက်ထား၏။

''အမေ့သမီးလေး ဘာကိုများကြောက်နေပါလိမ့်၊ ကြည့်ရတာ အိပ်မက်ဆိုးတွေ မက်နေပြီနဲ့တူပါရဲ့၊ အဝတ်လဲလိုက်ဦးကွယ်၊ တော်ကြာ အအေးပတ်နေလိမ့်မယ်၊ နေဦး.....ရေလေးအရင်သောက်လိုက်ကွယ်''

''ဟုတ်ကဲ့ အမေ''

ကလေးတစ်ဦးနှယ် ယုယကြင်နာပြီးမှ သင္ဘာညိုအား စောင်လေးပြန်ခြုံပေးပြီး စောင့်ကြည့်နေသေး၏။ စိတ်ချရမှ မီးကိုမှိတ်၍ အခန်းအပြင်သို့ ပြန်ထွက်သွားရှာသည်။ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကျန်ခဲ့ရသူ သမီးအဖြစ်ကို ဒေါ်ထွေးမြင့်က မသိရှာပေ။ သင္ဘာညိုသည် မျက်ရည်စီးကြောင်းလေးများဖြင့် အိပ်မပျော်နိုင်ဖြစ်နေရသည်။

''ရော့.....ရင်ထိုးက ရွှေစျေးကျသွားလို့ နှစ်သိန်းကျော်ပြန်ပိုတယ်၊ အလေးချိန်ရော၊ စိန်ထည်ရော တစ်ပုံစံတည်း လုပ်ခိုင်းထားတယ် ညို၊ ဟဲ့.....ရှင်က ဘယ်လိုဖြစ်နေတာလဲ''

သင္ဘာညိုက စိတ်ဝင်စားခြင်းမရှိဘဲ ငေးငိုင်နေသည့်အတွက် အေးသက်ခိုင်က ပခုံးကိုပုတ်မေးလိုက်၏။

''ငါ စိတ်မဝင်စားတော့ဘူးဟာ၊ ပိုတဲ့ငွေကို နင်ယူထားလိုက်တော့''

''ဟယ်.....နှစ်သိန်းကျော်ဆိုရင် ရွှေလက်ကောက်၊ ဒါမှမဟုတ်ရင် လက်စွပ်နဲ့ နားကပ်တော့ ကောင်းကောင်းရတယ်နော်၊ နင်ဘာဝယ်မလဲ ပြောလေ''

''တော်ပါပြီ ခိုင်ရယ်၊ ရွှေဆိုရင် လှည့်တောင်မကြည့်ချင်တော့ပါဘူး၊ ဒီရွှေထည်ပစ္စည်းကြောင့် ငါစိတ်ညစ်ရတာ သတ်တောင်သေချင်နေတယ်''

''အေးလေ၊ တစ်လ တစ်လ နင့်လခက အကြွေးဆပ်နေရတာနဲ့ပဲ ကုန်နေမှာ၊ ဒေါ်လေးရော သိသွားပြီလား''

သင္ဘာညိုက ခေါင်းကိုခါယမ်းပြလိုက်သည်။

''မိဘကိုတော့ တိုင်ပင်သင့်တယ်

www.burmeseclassic.com

www.burmeseclassic.com

ညီ့၊ နင် ဒီအတိုင်းသွားနေရင် စိတ်ညစ်ရမှာပေါ့၊ ဒေါ်လေးမှာ အတွင်းစည်းလေးတွေ၊ စုထားတာလေးတွေ ရှိနိုင်ဘူးလားဟင်''

''ရှိလည်းမလုပ်ရက်ပါဘူး ခိုင်ရယ်၊ ငါ့အပြစ်နဲ့ငါ ပေးဆပ်ရတော့မှာပေါ့၊ အသက်ကြီးမှ အမေ့ကို စိတ်ဆင်းရဲစေချင်ဘူး''

''အေး၊ ရှင့်လိုသမီးမျိုးက ရှားပါတယ်နော်၊ တချို့သားသမီးများ မိဘမှာရှိတဲ့ပစ္စည်းကို မျှော်နေတတ်ကြတာ၊ သူတို့ဆီကရဖို့များ ဝေးစွ၊ ပါးစပ်က ပြောပြီး လက်ကလာတာမျိုးမှ မဟုတ်တာ၊ ကိုယ့်မိဘကို သနားရမှန်း မသိကြပါဘူး''

သင္ဂြာညိုသည် ပြန်ရန် မတ်တတ်ထရပ်လိုက်၏။ အေးသက်ခိုင်က အံ့အားသင့်သောမျက်နှာဖြင့်.....

''ပြန်တော့မလို့လားကွ၊ တစ်ခုခုစားသွားဦးလေ''

''စားချင်စိတ်လည်း မရှိတော့ပါဘူးကွာ၊ ရင်ထဲမှာ ပူလောင်နေပြီး တစ်မျိုးကြီးပဲ၊ ဘုရားကိုသွားမယ်ကွာ''

''ဒီပိန်းမ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး၊ ရှင့်ငွေတွေ ဒေါ်လေးကိုသွားပေးလိုက်မယ်နော်''

အေးသက်ခိုင် ပြောလိုက်သောစကားအား သင္ဂြာညိုက မကြားတော့ပါ။ တက္ကစီတစ်စီးပေါ် တက်သွား၏။ အေးသက်ခိုင် ပြေးထွက်လာချိန်တွင် တက္ကစီက တစ်ရှိန်ထိုး မောင်းထွက်သွားတော့သည်။

''မဖြစ်ပါဘူးလေ၊ အခုပဲ ဒေါ်လေးဆီသွားပြီး ပြောပြရမယ်၊ ငါ့သူငယ်ချင်း ခံစားနေရတာ သနားပါတယ်၊ ငွေကြောင့် စိတ်ဆင်းရဲပြီး ပိန်သွားလိုက်တာ၊ သူကြည့်ရတာ အားမရဘူး။ အရင်က ဝဝဖြိုးဖြိုးလေးနဲ့ ချစ်စရာလေးပါ''

အေးသက်ခိုင်သည် အိမ်ထဲသို့ ပြန်ဝင်သွားပြီး ယူစရာရှိသည်တို့ကိုယူပြီးနောက် အိမ်တံခါးသော့ခတ်လိုက်၏။ ပြီးမှ ဒေါ်ထွေးမြင့်ရှိရာသို့ ထွက်သွားတော့သည်။

''ငွေနောက်လိုက်ရင်း အမှားလုပ်မိရင် ဒုက္ခ၊ ငါ့သူငယ်ချင်းကို ပျက်စီးသွားမှာ စိုးရိမ်တယ်၊ ဒီအကြောင်းတွေ သူ့အမေနဲ့ တိုင်ပင်ပြောပြရမယ်၊ ဟုတ်တယ်၊ သူဘုရားသွားတုန်း ပြောပြထားရမယ်''

အေးသက်ခိုင်က ထိုဆုံးဖြတ်ချက်ဖြင့် ထွက်သွားခဲ့ခြင်းဖြစ်သည်။

သင္ဂြာညိုမှာ အေးသက်ခိုင် အိမ်သို့လိုက်သွားကြောင်းမသိဘဲ ရွှေတိဂုံဘုရားတွင် ရောက်ရှိနေ၏။

''ဘုရားရောက်တော့ ငါ့စိတ်တွေ အေးချမ်းသွားရပါလား။ တပည့်တော်မမှာ ဝဋ်ကြွေးရှိသမျှ ကျေပါစေတော့၊ နောင်ဘဝ လူပြန်ဖြစ်နိုင်ရင် အေးချမ်းသာယာပြီး စိတ်သောကကင်းဝေးသူဖြစ်ရပါစေ၊ ဒုက္ခဆိုးမှ ကင်းဝေးရပါလို၏ ဘုရား''

သင္ဂြာညိုသည် ရွှေတိဂုံဘုရားကို ရှိခိုးပြီးနောက် စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ်ပတ်လိုက်သည်။ ဘုရားရင်ပြင်တော်ပေါ်တွင် စိတ်ချမ်းသာစရာကောင်းသော မိသားစုများကို တွေ့ရစဉ် မျက်ရည်ရစ်ဝဲမတတ် ဝမ်းနည်းသွား၏။

''ငါ့မှာ သောကတွေကြောင့် အမေ့ကို ဘုရားမပို့ရတာတောင် ကြာနေပြီ၊ အမေက မပြောရှာပေမယ့် သွားချင်မှာပဲ''

ဘုရားဖူးလာကြသည့် အဘွားအိုများနှင့် အမေအရွယ်များကိုတွေ့တိုင်း ဝိဝင်းကြီးအား သတိရနေ၏။ သည်နောက်တွင် ဘုရားတန်ဆောင်းတစ်နေရာ၌ ထိုင်နားနေလိုက်သည်။ မည်မျှကြာသည်မသိပါ။ အိတ်ထဲမှ ဖုန်းမြည်သံကြားမှ အတွေးများကို ရပ်လိုက်မိ၏၊

''ဒုက္ခပဲ၊ ဟိုလူကြီး လှမ်းခေါ်တာများလား၊ စိတ်ဆင်းရဲစရာပဲ''

ဖုန်းနံပါတ်ကိုကြည့်လိုက်စဉ် အေးသက်ခိုင်၏ဖုန်းဖြစ်နေ၍ စိတ်သက်သာသွား၏။

''ပြော.....ခိုင်''

''ညို ရှင်လား၊ ရှင်အခု အိမ်ပြန်လာခဲ့ကွာ၊ ခိုင် ရှင့်အိမ်ကို ရောက်နေတယ်၊ ဒေါ်လေးကိုလည်း ပြောပြထားပြီးပြီ၊ ဒေါ်လေးက ရှင့်ကို တွေ့ချင်နေတယ်တဲ့၊ ရော့...ရော့၊ ဒေါ်လေးနဲ့ပြောလိုက်ဦး''

အေးသက်ခိုင်က သက်သက်ဖွပြီဆိုတာသိလိုက်၍ သက်ပြင်းမောကို ချလိုက်မိ၏။

''သမီးလေး အမေ့ကို ပြောရော ပေါ့ကွယ်၊ အမေ တစ်ခုခုစိစဉ်ရောင်းချပေးလိုက်မှာပေါ့၊ ငါ့သမီးလေး စိတ်ဆင်းရဲနေမှန်း အခုမှပဲ အမေသိရတော့တယ်၊ ဘာမှ စိတ်မပူနဲ့သမီး ပြန်လာခဲ့တော့နော်''

''ဟုတ်ကဲ့ပါ အေး သမီးပြန်လာပါ့မယ်နော်''

''အေး...အေး ဒီတော့သမီး''

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

ဒေါ်ထွေးမြင့်က သင္ဘာညိုအား ပြန်ခေါ်နေသည့်အတွက် ရွှေတိဂုံဘုရားပေါ်မှ အလျင်အမြန် ပြန်လာရတော့သည်။ ဘုရားဖူးများနှင့် စည်ကားနေသည့်အတွက် တက္ကစီကို ရုတ် တရက် ငှားမရပြန်ပေ။

* * *

သင္ဘာညို အိမ်ထဲဝင်သည့်နောက် အိမ်တွင် မိခင်ဒေါ်ထွေးမြင့်နှင့် အေးသက်ခိုင်တို့အပြင် ညီသည်အမျိုးသားနှစ်ဦးကိုပါ တွေ့နေရ၏။

"ဟော.....ဒေါ်လေးသမီး သင္ဘာညို ရောက်လာပါပြီကွယ်၊ ငါ့တူတို့ ကိစ္စသာ ပြောပြပါတော့"

"အမေ ဘယ်သူတွေလဲဟင်"

"ထိုင်ပါဦး ညီရာ၊ ခိုင်တို့လည်း မသိဘူး၊ မင်းကိုတွေ့ချင်လို့ဆိုပြီး စောင့်နေကြတာပဲ၊ ရှင့်ဖုန်းကို ထပ်ဆက်လိုက်သေးတယ်၊ မကိုင်ဘူး"

အေးသက်ခိုင်က ရှင်းပြပေးပြီး သည်နှင့် ညီသည်အမျိုးသားတစ်ဦးက သင္ဘာညိုအား ရယ်ပြုံးနှုတ်ဆက်လိုက်၏။

"ကျွန်တော်တို့ကို မသင္ဘာညို သိမှာမဟုတ်ပါဘူး၊ ဒီလိုဗျ.....ကျွန်တော့် အစ်ကိုလင်မယားက စင်ကာပူကို ပျားရည်ဆမ်းခရီးထွက်သွားကြပါတယ်၊ မင်္ဂလာပွဲတုန်းက အမှတ်တရတောက်ပုံနဲ့ ဗီဒီယိုမှတ်တမ်း C.D က စင်ကာပူမှာ သွားကူးလို့ ကြာသွားတယ်၊ အခုပြန် ရောက်တော့မှ ဟိုတယ်ကဖုန်းဆက်တဲ့ ကိစ္စကို သိခဲ့ရတာပေါ့၊ ရိုက်ထားတဲ့ မှတ်တမ်းတောက်ပုံတွေ၊ ဗီဒီယိုတွေမှာ ပြန်ရှာကြည့်တော့ ပိုင်ရှင်အစစ်အမှန်ကို သိရပါတော့တယ်ဗျာ"

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ နားမလည်ဘူး၊ ရှင်းရှင်းပြောပါ နော်"

"ဟုတ်ကဲ့၊ ဒီလိုပါဗျာ၊ ---ဟို တယ်မှာ မင်္ဂလာပွဲကျင်းပချိန်က ညည်းသည်တစ်ယောက် ကျကျန်ခဲ့တဲ့ပစ္စည်း တစ်ခုကို ဟိုတယ်ဝန်ထမ်းတွေက ကောက်ရခဲ့ပါတယ်၊ ပိုင်ရှင်ရှာပြီး ပြန်ပေးဖို့ ဓာတ်ပုံမှတ်တမ်းနဲ့ ဗီဒီယိုမှတ်တမ်းတွေကို ကြည့်လိုက်တော့ မသင္ဘာညို့ရဲ့ ပစ္စည်းဖြစ်မှန်း သက်သေပြပေးလိုက်ပါတယ်ဗျာ"

"ရှင်....."

သင္ဘာညိုမှာ အံ့သြလွန်း၍ကြောင် အမ်းအမ်းဖြစ်နေတော့သည်။ အေးသက်ခိုင်နှင့် ဒေါ်ထွေးမြင့်တို့က ဝမ်းသာသွားကြ၏။ ညည်သည်အမျိုးသားနှစ်ဦးသည် သူတို့ယူဆောင်လာသော ပစ္စည်းအား ဘူးတစ်ခုတွင် ထည့်ထားရာမှ ထုတ်ယူပြလိုက်၏။

"ဒါဟာ တန်ဖိုးရှိတဲ့ စိန်ထည် ပစ္စည်းနဲ့ ပြုလုပ်ထားတဲ့ ရွှေရင်ထိုးလေး ပဲမဟုတ်လား၊ ဒါကြောင့်မို့ မသင္ဘာညို့ရဲ့ပစ္စည်းကို ပိုင်ရှင်ဆီ ပြန်လည်ပေး အပ်ရတာပါဗျာ"

"ကျွန်မပစ္စည်း....."

"ဟုတ်တယ်လေ၊ ဒါက ခင်ဗျား ရဲ့ပစ္စည်းပဲ၊ ပဝါပန်းဆီရောင်ပေါ်မှာထိုး ထားတဲ့ရင်ထိုးက တလက်လက်နဲ့လေ၊ ရောလေ.....ယူလေ"

သင္ဘာညိုသည် ထိုရင်ထိုးကို ကြည့်ပြီး သူမ ဒုက္ခရောက်ခဲ့ပုံ ပြောင်းကွင်းအစုံစုံကို ပြန်မြင်လာရန်း မျက်ရည်တပေါက်ပေါက် ကျလာတော့၏။ ထိုရင်ထိုးကြောင့် သူမ ဘဝပျက်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်ရာ ဝမ်းနည်းခြင်းမက ဝမ်းနည်းသွားရသည်။

''ရော့လေ မသဇ္ဇာညို၊ စိန်ရင်ထိုးလေးက အရမ်းလှတာပဲ၊ တော်တော်တန်ဖိုးရှိမယ်နော်''

''ယူလိုက်လေ ညို၊ အဲဒါ မင်းပျောက်သွားတဲ့ စိန်ရင်ထိုးလေ၊ ဥစ္စာရင်းမှန်လို့ ပြန်ရတာနော်''

''ဟုတ်တယ် သမီး၊ ယူလိုက်တော့လေ''

သဇ္ဇာညို့မှာ သူမ ခံစားခဲ့ရပုံနှင့် ငိုကြွေးခြင်းက မတန်တော့ပေ။ သည်တော့ ထိုရင်ထိုးအား အန္တရာယ်ဆိုးတစ်ခုဟု မြင်ယောင်လာ၏။

''ဟင့်အင်း...မယူဘူး...မယူဘူး၊ ညို မယူပါရစေနဲ့တော့၊ ညို့ကိုထပ်ပြီး မနှိပ်စက်ကြပါနဲ့တော့ရှင်၊ ဟင့်အင်း... ဟင့်အင်း၊ မယူဘူး.....မယူဘူး''

အထပ်ထပ်ငြင်းဆန်ပြီးနောက် သဇ္ဇာညို့တစ်ယောက် ဝမ်းနည်းခြင်းအား ထိန်းချုပ်မရသည့်အဆုံး၌ အသံကြီးပြတ် ပုံကျသွားတော့၏။

''ဟင်...လုပ်ကြပါဦး သမီးလေး ဘယ်လိုဖြစ်သွားတာလဲ''

''မေ့သွားပြီ အေ်လေး ရှူဆေးရှိလားဟင်''

''ကျွန်တော် စမ်းသပ်ကြည့်ပါရစေဦးဗျာ၊ ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ''

''ဒါဆို ကြည့်ပါဦးကွယ်၊ အခေါ် သမီးလေး ဘာဖြစ်သွားလဲဟင်''

ညည်းသည်အမျိုးသားသည် သဇ္ဇာညို့ကို အမျိုးမျိုးစမ်းသပ်ကြည့်ပြီးနောက် ခေါင်းကို တဖြည်းဖြည်းခါယမ်းပြလိုက်၏။

''စိတ်မကောင်းပါဘူးဗျာ၊ မသဇ္ဇာညို့တစ်ယောက် ခံစားမှုကို မထိန်းနိုင်လို့ သေဆုံးသွားပါပြီ၊ သူ့မှာ နှလုံးရောဂါရှိပုံရပါတယ်ဗျာ''

''ရှင်.....အမယ်လေး ဖြစ်ရလေ သမီးလေးရယ်''

''ညို...ဒိုင့်ကို တကယ်ပဲ ခွဲသွားခဲ့ပြီလားကွယ်''

ကျန်ရစ်သူများ၏ ပူဆွေးသောကအား သဇ္ဇာညို့တစ်ယောက် မသိနိုင်တော့ပေ။ သူမကဖြင့် ထိုဝဋ်ကြွေးမှ လွတ်ကင်းသွားပြီး ဘဝတစ်ခုသို့ ရောက်ရှိသွားခဲ့ပြီဖြစ်၏။

လေးစားစွာဖြင့်
နွေအလွန်

ဆရာ...

လက္ခဏာ၊နက္ခတ်နှင့်သချိုင်္ဂဗေဒပညာရှင်
အမှတ်-၁၆၃(ပထပ်)၊၄၆လမ်း(အထက်ဘလောက်)၊ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။(ဗုဒ္ဓဟူးနေ့တိုင်းပိတ်သည်)

☎ 01-296369 09 73187185

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မြင့်ညီး ခရိုင်ပါး

www.burmeseclassic.com

www.burmeseclassic.com

မိုးနဲ့နွားသိုး အစိုးမရဘူးဆိုတဲ့ စကားက တယ်မှန်ပဲ။

ကြည့်လေ၊ တစ်မနက်လုံး နေပူနေပြီး ညနေစောင်းရောက်တာနဲ့ ရေငြည့်အိုးကို တုတ်နဲ့ရိုက်ခွဲချလိုက်သလို မြန်စားကြီး ရွာချလိုက်တဲ့မိုးက သဲကြီးမဲကြီး။

"ကဲ.....သူငယ်ချင်း၊ ကိုယ် အိမ်ကပဲ စောင့်နေတော့မယ်၊ သိပ်အကြာကြီးလည်း လုပ်မနေနဲ့၊ အခုတောင် ၆ နာရီခွဲတော့မယ်"

ထိုင်ခုံကို နောက်သို့တွန်းရွေ့ပြီး တင်နိုင်ဝင်းက ပြောလိုက်တယ်။

ဇော်ဝင်းကလည်း လက်ပတ်နာရီကို ငဲ့ကြည့်ပြီး.....

"အေးပါကွာ၊ တော်ကြာဆို ဆေးခန်းပိတ်တော့မယ့်ဥစ္စာပဲ၊ သိပ်မကြာဆေးဘူး၊ စိတ်ချ"

တင်နိုင်ဝင်း ခေါင်းညိတ်ပြပြီး ထွက်ခဲ့တယ်။ ဆေးခန်းပိုင်ရှင် ဒေါ်အေးအေးက ဆေးကောင်တာနောက်ကနေ ပြုံးပြပြီး နှုတ်ဆက်တယ်။

ဆေးခန်းရှေ့မှာထွန်းထားတဲ့ မိုနှ်ပျဖျမီးရောင်အောက်မှာ ပုစွန်ဆိတ်ကလေးတွေ ခုန်ပျံနေသလို အဆက်မပြတ် လှုပ်ရှားနေတဲ့ မိုးစက်မိုးပေါက်တွေကို မြင်ရတယ်။

ဆေးခန်းရှေ့မှာရပ်ထားတဲ့ ကိုရီလာကားဖြူလေးဟာ မိုးရေရဲ့ ဆေးကြောထားမှုကြောင့် အရောင်တောက်ပြောင်နေတယ်။

တင်နိုင်ဝင်းက အဲဒီကားဖြူလေးဆီ လှမ်းသွားပြီး ကားတံခါးဖွင့်ဖို့ သော့တံကို ထုတ်လိုက်တယ်။ ဒါပေမဲ့ ကားတံခါးသော့ ထည့်လှည့်နေစရာတောင် မလိုဘဲ သူ့အလိုလို ပွင့်နေတယ်။ စိတ်ထဲမှာ တော်တော်လေး ထူးဆန်းသွားတယ်။ ကားတံခါးက ဘာကြောင့်များ ပွင့်နေပါလိမ့်။ ညောင်.....သူကားတံခါးသော့ပိတ်ဖို့ မေ့သွားတာပဲဖြစ်မယ်ထင်တယ်။ ကိုယ့်စိတ်ကို ဖြေသိမ့်ပြီး ကားထဲဝင်ထိုင်လိုက်တယ်။ လက်ဆွဲအိတ် ကို ကားနောက်ခန်းထဲ ပစ်ထည့်လိုက် ပြီး ကားကိုမောင်းထွက်ခဲ့တယ်။

ကတ္တရာလမ်းက မိုးရေကြောင့် ပြောင်ချောနေတာမို့ အရမ်းမောင်းလို့ မဖြစ်ဘူး။ ဒါကြောင့် ကားကို မှန်တန်းလေးပဲ မောင်းခဲ့တယ်။ စိတ်ကူးလည်း ယဉ်ရင်းနဲ့ပေါ့လေ။

အတော်လေးကြာတော့ နှာခေါင်းထဲကို အနံ့အသက်တစ်မျိုးက ဝင်ရောက်လာလို့ စိတ်ကူးယဉ်တာ ပျက်ပြယ်သွားတယ်။ အဲဒီအနံ့အသက်က တစ်မျိုးပဲ။ ချဉ်တူးတူးနဲ့ စူးစူးပါးပါးနိုင်တယ်။ အဲဒီအနံ့ဆိုးကြီးကြောင့် ခေါင်းထဲမှာတောင် နောက်ကျိကျိဖြစ်သွားချင်တယ်။ ပြီးတော့ ပျို့ချင်အန်ချင်သလိုလည်း ဖြစ်သွားမိတယ်။

နှာခေါင်းထဲကို တိုးဝင်လာတဲ့ အနံ့ဆိုးကြောင့် စိတ်ထဲမှာ သက်သာမကင်းဖြစ်ပြီး နောက်ဘက်ကို သမင်လည်ပြန်လှည့်ကြည့်ဖို့ ကြိုးစားလိုက်မိတယ်။

"ဒီအတိုင်းပဲ ငြိမ်ငြိမ်လေး နေလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ် ထင်ပါတယ်၊ အဲ.....နောက်ကိုလှည့်ကြည့်ဖို့တော့ နည်းနည်းလေးမှ စိတ်မကူးလိုက်ပါနဲ့"

သတိပေးသံအဆုံး နောက်ဆက်တွဲအဖြစ် ချွန်မြမြ အရာဝတ္ထုတစ်ခုက တင်နိုင်ဝင်းရဲ့ လည်ကုပ်ကို လာပြီး ထောက်တယ်။ ကြည့်ရတာ ဓားတစ်ချောင်းနဲ့ လာပြီးထောက်တာပဲ ဖြစ်မယ်ထင်တယ်။

ရုတ်တရက်ဆိုတော့ တင်နိုင်ဝင်းက ကားဘရိတ်ကိုတောင် ဆောင့်နင်းမိတော့မလို ဖြစ်သွားတယ်။

လည်ကုပ်ကို ထောက်ထားတဲ့ အရာဝတ္ထုက အသားထဲကို ဝိုပြီး စူးနစ်ဝင်ရောက်လာတယ်။

"အိုး.....ဟိုး ဒီလို မကြံကောင်း မစည်ရာတွေကို မကြံစည်လိုက်ပါနဲ့ လေ ကားကို သာ ဆက် မောင်းမှာ မောင်းစမ်းပါ"

သည်တော့လည်း တင်နိုင်ဝင်း နင်းထားတဲ့ ကားဘရိတ်ကို [illegible] လိမ်ကိုနင်းတယ်။ [illegible] မောင်းဆုတ်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

''ကျုပ်က ကားကို ဘယ်ကို မောင်းရမှာလဲ''

''ဒေါက်တာက အခု အိမ်ကိုပြန် နေတာမဟုတ်လား၊ ဒီတော့ ဒေါက်တာ့အိမ်ကိုပဲ မောင်းပေါ့ဗျာ''

တင်နိုင်ဝင်း ပခုံးတွန့်ပြီး ကားကို မှန်တန်းလေးပဲ မောင်းခဲ့တယ်။ ကားမောင်းရင်း နောက်ကြည့်မှန်ထဲကနေ အဲဒီလူရဲ့မျက်နှာကို မသိမသာ လှမ်းကြည့်မိတယ်။ ကားထဲမှာထွန်းထားတဲ့ မီးအလင်းရောင်ကြောင့် သူ့မျက်နှာကို ကောင်းကောင်းကြီးမြင်ရတယ်။

''ဘာလဲ၊ ကျုပ်ရဲ့မျက်နှာကို ကြည့်ပြီး အလွတ်ကျက်မှတ်ဖို့ ကြိုးစားနေတာလား၊ ရပါတယ်၊ သိပ်ပြဿနာတော့ မရှိပါဘူး။ အဲ.....ခင်ဗျားရဲ့အိမ်ကျရင်လည်း ကျုပ်ရဲ့မျက်နှာကို တွေ့ရဦးမှာပဲဥစ္စာ၊ ဟင်း..... ဟင်း''

တင်နိုင်ဝင်းရဲ့ အတွင်းစိတ်ကို ဒက်ထိသိနေသလို သူကလှမ်းပြောတယ်။ သူက ကြည့်ခွင့်ပေးတော့ လည်း တည့် တည့် မတ် မတ် ပဲ ဖြောင့်ကြည့်မိတယ်။ သူ့အသက်က လေးဆယ်ပတ်ဝန်းကျင်လောက်ရှိမယ်၊ မရိတ်မသင်ဘဲထားတဲ့ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကအပြည့်။ ဆံပင်ကလည်း စုတ်စုတ်ဖွားဖွား။ သူ့ကိုကြည့်ရတာ အချုပ်အနှောင်တစ်ခုခုကနေ လွတ်မြောက်လာတဲ့လူတစ်ယောက်လို ပဲ၊

''အဟင်း.....ဘာလဲ၊ ကျုပ်ကို ကြည့်ပြီး ထောင်ထွက်တစ်ယောက်ဖြစ်လိမ့်မယ်လို့ ခင်ဗျားရဲ့စိတ်ထဲမှာ မထင်မိဘူးလားဟင်''

တင်နိုင်ဝင်း မျက်လုံးအကြည့်ကို လွဲဖယ်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိတယ်။ သူက စကားဆက်ပြောတယ်။

''ဟုတ်တယ်၊ ကျုပ်က ထောင်ထွက်တစ်ယောက်ပဲ၊ လူသတ်မှုတစ်ခုနဲ့ ထောင်ထဲမှာ အကြာကြီးနေခဲ့ရ တယ်၊ အဲဒီလို ထောင်ထဲမှာ ကျုပ် သွားနေရတဲ့အချိန်မှာ အပြင်မှာ ကျုပ်ရဲ့မိန်းမနဲ့ ကျုပ်ရဲ့အချစ်ဆုံးသားလေး ကျန်ခဲ့တယ်လေ''

''နေစမ်းပါဦး၊ ဒီကိစ္စတွေက ကျုပ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ''

''သိပ်ကိုပတ်သက်နေတာပေါ့ ဗျာ၊ ကျုပ် ထောင်ထဲမဝင်ခင်တုန်းက ကျုပ်ရဲ့သားလေး ဖော်ဖော်ရှိနေပေမယ့် ကျုပ်ထောင်ထဲရောက်သွားတော့ ကျုပ်ရဲ့သားလေးလည်း မရှိတော့ဘူးလေ''

တင်နိုင်ဝင်း မျက်ခုံးတစ်ဖက်ကို သာ အသာပင့်တင်လိုက်မိတယ်။

''လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပဲ ဝမ်းရောဂါနဲ့ သေဆုံးသွားခဲ့တယ်လေ၊ အမှန်တော့ ကျုပ်ရဲ့သားလေးဟာ မသေသင့်ဘဲ သေသွားရတာပဲ''

တင်နိုင်ဝင်း နားစွင့်ထားရင်း ကားကို ဘယ်ဘက်ကို ချိုးကွေ့လိုက်တယ်။

''ကျုပ်ရဲ့သားလေး အခုလိုသေရတာ ဘယ်သူ့ကြောင့်လို့ထင်သလဲ''

''ကျုပ် ဘယ်သိမလဲဗျ''

''ခင်ဗျားကြောင့်ဗျ.....ခင်ဗျားကြောင့်''

''ဘာဆိုင်လို့လဲ''

''သိပ်ကိုဆိုင်တာပေါ့ဗျာ၊ ဝမ်းရောဂါဖြစ်နေတဲ့ ကျုပ်ရဲ့သားလေးကို ခေါ်ပြီး ကျုပ်မိန်းမ ခင်ဗျားဆီရောက်လာတယ်၊ အချိန်မီ ကုသပေးဖို့ ပြော ခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားက ကျုပ်ရဲ့ သားလေးကို စမ်းသပ်ရုံတင် စမ်းသပ်ပြီး ဂရုတစိုက်နဲ့ ကုမပေးခဲ့ဘူး၊ နောက်ပြီး တခြားအရေးကြီးတဲ့ လူနာတယောက်ကို ကုသပေးစရာရှိတယ်ဆိုပြီး ထွက်သွားခဲ့တယ်၊ အဲဒီမှာတင် ကျုပ်ရဲ့သား ဝမ်းရောဂါနဲ့ အသက်ဆုံးဖို့ ဖြစ်သွားရတာပဲ၊ ကဲ...ရှင်းပြလား ဒီအကြောင်းတွေကို ကျုပ်ရဲ့မိန်းမဆီ ကြားပြီးကတည်းက ခင်ဗျားကို ကျုပ် အရမ်းနာကြည်းနေခဲ့တယ်၊ ခင်ဗျားကိုလည်း လက်စားချေဖို့ စိတ်ဆုံးဖြတ်ချက်ချထားပြီး ထောင်ကလွတ်မယ့်ရက်ကို စိတ်ရှည်ရှည်နဲ့ စောင့်ခဲ့တယ်၊ ထောင်ကလွတ်တာနဲ့ ခင်ဗျားဆီ အရောက်လာပြီး လက်စားချေစိတ်ဆုံးဖြတ်ထားခဲ့တယ်လေ''

တစ်စတစ်စနဲ့ သူ့အသံက မြင့်တက်လာတယ်။ နာကြည်းခံပြင်းထန် အရိပ်အယောင်တွေနဲ့ ပြည့်လျှမ်းနေတယ်။ သူ့ဆီက အသက်ပြင်းပြင်းရှူနေတဲ့အသံကိုလည်း အတိုင်းသာကြားနေရတယ်။

''ဒါဆို ခင်ဗျား ကျုပ်ကိုသတ်တော့မယ်ပေါ့၊ လက်စားချေတော့မယ်ပေါ့လေ၊ ဟုတ်လား''

''အဟင်း...သိပ်ဟုတ်တာပေါ့''

''ကျုပ်ကိုသတ်လိုက်လို့ကော ခင်ဗျားရဲ့သားက ပြန်ပြီးအသက်ရှင်လာမှာတဲ့လား၊ ခင်ဗျားကော ထောင်ကပြန်ပြီး မသွားရတော့ဘူးတဲ့လား''

တင်နိုင်ဝင်းက သွေးတိုးပြီးသေမေးလိုက်တယ်။

''အဟင်း.....ဒါတွေ ကျုပ် ဘာမှမသိဘူး၊ ကျုပ်သိတာက တစ်

www.burmeseclassic.com

တည်းပဲ၊ ခင်ဗျားကိုသတ်ရမှ ကျုပ်ရဲ့စိတ် ကျေနပ်နိုင်မယ်၊ ဒါပဲ''

သူ့ကိုကြည့်ရတာ တော်တော် အေးမာမယ့်ပုံရတယ်။ ပြီးတော့ သားအနဲ့ စိတ္တဇအစွဲအလမ်းလည်း ဖြစ်နေပုံရတယ်။

တင်နိုင်ဝင်း နောက်ထပ်ဘာမှ မပြောတော့ဘူး။ ပြောနေလည်း ဘာမှထူးမှာမှမဟုတ်တာ။ လောလောဆယ်မှာ သူ့သားစိတ်နဲ့ ဒေါသမွန်နေတာ ကို။

ဘာပဲဖြစ်ဖြစ်ပေါ့လေဆိုပြီး စိတ်ကိုလျှော့ထားလိုက်ပါတယ်။

ကားကတော့ တင်နိုင်ဝင်းနေတဲ့ အိမ်ရှေ့ကို ရောက်လာလို့ ကားကိုထိုးရပ်ပြီး စက်သတ်လိုက်တယ်။ တင်နိုင်ဝင်းက ကားသော့ကို နုတ်ယူပြီး သူ့ကိုပြောလိုက်တယ်။

''ကဲ.....ကျုပ်ရဲ့အိမ်ကိုတော့ ရောက်ပြီ၊ အိမ်ထဲဝင်ပြီး အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ''

+++

မိုးရေတွေကြောင့် သူ့တစ်ကိုယ်လုံး စိုရွှဲနေတယ်။ နှုတ်ခမ်းတွေလည်း ပြာနှမ်းနေတယ်။ သူ့ကိုယ်ခန္ဓာက လည်းဆီမသာ တုန်လှုပ်နေတယ်။

''ခင်ဗျား အဝတ်အစားလဲထားဦးလား''

တင်နိုင်ဝင်းက လေအေးကလေးနဲ့ မေးလိုက်တယ်။

''မလိုပါဘူး၊ ကျုပ် ဒီအတိုင်း နေတတ်ပါတယ်''

''ဒါပေမဲ့ ဆိုဖာပေါ်မှာ အေးအေးဆေးဆေး သွားပြီးထိုင်ပါဦးဗျာ၊ ခင်ဗျား အချမ်းသက်သာသွားအောင် ကော်ဖီလည်းဆိုက်ပါ့မယ်၊ ဘယ့်နယ် လဲ အဲဒီလိုဆို အဆင်ပြေမယ်မဟုတ် လား''

ဒီတစ်ခါတော့ သူကဘာမှမပြောဘူး။ အမိန့်နာခံတဲ့ ကလေးတစ်ယောက်လို ဆိုဖာပေါ်မှာ သွားပြီးထိုင်ချလိုက်တယ်။ တင်နိုင်ဝင်း မီးဖိုခန်းထဲဝင်ပြီး နက်စ်ကော်ဖီကို ခပ်ခါးခါးလေးဖျော်ပြီး သူ့ဆီပြန်လာခဲ့တယ်။ သူ့ကို လှမ်းပေးတယ်။

''အဲဒါလေးကို သောက်လိုက်ပါ ဦး ချမ်းနေတဲ့ ခင်ဗျားကိုယ် နွေးနွေးထွေးထွေး ဖြစ်သွားအောင်ဗျာ''

သူက ကော်ဖီခွက်ကို လှမ်းယူ ရင်းနှုတ်ခမ်းကို တစ်ချက်မဲ့ပြီး လှမ်းပြောခဲ့ပုံက.....

''ကျုပ်ကို အခုလို ကော်ဖီတိုက်ရုံနဲ့ ခင်ဗျားအပေါ်မှာ တင်နေတဲ့ အကြွေးတွေ ကျေသွားမယ်လို့ မထင်လိုက်နဲ့ဦးနော်''

''ဟုတ်ပါပြီ၊ ကျုပ်သိပါတယ်၊ ကဲပါ.....စိတ်အေးအေးထားပြီး ကော်ဖီကိုသာ သောက်စမ်းပါ''

တင်နိုင်ဝင်းက လေအေးအေးနဲ့ ပြောလိုက်တဲ့အဆုံး သူက ကော်ဖီကို ဖြည်းဖြည်းချင်း မူတ်သောက်နေတယ်။

''တစ်ခါတစ်ခါမှာ လူတွေဟာ ကိုယ့်ကိုယ်ကိုယ် လည်လှုပ်ဆိုပြီး အငိုက်မိသွားတာမျိုး ရှိတယ်ဗျ''

တင်နိုင်ဝင်းရဲ့စကားကြောင့် သူက ကော်ဖီအသောက်ရပ်ပြီး မျက်နှာမော့ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ဩော်.....တခြားမဟုတ်ပါဘူး၊ ခင်ဗျား သောက်လိုက်တဲ့ ကော်ဖီထဲ မှာ ကျုပ်က အဆိပ်ခတ်ထားတယ်ဆို ရင် ခင်ဗျား ဘယ်လိုလုပ်မလဲ"

"ဘာဗျ...ဘာ..ခင်...ခင်ဗျား"

ကော်ဖီခွက်ကိုလွှတ်ချရင်း ဗလုံး ဗထွေးဖြစ်နေတဲ့ သူ့ကိုကြည့်ပြီး တင် နိုင်ဝင်း စကားဆက်ပြောတယ်။

"ဟုတ်တယ်၊ နောက် ဆယ်မိ နစ်လောက်ဆိုရင် ခင်ဗျားလည်း ခင် ဗျားရဲ့သားနောက်ကို လိုက်ရတော့မှာ ပဲ၊ အင်း..ကျုပ်က အခုလို မလုပ်ချင် ပေမယ့် ဒီလိုမှမလုပ်ရင်လည်း ကျုပ် အတွက်က အန္တရာယ်ဖြစ်လာနိုင်တယ် လေ၊ အင်း...လောကကြီးမှာ ကိုယ့် အသက်ရှင်ဖို့အတွက် တခြားလူရဲ့ အသက်ကို ပြန်ပြီးစတေးချင် စတေးရ မှာပဲ၊ ဒါက သိပ်တော့မဆန်းပါဘူး လေ၊ အဲ...တစ်ခုတော့ရှိတာပေါ့လေ၊ အခု ခင်ဗျားသောက်လိုက်တဲ့အဆိပ် ဆေးကို ပြန်ပြီးဖြေနိုင်တဲ့ ဖြေဆေး တော့ ကျုပ်မှာရှိတယ်ဗျာ"

ဒီတော့လည်း သူက မျက်လုံး ပြူး မျက်ဆံပြူးနဲ့ ခြေမကိုင်မိ၊ လက် မကိုင်မိ။

"ဒါ..ဒါဖြင့် အဲဒီဖြေဆေး ကျုပ်.. ကျုပ်ကို အမြန်ပေးပါဗျာ"

"အဟင်း..ခင်ဗျားက ကျုပ်ကို သတ်မယ့်ဥစ္စာ၊ အဲဒါကို ကျုပ်က အသက်ပြန်ရှင်အောင် လုပ်ပေးရမှာတဲ့ လား"

"ဒီလိုမလုပ်ပါနဲ့ဗျာ၊ ကျုပ်..... ကျုပ် ခင်ဗျားကို မသတ်တော့ပါဘူး၊ ကျုပ်ကိုသာ ဖြေဆေးပေးပါ၊ ကျုပ် ဖြေဆေးသောက်ပြီးတာနဲ့ ဒီကနေ အေးအေးဆေးဆေး ထွက်သွားပါ့ မယ်"

"ခင်ဗျား ကတိတည်တယ်နော်"

"အာ.....စိတ်ချပါဗျာ၊ ကျုပ် ကတိတည်မှာပါ၊ ကျုပ်ကိုသာ ဖြေ ဆေးပေးပါဗျာ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျား လက်ထဲကဓားကို ကျုပ်ကိုအရင်ပေး၊ ပြီးတော့မှ ကျုပ် ဖြေဆေးယူပေးမယ်"

ဒီတော့လည်း သူက လက်ထဲက ဓားကို လှမ်းပေးတယ်။ တင်နိုင်ဝင်းက ဓားကိုယူပြီး ဆေးတွေထည့်သိမ်းထား တဲ့ ဗီရိုဆီကို လှမ်းလာတယ်။ ဓားကို ဗီရိုထဲ ထည့်ထားလိုက်တယ်။ နောက် တော့ ပုလင်းတစ်လုံးထဲက ဆေးလုံး လေးနှစ်လုံးယူပြီး သူ့ဆီပြန်လာခဲ့ တယ်။

"အဲဒီဆေးနှစ်လုံးကိုသာ အမြန် သောက်လိုက်၊ ဒါဆို ခင်ဗျား ဘာမှ မဖြစ်တော့ဘူး"

သူက ဆေးလုံးနှစ်လုံးယူပြီး သောက်လိုက်တယ်။

"ခင်ဗျား ခဏလောက် အဲဒီမှာ လဲ့ပြီး မိုန်းနေလိုက်၊ ဒါဆို ခင်ဗျားရဲ့ ကိုယ်ထဲမှာရှိနေတဲ့ အဆိပ်တွေက တဖြည်းဖြည်းချင်း ပြေပျောက်သွား လိမ့်မယ်၊ အဲဒီတော့မှ ခင်ဗျား အေး အေးဆေးဆေး ပြန်ပေါ့ဗျာ၊ ဟုတ်ပြီ လား"

တင်နိုင်ဝင်းပြောတဲ့အတိုင်း သူ က ဆိုဖာပေါ်မှာ ကိုယ်ကိုလဲ့ချပြီး မျက်လုံးကို မှိတ်ထားလိုက်တယ်။ သိပ် မကြာဘူး။ တခေါခေါနဲ့ ဟောက်သံ ပေးပြီး အိပ်မောကျသွားတယ်။

တင်နိုင်ဝင်း သက်ပြင်းချတယ်။ ဇော်ဝင်းဆီ အကျိုးအကြောင်းပြောပြ ဖို့ တယ်လီဖုန်းဆီ လှမ်းလာတယ်။

အမှန်တော့ ထောင်ထွက်ဆို အဲဒီလူ ဇော်ဝင်းနဲ့သူ့ကို လူချင်း ပြီး ပြဿနာရှာခဲ့တာကို တင်နိုင် သိတယ်။ တင်နိုင်ဝင်းဆိုတာက ရောဂါကု ဆရာဝန်မဟုတ်ဘူး။ ရောဂါကု ဆရာဝန်။ ဒါကြောင့် ကို စိတ်ပညာနဲ့ အနိုင်ယူခဲ့တာ။ ကိုတိုက်လိုက်တဲ့ ကော်ဖီထဲမှာ အဆိပ်မှ မပါပါဘူး။ တမင်သက်သ ကော်ဖီကို ခါးခါးလုပ်ပြီး တိုက်ခဲ့တာ ပြီးတော့ ဆိုက်ကိုသုံးပြီး စကား အနိုင်ယူလိုက်တာ။ အဲ.....နောက်ပြီ သူ့ကိုတိုက်လိုက်တဲ့ ဆေးလုံးနှစ်လုံး လည်း ဘာအဆိပ်ဖြေဆေးမှ မဟုတ် ဘူး။ ရိုးရိုးသာမန် အိပ်ဆေးလေးနှ လုံးပါ။ ဒါကြောင့်လည်း အဲဒီဆေးလုံ နှစ်လုံး သောက်ပြီးလို့ မကြာခင် ထောင်ထွက်ကြီးဆိုတဲ့သူ အိပ်မောက သွားတော့တာပေါ့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူငယ် ချင်း ဇော်ဝင်းဆီ ဖုန်းဆက်ပြီး အကျိ အကြောင်းပြောပြတယ်။ ပြီးရင် သက် ဆိုင်ရာကို အကြောင်းကြားပြီး ထောင် ထွက်ကြီးကို အပ်ရမှာပဲ။ မတတ်နိုင် ဘူး။ လူတစ်ယောက်ကို ငဲ့ညှာချင်စ မယ့် ကိုယ့်အသက်ကိုတော့ နှမြော တယ်လေ။

သန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

ကုံလုံတိုင်းရင်းဆေးကုခန်း

ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြွောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ခွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာအမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျီးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငုပ်-လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်.....

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-စိဇ္ဈာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။

ဆေးခန်းမြင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၆း၀၀]နာရီထိ

တိုက်အမှတ်-၁၅၊ စက်မှုဇုန်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသူဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)

ဖုန်း ၀၃၀၁၀၃၄၄

www.burmeseclassic.com

www.burmeseclassic.com

မောင်ဖုန်းညှို့

(ကွမ်းချဉ်ကုန်း)

မိုးတာန်ချစ်တဲ့

ချစ်ဇော

www.burmeseclassic.com

www.burmeseclassic.com

သုံးလပဲကြာတော့မယ်၊ သုံးလအတွင်း သူသေလိမ့်မယ်လို့ ပြောလိုက်တယ် လေ၊ အဲဒီစကားကြားပြီး ခုလိုမေ့သွားတာပါပဲ''

''ဟော...ဒေါ်တင်မေန္ဓယ်သတိရလာပြီ''

''ဒေါ်တင်မေန္ဓယ် သတိရလာပြီလား''

''ဟုတ်ကဲ့ ဆရာ''

ဒေါ်တင်မေန္ဓယ်က သတိရသည်ဆိုလျှင်ပင် လူနာခုတင်ပေါ်မှ ထထိုင်ကာ အောက်ဆင်းရင်း ဆရာဝန်ကြီး ဦးမိုးကောင်းကို ပြောလိုက်သည်။

''ဆရာ အချိန်ပေးနိုင်ရင် ည့ဲခန်းမှာ စကားပြောကြရအောင်လား ဆရာ''

''ကောင်းသားပဲ ဒေါ်တင်မေန္ဓယ်''

+ + +

ဒေါ်တင်မေန္ဓယ်ကပင် စကားစသည်။

''ဒီသားတစ်ယောက်တည်းဆိုတော့ ကျွန်မ သိပ်ကိုစိတ်ထိခိုက်မိပါတယ် ဆရာ၊ သားဟာ ဇာဇာဇာသတိလစ်တယ်၊ ဖျားတယ်၊ အလင်းရောင်ကို ကြောက်လာတယ်၊ သွေးအားဆုတ်လာတာတွေကို ကျွန်မ သတိပြုမိပါတယ်၊ ကျွန်မကိုယ်တိုင် သားကို စမ်းသပ်ကြည့်ဖို့ အကြိမ်ကြိမ် ကြိုးစားကြည့်ပါတယ်၊ ဒါပေမဲ့ သားရဲ့ခန္ဓာကိုယ်ထဲမှာ ရောဂါဆိုးကြီးဆာရာများတွေ့လိုက်ရင် သားဆေးသေး [illegible] အရင်သေသွားနိုင်လို့ [illegible] သင်ခဲ့ပါဘူး''

□

အစပထမသော် အံ့သြသည်။

နောက် တုန်လှုပ်သည်၊ ရင်ခုန်သည်၊ ကြောက်သည်။

ရည်ရွယ်ရင်း မရိုပါဘဲလျက် မျက်ရည်တို့က သွန်ကျလာသည်။

''ဖြစ်မှဖြစ်ရလေ သားရယ်''

သို့နှယ် တစ်ဆို့တင်းကျပ်စွာ တစ်ခွန်းညည်းလိုက်ပြီးသည်၏အဆုံးဝယ် ဒေါ်တင်မေန္ဓယ်သည် အရှုပ်ကြိုးပြတ်မေ့မြောသွားပါတော့သည်။

''ဒေါ်တင်မေန္ဓယ်....ဒေါ်တင်မေန္ဓယ်''

''ဒေါက်တာ.....ဒေါက်တာ''

''အန်တီ.....အန်တီ''

ဝိုင်းဝန်းခေါ်ကြ၊ လှုပ်နှိုးကြသော်လည်း ဒေါ်တင်မေန္ဓယ် သတိပြန်မရ။

''ဆရာက ဘာဖြစ်လို့ ထုတ်ပြောလိုက်ရတာလဲရှင်၊ ခမျာ ဒီသားတစ်ယောက်တည်းဆိုတော့ သိပ်စိတ်ထိခိုက်သွားတာပေါ့''

ဆရာမလေးတစ်ယောက်က သည့်နှယ်အပြစ်တင်သည်ကို ဆရာဝန်ကြီး ဦးမိုးကောင်းက အေးဆေးစွာ ပြန်ဖြေပါသည်။

''ငါကစပြောတာမဟုတ်ဘူး လဲ့လဲ့ရဲ့၊ ဒေါ်တင်မေန္ဓယ်ကိုယ်တိုင်က ဆေးရုံကိုလာပြီး သူ့သားဖြူးဝေ ခဏခဏ နေမကောင်းဖြစ်ဖြစ်နေတာ ဘာရောဂါများ ရှိနေလို့ပါလဲလို့ လိုလိုလားလား လာမေးလို့ ဖြူးဝေရဲ့ရောဂါအကြောင်း သိထားသလောက်ကို ပြောပြလိုက်ရတာပဲ၊ ပြီးတော့ ဒေါ်တင်မေန္ဓယ်ကိုယ်တိုင်ကလည်း ဆရာဝန်တစ်ယောက်ဆိုတော့ ဖြေနိုင်လိမ့်မယ် ထင်မိတာကိုး''

ဆရာဝန်ကြီး ဦးမိုးကောင်းက ပြောရင်းဆိုရင်းမှ ဒေါ်တင်မေန္ဓယ်ကို ဆေးထိုးပေးသည်။

''ဆရာက ဘယ်အထိ ရှင်းပြလိုက်သလဲ ဆရာ''

''ရိုးရိုးလေးပါ ဆရာမရယ်၊ ဖြူးဝေ ကျွန်တော့်ဆီ ခဏခဏလာပြီး ဆေးစားဆေးထိုးလုပ်နေရတာ ဖြူးဝေမှာ ရောဂါခံကြီးတစ်ခု ရှိနေပါတယ်၊ အဲဒီရောဂါကတော့ သွေးကင်ဆာပါပဲ၊ ဖြူးဝေရဲ့သွေးကင်ဆာရောဂါဟာ ရောဂါသက် အတော်ရင့်နေပြီဖြစ်လို့ ဖြူးဝေဟာ ဒီလူ့ဘဝမှာ နေရလှ အလွန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးကောင်းသည် ရေနွေးကြမ်းကို တစ်ကျိုက်နှစ်ကျိုက်မျှ သောက်လိုက်ရင်းမှ.....

"ဖြိုးဝေမှာ ဒီရောဂါရှိတာ ကျွန်တော်သိတာ ကြာပါပြီ ဒေါ်တင်မေ နွယ် အခုလို ပြင်းပြင်းထန်ထန် စိတ်ထိခိုက်မှာစိုးလို့ မပြောခဲ့တာပါ၊ အခုတော့ ဒေါ်တင်မေနွယ်ကိုယ်တိုင်က မေးလာလို့ ပြောရတာပါ၊ ဖြိုးဝေရဲ့ သက်တမ်းဟာ သိပ်မကျန်တော့ပါဘူး ဒေါ်တင်မေနွယ်၊ ကျန်တဲ့သက်တမ်း လေးမှာသာ သူ့ကို စိတ်ချမ်းသာအောင် ထားဖို့လိုတာပါပဲ"

ဒေါ်တင်မေနွယ်သည် မှုန်မှေးသော မျက်လုံးအစုံဖြင့် ဆေးရုံဝင်းအတွင်းသို့ ငေးကြည့်ရင်းမှ.....

"သားဟာ သားလိမ္မာပါ ဆရာ၊ မအေ့အလိုကိုလည်း သိပ်သိတဲ့သား ပါ၊ ကျွန်မဟာ သူ့ကို ဖတဆိုးရယ်မို့ ပိုချစ်ရပါတယ်၊ ဦးတော့ သူ့မှာ ဘဝ အတွက် မျှော်လင့်ချက်တွေအပြည့်နဲ့ ပါ"

"ဘယ်လို.....ဘယ်လို ဒေါ်တင် မေနွယ်"

"သားဟာ လာမယ့် နှစ်လ အတွင်းမှာ ဘွဲ့လွန်သင်တန်းတစ်ခု တက်ဖို့ အမေရိကန်ကိုသွားရမယ်လေ၊ သက်ဆိုင်ရာက စာလည်းပို့ပြီးပြီ၊ သား က ဒါကို သိပ်ပျော်နေတယ်၊ ဂုဏ် လည်း သိပ်ယူနေတယ်၊ သူ့အဖေ ရောက်ခဲ့ဖူးတဲ့ အမေရိကန်ကို သူသွား ရမှာမို့လည်း သိပ်ကျေနပ်နေရှာတယ် ဆရာ၊ ခုတော့ သုံးလဆိုတဲ့ သူ့သက် တမ်းနဲ့ ကျွန်မ သူ့ကို ဘယ်လိုလုပ် လွှတ်ရက်တော့မလဲ ဆရာရယ်၊ ဒီရော ဂါဆိုးကြီးအကြောင်းကိုရော သူ့ကို ဘယ်လိုအသိပေးရက်မှာလဲ"

ဦးမိုးကောင်းသည် သက်ပြင်းကို ရေးပင်စွာချလိုက်သည်။

"အင်းလေ.....ဖြစ်လာမှတော့ ဒုက္ခဆိုးထဲက အကောင်းဆုံးကို စဉ်းစား ကြတာပေါ့ ဒေါ်တင်မေနွယ်၊ ခုနေ သူ့ရောဂါအကြောင်း သူမသိပါ စေနဲ့ဦးမှာ"

"ဟုတ်ကဲ့၊ ပြန်လိုက်ပါဦးမယ် ဆရာ၊ အိမ်ဘက်ရောက်ရင်လည်း ဝင် ပါဦး၊ သားနဲ့လည်း တွေ့ရတာပေါ့ ဆရာ"

"ကောင်းပါပြီ ဒေါ်တင်မေနွယ်"

+ + +

အင်းလျားရေပြင်ကို ဖြတ်သန်း လာသော လေပြည်သည် ဖြိုးဝေနှင့် သက်သက်တို့ကို ဝေ့ခနဲ ဖြတ်သန်း သွားသည်။

ဖြိုးဝေနှင့် သက်သက်။

သိပ်ချစ်ကြသည့် ချစ်သူနှစ်ဦးပါ ပေ။

ဘွဲ့ရပြီးသားများဖြစ်သောကြောင့် ကျောင်းတက်စရာလည်း မလိုတော့ သဖြင့် သူတို့နှစ်ယောက် နေ့စဉ်လို တွေ့ကြသည်။

အလှအပများကို ရွေးချယ်ပြော ကြသည်။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကြည်နူးမဝဖြစ်ကြသည်။

အနာဂတ်အရေးကို ဆွေးနွေးကြ သည်။

တစ်ယောက်လက်ကိုတစ်ယောက် ဆွဲပြီး လမ်းလျှောက်မည်။

ဤမျှသာပဲဖြစ်သည်။

သည်ထက်ပိုသော အောက်တန်း ကျသည့် အပြုအမူမျိုး သူတို့ချစ်သူနှစ် ဦးထံတွင် လုံးဝမရှိ။

"အစ်ကို အမေရိကန်ကို ဘယ် တော့သွားရမယ်.....မေ့နေလို့"

"ခု ဇူလိုင်ဆိုတော့ အောက်တို ဘာမှသွားရမယ် သက်ရဲ့"

"ဟိုမှာ ဘယ်လောက်ကြာမလဲ"

"ရှစ်လ"

"ဟင်း.....အကြာကြီးပဲ"

"ခဏလေးပါ သက်ရာ၊ ရှစ်လ ပြည့်လို့ပြန်လာမှ အမေရိကန်ပြန် မောင် ဖြိုးဝေနဲ့ မြန်မာပြည်နေ မသက်သက် တို့ မောင်ဂလာဆင် မင်္ဂလာဆောင်ပွဲ ကြီး ကျင်းပမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

သက်သက်က မျက်စောင်းလေးခဲရင်းပြောသည်။

''မောင်ဖြိုးဝေတို့က အပြောကတော့ ပိုင်ပါ့ကွာ''

''သိပ်ပိုင်ပေါ့ကွာ၊ မောင်ဖြိုးပိုင်လို့တောင် နာမည်ပြောင်းလိုက်ချင်သေးတယ်၊ တကယ်ကွာ''

''အစ်ကိုနဲ့ သက်တို့အကြောင်း အန်တီဒေါ်တင်မေနွယ်ကို အသိပေးထားလား အစ်ကို''

''ဟင့်အင်း၊ အေးကွာ.....သက်ပြောမှ သတိရတယ်၊ သက်နဲ့အစ်ကို့အကြောင်း မေမေ့ကို အသိမပေးမိသေးဘူး၊ ဒီညပြောပြလိုက်မယ်ကွာ၊ မေမေက သူ့ချွေးမချောနဲ့ သေချာပေါက် သဘောတူမှာပါ၊ အင်း..... မင်္ဂလာဆောင်ကျမှ မေမေ့ကို သတို့သမီးအရန်လုပ်ခိုင်းရမယ်''

''ငယ်မနေဘူးလား''

ချစ်သူနှစ်ဦး၏ရယ်သံသည် လှိုင်းပုတ်သံနှင့် ရောယှက်သွားသည်။

+++

ဒေါ်တင်မေနွယ် စိတ်မောရပြန်ပါပြီ။

သောကနှစ်လွှာ ရင်မှာဆင့်ရပြန်ပါပြီ။

သားကိုကြည့်ပြီး ကြေကွဲရပြန်ပါပြီ။

သားက သူ့ချစ်သူအကြောင်း၊ အနာဂတ်အိမ်ထောင်ရေးအကြောင်း စသည်တို့ကို သားသည် မိခင်၏ ခွင့်ပြုချက်ကိုလည်း တောင်းခံသည်။

ဦးမိုးကောင်းက သမီးဖြစ်သူ သက်သက်က အားတက်သရောဖြင့် တင်ပြ ပြောဆိုလာသည်ကို စိတ်ဝင်စားစွာ နားထောင်သည်။ ပြီးမှ သမီးတို့ချစ်ခြင်းကို မခွဲလိုပါ၊ လက်ထပ်မည်ဆိုသည်ကိုလည်းမကန့်ကွက်ပါဟု အစချီပြီး 'သို့သော်' တရားခံကား မောင်ဖြိုးဝေတွင် သွေးကင်ဆာရှိနေကြောင်း၊ ရောဂါကလည်း ရင့်နေပြီဖြစ်ကြောင်း၊ သူ၏ဘဝ သက်တမ်းသည် သုံးလခန့်မျှသာ ကျန်တော့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် သမီးတို့ဘဝကို သမီးတို့ ဆုံးဖြတ်စေလိုကြောင်း စသည်တို့ကို ပြောပြသည်။

သက်သက် တစ်ညလုံး ငိုရပါသည်။

''ဖြစ်ရလေ အစ်ကိုရယ်''ဟုလည်း မချိတင်ကဲ တစ်ယောက်တည်း ပြောမိသည်။

''ဘယ်မှာလဲ သူ့ဂါနိုင်ငံခြားခရီး''

''ဘယ်မှာလဲ သူတို့၏အိမ်ထောင်သည်ဘဝ''

အို.....မရှိတော့ပါကလား။

အားလုံးပျောက်ကွယ်ကုန်ပါပေါ့လား။

သက်သက်သည်မည်သည့်အရာကိုမျှ ဆုပ်ဖမ်း၍ မရနိုင်သူကဲ့သို့ မှုန်မှေးဝေဝါးသော အတွေးများဖြင့် တစ်ညလုံး ငိုနေမိပါသည်။

ခဏကြည့်.....

သူ့ရောဂါအကြောင်း သူဘာမှမသိသော ဖြိုးဝေသည် သူ့ရှေ့တွင် အတိုင်းမသိ ပျော်နေပြီ။

သူ့စိတ်ထဲတွင် အမေရိကန်၊ သက်သက်နှင့် မင်္ဂလာဆောင် စသည်တို့ကို သေချာမြင်ယောင်နေပေလိမ့်မည်။ အားရကျေနပ်ခြင်းလည်း ပြည့်လျှံနေပေလိမ့်မည်။

ဩော်.....ဘာတစ်ခုမှ ဖြစ်မလာနိုင်တော့ပါဘူး အစ်ကိုရယ်။

''သိပ်ပျော်တယ် သက်ရယ်၊ သိပ်ပျော်တာပဲ၊ သက်ကော''

''ပျော်...ပျော်ပါတယ် အစ်ကို''

ဖြိုးဝေသည် ပြောရင်းဆိုရင်းမှ ဘာစိတ်ကူးပေါက်လာသည်မသိ။ ရုပ်ရှင်ထဲမှ ရုပ်ရှင်မင်းသားတို့ ပျော်လျှင် လုပ်တတ်ကြသကဲ့သို့ ကားကိုပတ်ကာ ခုန်ဆွခုန်ဆွ လုပ်နေလေသည်။

သို့လုပ်နေရင်းမှ.....

ဖြိုးဝေသည် ခေါင်းမူးလာပြီး သတိကို ထိန်းထားသည့်ကြားထဲမှ အရုပ်ကြိုးပြတ် ခွေလဲကျသွားပါတော့သည်။

''အစ်ကို့..အစ်ကို့...အစ်ကို''

+++

သွေးကင်ဆာရောဂါသည်တို့ကို ကုသတတ်ကြသည့် ကုထုံးအရ ဖြိုးဝေကိုလည်း အမှောင်ခန်းထဲတွင်ထား၍ကုသည်။

ဤရောဂါသည်တို့ကို ကုသရာ၌ အလင်းရောင်ကို တတ်နိုင်သမျှရှောင်ရသည်။ ဤသွေးကင်ဆာရောဂါမှာ ခန္ဓာကိုယ်တွင်းရှိ သွေးနီဥများနေရာ တွင် သွေးဖြူဥများက အင်နှင့်အားနှင့် ဝင်ရောက်နေရာယူကြခြင်းဖြစ်သည်။ ထိုသို့ သွေးဖြူဥများက နေရာယူရင်း ယူရင်းနှင့် ရောဂါသည်မှာ [illegible] ပြီး ကွယ်လွန်သွား[illegible] ပြီး ဤ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်သော တိကျသည့် ကုထုံး ဆေးဝါး စသည်တို့လည်း ကမ္ဘာဆေးလောကတွင် ယနေ့ထက်တိုင်မရှိ။ ဆိုရသော် ဤသွေးကင်ဆာရောဂါသည် ကမ္ဘာဆေးလောကကို ယနေ့ထက်ထိ အနိုင်ယူနေသည့် ရောဂါဖြစ်သည်ဟု ဆိုရပါမည်။

ဖြိုးဝေ သတိရလာသည်။

သတိရလာသည်နှင့် သူ့နား အတွင်းသို့ အခန်းအပြင်ဘက်မှ သူနာပြုဆရာမနှစ်ယောက်၏ ပြောစကား များက လှိမ့်ဝင်လာသည်။

''ဆွေဆွေရေ အခန်းထဲက ကို ဖြိုးဝေဆိုတာ ဘာရောဂါတဲ့လဲ''

''သွေးကင်ဆာတဲ့ စတယ်လာ ရဲ့''

ဖြိုးဝေ ကြောက်လန့်တကြားထ ထိုင်လိုက်သည်။

''ဟင်...ငါ.....ငါ သွေးကင်ဆာ ရောဂါသည်ဆိုပါလား''

ဆရာမတို့အသံ ဆက်ကြားရပြန် သည်။

''ဟာ.....သွေးကင်ဆာဆို သိပ် ဆိုးတာပေါ့၊ အခြေအနေ ဘယ်လိုတဲ့ လဲ''

''ဦးမိုးကောင်းကပြောတယ်၊ ကို ဖြိုးဝေရောဂါဟာ ကျွမ်းနေပြီတဲ့၊ လောကမှာ သူ သုံးလပဲနေရတော့ မယ်တဲ့''

ဖြိုးဝေသည် ခုတင်ပေါ်မှ ခုန်ချ လိုက်သည်။

ပြီး အမှောင်ခန်းထဲတွင် ဟိုဝင် တိုက်၊ ဒီဝင်တိုက်နှင့် တံခါးပေါက်ကို စမ်းလျှောက်ကာ တံခါးကို ဆွဲဖွင့်ပစ် လိုက်သည်။

ဆရာမနှစ်ယောက် လန့်သွား၏။

ဖြိုးဝေသည် ဆရာမတစ်ယောက် ၏လက်မောင်းကို ဆွဲလှုပ်ရင်း.....

''ကျုပ်မှာ သွေးကင်ဆာရှိတယ်၊ သုံးလပဲ နေရတော့မယ် ဟုတ်လား၊ ပြောစမ်း ဆရာမ၊ မလိမ်နဲ့နော်၊ အကုန် ကြားပြီးပြီ''

ဆရာမနှစ်ယောက် ကြောင်နေ ဆဲမှာပင် ဖြိုးဝေသည် ဆေးရုံဝင်းအပြင် ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက်သွား ပါတော့သည်။

''မောင်ဖြိုးဝေ.....မောင်ဖြိုးဝေ''

''သား.....သား''

ဆေးရုံဧည့်ခန်းတွင် စကားပြော နေကြသော ဦးမိုးကောင်းနှင့် ဒေါ်တင် မေနွယ်တို့သည် ကားကို ယူရန်ပင် သတိမရတော့ဘဲ ဖြိုးဝေနောက်သို့ ပြေးလိုက်ကြသည်။

ဖြိုးဝေသည် ကားကြိုကားကြား တွင် ခြေလွှတ်လက်လွှတ် ပြေးနေလေ သည်။ တစ်ခါတစ်ရံလည်း အော်လိုက် သေးသည်။

''သုံးလပဲနေရတော့မယ်လူဖျို့၊ ကြည့်ထားကြ.....ကြည့်ထားကြ၊ ဒီ မသာလောင်းကို ကြည့်ထားကြ''

ဒေါ်တင်မေနွယ်သည် ''သား... သား''ဟု နှုတ်ကတကြော်ကြော်အော် ရင်း ကားကြိုကားကြားတွင် ပြေးလိုက် နေရာမှ လမ်းချိုးတစ်ချိုးအရောက်တွင် မာဇဒါဂျစ်ကားတစ်စင်းက တည့်တည့် ကြီးကို ဝင်တိုက်ခြင်းခံလိုက်ရပါတော့ သည်။

ချော်.....သားအတွက် ရတက် ပွေရင်း မိခင်အလျင်သေရပါပြီကော။

ဖြိုးဝေသည် ပြန်လှည့်လာကာ မိခင်အလောင်းကို လာပွေ့ရင်း မျက်

ရည်ဖြိုင်ဖြိုင်ကျမိပါသည်။

ပြီး ပေါက်ကွဲပြီး ထအော်ပစ် လိုက်ပါသည်။

''ကဲ.....အမေလည်းသေပြီ၊ ကျုပ်ကလည်း သေမင်းရက်ချိန်း ရ ထားပြီးသားလူ၊ ကဲ..ဒီတော့ ဘာလုပ် ရမလဲ၊ ဒီလောကမှာ ကျုပ်ဘာလုပ်ရ မလဲ''

ဖြိုးဝေသည် ဦးမိုးကောင်းတား နေသည့်ကြားမှ တစ်ဟုန်ထိုးပြေးထွက် သွားပါတော့သည်။

+++

တစ်အိမ်လုံး ရွှဲပွနေပါသည်။

ကုလားထိုင်တွေမှောက်၊ ပန်းကန် တွေ၊ ဖန်ခွက်တွေ ကွဲအောင်ခွဲပစ်၊ အဝတ်အစားတွေ ဓားဖြင့်ခုတ်၊ ပြတင်း ပေါက်က မှန်တွေကိုရိုက်ခွဲဖြင့် ဖြိုးဝေ သည် ဖြစ်ချင်သလို ဖြစ်နေပါတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

သူစဉ်းစားပါသည်။

''မေမေလည်းသေပြီ၊ ငါလည်း ကြာခင် သေရတော့မယ်၊ ဒီတော့ ဒီ ဆောက်ကြီးမှာနေလို့ ဘာအဓိပ္ပာယ်ရှိ သေး၊ သေမယ့်ရက်ကို ထိုင်စောင့်နေတဲ့ သူတစ်ယောက်ဟာ ဘာလုပ်သင့် သလဲ၊ အို.....ပျော်ရမယ်.....ပျော်ပစ်ရ မှာပေါ့။ လူ့ဘဝရဲ့ကျန်တဲ့သက်တမ်းမှာ ဒွေကို လမ်းခင်းပြီး ပျော်ပစ်ရမယ်၊ ဒါမှ တကယ်ဖြည်းဖြည်းနီးနီးလာတဲ့ သေဘေး ကြီးကို ငါမေ့မယ်''

ဖြိုးဝေသည် ဤဆုံးဖြတ်ချက်ဖြင့် ဒွေအထပ်လိုက်ကို နေ့စဉ်ယူသည်။

အရက်သောက်သည်၊ ကစားဝိုင်း များသို့ဝင်သည်။ အခြားပျော်ပါးစရာရှိ သည်တို့ အကုန်ပျော်ပစ်သည်။

တစ်လဒဇင်တွင်းမှာပင် ဤပျော် စရာတို့သည် သူ့အတွက် ရိုးလာသည်။ သူပျော်၍မရတော့။

သက်သက်ကလည်း ငေလိသွား သည်ဆိုကာ သူ့ကိုရှောင်သွားပြီဖြစ် သည်။ သက်သက် မှန်ပါသည်။

သူ့လို သေမင်းရက်ချိန်းရထားသူ ကို မည်သည့်မိန်းကလေးက လက်ထပ် ဝံ့ပါမည်နည်း။

ရှောင်ကြကွင်းကြမည်သာဖြစ် သည်။

ဖြိုးဝေသည် လောကတွင် ဘာ တစ်ခုကိုမျှ ဆုပ်ဖမ်း၍ မရသူကဲ့သို့ လူ ရောစိတ်ပါ ခြေပစ်လက်ပစ် ဖြစ် နေ၏။

သို့နှင့် တစ်နေ့.....

ဖြိုးဝေသည် သူ့အိမ်မှ ပျောက် ခြင်းမလှပျောက်သွားပါတော့သည်။

ဦးမိုးကောင်းနှင့် ဖြိုးဝေ၏သူငယ် ချင်းများ စုံစမ်းပါသော်လည်း ဖြိုးဝေ၏ သတင်းအစအနကိုသော်မှ လုံးဝမရဖြစ် ကြရပါသတည်း။

+ + +

''သာယာကုန်းရွာ''တစ်ရွာလုံး ပျော်နေကြသည်။

အိုးစည်ဗုံမောင်းသံလည်း ညံညံ မစဲ၊ သံချပ်တွေကလည်း ခြိမ့်ခြိမ့်သဲသဲ ဖြင့် အလွန်ပျော်နေကြသည်။

ပျော်ကြပေမည်လေ။

ယနေ့သည် သာယာကုန်းရွာ၏ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းဖွင့် သည့်နေ့ဖြစ်သည်။

စာမတတ်သူတို့ကို ဤကိုယ်ထူ ကိုယ်ထ မူလတန်းကျောင်းက စာသင် ပေးမည်။

စာတတ်ပြီးသားလူတို့အတွက်မူ ကျောင်းဘေးတွင်ကပ်လျက် စာကြည့် တိုက် ဖွင့်ထားပေးသည်။ လိုအပ်သော ဗဟုသုတစာပေတို့ကို ရွေးချယ်ဖတ်ရှု နိုင်ကြသည်။

ရွာထိပ်က ''လောကမာရဖိန်'' ဆုတောင်းပြည့်စေတီတော်ကိုလည်း ထုံးသင်္ဃန်းဖွေးဖွေး ကပ်ထားသော ကြောင့် ကြည်ညိုဖွယ်ရာဖြစ်နေသည်။

ရွာအဝင်ချောင်းကူးတံတားကမူ အသစ်ပါတည်း။

ရွာ၏သာယာရေး၊ စည်ပင်ရေး စသည်တို့ကို ရွာမှလူငယ်များကို ဦး ဆောင်ကာ ပြုလုပ်ပေးသူမှာ 'ဖိုးတန်' ဖြစ်သည်။

ဖိုးတန်သည် သူ့ကိုယ်ရေးကိုယ် တာဆိုသည်ကို လုံးဝအမှုမထားဘဲ ရွာ ၏ကိစ္စတို့ကိုသာ အချိန်ရှိသရွေ့ ဆောင် ရွက်ပေးနေသူဖြစ်သည်။

သူ့ကြောင့် သာယာကုန်းရွာမှာ အမည်နှင့်လိုက်အောင် သာယာလာခဲ့ သည်။ ယနေ့ဖွင့်လှစ်သော မူလတန်း ကျောင်းကို သူသည် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများနှင့် တိုင်ပင်ဖွင့်လှစ် ခြင်းဖြစ်သည်။ ကျောင်းအုပ်ကား သူ ကိုယ်တိုင်ပင်ဖြစ်သတည်း။ ကျောင်းအုပ် မှာ သူဖြစ်သကဲ့သို့ တစ်ကျောင်းလုံး၏ တစ်ဦးတည်းသောဆရာမှာလည်း သူ ဆိုသော ဖိုးတန်ပဲဖြစ်ပါသည်။

ဖိုးတန်သည် ကျောင်းရှေ့တွင် က ခုန်ပျော်ရွှင်နေကြသည်ကို ကြည်နူးစွာ ကြည့်ရင်း ပီတိဖြစ်နေဆဲတွင် ဦးဒေဝါ သူ့ဘေးသို့ရောက်လာသည်။ ဦးဒေဝါ ဆိုသူမှာ သူ၏ဦးကြီးကဲ့သို့ နေသူဖြစ် သည်။

''ဘာတွေများကြည့်နေတာတုံး မောင်ဖိုးတန်''

''ဩော်...ဦးကြီး၊ ကျောင်းရယ်၊ စာကြည့်တိုက်ရယ်၊ ရွာသားတွေပျော် နေတာရယ်ကိုကြည့်ပြီး သဘောကျနေ တာပါ''

''အေး၊ တစ်ရွာလုံးကတော့ မောင်ဖိုးတန်ကျေးဇူးပါပဲကွယ်''

''ဒီလိုမဟုတ်ပါဘူး ဦးကြီးရယ်၊ ကျွန်တော်တစ်ယောက်တည်းကောင်းလို့ မဟုတ်ပါဘူး၊ အများစုပေါင်းလုပ်လို့ အောင်မြင်တာပါ''

ဖိုးတန်က မယုတ်မလွန်ကြောင်း တစ်စုံတစ်ခုကို သတိရဟန်နှင့် [illegible] လိုက်သည်။

''ဒါနဲ့ ဒွေနီကော''

''အိမ်မှာပဲ[illegible]

www.burmeseclassic.com

www.burmeseclassic.com

သားပဲ၊ သမီးက မျက်စိမမြင်ရှာတော့ အိမ်ကနေပြီး အသံတွေပဲနားထောင်ပြီး ပျော်နေရရှာတာပေါ့''

ဖိုးတန်က စိတ်မကောင်းစွာပြောလိုက်သည်။

''ခွေးနီမမျက်စိကို ကျွန်တော် သိပ်ကုပေးချင်တယ် ဦးကြီးရယ်၊ သူ့မျက်လုံးက မွေးရာပါမဟုတ်ဘဲ ဝိုးကြိုးပစ်လို့ ကွယ်ရတဲ့မျက်လုံးဆိုတော့ ကုရင် ကောင်းကောင်းကြီးမြင်နိုင်တယ် ဦးကြီးရဲ့''

''အေးကွယ်၊ တို့ကတော့ တောသားဆိုတော့ ဘာမှသိပ်မသိဘူး။ မောင်ဖိုးတန်ပဲ ကြည့်စီမံပါ''

''စိတ်ချ ဦးကြီး၊ အခွင့်သာတာနဲ့ ခွေးနီမမျက်လုံးကိုကုဖို့ ကျွန်တော် ကြိုးစားမယ်''

ဖိုးတန်က ပြောရင်း ကျောင်းဘက်သို့ ထွက်သွားသည်။

+++

ဖိုးတန်သည် ဤရွာသားမဟုတ်ပေ။

ဘယ်ရွာသားမှန်းလည်း မသိပေ။

တစ်ည အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနှင့် ရောက်လာသည်။ ဦးဒေဝါနှင့်သမီး မျက်မမြင်မလေး ခွေးနီမတို့ အိမ်မှာနေသည်။

ပြီး သူ့တွင်ပါလာသော ငွေများဖြင့် ရပ်ကျိုးရွာကျိုးများကို မနားတမ်း လုပ်သည်။

သူ့ကြောင့်လည်း ပစ်စလက် ခတ်ဖြစ်နေသော ဤရွာသည် လမ်းသစ်၊ တံတားသစ်၊ ကျောင်းသစ်၊ စာကြည့်တိုက်သစ်တို့ဖြင့် သာယာလာ ကာ သာယာကုန်းဆို သောအမည် နှင့် လိုက်ဖက်လာခဲ့သည်။

''မင်းဘယ်ကရောက်လာတာလဲ ဖိုးတန်''

ဦးဒေဝါက ဤမေးခွန်းကို မကြာမကြာ မေးဖူးသည်။

''ကျွန်တော် ဘယ်ကလာတယ် ဆိုတာထက် ကျွန်တော် ဘာတွေလုပ်နေတယ်ဆိုတာက ပိုအဓိကကျပါ တယ်''

ဖိုးတန်က သည်နှယ်ဖြေတတ်သည်။

ထိုအခါမျိုးတွင် ခွေးနီမသည် နူတ်ခမ်းတစ်လန် ပန်းတစ်လန်နှင့်ဝင်ပြောတတ် သည်။

''မေးနေနဲ့ ဘရေ၊ သူက ဝိုးကျွေကိုယ်၊ မိုးပေါ်ကကျလာတဲ့ နတ်သားကိုး၊ သွားမမေးနဲ့၊ သွားမမေးနဲ့''

ဖိုးတန် ဤသာယာကုန်းရွာသို့ ရောက်လာသည်မှာ တစ်လခွဲ နှစ်လခန့်ရှိပြီဖြစ်သည်။ ဤကာလအတောအတွင်း အပျိုပေါက်မလေးဖြစ်သူ ခွေးနီမသည် ဖိုးတန်ကို လွန်လွန်မင်းမင်း သံယောဇဉ် တွယ်ငြိခဲ့သည်။

မျက်စိမမြင်သော်လည်း အသံကြားကို ဟန်များသဘောမြင်ယောင်ကာ သဘောကောင်းလှသော ဖိုးတန်ကို ခွေးနီမ ချစ်ခဲ့မိပါသည်။

ဖိုးတန် သိပါသည်။

ခွေးနီမ သူ့ကိုချစ်နေမှန်း သူ သေသေချာချာ သိပါသည်။

ခွေးနီမကို သူ သနားလည်း သနားလှသည်။ သံယောဇဉ်လည်း တွယ်ငြိမိပါသည်။ ဒီကောင်မလေး၏ ဘဝခွမ်းနွမ်းကို သူ ဆယ်ယူ ကယ်မလိုပါသည်။

သို့သော် မဖြစ်သောအကြောင်းက သူ့မှာရှိနေသည်။

ထိုကြောင့် ခွေးနီမ၏သံယောဇဉ်ကို သူ မသိကျိုးကျန်ပြုထားရသည်။

တစ်နေ့ ဖိုးတန်သည် နောင်ကုလားရွာသို့ ကိစ္စတစ်ခုနှင့်သွားပြီး ပြန်အလာတွင် သာယာကုန်းရွာအဝင် တစ်နေရာ၌ လူများစုရုံးစုရုံးနှင့် တွေ့ရသဖြင့် ဖိုးတန်က ဝင်မေးကြည့်မိ သည်။

''ဘာလုပ်နေကြတာလဲဗျ''

''ဩော်.....ကိုဖိုးတန်၊ ရန်ကုန်ဆေးတက္ကသိုလ်က မျက်စိကုအဖွဲ့က ရွာသားတွေမျက်စိကို လာကုပေးဖို့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ တိုင်ပင်နေတာ''

''ဘာ.....မျက်စိကုအဖွဲ့ဟုတ်လား''

ဖိုးတန်၏ခေါင်းထဲတွင် ခွေးနီမသည် လှစ်ခနဲပေါ်လာသည်။

ထို့ကြောင့် သူ လူအုပ်ကိုဖြတ်တိုးက ထိုဆရာဝန်၊ ဆရာမများရှိရာသို့ ဆ...ခက်ခဲခဲ ရောက်အောင်သွားသည်။

ပြီး ဆရာဝန်၊ ဆရာမများကို တစ်ယောက်ချင်း လိုက်ကြည့်သည်။

ဟော.....မြင်ပါပြီ။

သူကလည်း ဖိုးတန်ကိုမြင်ပါသည်။

သူက စခေါ်သည်။

''အစ်ကို''

ဖိုးတန်က ဆွေးမြည့်စွာပဲ ပြန်ခေါ်မိပါသည်။

''သက်သက်''

+++

www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းရွာ အပြင်ဘက် သောင်ပြင်တွင်ဖြစ်ပါသည်။

ဖိုးတန် (ခေါ်) ဖြိုးဝေနှင့် သက်သက်တို့သည် တစ်ဦးကိုတစ်ဦး ဆွေးဆွေးမြည့်မြည့်ကြည့်ကာ အတန်ကြာ စကားမပြောနိုင်ဘဲ ရှိနေကြသည်။

ပြောစရာတွေ များလွန်းသောကြောင့် ပြောမထွက်ကြခြင်းလည်းဖြစ်ပါသည်။

သက်သက်က စကားစပါသည်။

''ပြီးခဲ့တဲ့အချိန်တုန်းက သက်သက် သတ္တိကြောင်မိခဲ့ပါတယ် အစ်ကို၊ သုံးလဆိုတဲ့ အစ်ကို့သက်တမ်းကြီး ကိုလန်ပြီး သက်သက် တခြားမှာ သွားနေခဲ့တယ်၊ နောက် သက်သက် ပြန်စဉ်းစားတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူရဲ့ ကျန်ရှိတဲ့ သက်တမ်းလေးမှာ ကိုယ်ချစ်သူဘေးမှာ ကိုယ်ရှိနေသင့်တယ်၊ ဒါမှလည်း ချစ်သူပီသမယ်ဆိုတဲ့ အသိမှန်နဲ့ ရန်ကုန်ကိုပြန်လာတော့ အစ်ကို ရန်ကုန်မှာ မရှိတော့ဘူး။ ဘယ်ရောက်သွားမှန်းကို ဘယ်သူမှ မသိကြဘူး၊ သက်သက် ငိုနေခဲ့ရပါတယ် အစ်ကို''

ဖြိုးဝေသည် ရင့်ကျက်စွာ ပြုံးလိုက်ရင်း.....

''အတိတ်ကို တူးဖော်မနေပါနဲ့တော့ သက်သက်ရယ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုပဲ ပြောကြရအောင်၊ ဟုတ်တယ်၊ အစ်ကို ရန်ကုန်ကပျောက်သွားတယ်၊ ငွေအမြောက်အမြားနဲ့ ဒီရွာကို ရောက်လာတယ်၊ ဖိုးတန်ဆိုတဲ့ တောသားဘဝကို ခံယူတယ်၊ ပါလာတဲ့ငွေတွေနဲ့ ရပ်ရွာကောင်းကျိုးတွေလုပ်တယ်၊ ဒီလိုတွေးမိတယ်လေ၊ သေမှာကိုတွေးကြောက်နေမယ့်အစား မသေခင် လူ့လောကမှာ ကောင်းကျိုးတွေ လုပ်ထားရစ်ခဲ့တာက ပိုသင့်တော်မယ်လို့ မှန်မှန်ကန်ကန်တွေးမိပြီး ဒီရွာကို အစ်ကို့ငွေနဲ့ အစ်ကိုပြင်တာပဲ၊ အင်း.....ခုဆို အစ်ကို့သက်တမ်းဟာ ကပ်နေပြီ သက်သက်ရေ၊ ဘာပဲဖြစ်ဖြစ် ဒီရွာလေး ဒီလိုဖြစ်ကျန်ခဲ့တဲ့အတွက် အစ်ကို သေရမှာ မကြောက်တော့ပါဘူး။ တကယ့်ကို မကြောက်တော့တာ''

သက်သက်သည် တစ်စုံတစ်ခုကို မပြောသင့်၊ ပြောသင့် တွေးပြီးမှ ဆုံးဖြတ်ကာ ပြောလိုက်သည်။ မိန်းမတို့၏ မနာလိုသံ ပါမသွားရန်ကိုလည်း ဂရုစိုက်၍ပြောသည်။

''ဟိုတစ်နေ့က အစ်ကိုနေတဲ့ အိမ်ကိုရောက်တော့ ခွေးနီမဆိုတာတွေ့တယ်၊ တော်တော်လှတဲ့ ကောင်မလေးပဲ၊ ပြီးတော့ ဒီကောင်မလေးဟာ အစ်ကို့ကို အတော်သံယောဇဉ်ကြီးပုံရတယ်နော်''

ဖိုးတန်က ပြတ်ပြတ်ပဲ ပြန်ဖြေသည်၊

''သံယောဇဉ်ကြီးပုံရတာမဟုတ်ဘူး၊ အစ်ကို့ကို ချစ်နေတာ သက်သက်ရေ၊ အစ်ကို သူ့ကို မျှော်လင့်ချက်မပေးခဲ့ပါဘူး၊ အစ်ကို့လို သေမင်းရက်ချိန်း ရထားပြီးသားလူတစ်ယောက်က လူ့ဘဝမှာ ရှင်ကျန်ရစ်မယ့် လူတစ်ယောက်ကို ငိကျန်ခဲ့စေတယ်ဆိုတာ မတရားပါဘူး၊ ပြီးတော့ အစ်ကိုချစ်တာ သက်သက်ပါ၊ သက်သက်ဟာ အစ်ကို့သေခါနီးအထိ ချစ်သွားမယ့်ချစ်သူပါ''

နှစ်ယောက်သား သောင်ပြင်မှာ လမ်းလျှောက်လာကြသည်။

''အစ်ကို့မှာ ဆန္ဒတစ်ခု ရှိနေပါတယ်၊ အဲဒါကတော့ ခွေးနီမကို မျက်စိမြင်စေချင်တဲ့ ဆန္ဒပါပဲ၊ ဒီတော့သက်သက်ရယ် အစ်ကို့ကို ချစ်သေးတယ်ဆိုရင် ခွေးနီမ မျက်စိမြင်အောင် ကုပေးစေချင်ပါတယ်''

သက်သက်သည် ဖြိုးဝေ၏လက်မောင်းကို ဆုပ်ကိုင်မိတွဲလိုက်သည်။

ဩော်.....ချစ်သူတွေပါတကား။

''သက်သက် အစ်ကို့ကို အမြဲချစ်နေပါတယ် အစ်ကို၊ ခွေးနီမအတွက် စိတ်ချပါ၊ သက်သက် ရန်ကုန်ကိုခေါ်သွားပြီး မမြင်မြင်အောင်ကုပေးပါ့မယ်၊ အစ်ကိုကော ရန်ကုန်မပြန်တော့ဘူးလား''

''ဒီရွာလေးမှာ အစ်ကို နေပျော်ပြီ၊ ပြီးတော့ သေပျော်ပြီ သက်သက်ရယ်၊ အစ်ကို ဒီရွာမှာပဲသေပါရစေတော့''

နှစ်ယောက်သား သက်ပြင်းပြိုင်တူချမိကြပါသည်။

+++

ခွေးနီမက ဦးဒေဝါနှင့် ဖြိုးဝေကို ဦးချကန်တော့သည်။

ဘေးတွင် သက်သက်နှင့်အခြားဆရာဝန်၊ ဆရာမများ ဝိုင်းနေကြ၏။

သူတို့ ယနေ့ ရန်ကုန်ပြန်ကြမည်။ သက်သက်က ခွေးနီမကို ခေါ်သွားမည်။

ခွေးနီမသည် သူတို့ဖိုးတန်ဟု သိထားသော ဖြိုးဝေ၏မျက်နှာကို လက်ဖြင့်ရွရွစမ်းရင်း တုန်ယင်သောအသံဖြင့် ဆိုပါသည်။

''ခွေးနီမ မျက်စိမြင်ပြီး ပြန်ရင် အစ်ကို ဒီရွာမှာ ရှိနေပါ[illegible]

www.burmeseclassic.com

www.burmeseclassic.com

''စိတ်ချပါ ခွေးနီမရယ်၊ အစ်ကို ဒီရွာက ဘယ်မှမသွားပါဘူး''

''သိဘူးလေ၊ အစ်ကိုက ဘယ်က လာပြီး ဘယ်လိုရောက်လာမှန်း မသိတဲ့လူဆိုတော့ ဒီပြင်တစ်နေရာကိုထွက်သွားရင် ဘယ့်နယ်လုပ်မလဲ''

ဖြိုးဝေက ခွေးနီမ၏ဦးခေါင်းကို ပုတ်ရင်း နှစ်သိမ့်စကားဆိုပါသည်။

''အစ်ကို ဘယ်ကိုမှ ထွက်မသွားပါဘူးကွယ်၊ ခွေးနီမ မျက်စိမြင်ပြီး ပြန်လာတာကို အစ်ကို ပန်းစည်းလေးကိုင်ပြီး ကြိုနေပါ့မယ်ကွာ''

''ကဲ.....လာ ခွေးနီမ၊ ကားပေါ်တက်၊ သွားကြရအောင်''

သက်သက်က ခွေးနီမကိုတွဲကာ ကားပေါ်တင်ပေးလိုက်သည်။

''သွားမယ် အစ်ကို''

''သွားမယ် အစ်ကို''

သက်သက်၏အသံနှင့် ခွေးနီမ၏ အသံက ပြိုင်တူထွက်လာကြသည်။

ဖြိုးဝေကမူ စကားဆိုနိုင်အားမရှိတော့ပါ။

ကားတန်းကြီး ထွက်သွားသည်ကို လက်သာလှုပ်ယမ်းပြလိုက်နိုင်ပါတော့သည်။

''ဝေးပေါ့ သက်သက်ရယ်ကွယ်''

+++

ကောင်းကင်တစ်ပြင်လုံး အုံ့ဆိုင်းနေပါသည်။

မိုးပေါက်လေးများလည်း အနည်းငယ် ကျဆင်းနေပါသည်။

ရွာသောင်ပြင်စပ်ဘက်မှ လှိုင်းပုတ်သံ တဝုန်းဝုန်းသည် ရွာတွင်းသို့ စည်းချက်မှန်မှန် ပြေးဝင်နေပါသည်။

လေကလည်း တဖြည်းဖြည်းနှင့် ထန်လာပါသည်။

ယင်းအခိုက် ဂျစ်ကားတစ်စင်းသည် ရွာတွင်းသို့ အပြင်းမောင်းဝင်လာသည်။

ကားပေါ်တွင် ကားမောင်းသူ၊ သက်သက်၊ ခွေးနီမနှင့် ဆရာဝန်နှစ်ယောက် ပါလာသည်။ သူတို့ ရန်ကုန်မှ လာကြခြင်းဖြစ်သည်။

အမှန်မှာ ယနေ့လာကြရမည့်နေ့ မဟုတ်။

မျက်စိမြင်သွားပြီဖြစ်သော ခွေးနီမကို သက်သက်က ဆေးရုံတွင်ပင် သုံးလေးရက်ခန့် နားနေစေချင်သေးသည်။

သို့သော်.....

ခွေးနီမက အစ်ကို့မျက်နှာကိုမြင်လိုသည်။ ရွာကိုအမြန်ပြန်ပို့ပါဟု တစာစာ တတွတ်တွတ်ပြောနေသောကြောင့် ယနေ့ ကောက်ကာင်ကာ ထွက်လာခဲ့ကြခြင်းပါပေ။

ကားသည် ဦးဒေဝါတို့တဲရှေ့တွင်ရပ်လိုက်သည်။

ခွေးနီမသည် ကားပေါ်မှ လှစ်ခနဲ ခုန်ချပြီး တဲထဲပြေးဝင်လိုက်သည်။ ပြီးတကြော်ကြော် အော်ခေါ်လိုက်သည်။

''အစ်ကိုရေ...အစ်ကို...အစ်ကို''

သူ အော်ခေါ်မယ့်သာ ခေါ်ရသည်။ သူသည် ဖိုးတန် ခေါ် ဖြိုးဝေ၏ ရုပ်ရည်ကို မြင်ဖူးသူမဟုတ်။ သို့သော် အသံကိုမူ ကြားဖူးသည်ဖြစ်သဖြင့် အကယ်၍ အစ်ကို့အသံများကြားလျှင် အစ်ကိုမှန်း သူသိမည်ဟု သူ့ကိုယ်သူ နားလည်ထားသည်။

ထိုအခိုက်တွင် ရွာမှ ဦးဘိုးသောင်းဆိုသူ ခွေးနီမအနား ရောက်လာသည်။

''ဟဲ့.....ခွေးနီမ၊ နင် မျက်စိမြင်လာပြီနော်၊ ဝမ်းသာလိုက်တာဟယ်''

''ဒီမှာ အစ်ကို ဘယ်မှာလဲဟင်၊ အစ်ကိုဖိုးတန်လေ''

ဦးဘိုးသောင်းသည် ညှိုးနွမ်းသော မျက်နှာဖြင့် ဆိုပါသည်။

''မောင်ဖိုးတန် ကျောင်းမှာရှိပါတယ်''

''ဟင်.....ကျောင်းမှာဟုတ်လား''

ခွေးနီမသည် ကျောင်းဘက်သို့ စွတ်ပြေးတော့သည်။

ဤရွာ၊ ဤလမ်း၊ ဤအဆောက်အအုံတို့သည် သူမျက်မမြင်ဘဝကတည်းက တုတ်ဖြင့်ထောက်ကာ ကျွမ်းကျွမ်းကျင်ကျင် သွားလာခဲ့သည့် နေရာများဖြစ်သောကြောင့် သူ့အဖို့ ကျောင်းဆိုသည်နှင့် ကျောင်းဘက်သို့ စွတ်ပြေးနိုင်ခြင်းပါပေ။

ဦးဘိုးသောင်းသည် သက်သက်ကိုကြည့်ရင်း.....

''ကျောင်းကိုသွားလိုက်ပါ ဆရာဝန်မလေးရယ်''

''ဟုတ်ကဲ့ ဘကြီး''

သက်သက် နားလည်လိုက်ပါပြီ။

+++

''အစ်ကို.....အစ်ကို''

ခွေးနီမသည် ကျောင်းရှေ့တွင် ဝိုင်းနေသောလူများကို တစ်ယောက်ချင်းလိုက်ကြည့်မိသည်။ ဘယ်ဟာ အစ်ကိုပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဖူး၊ မမြင်ဖူးသူကို ဘာမှန်း မသိဘဲ ရှာနေမိရာမှ မနေနိုင်တော့ဘဲ ခွင့်မေးမိတော့သည်။

''အစ်ကို အစ်ကိုကောဟင်၊ အစ်ကို ဖိုးတန်လေ''

တစ်ယောက်က ညွှန်ပြသည်။

''ဟိုဟာ ကိုဖိုးတန်ပဲ''

ခွေးနီမ ဝမ်းသာအားရကြည့်လိုက်ပါသည်။

''ဟင်.....အစ်ကို''

သူ့အသံသည် ပေါက်ကွဲထွက်သွားသည်။

ခွေးနီမ ခေတ္တ မှင်တက်မိသလို ဖြစ်သွားသည်။ ဘာကိုမှ မမြင်၊ မကြား တော့သလို တောင့်တောင့်ကြီး ရပ်နေမိသည်။

ပြီးမှ သတိဝင်လာပြီး ဖိုးတန် ခေါ်ဖြိုးဝေရှိရာ သူပြေးလိုက်ပါသည်။

သူသိပ်တွေ့ချင်နေသည့် အစ်ကို့ကို သူတွေ့ပါပြီ။

ဖိုးတန် ခေါ် ဖြိုးဝေသည် ကျောင်းနံရံကိုမှီပြီး ထိုင်နေသည်။ လက်ထဲမှာလည်း ပန်းစည်းလေးကို ကိုင်ထားသည်၊

သို့သော် အသက်မရှိတော့ပါ။

''အစ်ကို.....''

ကွယ်လွန်ခဲ့ပြီဖြစ်သော သွေးကင်ဆာကို အသက်ပေးလိုက်ရပြီဖြစ်သော ဖိုးတန် (ခေါ်) ဖြိုးဝေကို ခွေးနီမနှင့် သက်သက်တို့က ပြိုင်တူပင် ကြေကြေကွဲကွဲ ခေါ်လိုက်မိကြပါသည်။

''အစ်ကိုရေ ခွေးနီမ မျက်စိမြင်လာပြီလေ အစ်ကိုရဲ့''

မိုးကြိုးတမသည် သည်းသည်းထန်ထန် ရွာချလိုက်ပါသည်။

ခွေးနီမ၏ငိုသံသည် ထိုမိုးသံနှင့် မိုးကြိုးသံတို့ကိုဖောက်ပြီး စူးစူးရှရှ ထွက်ပေါ်လာပါတော့သည်။

အားရပါရသာ ငိုလိုက်ပါတော့ ခွေးနီမလေးရယ်။ ။

မောင်ထွန်းညွှန့် (ကွမ်းခြံကုန်း)

ခရာသင်း၊ သမင်ဖြူ။

ခရာသင်း၊ သမင်ဖြူ။ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

ဆက်သွယ်ရန်လိပ်စာ

ခရာသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်ပြိုနယ်၊ရန်ကုန်ပြို့ ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေပြိုနယ်၊ ရန်ကုန်ပြို့၊ ဖုန်း-၀၉-၅၀၄၁၂၃၈၊

www.burmeseclassic.com

www.burmeseclassic.com

သိပ်ချစ်တယ် အရမ်းမုန်းတယ်

ဦးဝင်းမြင့်
(သရုပ်ဆောင်)

မိဘနဲ့သားသမီးကြားမှာ ခိုင်မာတဲ့သံယောဇဉ်ကြိုးတွေရှိတယ်။ မိဘဘက်က သားသမီးအပေါ်မှာထားတဲ့ စုန်ရေမေတ္တာ၊ စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ မြေတောင်မြှောက်ပေးခြင်း၊ ပညာပေးခြင်း၊ စီးပွားပေးခြင်း၊ လမ်းညွှန်ပေးခြင်း အစရှိသဖြင့်ပေါ့။ မိဘတွေရဲ့ စုန်ရေမေတ္တာကို ခံယူတဲ့ သားသမီးတွေကျတော့ အရွယ်မရောက်ခင်မှာ မိဘကိုအားကိုးစိတ်၊ လေးစားအားကျစိတ်၊ အရွယ်ရောက်လာတော့ ခံယူလာခဲ့တဲ့ စုန်ရေပမာဏအလိုက် ကျေးဇူးသိတတ်စိတ်၊ မိအိုဖအိုကို ပြုစုခြင်းနဲ့ ကျေးဇူးဆပ်လိုစိတ်တွေနဲ့ ခိုင်မာလာတဲ့ သံယောဇဉ်ကြိုးဟာ ဖြတ်ဖို့မလွယ်၊ ဖြတ်လို့မရလောက်အောင် ခိုင်မာပါတယ်။ ဒါက ယေဘုယျအားဖြင့်ရှိတတ်တဲ့ မိဘနဲ့သားသမီး ဆက်ဆံပတ်သက်မှုပါ။ ဒါပေမဲ့ တချို့ မိဘနဲ့ တချို့သားသမီးကြား ဆက်ဆံပတ်သက်မှုတွေဟာ ပုံစံအမျိုးမျိုးနဲ့ တည်ရှိနေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မိစုံဖစုံနဲ့နေရတဲ့ သားသမီးတွေအဖို့ ဆင်းရဲခြင်း
ချမ်းသာခြင်းကွဲပြားပေမယ့် မိဘနဲ့သားသမီးသံယောဇဉ်က
တော့ နားလည်ခံစားခဲ့ကြရမှာ ဖြစ်ပါတယ်။ မိ သို့မဟုတ်
ကွယ်လွန်တဲ့အခါ မိ သို့မဟုတ် ဖနဲ့ သားသမီးကြားသံယော
ဇဉ်နဲ့ မိဘတွေ အိမ်ထောင်ရေး မတည်ငြိမ် ပြိုကွဲကြတဲ့
မိ သို့မဟုတ် ဖနဲ့ သားသမီးကြား သံယောဇဉ် မတူကြတော့
ပါဘူး။ အဲဒီလိုပဲ မိ သို့မဟုတ် ဖ တစ်ဦးဦး ကွယ်လွန်ပြီး
နောက်အိမ်ထောင်သစ်ထူတဲ့အခါမှာလည်း မိ သို့မဟုတ် ဖနဲ့
သားသမီးကြား သံယောဇဉ် ပုံစံတစ်မျိုး ဖြစ်လာတော့မှာပါ။

အိမ်ထောင်ရေးမတည်ငြိမ်လို့ မိတကွဲ ဖတကွဲအဖြစ်နဲ့
ကြုံရတဲ့ သားသမီးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှု
ဟာ သိပ်သနားစရာကောင်းပါတယ်။ သားသမီး လူမမည်
အရွယ်မှာ ပြိုကွဲတဲ့မိဘတွေရဲ့ အိမ်ထောင်ရေးကြောင့် ခံစား
ရရှာတဲ့ သားသမီးလေးတွေရဲ့ စိတ်ခံစားမှုက ပိုဆိုးပါတယ်။
လူ့လောကပတ်ဝန်းကျင်မှာ ပုံစံအမျိုးမျိုး တွေ့ဘူးကြမှာဖြစ်
ပါတယ်။ နောက်အိမ်ထောင်နဲ့ ကိုယ့်သားသမီးတွေရဲ့ကြား
မှာ အားပြိုင်မှု ဖြစ်ပေါ်လာရင် မိဘကို မလွန်ဆန်နိုင်တာ
က များတဲ့အတွက် သားသမီးဘက်ကပဲ အလျှော့ပေးကြရ
တာ များပါတယ်။ အဲဒီအချိန်မှာ သားသမီးတွေ ရသွားတဲ့
စိတ်ဒဏ်ရာဟာ ကြီးမားကြပါတယ်။ ဒီလမှာ မိတ်ဆက်ပေး
မယ့် ဇာတ်လမ်းရဲ့ မိဘနဲ့သားသမီးအကြား ဖြစ်ပေါ်လာတဲ့
ပြဿနာကတော့ မိခင်ဆုံးသွားတော့ မိတဆိုးသမီးလေးကို
ဖခင်က အရွယ်ရောက်တဲ့အထိ ကြင်နာစွာပြုစုစောင့်ရှောက်
ခဲ့တဲ့အတွက် ဖခင်ကို မိဘနှစ်ပါးလုံးစာ စုပြီးချစ်ခဲ့ရတဲ့ သမီး
လေးရဲ့အဖြစ်ပါ။

သမီးလေး အရွယ်ရောက်လာတဲ့အခါမှာ ဖခင်က
နောက်အိမ်ထောင်ပြုဖို့ စဉ်းစားတယ်။ သမီးက တက္ကသိုလ်
ကျောင်းသူဖြစ်ပြီး တည်ငြိမ်ရင့်ကျက်မှုရှိနေပြီလို့ တွက်ဆ
လိုက်တယ်။ ဒီတွက်ဆမှုဟာ သားသမီးအပေါ်မှာ ပိုတွက်မိ
တာလား၊ လျှော့တွက်မိတာလား မသိနိုင်ပါဘူး။ ဖခင်လည်း
နောက်အိမ်ထောင်ပြုလိုက်ရော သမီးအနေနဲ့ စိတ်ခံစားမှုက
ထင်ထားတာထက်ပိုတဲ့ စိတ်ဒဏ်ရာ ရရှိခံစားခဲ့ရပါတယ်။
ဖခင်နောက်အိမ်ထောင်ပြုလိုက်တာဟာ သူမအတွက်လူ
တောမတိုးနိုင်လောက်အောင် မျက်နှာငယ်ရတယ်ခံစားမိတဲ့ စိတ်
ခံစားမှုကြောင့် သွားလာနေထိုင်တဲ့ပုံစံဟာ ကျင်လန်းတက်ကြွ

www.burmeseclassic.com

www.burmeseclassic.com



မှု လုံးဝမရှိတော့ပါဘူး။ အမြဲတွေဝေငေးငိုင်ပြီး သီးခြားဆန်စွာ နေထိုင်ပါတော့တယ်။ သမီးရဲ့အဖြစ်ကိုကြည့်ပြီး ဖခင်အနေနဲ့ စိတ်မကောင်းခြင်းကြီးစွာ ခံစားရပါတယ်။ ဖခင် ဦးမင်းခအဖြစ် ကျွန်တော် ဦးဝင်းမြိုင်က သရုပ်ဆောင်ထားပြီး သမီးလေး တက္ကသိုလ်ကျောင်းသူ ဖူးဖူးစင်အဖြစ် သင်ဇာဝင့်ကျော်က သရုပ်ဆောင်ထားပါတယ်။

ဖခင်နောက်အိမ်ထောင်ပြုပြီးမှ ဖူးဖူးစင်ဟာ လူထူတဲ့နေရာကို ရှောင်လာတယ်။ တစ်ယောက်တည်း သီးသီးခြားခြား နေလာတယ်။ ရယ်မောပျော်ရွှင်တာ မမြင်ရတော့ဘူး။ သူငယ်ချင်း အပေါင်းအသင်း လည်း မထားတော့ဘူး။ ဖခင် ဦးမင်းခအနေနဲ့ သမီးလေး အချိန်အတိုင်းအတာတစ်ခုမှာ ပြေသိမ်ဖွယ်ရာနိုင်လိမ့်မယ်လို့ ထင်တယ်။ ဒါပေမဲ့ သမီးဒီလို ခံစားနေရတာကို မြင်ရတွေ့ရတော့ မခံစားနိုင်ဘူး။

အိမ်ထောင်ပြုလိုက်တာ မှားသွားတယ်။ ဒါပေမဲ့ သူ မျှားသားသမီးကို ယူထားပြီး အဆင်မပြေလို့ ပြန်ပို့တယ်ဆိုတာကျပြန်တော့လည်း လူသားမဆန်ပြန်ဘူး။ သမီးရဲ့ခံစားမှုဝေဒနာကို ဘယ်လိုကုစားပေးရမလဲဆိုတာပဲ အမြဲစဉ်းစားနေပါတယ်။

တက္ကသိုလ်ကျောင်းသူကျောင်းသားဘဝမှာ ချစ်သူတွေ ထားကြတဲ့အတွေ့အကြုံလေးတွေ ရှိကြမါတယ်။ ကံ့ကော်ဇာတ်လမ်းချီးလေးတွေပေါ့။ ဖူးဖူးစင်ဖခင် နောက်အိမ်ထောင်ပြုလို့ "ခံစားနေရတယ်ဆိုပေမယ့် သူ့နှလုံးသားကိုတော့ မလွှဲဆန်နိုင်ပါဘူး။ တက္ကသိုလ်မှာ 'ချိန်း' ဆိုတဲ့ တက္ကသိုလ်ကျောင်းသားလေးကို ရင်ခုန်နေမိတယ်။ မိန်းမနောက်ပိုးအလုပ်ကိုတော့ မလုပ်ပါဘူး။ မသိမသာတော့ ခိုးကြည့်ဖြစ်ပါတယ်။ တစ်နေ့တော့ ဖူးဖူးစင်တို့အတန်းကို 'နေကမာ' ဆို တဲ့ တက္ကသိုလ်ကျောင်းသူ အသစ်တစ်ယောက် ရောက်လာတယ်။ အားလုံးနဲ့ မိတ်ဖွဲ့ပြီးတဲ့နောက် နေကမာဟာ ဖူးဖူးစင်ကို ခင်မင်မိသွားတယ်။ ချိန်းအဖြစ် နေတိုးက သရုပ်ဆောင်ထားပြီး နေကမာအဖြစ် အိချောပိုက သရုပ်ဆောင်ထားပါတယ်။

နေကမာက အဒေါ်တစ်ယောက်နဲ့ [illegible] လာနေပြီး ကျောင်းတက်နေသူ။ [illegible] ထက်ထက်မင်းဆိုတဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com





နေကမာရဲ့ အစ်မတစ်ဝမ်းကွဲပေါ့။ ထက်ထက်မင်းက ဗြူတီပါလာဖွင့်ထားတယ်။ အဒေါ်က 'အောင်မြင့်သူ' ဆိုတဲ့ လူငယ်လေးနဲ့ ထက်ထက်မင်းကို သဘောတူထားတယ်။ အောင်မြင့်သူက ချိန်းနဲ့ ကျောင်းနေဖက်သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com

နေကမာရောက်လာပြီးမှ အောင်မြင့်သူက ခဏခဏ လာလည်တယ်။ ထက်ထက်မင်းကို ရည်ရွယ်ပုံ မရဘူး။ အောင်မြင့်သူရဲ့အကြည့်တွေက နေကမာဆီမှာချည်း ရောက်နေတတ်တယ်။ အဒေါ်က သတောပေါက်တယ်။ နေကမာ လုလုပပ ပြင်ဆင်ထားရင် အဒေါ်က မကျေနပ်တော့ဘူး။ ချိန်းကလည်း တစ်မျှောင့်။ သူလည်း နေကမာကို ရင် ခုန်နေမိပြန်ရော။ ချိန်းရဲ့မိခင် ဒေါ်မိမိလတ်က နေကမာကို ဘယ်သူက ကြိုက်နေတာလဲလို့မေးတော့ တစ်ယောက်နဲ့တစ်ယောက် လွှဲချနေကြပြန်ရော။ ရယ်စရာမကောင်းဘူးလား။

ဦးမင်းခက သမီးဖူးဖူးစင်ကို လိုလေသေးမရှိထားပါတယ်။ ကျောင်းကို ကိုယ်ပိုင်ကားနဲ့ တက်စေတယ်။ ကိုယ်တိုင်မပို့နိုင်ပေမယ့် ဦးမင်းခရဲ့လူယုံ၊ ဒရိုင်ဘာ ဦးချက်ကြီးက တာဝန်ယူပြီး ပို့ပေးကြိုပေးပါတယ်။ ဖူးဖူးစင် အထီးကျန်ဆန်ဆန် မိုင်တွေနေတာကို ဦးချက်ကြီးလည်း စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမဲ့ နေကမာ ရောက်လာတဲ့အချိန်ကစပြီး နေကမာရဲ့ နွေးထွေးတဲ့ ဆက်ဆံရေးတွေကြောင့် ဖူးဖူးစင်မျက်နှာမှာ အပြုံးလေးတွေ တွေ့နေရပါပြီ။

တစ်နေ့ မိုးရွာထဲမှာ ချိန်းက နေကမာကို ရည်းစား စကားပြောတယ်။ ထီးကတစ်ချောင်းတည်း။ စကားပြောပြီးတော့ ချိန်းက မိုးရေထဲပြန်သွားတယ်။ ဒီလိုနဲ့ ချိန်း မိုးမိပြီး ဖျားတယ်။ ချိန်းရဲ့မိဘတွေက သူတို့ရဲ့မိတ်ဆွေတစ်ယောက်ရဲ့ သမီးနဲ့ ကပ်လှမ်းထားကြောင်း အသိပေးတော့ ချိန်း မကျေမနပ်ဖြစ်ရတယ်။

ဖူးဖူးစင် ကျောင်းကပြန်လာတိုင်း သူငယ်ချင်း နေကမာ အကြောင်းကို အိမ်ကနှာနီကြီးဆီမှာ ရယ်ရယ်မောမောနဲ့ပြန် ပြောပြနေတာကို ဦးမင်းခတွေ့တော့ သမီးကို ရယ်စရာပြန်စေတဲ့ နေကမာဆိုတဲ့ သူငယ်မကို စိတ်ဝင်စားသွားတယ်။ ဒါ နဲ့ ဦးမင်းခက စုံစမ်းတော့ သူ့မိတ်ဆွေ ဒေါ်အမာလွင်ရဲ့သမီးမှန်း သိသွားတယ်။ ဒေါ်အမာလွင်ဟာ ဦးမင်းခဆီက ငွေကြေးအကူအညီ ယူထားရတဲ့သူဖြစ်နေတော့ ဒေါ်အမာလွင်နဲ့ နေကမာတို့နဲ့ တွေ့ဆုံပြီး ဖူးဖူးစင်ကို စိတ်ချမ်းသာအောင်၊ စိတ်ဓာတ်ကို ပြောင်းလဲမြှင့်တင်ပေးနိုင်အောင် နေကမာကို အကူအညီတောင်းပါတယ်။ ဒီအတွက် ဒေါ်အမာလွင်အပေါ် တင်နေတဲ့ ငွေကြေးအကြွေးများကို လျှော်မှန်မှာဖြစ်ကြောင်း ပြောပါတယ်။ နေကမာ ဦးမင်းခကိုကြည့်ပြီး ဖခင်တစ်ဦးရဲ့ သားသမီးအပေါ်ထားတဲ့ စိတ်ကို လေးစားသွားတယ်။ ဖူးဖူးစင် စိတ်ချမ်းသာအောင် ကူညီပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နေကမာရဲ့ဆုံးဖြတ်ချက်ကို သူငယ်ချင်းတွေသိသွားတော့ မကျေနပ်ကြဘူး။ ဘာလို့လဲဆိုတော့ နေကမာက ချိန်းကိုချစ်သလို ချိန်းရဲ့အချစ်ကလည်း နေကမာဆီမှာဆိုတာကို သိနေကြတဲ့အပြင် ဖူးဖူးစင်က ချိန်းကို ကျိတ်ကြေနေတယ်ဆိုတာကိုပါ သိနေကြတဲ့အတွက်ကြောင့်ပါပဲ။ မသိတာက နေကမာ။ ဖူးဖူးစင်က ချိန်းကိုကျိတ်ကြေနေတယ်ဆိုတာ သိလိုက်ရတော့ ရင်ထဲမှာ ထိထိရှရှ ခံစားလိုက်ရပါတယ်။ ဖူးဖူးစင်ကို နေကမာ ဂရုတစိုက် ရှိနေတာကို ချိန်း က သတိထားမိတော့ ချိန်းကမေးတဲ့အခါ ဖူးဖူးစင်ကို လူထောတိုးခဲ့လား လူဝင်ဆံ့လားအောင် ကူညီပေးနေတာလို့ ပြန်ပြော ချိန်းက နေကမာရဲ့ချစ်အခြေကို ထောင်ချောက် ထက်ထက်မင်းနဲ့ အောင်မြင့်သူတို့ ထ

www.burmeseclassic.com

www.burmeseclassic.com

ပေးမယ်လို့ ပြောလိုက်တယ်။

နေကမာ၊ ဖူးဖူးစင်၊ ချိန်းနဲ့ အောင်မြင့်သူတို့ သူငယ်ချင်းတွေ လျှောက်လည်ကြတဲ့အခါ နေကမာရဲ့တာဝန်ကိုသိထားတဲ့ချိန်းက ဖူးဖူးစင် စိတ်ပျော်ရွှင်အောင် လိုက်လိုက်လျောလျော ဆက်ဆံပေးတဲ့အတွက် ဖူးဖူးစင် အရမ်းပျော်ခဲ့ရပါတယ်။ တစ်ကြိမ်နှစ်ကြိမ်မဟုတ်တော့တဲ့အတွက် ဖူးဖူးစင်နဲ့ချိန်းကို အကွက်ဆင်ပေးနေတယ်လို့ ထင်မိလို့ ချိန်းက နေကမာကိုမေးတော့ နေကမာ ဘာဖြေရမှန်း မသိတော့ဘူး။ ဟုတ်နေတော့ ဖြေရခက်နေလေရဲ့။

ချိန်းမိဘတွေက ချိန်းကို ဦးမင်းခရဲ့အိမ်ကို ခေါ်လာတယ်။ ချိန်းစိတ်ထဲ ထူးဆန်းနေတယ်။ မိထွေး ဒေါ်စုစုမြတ်နဲ့ နာနီကြီးတို့က ဖူးဖူးစင်ကို ညှဉ်သည်နဲ့ထွက်တွေ့ဖို့ပြောတော့ ဖူးဖူးစင် အကျောက်အကန်ငြင်းတယ်။ တွေ့ရမယ့် ညှဉ်သည်ရဲ့ဓာတ်ပုံကိုပြလိုက်တော့ ချိန်းဖြစ်နေလို့ ဖူးဖူးစင်

www.burmeseclassic.com

www.burmeseclassic.com

အရမ်းအံ့သြပြီး ပျော်သွားတယ်။ ဒီအကြောင်းတွေကို ဖူးဖူးစင်က နေကမာကို ပြောပြတဲ့အခါ နေကမာ့စိတ်ထဲမှာ ဝေဒနာတစ်ခု ပြင်းပြင်းထန်ထန် ခံစားလိုက်ရပါတယ်။

ချိန်းခဲ့စိတ်ထဲမှာကတော့ နေကမာက နေရာယူထားပါတယ်။ နေကမာဆီက အဖြေတောင်းတော့ ချစ်သူဖြစ်ကြဖို့ အဓိကမဟုတ်ပါဘူး၊ ချစ်နေကြဖို့ပဲ လိုတယ်လို့ နှစ်သိမ့်ပြီး ဖူးဖူးစင်နဲ့စေ့စပ်ဖို့ တိုက်တွန်းပါတယ်။ ဒီလိုနဲ့ အောင်မြင်သူရယ်၊ ထက်ထက်မင်းရယ်တစ်တွဲ၊ ချိန်းရယ် ဖူးဖူးစင်ရယ် တစ်တွဲ စေ့စပ်ပွဲ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ ထက်ထက်မင်းရဲ့မိခင် ပြဿနာရှာလို့ စေ့စပ်ပွဲ ပျက်သွားခဲ့ရပါတယ်။

ချိန်းက သူ့မိဘတွေဆီမှာ ပေါက်ကွဲပြီး နေကမာကိုပဲ ချစ်ကြောင်း၊ နေကမာကိုပဲ လက်ထပ်မှာဖြစ်တဲ့အကြောင်း ပြောတော့ ဖခင်ဖြစ်သူက လည်း သားစိတ်ချမ်းသာအောင် လိုက်လျောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ချိန်းက နေကမာနဲ့ လက်ထပ်တော့မှာကို ဖူးဖူးစင်ကို ပြောပြလိုက်ပါတယ်။ သိပ်ချစ်တဲ့သူဟာ အခု အရမ်းမုန်းတဲ့သူ ဖြစ်သွားပါပြီ။ ဒီလိုနဲ့ ချိန်းနဲ့နေကမာ ရုံးတက်လက်မှတ်ထိုးလိုက်ကြပါတယ်။ ဖူးဖူးစင် မစားနိုင်မသောက်နိုင်ကြေကွဲနေတာကို လူယုံ၊ ဒရိုင်ဘာ ဦးချက်ကြီးက မကြည့်ရက်လို့ ဘာလုပ်ပေးရမလဲလို့ မေးကြည့်တော့ သတို့သားချိန်းရဲ့ ကုတ်အင်္ကျီ လိုချင်တယ်တဲ့။ ဦးချက်ကြီးကလည်း တာဝန်ကျေပါ့။ ချိန်းရဲ့ သတို့သားကုတ်အင်္ကျီကို ရအောင်ယူလာခဲ့ပေးတယ်။ ဒါပေမဲ့ သွေးတွေစွန်းနေတယ်။ ဘာဖြစ်လို့ သွေးစွန်းရလဲဆို တော့.....

ဒီဝတ္ထုက သျှင်မရဲ့ဝတ္ထုပါ။ အကယ်ဒမီမြင့်ဦးဦးမြင့်က ဇာတ်ညွှန်းခွဲပါတယ်။ ဒါရိုက်တာဝင်းထွန်းထွန်းရဲ့ အနုပညာပြချက်ပါ။ အောင်သီရိဒီဒီယိုထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ချိမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်း ပါးလိုက်ရပါတယ်။

ဦးဝင်းမြိုင် (သခင်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းနိုင်

နတ်မျက်စိဒဏ်လား ဆိုသော်လည်း...

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဆိုပြီး စားပွဲရှေ့ရှိ ကုလားထိုင်တွင်ပင် ဝင်ထိုင်လိုက်သေးသည်။

"ဟာ.....ဒီလူတော့ကွာ၊ ခင် ဗျား အိပ်ရေးသိပ်ပျက်နေတယ်ထင် တယ်"

"ဟုတ်ပါတယ် ဆရာ"

"နားမလား၊ သွားနားတော့၊ အဲ ဒီလူကိုသာ အချွေးထဲက ထုတ်ပေးခဲ့"

လူသတ်မှုလာတိုင်သူကို ချုပ် ထားသည့်အတွက် ပြန်ထုတ်လာရန် စခန်းမှူးက အမိန့်ပေးနေသည်ကို တာ ဝန်မှူးက ပြန်လည်ရှင်းပြခဲ့၏။

"အခုချုပ်ထားတဲ့လူက ကျွန် တော်တို့ကို တကယ်တော်တာပဲတဲ့"

"ဘာကြောင့်လဲ"

"သူလူသတ်လာတာကို ဆရာ တို့ ဘယ်လိုလုပ်ပြီး ချက်ချင်းသိတာ လဲဆိုပြီး အံ့သြမဆုံး ဖြစ်နေတယ် ဆရာ"

တာဝန်မှူးက လူသတ်မှုလာတိုင် သူနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံရှင်း ပြမှ စခန်းမှူးမှာ ပါးစပ်အဟောင်းသား ဖြင့် နားထောင်နေမိတော့သည်။ ပြစ် မှုကျူးလွန်သူ၏ ထွက်ချက်ကို ဖတ်ပြီး နောက်.....

"ကျုပ်ရဲ့ လုပ်ငန်းအတွေ့အကြုံ အရလို့ ဆိုရမှာပေါ့ဗျာ၊ သိစိတ်က တစ်

သတင်းအချက်အလက်များ ပြည့် စုံစွာ ရရှိလိုက်သည်။ တင်ပြအဖမ်းနှာ ခံမှုဖြင့် ဆောင်ရွက်ခဲ့ရာ အပူတပြင်း လိုအပ်နေသည့် ပြစ်မှုကျူးလွန်သူများ ကို လက်ပူးလက်ကြပ် ဖမ်းဆီးလိုက် နိုင်သည်။ လိုအပ်သည်များ ဆောင် ရွက်ပြီးမြို့တွင် တာဝန်မှူး လာသတင်း ပို့သည်ကို သတိရပြီး ခေါ်မေးရသည်။

"လူသတ်မှုလာတိုင်တာပါဆရာ၊ ဆရာက ချုပ်ထားလိုက်လို့ပြောလို့ ချုပ်ထားလိုက်ပါတယ်၊ ဆရာ့ကို သတင်းပို့ဖို့ စောင့်နေတာပါ"

"ဟိုက်.....သေပါပြီ"

အခုမှ နဖူးကို လက်နှင့်ရိုက် လိုက်မိတော့သည်။ စခန်းမှူး၏ အာ မေဍိတ်သံကြောင့် တာဝန်မှူး လန့် သွားသည်။

"လူသတ်မှုလာတိုင်တာကို တိုင် ချက်မယူဘဲ ချုပ်ထားရလားဗျ"

"ဆရာကပဲ ချုပ်ထားလိုက်ဆို"

"မြန်မြန်ခေါ်ထုတ်လာစမ်းပါဦး၊ ဒုက္ခပါပဲ၊ ဒီလူတွေနဲ့တော့"

တာဝန်မှူးက ရယ်ကျဲကျဲဖြင့်....

"သူ့ကို ဆက်ချုပ်ထားရမယ် ဆရာ"

အမျိုးသားတစ်ဦး၏ အရေးကြီး နှုန်းသတင်းကို လက်ခံနေသည်။ အချက်အလက်များ ပြည့်စုံနိုင်သမျှ ပြည့်စုံစေရေးအတွက် ဘ ခြောက်လုံး ဖြင့် သတင်းစုစည်းနေရသည်။ ဖုန်း သတင်းပေးနေသူသည် မည်သူမည်ဝါ မှန်း မသိသဖြင့် မရှင်းလင်းသည်များ ကို နောက်တစ်ကြိမ် ပြန်မေးနိုင်သည့် အခွင့်အရေးမရှိသဖြင့် ဆက်သွယ်မှုရှိ နေစဉ်အတွင်းသာ အမိအရ မေးမြန်း ရခြင်းဖြစ်သည်။

ထိုသို့သောအချိန်မှ တာဝန်မှူး က အလိုက်ကမ်းဆိုးမသိ လာရောက် သတင်းပို့နေသဖြင့် စကားပြောခွက်ကို လက်ဖြင့်အုပ်ကာ "ချုပ်ထားလိုက်" ဟု ပြောလိုက်မှ အလေးပြုပြီး ပြန်ထွက် သွားသည်။ တစ်ဖက်မှ သတင်းအချက် အလက်များကို အချိန်တိုအတွင်း အတည်ပြုဆောင်ရွက်နိုင်ရန် သတင်း အခြေအမြစ် ခိုင်မာပါမှ အောင်မြင်နိုင် မည်ဖြစ်သည်။

□

ပုဒ္ဓ၏ အဆုံးအမများသည် လူမှုကိစ္စအပြားပြားတွင်သော်လည်းကောင်း အခြားမဲ့တွင်သော်လည်းကောင်း ငြိမ်းအေးစေသည့်အပြင် မြတ်နိုဗွာန်သို့တိုင်အောင်ပင် လမ်းညွှန်ပြသ ဆုံးမထားပြီးဖြစ်လေသည်။ မြတ်ပုဒ္ဓ၏ အဆုံးအမများကို နှက်နှက်ဖိုင်းဖိုင်း။ ထဲထဲဝင်ဝင် သိရှိထားခြင်း မဟုတ်ဘဲလျှင် လူဖြစ်လျှင် လူကျင့်ဝတ်ကို လိုက်နာရမည်...

www.burmeseclassic.com

www.burmeseclassic.com

ခုခုကို လုပ်နေပေမယ့် မသိစိတ်က လည်း အလိုအလျောက် အလုပ်လုပ် နေတတ်တယ်ဗျ''

စခန်းမှူးက ကိုယ်ရည်သွေး စကားဖြင့် နောက်လိုက်သဖြင့် စခန်း မှူးနှင့် တာဝန်မှူးတို့ ဟက်ဟက်ပက် ပက် ရယ်မောဖြစ်ကြလေသည်။

မထင်မှတ်သော လုပ်ရပ်တစ်ခု ကြောင့် အောင်မြင်သွားတတ်သည် လည်း ရှိသကဲ့သို့ တစိုက်မတ်မတ် လိုက်နေပါလျက် အစရှာမရလောက် အောင်ပင် ရှုပ်ထွေးနက်နဲ ခက်ခဲသည် များလည်း ရှိတတ်ပေသည်။

တကယ်ဆိုလျှင် ယခုအမှုသည် မျက်မြင်သက်သေပါ အစဖျောက်ခဲ့ သည့်အတွက် တော်တော်ပင် ခက်ခက် ခဲခဲ ဆက်စပ်ဖော်ထုတ်ရမည့် အမှုမျိုး ဖြစ်ပေသည်။ အမှုတစ်ခု ဖော်ထုတ် နိုင်လျှင် မိမိကိုယ်တွင် စူးဝင်နေသည့် ဆူးတစ်ချောင်းကို အောင်မြင်စွာဖယ် နုတ်လိုက်ရသလိုမျိုး ခံစားရသည်။

+++

ကိုကြည်မောင်သည် အချုပ်ခန်း ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်ရင်း တွေးနေသည်။ ''မည် သည့်အတွက် သူတို့ ချက်ချင်းသိကြ တာလဲ၊ ဘယ်လိုလူစားတွေပါလိမ့်၊ လူ ကဲခတ်တော်တယ်ပဲ ပြောရမလား၊ ကျွမ်းကျင်ရာ လိမ္မာလို့ပဲ ပြောရမလား၊ ငါလုပ်ခဲ့တာကို သူတို့လည်း မမြင် လောက်ပါဘူး၊ မြင်တဲ့ မိဝိုင်းနဲ့ သမီး စိန်ကြည်ကိုတောင် ငါ နှုတ်ပိတ်ခဲ့တာ ပဲ၊ ရွာထဲကလူတွေတောင် မသိ လောက်ပါဘူး၊ သူတို့က ငါ့ကို ချက် ချင်းသိပုံထောက်တော့.....''။

ကိုကြည်မောင်သည် ၎င်းဝတ် ဆင်ထားသည့် အဝတ်အစားများကို ကပျာကယာ ငုံ့ကြည့်ပြီး ''ငါ အဝတ် အစားတွေ လဲဝတ်လာပါတယ်။ တကယ်တော်တဲ့ လူတွေပါလား။ ငါ ဟန်ဆောင်နေလို့လည်း အဝိုဖြစ်မှာပဲ''။

ကိုကြည်မောင်သည် အံ့သြမှု များနှင့်အတူ အတွေးသံသရာလည်နေ ရာမှ အမှန်အတိုင်းဖွင့်ပြောရန် ဆုံး ဖြတ်ချက် ချလိုက်ပါသည်။

''ဆရာ.....ဆရာ''

တာဝန်မှူးက ကိုကြည်မောင်ကို လှမ်းကြည့်သည်။

''ခဏပါ ဆရာ၊ ကျွန်တော်ပြော စရာရှိလို့''

တာဝန်မှူးက ရေးလက်စအမှုတွဲ အား စားပွဲပေါ်ဖိထားခဲ့ပြီး အချုပ်ခန်း

> ဒီကောင်မက
> သစ္စာမဲ့ခဲ့တာပါ ဆရာ၊
> ဂိုင်းသွားရင်
> ခွင့်လွှတ်ပါ ဆရာ၊
> ကျွန်တော့်ဇနီးကို
> ပြောတာပါ။
> လူမှုရေး
> ဖောက်ပြန်နေတာ ကြာပါပြီ၊
> ကျွန်တော်ကလည်း
> မပိုင်သေးလို့
> မလုပ်သေးတာ၊
> ဒီနေ့တော့
> သူတို့ထင်ခွေသွားတဲ့
> နောက်ကို လိုက်ချောင်းတာ၊
> ကွက်တိမိပါလေရော၊
> ပက်ပင်းကိုတိုးတာ၊
> ကျွန်တော်လည်း
> ဘာပြောကောင်းမလဲ၊
> သင်းတို့ကို
> ဓားနဲ့ဝင်ပိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရှိ ကိုကြည်မောင်ထံ ရောက်လာသည်။ ကိုကြည်မောင်က.....

''ဆရာတို့ တကယ်တော်တယ်ဗျာ''

ထိုသို့ အရင်းမရှိ၊ အဖျားမရှိ စကားအစချီလိုက်သဖြင့် တာ၀န်မှူးက မျက်မှောင်ကုတ်ပြီး ကိုကြည်မောင်ကို ကြည့်နေသည်။

''အဲဒီလိုကြည့်တာကိုက ကျွန်တော် ဆက်မညာရဲတော့ပါဘူး ဆရာရယ်၊ ဒီကောင်မက သစ္စာမဲ့ခဲ့တာပါ ဆရာ၊ ရိုင်းသွားရင် ခွင့်လွှတ်ပါ ဆရာ၊ ကျွန်တော့်ဇနီးကို ပြောတာပါ၊ လူမှု ရေးဖောက်ပြန်နေတာ ကြာပါပြီ၊ ကျွန်တော်ကလည်း မပိုင်သေးလို့ မလုပ်သေးတာ၊ ဒီနေ့တော့ သူတို့ထင်းခွေသွားတဲ့နောက်ကို လိုက်ချောင်းတာ၊ ကွက်တိမိပါလေရော၊ ပက်ပင်းကိုတိုးတာ၊ ကျွန်တော်လည်း ဘာပြောကောင်းမလဲ၊ သင်းတို့ကို ဓားနဲ့၀င်ပိုင်းတာ၊ ဟိုကောင်ကတော့ လွတ်သွားတယ်၊ မိန်းမကို အဲဒီနေရာမှာတင် ဓားနဲ့ခုတ်ပစ်လိုက်တာ၊ ဘယ်နှချက်မှန်းတောင် မသိတော့ဘူး၊ အားရအောင် ခုတ်ပြီးမှ သူအဖော်ခေါ်လာတဲ့ မိဝိုင်းကို သတိရပြီး နောက်ကလိုက်ပြီး နှုတ်ပိတ်လိုက်တယ်၊ ပြီးတော့ ဝါးရုံပင်ကြားမှာ ပုန်းနေတဲ့ သမီးကိုပါ ရှင်းပစ်လိုက်တယ် ဆရာ၊ သမီးကလည်း သူ့သွေးပါနေမှာပဲ၊ ကျူပင်ခုတ်ရင်တော့ ကျူငုတ်ပါမချန်မှ ဖြစ်မယ်ဆိုပြီး ရှင်းပစ်လိုက်တာပါ၊ အမှန်တော့ ကျွန်တော့် ဒေါသကြောင့် မဆိုင်ကြတဲ့ မိဝိုင်းနဲ့ သမီးကိုပါ သတ်မိလိုက်တယ် ဆရာ၊ အဲဒီအချိန်တုန်းကတော့ တွေ့တဲ့လူမှန်သမျှ သတ်မိမှာပဲ၊ ဘယ်သူမြင်သေးလဲဆိုပြီး ဓားကိုင်ပြီး လိုက်ရှာသေးတယ်၊ ဘယ်သူ့မှမတွေ့လို့ ဓားကို ချောင်းထဲမှာဆေးပြီး သေချာဝှက်ထားခဲ့တယ်၊ ကျွန်တော်က လူသတ်မှု သွားတိုင်ထားမယ်ဆိုပြီး လူလည်လုပ်ပြီး လာခဲ့တာ၊ ဆရာတို့က ကျွန်တော့် ထက်ပိုလည်နေတယ်၊ ခီးကျူးပါ တယ် ဆရာ''

ကိုကြည်မောင်က ထိုသို့ပြောပြပြီးမှ သူသိလိုသည်ကို မေးခဲ့၏။

''ဒါနဲ့ ကျွန်တော် လူသတ်လာတယ်ဆိုတာ ဘယ်လိုသိပြီး ကျွန်တော့်ကို အချုပ်ထဲတန်းထည့်လိုက်တာလဲ ဆရာ''

လုပ်စရာရှိတာလေးတွေ လုပ်ပြီးရင် ပြောပြမှာပေါ့ဗျာ''

တာ၀န်မှူးက စကားကို တိုတိုပဲ ပြောပြီး ရပ်တန့်စေခဲ့၏။

ကိုကြည်မောင်ကို အချုပ်ခန်းထဲမှထုတ်ပြီး ထွက်ချက်ရယူသည်။ စခန်းမှူးထံ တင်ပြအပိန့်နာခံပြီး အချင်းဖြစ်အရပ်သို့ သွားရောက်ရန် ပြင်ဆင်ခဲ့သည်။ သက်သေခံပစ္စည်းသိမ်းဆည်းရန် စီစဉ်ရ၏။ မြောင်ချက်ရယူရန် စီစဉ်ရ၏။ ထိုကဲ့သို့သော သမားရိုးကျ ရဲလုပ်ငန်းစဉ်များဖြင့် အမှုကို ခိုင်မာမှုရယူတည်ဆောက်လျက်ရှိတော့သည်။

+++

လောကကြီး၌ အရာခပ်သိမ်းတွင် ကျင့်ဝတ်စည်းကမ်းများရှိသည်။ လူဖြစ်လျှင် လူ့ကျင့်ဝတ်ကို လိုက်နာရမည်ပင်။ တချို့သော ကျင့်ဝတ်များသည် စာတစ်တန်၊ ပေတစ်ဖွဲဖြင့် ဖော်ပြထားခြင်း မရှိစေကာမူ ယဉ်ကျေးမှုအရ လိုက်နာရသည်များရှိလေသည်။

လူတန်းစားအလွှာအလိုက် ကျင့်ဝတ်များ၊ ကြီးသူ၊ ငယ်သူ၊ ရွယ်တူ များ၏ ကျင့်ဝတ်များ။ သားသမီး၊ မိဘ၊ ဆရာ၊ တပည့်၊ အိမ်ထောင်သည် ယောကျ်ား၊ အိမ်ထောင်သည် မိန်းမ၊ မိဘအုပ်ထိန်းမှုအောက်ရှိသူများ၊ အုပ်ထိန်းမှုမဲ့နေသူများ စသည်ဖြင့် ဆီလိုအပေါက်ရှာမရအောင်ပင် လိုက်နာရမည့် လောကကြီးသည် စည်းကမ်းကျင့်ဝတ်များ အတိုင်းလေ၏။

ကျင့်ဝတ်စည်းကမ်းများသည် ခဲယဉ်းစွာ လိုက်နာရမည့် အချက်များ မဟုတ်ပါ။ သာမန်အားဖြင့် အလွယ်တကူ ဖောက်ဖျက်လိုကြသည်။ လူမှုကိစ္စအဖြာဖြာအတွက် လောကနီတိက ညွှန်ပြဆုံးမထားသည်။ ထို့ထက်လွန်၍ကြည့်သော် စိတ်အဆင့်ဆင့် မြင့်တက်နိုင်မှုကိုပင် မြတ်ဗုဒ္ဓက ညွှန်ပြဆုံးမထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အနုပညာဖြင့် ဖုံးကွယ်ထားသော

အမေရှားသည် လူကြီးမို့ အပြောအဆိုတွင် သေသပ်သည်ကောင်း၊ အပြုအမူတွင် သေသပ်သည်ကောင်း ပြည့်စုံအေးဆေးသည့် အပြင် မြတ်နိုးမှုနှင့်သိုက်ဝင်အောင်ပင် လမ်းညွှန်ပြသ ဆုံးမထားပြီးဖြစ်သော သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမများကို နက်နက်မှိုင်းမှိုင်း ထဲထဲဝင်ဝင် သိရှိ ထားခြင်း၊ ဟုတ်စကောလူငြိမ်လျှင် လူကျင့်တတ်ကို လိုက်နာရမည်ဟု ခံ ယူခဲ့ပါသည်။

ကံဇာပါဖြစ်တည့် လူအသက် သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ သူတစ်ပါးဇနီး ရာကို မှောက်မှားခြင်း၊ အရက်သေစာ သောက်စားခြင်းတို့ကို ကျူးလွန်ပါက အရေးယူအပြစ်ပေးရန် သက်ဆိုင်ရာ ဥပဒေဖြင့် ဆိတ်ကွယ်ရာမရှိ ပြည်သူ စုံစွာဖြင့် ပြဋ္ဌာန်းထားသည်။

ထိုထက် ကျယ်ပြန့်စွာ ရှင်းပြရမည် ဆိုပါက ဤလူ့တောင်တွင် လူကျူး လွန်နိုင်သည့် ပြစ်မှုများအလိုက် သက် ဆိုင်ရာ ဥပဒေအရပ်ရပ်တို့ဖြင့် အရေး ယူ၊ အပြစ်ပေးရန် ပြဋ္ဌာန်းထားပြီးဖြစ် သည်။ ယခုလည်း ကိုကြည်မောင်၏ ပြုလုပ်မှုသည် ကိုကြည်မောင်ကိုယ်တိုင် လောင်းချော်ရိုက်သည်။

ပြစ်မှုကျူးလွန်ခဲ့ပါက ပုဒ်မောင်မှု နှင့် ပြစ်မှုကျူးလွန်ပြီးနောက် ပုဒ်မောင် မှတိုက်သည့် အချိန်အတောအတွင်း ထပ်တူ ညီမျှ မရှိသော်လည်း ပုဒ်မောင်မှာသည် ပုဒ်မောင်မှပင် ပြစ်ဆွေးသည်။ ပြစ်မှု ကျူးလွန်ခဲ့ပါက ပုဒ်မောင်မှကို ပြစ်မှု ကျူးလွန်ပုံကိုပြင်းပြင်းထန်ထန် ပြ

ဆုတ်ယုတ်သည်း မိုက်ခဲသော အပြုအမူ

ပြီးပြင် ဖိုင်ဆိုင်ပါဝေဆည်ဟု သတ်မှတ် နိုင်ခြင်း၊ မရှိသည်ကို မစဉ်းစားမိလေ ဘဲ အဖုန်တကယ် ဖိုင်ဆိုင်ခွင့်မရှိသည့် ကိုပင် ပြုပြင်ဆိုင်ဝေဟန် အဝိဇ္ဇာ စုံးလွှမ်းခဲ့သည့် ကိုကြည်မောင်တစ် ယောက် ကောင်းစွာမြင်၊ ဆုံးဖြတ်နိုင် ခြင်း မရှိသည်မှာလည်း သံဝေဂယူ ဖွယ်ပင်။

မကောင်းမှုပြုသူတို့၏ လိမ်ညာ တိုသည် သန့်ရှင်းစင်ကြယ်နိုင်ခဲ့၏။ အကုသိုလ်သည် အရိပ်လို အပြိတ်ဝေ ခြောက်လှန့်နေတတ်သည်။ အမှား အမှန် ခွဲခြားဆန်းစစ်နိုင်စွမ်း မရှိတော့ ဘဲ ဆင်ခြင်ဉာဏ် မဲ့သွားတတ်သည်။ ထို့ကြောင့် မှားပြီးရင်းသာလျှင် ဆက် တိုက်မှားလေတော့တ၏။

ပြစ်မှုကျူးလွန်ခံရသူတို့ဝင်ငွေ လည်း၊ လောကကျင့်ဝတ်များကို မကောင်းစည်းကြပ်သပြင်သော အန္တရာယ် ကို အန္တရာယ်မှန်းမသိ လက်ယာပင်ခေါ် ကြွေးမြီဖြစ်သည်။ ပြစ်မှုကျူးလွန်အောင် ပြုမူခြင်း ပြစ်မှုကျူးလွန်ကြွေးမြီဖြစ်သည် ဟု လွယ်လွယ်ပြောရပါလျှင် နှစ်ကော လုံးသည် အကုသိုလ်အကြောင်းကြောင့် သာ အကျိုးပေါ်ထွန်းဖြစ်ပေါ်ကြောင်း နှစ် ပေါင်းများစွာပြည့်ပင် ယူဆပေါ်ပေါက်သည်။

အများကတ်းသော တောကြီး တွင် လူသားတိုင်း လူကျင့်ဝတ်များ လိုက်နာလျက် ဗုဒ္ဓ၏ အဆုံးအမများ ဖြင့် အများနည်းပါးသော လူသား အပြစ် တဲ့အယဉ်မှာ ရပ်တည်နိုင်ကြ ဝေနှိုင် ထည်သင်ရာက။

www.burmeseclassic.com

www.burmeseclassic.com

ကျော်သိန်း စာပေမှ ကြိုဆိုပါ၏

Welcome to Kyaw Thein

(၁)ခု အမှတ် (၂၀၄/၂၀၈) (၂)ခု အမှတ် (၁၉၇)၊ မြို့ညီထပ်၊
(၃)ခု အမှတ် (၁၈၃)၊ မြို့ညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၄၀၀၉

www.burmeseclassic.com

www.burmeseclassic.com

မောင်ကြည်နောင်

စိတ်သာဒေဝီကပါ

www.burmeseclassic.com

www.burmeseclassic.com

နိုင်တာပဲမဟုတ်လား၊ အခုကြည့်စမ်း နင်တို့ကြောင့် မင်းသူတစ်ယောက် အချုပ်ထဲရောက်နေပြီ၊ ဒီကိစ္စက ဒီလိုနဲ့ ပြီးမှာမဟုတ်ဘူး၊ နင်တို့ဆီကို ကွင်းဆက် လိုက်လာတော့မယ်''

ယဉ်ယဉ်ပြုံးက သူမ၏ချစ်သူ ကြည်ပြာအား မူးယစ်ဆေးဝါး မသုံးစွဲရန်နှင့် အဖမ်းခံနေရသော မင်းသူအတွက် ကွင်းဆက်များလိုက်လာမည်ကို စိုးရိမ်စိတ်ဖြင့် ပြောပြနေသည်။

ကြည်ပြာနှင့် ယဉ်ယဉ်ပြုံးသည် အအေးဆိုင်တွင် အအေးသောက်ရင်း သိန်းဆွေနှင့်သန်းအောင်ကို ထိုင်စောင့်နေကြသည်။ ယဉ်ယဉ်ပြုံးသည် ကြည်ပြာနှင့် တက္ကသိုလ်တက်စဉ်ကတည်းက ချစ်သူများဖြစ်ခဲ့ကြသည်။ ကြည်ပြာ၏ မိဘအသိုင်းအဝိုင်းသည် ငွေရေးကြေးရေး ပြည့်စုံကြသူများဖြစ်သကဲ့သို့ ယဉ်ယဉ်ပြုံး၏ မိဘများသည်လည်း ပြည့်စုံကြွယ်ဝကြသူများဖြစ်သည်။ ကြည်ပြာသည် မင်းသူ၊ သိန်းဆွေနှင့် သန်းအောင်တို့နှင့်အတူ မူးယစ်ဆေးဝါးအား တစ်ခါတစ်ရံ သုံးစွဲသည်ကို ယဉ်ယဉ်ပြုံးသည် အစက မသိခဲ့သော်လည်း နောက်ပိုင်းသိခဲ့ရပြီးချိန်မှစ၍ အမျိုးမျိုးတားမြစ်ခဲ့သည်။

တစ်ခါတစ်ရံပါဆိုပြီး မကြာခဏ သုံးစွဲကြရာမှ မင်းသူအဖမ်းခံရသည် အထိ အချိန်ကြာမြင့်လာခဲ့သည်။ ဘွဲ့ရပြီးကြသော်လည်း အလုပ်အကိုင် မည်မည်ရရ မလုပ်ကြဘဲ ကွန်ပျူတာသင်တန်း၊ ဘာသာစကားသင်တန်းနှင့် အခြားသင်တန်းများစုံတက်ပြီး မိဘပိုက်ဆံကို သုံးဖြုန်းနေကြသူများဘာ ဖြစ်သည်။

ကြည်ပြာသည် ဘောင်းဘီအိတ်ကပ်ထဲမှ ပိုက်ဆံအိတ်ကို ဆွဲထုတ်ယူလိုက်သည်။ ကျပ်တစ်ထောင်တန် အရွက် (၃၀)ကိုထုတ်၍ မင်းသူအားပေးလိုက်သည်။

''ကဲ.....ရော့၊ ဒီလောက်ဆိုရင် အဆင်ပြေပြီမဟုတ်လား၊ ငါလည်း ငှဲ့အမေဆီမှာ အကြောင်းအမျိုးမျိုးပြပြီး ဒီပိုက်ဆံကို ယူလာခဲ့ရတာ''

''မင်းက ငွေတိုက်ကြီးရှိနေတော့ ဟိုလိုပြောလိုက်၊ ဒီလိုပြောလိုက်နဲ့ ငွေမရှားဘူးပေါ့ကွာ၊ ငါတို့မှာသာ.....''

''ကဲပါကွာ.....ဒါတွေထားလိုက်စမ်းပါ၊ ငှဲ့ဆိုင်ကယ်ကို ယူသွား၊ မြန်မြန်ပြန်လာခဲ့၊ လမ်းမှာလည်း သတိထားဦး၊ မူးယစ်အဖွဲ့တွေနဲ့တွေ့လို့ ပြဿနာတက်နေမယ်၊ နောက်ပြီး ဆေးပြားတွေက အတုတွေလည်းဖြစ်နေမယ် နော်''

မင်းသူက ကြည်ပြာ၏ဆိုင်ကယ် ရှေ့ခြင်းတောင်းထဲမှ ဆိုင်ကယ်ဦးထုပ်ကိုယူပြီး သူ့ခေါင်းတွင်ဆောင်းလိုက်သည်။ ဆိုင်ကယ်ကို အရှိန်ပြင်းစွာဖြင့် မောင်းထွက်သွားသည်။ စိတ်ကြွရူးသွပ်ဆေးပြားမသုံးစွဲရသည်မှာ ကြာပြီဖြစ်သဖြင့် ယခုကဲ့သို့ သူငယ်ချင်းများစု၍ သုံးစွဲကြရန် စီစဉ်ထားခဲ့ကြခြင်းဖြစ်သည်။

+++

''ဒီမှာ နင့်ကို ငါအပြင်ပြောနေတာကိုလည်း ဂရုစိုက်ပါဦးလား ကြည်ပြာရယ်၊ နင်တို့ ဒီဆေးပြားတွေ သုံးစွဲနေလို့ ဘာအကျိုးရှိမှာလဲ၊ မသုံးဘဲ နေ

''မင်းတို့တွေ ဘာထိုင်လုပ်နေကြတာလဲ''

''မင်းမလာသေးလို့ စောင့်နေကြတာပေါ့ကွာ''

''အိမ်ကထွက်လို့မရသေးလို့ အခြေအနေကြည့်ပြီးမှ ထွက်လာရတာကွ၊ ဟိုပစ္စည်း ဝယ်လို့ရသလား''

ကြည်ပြာက သူငယ်ချင်းများထိုင်စောင့်နေသည့် သစ်ပင်ရိပ်အောက်သို့ ဆိုင်ကယ်ပေါ်မှဆင်းပြီး ဝင်လာခဲ့သည်။ သစ်ပင်ရိပ်အောက်တွင် ထိုင်စောင့်နေကြသော ကြည်ပြာ၏သူငယ်ချင်း မင်းသူ၊ သိန်းဆွေနှင့် သန်းအောင်တို့က ကြည်ပြာ့ကိုတွေ့သဖြင့် အပြုံးမျက်နှာများဖြင့် ကြိုဆိုလိုက်ကြသည်။

''မင်းရောက်လာမှ သွားဝယ်လို့ ရမှာပေါ့ကွ၊ ဒီနားပတ်ဝန်းကျင်မှာတော့ ရှာလို့မရတော့ဘူး၊ မြို့စွန်က တိရစ္ဆာန်အစာရောင်းတဲ့ဆိုင်မှာ စုံစမ်းပြီး မေးထယ်ရင်ရတယ်လို့ ပြောကြတယ်ကွ''

www.burmeseclassic.com

"အေး၊ ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ မင်းသူကသာ တကယ်လို့ ငါတို့ကဝယ်ခိုင်းတာ၊ ငှါဆိုင်ကယ်ဆို တာတွေသာ ပြောခဲ့ရင် ငါတို့ကို လာဖမ်းကြမှာပဲနော်"

"ဟုတ်တယ်၊ အခု ငါကြားရတာကတော့ မင်းသူက သူ့ဆိုင်ကယ်နဲ့ သူကိုယ်တိုင် စိတ်ကြွဆေးပြားတွေကိုလာဝယ်တာပါလို့ ထွက်ဆိုချက်ပေးထားတယ်တဲ့၊ ဒါကြောင့် အခုအချိန်အထိ နင်တို့ဆီ ရောက်မလာသေးတာ၊ မင်းသူဝယ်တဲ့ဆီက သတင်းရယ်၊ မင်းသူကိုယ်တိုင်က နင်တို့နဲ့အတူတူ သုံးစွဲမယ်လို့သာ ထွက်ဆိုမယ်ဆိုရင် နင်တို့ မလွယ်ဘူး"

"အင်း.....မင်းသူကတော့သစ္စာရှိမှာပါဟာ၊ သူ့ပစ္စည်း၊ သူ့ဆိုင်ကယ်လို့ပြောရင် ရတာပဲမဟုတ်လား"

"အေးလေ၊ အခု သူပဲအနစ်နာခံပြီး သူ့ပစ္စည်းတွေပါလို့ ပြောထားလို့သာ နင်တို့ဆီ ရောက်မလာသေးတာ"

"ခက်ပါတယ်ဟာ၊ဟိုနှစ်ယောက်ကလည်း ချင်းတွင်းမြစ်မှာ အလုပ်လုပ်နေတဲ့ သိန်းဆွေရဲ့ဦးလေးဆီကို လိုက်သွားမယ်လို့ ပြောနေတယ်"

ကြည်ပြာနှင့် ယဉ်ယဉ်ပြုံးတို့ စကားပြောနေစဉ် သိန်းဆွေနှင့် သန်းအောင်တို့နှစ်ဦး ရောက်လာကြသည်။

"ဘယ်လိုလဲ မင်းသူအခြေအနေက"

ကြည်ပြာက သိန်းဆွေနှင့် သန်းအောင်တို့ကို မေးလိုက်သည်။ သိန်းဆွေက လက်ခါပြသည်။

"လောလောဆယ်တော့ ဘာမှ မထူးသေးဘူး၊ အချုပ်ထဲမှာ ထည့်ထားတယ်၊ ဘယ်သူ့ကိုမှ ပေးမတွေ့ဘူးတဲ့ကွာ"

"ဟာ.....ဒါဆိုရင် စစ်ကြောရေးတွေဘာတွေ လုပ်နေတာဖြစ်မယ်ကွ၊ ငါတို့ပါလာရင်တော့ ဒုက္ခပါပဲကွာ"

ကြည်ပြာသည် သိန်းဆွေနှင့် သန်းအောင်ကိုကြည့်ပြီး ခေါင်းကုတ်၍ ညည်းညူလိုက်သည်။ ယဉ်ယဉ်ပြုံးက သိန်းဆွေကိုကြည့်သည်။ စိတ်ညစ်နေကြသူများ၏ အပူသည်ရုပ်သည် တစ်ဖက်လူကိုပင် ပူလောင်စေသည်။

"ဒီမှာ သိန်းဆွေ၊ နင်တို့အိမ်မှာ ရောက်နေတဲ့ နင့်ဦးလေးက ချင်းတွင်းမြစ်ကလာတာလား၊ နင်တို့နှစ်ယောက်က အဲဒီကို လိုက်သွားကြမယ်ဆို"

"အေး ဟုတ်တယ်၊ မနက်ဖြန် ပြန်မယ်လို့ပြောတယ်၊ ငါတို့မှာကလည်း မင်းသူကိစ္စက ရှိနေတော့ ရှောင်ရင်းပုန်းရင်း လိုက်သွားမလို့ စိတ်ကူးနေတာ၊ ဒါကြောင့် ကြည်ပြာ့ကိုလည်း တစ်ပါတည်း ခေါ်သွားရရင် ကောင်းမလားလို့"

"ဟိုမှာက ဘာလုပ်ရမှာလဲ၊ ရွှေတူးရမှာလား၊ သစ်ခုတ်ရမှာလား"

သိန်းဆွေပြောလိုက်သည့်စကားအရ ရှောင်ရင်းပုန်းရင်းဆိုသည်ကို သဘောကျသဖြင့် ကြည်ပြာက လိုလိုလားလား ဝင်မေးလိုက်သည်။

"အေး၊ တစ်လကို ငါးသောင်းနဲ့ တစ်သိန်းကြားမှာ လစာရမယ်တဲ့၊ သူက သူ့လုပ်ငန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေ လာဝယ်ရင်း လူအင်အား စုနိုင်သလောက်စုပြီး ခေါ်သွားချင်တယ်လို့ပြောတယ်"

"အခုသူနဲ့သွားတွေ့လို့ ရမလား"

"ဟာ.....ရတာပေါ့ကွ၊ သူက ပစ္စည်းတွေလည်း စုပြီးပြီ၊ မနက်ဖြန် ရန်ကုန်-မုံရွာကားနဲ့လိုက်မလို့ ပြင်ဆင်နေတယ်၊ မင်းတို့လိုက်မယ်ဆိုရင် အခု ငှါအိမ်သွားပြီး အကျိုးအကြောင်းပြောကြတာပေါ့ကွာ"

"ဒါဆို အခုသွားမယ်ကွာ၊ ယဉ်ယဉ်ကော ငါတို့နဲ့လိုက်ခဲ့ပါလား"

ကြည်ပြာက ယဉ်ယဉ်ပြုံးအား လှမ်း၍ပြောလိုက်သည်။ ယဉ်ယဉ်ပြုံးက မျက်နှာကို ရှုံ့မဲ့လိုက်သည်။

"အို.....ငါကဘာဖြစ်လို့ လိုက်တွေ့ရမှာလဲ၊ သွားချင်နေတာက နင်တို့တွေမဟုတ်လား၊ လိုက်မယ်ဆိုရင် ကြည်ပြာ့အိမ်က ထည့်မှာတဲ့လား"

"ငှါအိမ်က အခုလို ငါတို့ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ လုပ်နေမယ့်အစား အလုပ်တစ်ခုကို မည်မည်ရရ လုပ်မယ်ဆိုရင် သွားစရိတ်၊ စားစရိတ် အပြည့်အစုံထည့်ပေးမယ်လို့အပြောပြောနေတာ၊ ဒီအတွက်ကတော့ စိတ်သာချ"

ကြည်ပြာက ယဉ်ယဉ်ပြုံးအား ရယ်ရယ်မောမောဖြင့် ပြောလိုက်၏။ သိန်းဆွေက ယဉ်ယဉ်ပြုံးအား ကြည့်လိုက်သည်။

"ဒီမှာ ကြည်ပြာ့အိမ်က ထည့်ပါပြီတဲ့၊ နင်ကရော"

"ဟဲ့....ငါက ဒီလိုအချိန်မှာ သူ့ကို ဟန့်တားနေလို့ ဖြစ်မှာလား၊ ဒီမှာနေရင် တစ်နေ့မဟုတ်တစ်နေ့ ဒုက္ခရောက်မှာ၊ မင်းသူကိစ္စပြီးသွားမှ ပြန်လာရင်လည်း ဖြစ်တာပဲမဟုတ်လား၊ ဒါမှ နင်တို့လည်း ဆေးလိပ်တိုက်မယ်၊ ငါတို့လည်း စိတ်အေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ငါတို့အိမ်ကို လိုက်ခဲ့ပါလား၊ ငါ့ဦးလေးနဲ့ တွေ့ရတာပေါ့"

"မလိုက်ချင်ပါဘူးဟာ၊ သွားမှာက နင်တို့၊ ငါလိုက်ပြီး နှောင့်ယှက်သလိုဖြစ်နေပါ့မယ်"

"ကဲ....နင်လည်း ဒီကနေ အိမ်ပြန်တော့၊ သိန်းဆွေတို့နဲ့လိုက်ပြီး သူ့ဦးလေးနဲ့ တွေ့လိုက်တော့မယ်"

+ + +

သိန်းဆွေ၏အိမ်တွင် သိန်းဆွေဖခင်၏ညီဖြစ်သူ ဦးလေးဦးဘဆွေနှင့် ကြည်ပြာ၊ သိန်းဆွေ၊ သန်းအောင်တို့သည် မနက်ဖြန်တွင် ချင်းတွင်းခရီးစဉ်သို့ လိုက်မည့်အကြောင်းများ ပြောဆိုနေကြသည်။ ၎င်းတို့၏လမ်းဆိပ်တွင်ရှိသည့် အဝေးပြေးယာဉ်စခန်းမှ လက်မှတ်အရောင်းဌာနတွင် မနက်ဖြန်ထွက်မည့်ယာဉ်အား လေဦးအတွက် လက်မှတ်ဝယ်လိုက်ကြသည်။

"ငါက ဒီအိမ်ကနေ စီးပွားရှာဖို့ ထွက်သွားခဲ့တာ၊ ကလေးဝမြို့ကို ရောက်သွားတယ်၊ အဲဒီမြို့မှာက ချင်းတွင်းမြစ်အထက်ပိုင်းကလာတဲ့ ခန္ဓီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်တို့က ပစ္စည်းတွေစုံတယ်၊ ဟင်းသီးဟင်းရွက်တို့ဘာတို့ပေါ့ကွာ"

"ဦးလေး ဘာတို့ဆိုတာက ဘာလဲဟင်"

သန်းအောင်က ဦးဘဆွေ ပြောလိုက်သည့်စကားထဲမှ ဘာတို့ဆိုသည်ကို နားမလည်၍ မေးလိုက်သည်။

"အင်း...ဘာတို့ဆိုတာက ခန္ဓီးဘက်က တစ်ပိုင်တစ်နိုင် သယ်လာကြတဲ့ ကျောက်စိမ်းတွေ အရောင်းအဝယ်ဖြစ်တာကို ပြောတာကွ၊ ဒါကလည်း ခိုးလုပ်ရတဲ့အလုပ်ပေါ့ကွာ၊ ဒါကြောင့် ဘာတို့ညာတို့ ပြောလိုက်တာပါ"

"ခန္ဓီးဘက်က ကျောက်စိမ်းထွက်သလား"

"ဟုတ်တယ်ကွ၊ ဒီလိုနဲ့အရောင်းအဝယ်လေး ကောင်းလာပြန်တော့ ကလေးဝမြို့က တဖြည်းဖြည်း စီးပွားရေးအချက်အချာ မဟုတ်တော့ဘူးကွ"

"ဘာဖြစ်လို့လဲ ဦးလေး"

"အင်း.....စီးပွားရေးလုပ်ငန်းဆိုတာ တစ်နေရာတည်းမှာ အသားကျဖို့ဆိုတာ ခက်တယ်ကွ၊ မုန္တလာ၊ ကလေး၊ တမူးသွားတဲ့ ကားလမ်းမကြီးပေါ်လာ



အဲဒီအပင်ရဲ့
အမြစ်မှာရှိတဲ့အဆီက
သိပ်ပြီးတန်ဖိုးရှိတယ်၊
သစ်ကတိုးဆီပေါ့ကွာ၊
အဲဒီသစ်ကို သစ်ခွဲပြီး
ခွဲသားကို သေတ္တာလုပ်ရင်
အဲဒီသေတ္တာက
ခြုံမတက်ဘူး၊
ပိုးဟပ်မတက်ဘူး၊
တက်တဲ့ကောင်တွေ အားလုံး
သေသွားကြတယ်လို့
ပြောတယ်၊
အဆိပ်ပြင်းတယ်လို့
ဆိုရမှာပေါ့ . . .

www.burmeseclassic.com

www.burmeseclassic.com

တော့ ကလေးဝကနေ တစ်ဖက်ကမ်းကို ဖက်နဲ့ကူးရတဲ့အချိန်တွေအစား တောက်လျှောက်သွားလို့လာလို့ ရတဲ့ လမ်းကိုရွေးပြီး သွားကြလာကြတော့ တယ်ကွ''

''ဒီတော့ ဦးလေးက ကလေးဝကနေ တစ်နေရာပြောင်းပြီး အလုပ်ရှာတာပေါ့နော်''

''ဒီလိုပေါ့ကွာ၊ ငါနဲ့အတူတူလုပ်ကိုင်နေကြတဲ့သူတွေလည်း တော်တော်များများ လုပ်ငန်းပြောင်းလုပ်ခဲ့ကြတယ်၊ ဒါ့ကြောင့် ငါလည်း ချင်းတွင်းမြစ်ကြောကို တက်သွားရင်းနဲ့ အဖော်ကောင်းတော့ အခုလုပ်နေတဲ့နေရာကိုရောက်ခဲ့တာကွ''

''အခု ဘာလုပ်တဲ့လုပ်ငန်းလဲ ဟင် ဦးလေး''

''သစ်တောထွက်ပစ္စည်းတွေပေါ့ တယ်၊ သစ်ကတိုးပင်ဆိုတာ ကြားဘူး သလား''

သိန်းဆွေ၊ ကြည်ပြာနှင့် သန်းအောင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းခါပြလိုက်ကြသည်။

''သစ်ကတိုးပင်ဆိုတာ အမွေးနဲ့ ထွက်တဲ့အပင်လား''

''ဟုတ်တယ်ကွ၊ အဲဒီအပင်ရဲ့ အမြစ်မှာရှိတဲ့အဆီက သိပ်ပြီးတန်ဖိုးရှိတယ်၊ သစ်ကတိုးဆီပေါ့ကွာ၊ အဲဒီသစ်ကို သစ်ခွဲပြီး ခွဲသားကို သေတ္တာလုပ်ရင် အဲဒီသေတ္တာက ခြင်္သေတ္တာဘူး၊ ပိုးဟပ်မတက်ဘူး၊ တက်တဲ့ကောင်တွေ အားလုံး သေသွားကြတယ်လို့ ပြောတယ်၊ အဆိပ်ပြင်းတယ်လို့ ဆိုရမှာပေါ့ကွာ''

''အဲဒီသစ်ကတိုးဆီကိုအရောင်းအဝယ်လုပ်ကြတာလား''

''ဟုတ်တယ်ကွ၊ ဒီလုပ်ငန်းက အရင်းအနှီးမလိုဘူး၊ အဲဒီစခန်းမှာ သူဌေးတွေက စခန်းတာဝန်ခံတွေ ခန့်ထားပေးတယ်၊ ဒေသခံတွေနဲ့ပေါင်းပြီး သစ်ကတိုးပင်ကို ရှာရတယ်၊ ရှာလို့ရရင် အဲဒီအပင်ရဲ့အမြစ်မှာရှိတဲ့ အဆီတွေကိုစုပြီး အဆီထုတ်ရတာကွ၊ အခု ငါလာရတဲ့အကြောင်းကတော့ မင်းတို့လို ခေတ်ပညာတတ် လူငယ်လေးတွေကိုစုပြီး စခန်းရုံးမှာ စာရင်းစစ်၊ စာရင်းကိုင်နဲ့ ရုံးလုပ်ငန်းတွေလုပ်ရအောင်လို့ လာစုရတာကွ၊ အခု မင်းတို့သုံးယောက်ရလိုက်တော့ ငါ့လုပ်ငန်းလည်း အဆင်ပြေသွားတာပေါ့ကွာ''

ဦးဘဆွေသည် လုပ်ငန်းသုံးပစ္စည်းများအပြင် စခန်းတွင် အသုံးပြုနိုင်မည့် လူငယ်လူရွယ်များကို စုစည်းခေါ်ဆောင်လာရန်ဖြစ်သည်။ ယခု မစုစည်းမီမှာပင် ကြည်ပြာတို့သုံးဦးအား ရရှိလိုက်ခြင်းဖြစ်သည်။ ဦးဘဆွေအတွက် လိုအပ်သလို ကြည်ပြာတို့အတွက်လည်း ဦးဘဆွေ၏လုပ်ငန်းသည် လိုအပ်နေပြီဖြစ်သည်။

''သစ်ကတိုးဆီကို ဘယ်လို ထုတ်တာလဲ ဦးလေး''

''တောတွေမှာ ချက်အရက်ချက်သလိုပေါ့ကွာ၊ တစ်ဖက်ပွင့် ရေတိုင်ကီတစ်လုံးထဲကို အရက်ချက်မယ့် စိမ်ရည်တွေလောင်းထည့်ပြီး အရက်ချက်သလိုပေါ့''

''စိမ်ရည်လောင်းထည့်ပြီးအရက်ချက်သလိုဆိုတော့ ကျွန်တော်တို့က နားမှမလည်တာ၊ သေသေချာချာရှင်းပြပါဦး ဦးလေးရဲ့''

''လမ်းမှာ အချိန်တွေအများကြီး ရပါတယ်ကွာ၊ အဲဒီကျရင် သေသေချာချာ ရှင်းပြမယ်၊ အခု မင်းတို့နှစ်ယောက်က အိမ်ပြန်ပြီး ပြောရဆိုရဦးမယ် မဟုတ်လား''

''ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော်တို့ ပြန်တော့မယ်၊ ညနေတစ်ခေါက် ထပ်လာပါ့မယ်''

+++

ကြည်ပြာ၏မိဘနှစ်ပါးအနက် မိခင် ဒေါ်လှကြည်က တစ်ဦးတည်း သောသားဖြစ်သူ ကြည်ပြာအား ခရီးဝေး၊ ခရီးကြမ်းကို မသွားရန် တားသည်။ ဖခင်ဖြစ်သူ ဦးသန်းမောင်ကမူ လူငယ်ဘဝ စွန့်စွန့်စားစား သွားလာခြင်းကို အားပေးသည်။ ထို့အပြင် ကြည်ပြာသည် သူငယ်ချင်းများနှင့် ပေါင်း၍ မကောင်းမှုကို လုပ်နေကြောင်းကိုလည်း သတင်းအစအန ရထား၍ သိန်းဆွေ၏ဦးလေးတော်စပ်သူနှင့် ခရီးအတူသွားရန် ကန့်ကွက်ခြင်းမပြုခဲ့။

သန်းအောင်သည်လည်း မိခင်၊ ဖခင်တို့ထံ ခွင့်တောင်း၍ သူငယ်ချင်းသုံးယောက် ခရီးထွက်မည့်အကြောင်းနှင့် ခရီးစဉ်တစ်လျှောက်တွင် သိန်းဆွေ၏ဦးလေးတော်စပ်သူ ဦးဘဆွေလည်း ပါမည့်အကြောင်း ပြောပြခဲ့သည်။ မိဘများကလည်း အိမ်တွင် အချိန်ကုန်လူပန်းဖြစ်နေမည့်အစား အလုပ်အကိုင်လုပ်ရန် ခရီးထွက်မည်ကို ခွင့်ပြုခဲ့၏။

ညနေ ၆ နာရီခန့်တွင် သိန်းဆွေအိမ်သို့ ကြည်ပြာနှင့်သန်းအောင်တို့

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာပြီး နောက်နေ့ညနေ ၃ နာရီခန့်တွင် သိန်းဆွေအိမ်မှ ကားကြီးကွင်းသို့ အတူတူသွားကြရန် ပြောဆိုခဲ့ကြသည်။

နောက်နေ့ညနေ ၃ နာရီခန့်တွင် သိန်းဆွေ၏နေအိမ်တွင် လူစုကြပြီး ကားကြီးကွင်းသို့ ထွက်လာခဲ့ကြသည်။ ညနေ ၅ နာရီတွင် ရန်ကုန်–မုံရွာကားသည် ကားကြီးကွင်းမှ စ၍ထွက်သည်။ သူငယ်ချင်းသုံးယောက်ပေါင်း၍ ယခုလိုခရီးရှည်ကြီး စထွက်ရသဖြင့် အလွန်ပျော်ရွှင်နေကြသည်။ မင်းသူနှင့်ပတ်သက်သည့် ကိစ္စများကိုလည်း ခဏမေ့ထားလိုက်ကြသည်။

စကားပြောလိုက်၊ အိပ်လိုက်ဖြင့် နောက်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် မုံရွာမြို့သို့ ရောက်ခဲ့ကြသည်။

"ငါတို့ ခန္တီးကိုသွားမယ့် အမြန်စက်လှေကိုတ်ကို အရင်သွားကြမယ်၊ ဟိုမှာ မနက်ဖြန်အတွက် စက်လှေလက်မှတ်လုပ်ပြီးမှ တည်းခိုခန်းမှာ အနားယူကြတာပေါ့ကွာ"

ဦးဘဆွေ၏ အတွေ့အကြုံများအရ ခရီးစဉ်အတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ကြသည်။

"ဟုတ်ကဲ့ ဦးလေး၊ ဦးလေးရဲ့ အစီအစဉ်အတိုင်းသာ လုပ်ပါ၊ ကျွန်တော်တို့ကတော့ ဦးလေးသွားတဲ့လမ်းအတိုင်း လိုက်ရမှာပါဗျာ"

ဦးဘဆွေသည် အမြန်စက်လှေဆိပ်သို့သွားပြီး နောက်နေ့နံနက်ထွက်မည့် ခန္တီးခရီးအတွက် လက်မှတ် (၄) နေရာ ဝယ်လိုက်သည်။ စက်လှေဆိပ်နှင့်နီးသည့် တည်းခိုခန်းတစ်ခုတွင် တစ်ညအိပ်တည်းခိုရန် စီစဉ်လိုက်ကြသည်။

တည်းခိုခန်းတွင် အဝတ်အစားလဲခြင်း၊ ရေချိုးခြင်းများပြုလုပ်ပြီး အနားယူကြသည်။ ညနေတွင် တည်းခိုခန်းအနီးမှ စားသောက်ဆိုင်တစ်ခုတွင် ညစာစားကြပြီး တည်းခိုခန်းတွင် ပြန်၍ အနားယူကြသည်။

"ဦးလေး ဟိုလေ..... ဦးလေးပြောပြမယ်ဆိုတဲ့ စိမ်ရည်အကြောင်း ဆက်ပြောပါလား"

ကြည်ပြာသည် သိလိုသောအကြောင်းအရာကို စကားစလိုက်၏။

"အေး ကြည်ပြာကတော့ သိချင်တာကို သိရအောင်လုပ်နေပြီ၊ ဒီမှာငါဦးလေး နားပါစေဦးကွာ"

သိန်းဆွေကကြည်ပြာအား စကားဖြတ်ရန် ဟန့်တားလိုက်သည်။

"အေးပါကွာ၊ ကြည်ပြာတို့ သိချင်တာကို ပြောပြပါ့မယ်၊ စိမ်ရည်ဆိုတာက ထန်းလျက်ခဲကြီးတွေကို မြေစဉ့်အိုးထဲ ရေနဲ့ဖျော်ပြီး ထည့်ရတယ်၊ အရက်ချက်ရင်သုံးတဲ့ ကဖော်ခဲလည်း ခေါ်တယ်၊ တံဆေးလုံးလို့လည်းခေါ်တဲ့ အလုံးလေးတွေ ငါးလုံးလောက်ထည့်ရတယ်"

"ကဖော်ခဲဆိုတာက ဘာလဲဟင် ဦးလေး"

"မင်းတို့ဈေးတွေမှာ ဓနဲနဲ့ထည့်ပြီး ကောက်ညှင်းဆန်နဲ့ဖောက်ထားတဲ့ ကဖော်ရည်ကို တွေ့ဘူးတယ်မဟုတ်လား၊ များများစားရင် မူးတယ်လေ၊ အဲဒီမှာသုံးတဲ့ ကဖော်ခဲကို ခေါ်တာကွ၊ ဥပမာ စဉ့်အိုးက ငါးပိသာဝင်တဲ့အိုးဆိုရင် ကဖော်ခဲငါးခဲလောက် ထည့်ရတယ်၊ ကဖော်ရည်ဖောက်မယ့် စိမ်ရည်ကိုလည်း အရက်ချက်ထားပြီး ကျန်တဲ့အရည်တွေ ထည့်ရသေးတယ်"

"ဩော်...အရက်သံသရာပါလားနော်"

"အဲဒီစဉ့်အိုးကို မြေကြီးထဲမှာ တစ်ဝက်လောက်မြှုပ်ပြီး လေးငါးရက်လောက် ထားရတယ်၊ အမြှုပ်တွေထွက်လာရင် အောက်ကအရည်ကို ဖွန်းသန့်သန့်နဲ့ မြည်းကြည့်ရတယ်"

"ဘာဖြစ်လို့ မြည်းကြည့်ရတာလဲ"

"ဒီလိုကွ၊ ကဖော်ရည်က အချိုဓာတ်လည်းပျောက်၊ အချဉ်လည်းမပေါက်တဲ့အချိန်ဟာ အရက်ချက်လို့အကောင်းဆုံး စိမ်ရည်ပေါ့ကွာ၊ အဲဒါကြောင့် မြည်းရတာ၊ ရက်လွန်လို့ အချဉ်ပေါက်သွားရင် အရက်ပျက်ရောကွ"

"ပညာသားပါတယ်နော်"

"အဲဒီ အရက်ချက်လို့အကောင်းဆုံးစိမ်ရည်ကို တစ်ဖက်မှင့် သံတိုင်ကီထဲကို သုံးပုံတစ်ပုံလောက် ထည့်ရတယ်၊ အောက်မှာ မီးဖိုရှိရမယ်၊ အဲဒီတိုင်ကီအထဲကို နှစ်ပေခွဲလောက်ရှိတဲ့ ဝါးတုတ်သုံးချောင်းကိုလည်း ကန့်လန့်ဖြတ်ထည့်ရတယ်၊ အဲဒီဝါးအပေါ်မှာ မြေအိုးတင်လို့ရအောင် ထားရတယ်၊ ပြီးတော့မှ အလှူမှာသုံးတဲ့ သံဒယ်အိုးပိုင်းကို တိုင်ကီပေါ်မှာ တင်လိုက်ပေါ့ကွာ"

"အောက်ကမီးထည့်ရင် အရက်ဖြစ်ရောလား"

"မဖြစ်သေးဘူး၊ တိုင်ကီနဲ့ဒယ်အိုးကြားမှာ လေထွက်ပေါက်မရှိအောင် အဝတ်တွေနဲ့ ပတ်ပတ်လည်ကို ပိတ်ရတယ်၊ ပြီးမှ ဒယ်အိုးထဲကို ရေအေးပြည့်

www.burmeseclassic.com

www.burmeseclassic.com

ဖြည့်တယ်၊ ပြီးပြီဆိုမှ အောက်ကမီး ထည့်ရတာ၊ မီးက မနည်းလွန်း၊ မများ လွန်းပေါ့ကွာ၊ ဒါမှ စိမ်ရည်တွေ ပွက်ပွက်ဆူပြီး အလယ်ကမြေအိုးထဲကို မဝင်နိုင်အောင် မီးကိုထိန်းပြီးထည့်ရ တယ်"

"အရက်က ဘယ်လိုရတာလဲ"

"မီးအပူရှိန်နဲ့ စိမ်ရည်က ဆူလာ တော့ အခိုးအငွေ့တွေက ဒယ်အိုးဖင် ကို ထိတယ်လေ၊ ဒယ်အိုးက အေးနေ တော့ ချွေးဖြစ်ပြီး အလယ်မှာထားတဲ့ အိုးထဲကို ကျတာပေါ့၊ အဲဒါ အရက်ပဲ ကွ"

"အလယ်ကအိုး ပြည့်၊ မပြည့် ဆိုတာ ဘယ်လိုသိမလဲ"

"ဒါကတော့ အတွေ့အကြုံပေါ့ ကွာ၊ အရက်ကောင်းကောင်းလိုချင်ရင် ဒယ်အိုးထဲကရေကို လက်နှိုက်လို့မရ တော့ ရေလဲပေးရတယ်၊ အဲဒီ ရေ တစ်ခါလဲရင် တစ်ရေကျ၊ နှစ်ခါလဲရင် နှစ်ရေကျ၊ သုံးခါ လဲတော့ သုံးရေကျပေါ့ကွာ၊ အရက်ထဲမှာတော့ သုံး ရေကျက အကောင်းဆုံး ပဲကွ"

"အခု ဦးလေးပြော တဲ့အထဲမှာ အရက်ချက် တာနဲ့ သစ်ကတိုးဆီချက်တာက အတူ တူပဲလား"

"အေး.....ဟုတ်တယ်၊ စိမ်ရည် အစား သစ်ကတိုးပင်ရဲ့အမြစ်က ခြစ် ထုတ်ထားတဲ့ အဆီစတွေကိုစုပြီး စိမ် ရည်လို ချက်ရတာကွ၊ ဒါမှ သစ်ကတိုး ဆီဆိုတာ ရတာပေါ့ကွာ"

ကြည်ပြာတို့သည် ဦးဘဆွေပြော ဆိုနေသည်ကို စိတ်ဝင်စားစွာဖြင့် နား ထောင်နေကြသည်။ သူတို့ကိုယ်တိုင် သစ်ကတိုးဆီ ချက်ရမည်လားလို့လည်း တွေးနေကြသည်။

"ကျွန်တော်တို့က ဟိုကိုရောက် ရင် ဦးလေးပြောသလို ကျွန်တော်တို့ ကိုယ်တိုင် လုပ်ကြရမှာလား"

"မင်းတို့ကိုယ်တိုင် လုပ်လို့မရဘူး ကွ၊ ဒါမျိုးက အတွေ့အကြုံလိုတယ်၊ မင်းတို့က စခန်းရုံးမှာ ရုံးလုပ်ငန်းလုပ် ကြရမှာပါကွာ"

"အဲဒီ သစ်ကတိုးဆီက ဘယ်မှာ သုံးတာလဲ ဦးလေး"

"သူကဟုတယ်၊ ကိုယ်လက်ကိုက် ခဲတာတွေကို လိမ်းလို့ရတယ်၊ များများ လိမ်းရင် အပူဖုတွေလို ပေါက်လာတာ၊ နည်းနည်းလိမ်းမှ အကျိုးရှိတာကွ၊ ငါ တို့တော့ ကိုယ်လက်ကိုက်ရင် အဲဒီအဆီ နဲ့ ပွတ်လိုက်တာပဲ"

"ဒါဆိုရင် ကိုယ်လက်ကိုက်တဲ့ နေရာမှာပဲ သုံးတာလား"

"အဲဒီလိုလည်း မဟုတ်ဘူးကွ၊ ဝယ်တဲ့သူတွေက ငါတို့စခန်းတွေအထိ ရောက်လာပြီး ရသလောက် လာယူကြ တာပဲ၊ ဘယ်ကိုပို့တယ်လို့တော့ မသိပါ ဘူးကွာ"

"အဲဒီသစ်ကတိုးပင်ရှာရတာက ကော လွယ်သလား"

"ဒေသခံတွေကတော့ အပင်မြင် ရင် သိတာပေါ့ကွာ၊ မင်းတို့ ငါတို့က တော့ ဘယ်လိုသိမှာလဲ၊ ဒါက အတွေ့ အကြုံက သင်ပေး လိမ့်မယ်"

သစ်ကတိုးဆီနှင့်ပတ်သက်၍ သိလိုသမျှမေးပြီးချိန် တွင် ည ၁၀ နာရီကျော် နေပြီဖြစ်သည်။

"ကဲ.....ကဲ အိပ် ရာဝင်ကြရအောင်၊ မနက် ၃ နာရီခွဲလောက်စီးရမှာ၊ စောစောအိပ်ကြတော့ကွာ"

"ဟုတ်ကဲ့ ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com

ဦးဘဆွေနှင့် သိန်းဆွေတို့က တစ်ခန်းတည်း၌ ကြည်ပြာနှင့် သန်းအောင်တို့က တစ်ခန်းတည်းခိုကြ၏။

+++

နံနက် ၄ နာရီခန့်တွင် တည်းခိုခန်းရှေ့ရှိ ဆိုက်ကားဂိတ်မှ ဆိုက်ကားနှစ်စီးဖြင့် အပြန်ယာဉ်စက်လှေဂိတ်သို့ ဆင်းလာပြီး ဦးဘဆွေတို့သည် သူတို့၏ခုံနေရာများတွင် ဝင်ရှုထိုင်လိုက်ကြသည်။ စက်လှေသည် နံနက် ၅ နာရီတွင် မုံရွာလှေဆိပ်မှ စ၍ထွက်သည်။

ရေလမ်းခရီးကို ပထမဆုံးထွက်လာခဲ့ကြသည့် ကြည်ပြာတို့အဖွဲ့သည် ချင်းတွင်းမြစ်၏ သဘာဝအလှအပကို ခံစားခဲ့ကြရသည်။ မင်းကင်းမြို့တွင် နံနက်စာအား ကုန်းပေါ်သို့တက်၍စားကြသည်။ လှေပေါ်တွင် စားကြသူများလည်းရှိသည်။ ထမင်းစားပြီး စက်လှေပေါ်သို့ ပြန်တက်လာကြသည်။

ညနေ ၃ နာရီခန့်တွင် ကလေးဝမြို့သို့ ရောက်ရှိကြသည်။ ကလေးဝမြို့သည် ဦးလေးဦးဘဆွေ၏ စီးပွားရေးအခြေချခဲ့သည့်မြို့ဖြစ်သည်။

"ဒီကလေးဝမြို့မှာ နည်းနည်းကြာလိမ့်မယ်ကွ၊ လာကွာ...ကုန်းပေါ်တက်ပြီး လက်ဖက်ရည်သောက်ကြရအောင်"

ဦးဘဆွေခေါ်သဖြင့် ကြည်ပြာတို့အဖွဲ့လည်း ကုန်းပေါ်တက်၍ လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ကြသည်။

"လက်ဖက်ရည်လေးခွက်ချကွာ"

"ကျွန်တော့်အတွက်က ကော်ဖီတစ်ခွက်"

သန်းအောင်က လက်ဖက်ရည်မသောက်ချင်သဖြင့် ကော်ဖီပြောင်း၍ မှာလိုက်သည်။

"ဒါဆို လက်ဖက်ရည်သုံးခွက်နဲ့ ကော်ဖီတစ်ခွက်ပေါ့ကွာ"

"ဒီကလေးဝမြို့ကနေ ကလေးမြို့ကို သွားလို့ရတယ်ကွ"

"ကလေးမြို့က ကားလမ်းအဆုံးလား ဦးလေး"

"မဟုတ်သေးဘူးကွ၊ ကလေးမြို့ကနေ ဖလမ်း ဟားခါးမြို့ကိုသွားလို့ရတယ်၊ နောက် တီးတိန်၊ တွန်းဇံတို့ကိုလည်း သွားလို့ရတယ်၊ အသည်းပုံရေကန်ကြီးရှိတဲ့ အိန္ဒိယနယ်စပ်က 'ရိခ်' လို့ခေါ်တဲ့ ရီခေါဒေသကိုလည်း သွားလို့ရတယ်၊ လမ်းမှာ ကနေဒီတောင်လည်းရှိတယ်ကွ"

"ဦးလေးပြောတော့ ဒီကနေ ကလေးကိုသွားလို့ရတယ်ပြောတယ်၊ အခု ဟိုမှာ တမူး တမူးလို့ အော်ခေါ်နေတာလည်း ကြားနေရတယ်"

ကြည်ပြာက တမူး...တမူးဟု အော်ခေါ်နေသံကြားသဖြင့် ဦးဘဆွေအား မေးလိုက်သည်။

"ဟုတ်တယ်ကွ၊ ဒီကနေ တမူးမြို့ကိုလည်း သွားလို့ရတယ်၊ ကားလမ်းက အိန္ဒိယ-မြန်မာ နှစ်နိုင်ငံပူးပေါင်းလုပ်ခဲ့တာကွ၊ ၂၀၀၁ ခုနှစ်လောက်ကပေါ့၊ လမ်းကောင်းတယ်၊ တမူးမြို့ကိုရောက်ရင် အိန္ဒိယနိုင်ငံရဲ့ နယ်စပ် မိုရေးမြို့ကိုလည်း သွားလို့ရတယ်၊ ငါတို့ ဒီမြို့မှာနေကြတုန်းက တမူးကိုသွားပြီး ဟိုဘက်က မိုရေးမှာ ဈေးသွားဝယ်ခဲ့ကြတယ်၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ စီးပွားရေးလုပ်တဲ့နေရာပေါ့ကွာ"

"အင်း....ဦးလေးက ဒီမြို့မှာနေခဲ့တာဆိုတော့ နေရာဒေသတွေကို တော်တော်နဲ့နှံ့စပ်စပ် သိခဲ့တာပဲနော်"

"ဟော.....အောက်က စက်လှေသမားတွေ ခေါ်နေပြီ၊ လှေပေါ်ဆင်းကြရအောင်ကွာ"

ကြည်ပြာသည် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကိုခေါ်၍ လက်ဖက်ရည်ဖိုးရှင်းပြီး စက်လှေပေါ်သို့ ဆင်းခဲ့ကြသည်။

+++

"ဦးလေး ကျွန်တော်တို့စက်လှေက ပိုပြီးမြန်လာသလိုပဲနော်"

"ဟုတ်တယ်၊ ဒီနေရာမှာ မိုးချုပ်သွားရင် မစိန်ရွာနားက မစိန်ဝကြီးတစ်ခုရှိတော့ အန္တရာယ်ကများတယ်၊ အဲဒါကြောင့် မိုးမချုပ်ခင် အဲဒီဝကိုလွတ်အောင် စက်လှေကို အရှိန်မြှင့်ပြီးတော့ မောင်းနေတာကွ"

"ဦးလေး ဒီမြို့က ဘာမြို့လဲ"

"ဒါ မော်လိုက်မြို့ကွ၊ ဟိုမှာ ဆိုင်းဘုတ်ရေးထားတယ်၊ မင်းဘက်က ကွယ်နေလို့ဖြစ်မယ်"

"ဒီမြို့မှာရော နားဦးမှာလား"

"မနားပါဘူးကွာ၊ ခရီးသည်အတင်အချရှိလို့ ခဏရပ်တာပါ၊ ဟိုဘက်ကမ်းမှာ တော်သာဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်၊ အဲဒီရွာမှာ ရွှေကျင်လို့ရတယ်၊ ငါလည်း အဲဒီရွာမှာ ရွှေသွားကျင်ခဲ့သေးတယ်၊ ရတာနဲ့ စားစရိတ်က ကာမိသလောက်ပဲဆိုတော့ တွက်ခြေမကိုက်လို့ အခုနေတဲ့ဆီကို ပြန်သွားရတာကွ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း....ဦးလေးက တော်တော်စုံအောင် လုပ်ခဲ့တာပဲနော်"

"အေး အလုပ်ကစုံအောင်လုပ်ပေမယ့် ကံမလိုက်တော့ ဥာဏ်ရှိတိုင်း မွဲဆိုထလိုပဲဖြစ်ကွာ၊ အခုလုပ်ငန်းကတော့ အရင်းအနှီးမစိုက်ရဘူး၊ ကိုယ်လုပ်နိုင်သလောက် လုပ်အားခရတယ်၊ တခြားသုံးစရာဖြုန်းစရာလည်းမရှိဘူး"

စကားပြောရင်းဆိုရင်းဖြင့် ချင်းတွင်းမြစ်အတွင်းမှ ဘေးဘယ်ညာရှိ သဘာဝအလှအပများအား ကြည့်ရှုမဆုံးနိုင်အောင် ရှိနေကြသည်။ ဖောင်းပြင်မြို့သို့မရောက်မီ စစ်တောင်ရွာသို့ စက်လှေဆိုက်သည်။ အဆင်းအတက် ပြုလုပ်ကြသူ အနည်းငယ်သာရှိသည်။ စစ်တောင်ရွာမှ တမူးမြို့သို့ သွားလာနိုင်သည့် တောလမ်းတစ်ခုရှိကြောင်း သိခဲ့ရသည်။

ဖောင်းပြင်မြို့ကိုကျော်ပြီး တုံဟဲရွာသို့ စက်လှေဆိုက်စဉ် ကုန်းပေါ်တက်ရှု ထမင်းစားကြသည်။ စက်လှေသည် ညလုံးပေါက်မောင်းနေခြင်းဖြစ်သည်။ စက်လှေမောင်းသမားနှစ်ဦးသည် အလှည့်ဖြင့်မောင်းကြသည်။ တုံဟဲရွာတွင် ခဏနားမည်ဖြစ်သဖြင့် ထမင်းစားချိန်ရသည်။

ထမင်းဆိုင်တွင် ငါးဟင်း။ ငါးကြော်နှင့် ငါးဟင်းချိုရည်တို့ဖြင့် စားရသဖြင့် ထမင်းပြီန်လှသည်။

"အဒေါ် ဒီရွာကနေ ကုန်းလမ်းခရီးရှိသလား"

"ရှိတော့ရှိတယ်၊ နွေပေါက်မှ သွားလို့ရတယ်၊ ရွာရဲ့အနောက်ဘက်မှာ အထက်ကဘော်ချိုင့်ဝှမ်းဆိုတာရှိတယ်ကွဲ့၊ အဲဒီက မြို့သစ်တို့၊ စေတီတို့ကို ဒီကသွားလို့ရတယ်၊ နွေရာသီကလွဲရင် လမ်းမှာ တောတွေ၊ ချုံတွေနဲ့ သွားရလာရ ခက်ပါတယ်ကွယ်"

"ဒါဆိုရင် ဒီရွာကို ရေလမ်းတစ်ခုပဲ ကောင်းကောင်းသွားလို့ရတာပေါ့နော်"

"ဟုတ်တယ်ကွဲ့၊ ဒါနဲ့ မင်းတို့က အခု ဘယ်ကိုသွားကြမှာလဲ"

ထမင်းဆိုင်ရှင် အဒေါ်ကြီး၏ စကားကြောင့် ကြည်ပြာက ဦးဘဆွေအား လှမ်း၍ကြည့်လိုက်သည်။ ဦးဘဆွေက ခေါင်းညိတ်ပြလိုက်ပြီး ဆိုင်ရှင်၏စကားကို ပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့အဖွဲ့က ဟုမ္မလင်းအထက်နားက မောင်းခမ်းရွာကို သွားကြမှာပါ"

"ဘာအလုပ်နဲ့ သွားကြမှာလဲ"

"သစ်ကွင်းကိုပါ၊ ဟိုလေ ထမံသီဘေးမဲ့တောထဲက သစ်ကွင်းပါ အဒေါ်ကြီး"

"အေး၊ အဲဒီဘက်မှာက သားရဲတိရစ္ဆာန်ပေါတယ်၊ သတိပိရိယတော့ရှိမှ တော်ရာကျမယ်ကွဲ့"

"ဒီအရပ်တွေမှာကော သားရဲတိရစ္ဆာန် မရှိဘူးလား"

"တစ်ခါတလေတော့ ဟိမဝန္တာတောတွေတောင်တွေက တောဆင်ရိုင်းတွေ ဆင်းလာကြတယ်၊ ဟိုတလောက စေတီရွာထိပ်မှာ တောဆင်ရိုင်းအုပ် ဝင်မွှေသွားတယ်လို့ ကြားလိုက်ရတယ်"

ကြည်ပြာတို့အဖွဲ့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ထိုသို့ကြည့်လိုက်သည်ကိုလည်း ဦးဘဆွေက မြင်လိုက်သည်။

"တောဆင်ရိုင်းတွေက ချင်းတွင်းမြစ်ရဲ့ ဒီဘက်ကမ်းမှာ နေကြတာကွာ၊ အခု ငါတို့သွားမှာက ဟိုဘက်ကမ်းဆိုတော့ ဆင်ရိုင်းအန္တရာယ်ထော့မရှိပါဘူး"

"အင်း.....မြွေတော့ သတိထားကြ၊ မြွေတွေက သူတို့ကို မေတ္တာပို့ရင်တော့ ဝေးဝေးသွားကြတယ်၊ သူတို့ကို အန္တရာယ်ပေးရင်လည်း ကိုယ့်ကိုပြန်ပြီး အန္တရာယ်ပေးတတ်ကြတယ်ကွဲ့"

"ကျေးဇူးတင်ပါတယ် အဒေါ်ကြီးရယ်"

"နောက် တုံဟဲကိုရောက်ရင် အဒေါ့်ဆိုင်မှာ ဝင်စားကြနော်"

+++

ဟုမ္မလင်းမြို့ဆိပ်ကမ်းသို့ရောက်လျှင် စက်လှေရပ်သဖြင့် ကုန်းပေါ်တက်ရန် ပြောသော်လည်း ကြည်ပြာတို့မှာ နေပူလွန်းသဖြင့် ကုန်းပေါ်မတက်တော့ဘဲ စက်လှေထဲတွင်သာ ထိုင်နေကြသည်။

"ဒီဟုမ္မလင်းမှာက လေယာဉ်ကွင်းရှိတယ်ကွ"

"ဟာ.....တယ်ဟုတ်ပါလား။ ဒီကိုလာချင်တဲ့သူတွေက လေယာဉ်နဲ့လာလို့ ရတာပေါ့နော်"

"ဒါကတော့ကွာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အရပ်တွေမှ လေယာဉ်ကွင်းတွေ ထားပေးတာကတော့ အဆင်ပြေတာပေါ့၊ ဒီမှာတစ်ထောက်နားပြီး သွားချင်တဲ့ဆီကို သွားလို့ရတာပေါ့"

"ဟုမ္မလင်းကထွက်ရင် ငါတို့သွားမယ့် မောင်းခမ်းရွာကို ရောက်

www.burmeseclassic.com

www.burmeseclassic.com

တော့မယ်၊ အခုကတည်းက ကိုယ့်ပစ္စည်းတွေ စုထားတာ ကောင်းမယ်နော် ဦးလေး''

''ဟုတ်တယ်၊ ကြည်ပြာက မှတ်ဉာဏ်ကောင်းတယ်၊ တစ်ခါပြောရင် တစ်ခါမှတ်ထားတာဖြစ်မယ်''

မကြာမီ စက်လေ့သည် မောင်းခမ်းရွာကို ရောက်တော့မည့်အကြောင်း အား စက်လေ့သမားက အော်ရှုပြောလိုက်သည်။

''မောင်းခမ်းကိုရောက်တော့မယ်၊ ကိုယ့်ပစ္စည်းကို ဂရုစိုက်ပြီး သယ်ကြပါ''

စက်လေ့သည် မောင်းခမ်းလေ့ဆိပ်တွင် ထိုးရှရပ်လိုက်သည်။ စက်လေ့ပေါ်မှ ဦးဘဆွေတို့သည် ကိုယ့်အထုပ်အပိုးကို ကိုယ်တိုင်သယ်၍ ကုန်းပေါ်တက်ကြသည်။ ဦးဘဆွေ၏ပစ္စည်းအချို့ကို ကြည်ပြာနှင့် သိန်းဆွေတို့က ကူသယ်ပေးကြသည်။ ဦးဘဆွေတို့နှင့် အတူ အခြားသူသုံးဦးလည်း မောင်းခမ်းလေ့ဆိပ်တွင် ဆင်းကြသည်။ စက်လေ့သည် မကြာမီ ကမ်းမှခွာသွား၏။

ဦးဘဆွေက လူသစ်သုံးဦးအား မိတ်ဆွေဖွဲ့လိုက်သည်။ ၎င်းတို့သုံးဦးသည် ဦးဘဆွေပြောသည့် သစ်ခွစခန်းသို့သွားမည့် အလုပ်သမားလူသစ်များဖြစ်ကြောင်း သိရသည်။

''ငါ့နာမည်က ဦးဘဆွေပါ။ ဒါက တော့ ငါ့တူတွေပေါ့ကွာ၊ မင်းတို့က ဘယ်ကလာကြတာလဲ''

''ကျွန်တော်တို့က မုံရွာကပါ၊ ကျွန်တော့်နာမည်က ထွန်းတင်ပါ၊ ဟိုနှစ်ယောက်က တင်မောင်နဲ့ ဘလှတို့ပါ ဦးလေး၊ သစ်ခွစခန်းမှာ အလုပ်လုပ်ပြီးပြန်လာတဲ့ ကျွန်တော့်ဦးလေး တစ်ယောက်က စခန်းတာဝန်ခံ ဦးမြင့်ဆိုတဲ့သူဆီကို စာရေးပြီး လွှတ်လိုက်လို့ အလုပ်ဝင်ရအောင် လာတာပါ ဦးလေး''

''အေး...ဟုတ်တယ်ကွ၊ စခန်းတာဝန်ခံက ဦးမြင့်ဆိုတာ ဟုတ်တယ်၊ ငါတို့စခန်းပေါ့ကွာ၊ အဲဒါဆို ငါတို့နဲ့ လိုက်ခဲ့၊ ဒါမှ လမ်းမမှားတော့ဘူးပေါ့ကွာ''

+++

ဦးဘဆွေတို့သည် ခြေကျင်တောင်တက်ခရီးကို စတင်ခဲ့ကြသည်။ ဆယ့်ငါးမိနစ်တစ်ကြိမ် လမ်းလျှောက်ပြီး ဆယ်မိနစ်ခန့် နားကြသည်။ တောရိပ်တောင်ရိပ်ရှိသည့်နေရာတွင် နားကြသဖြင့် တစ်ခါတစ်ရံ ခေါင်းချသည်နှင့် အိပ်ပျော်သွားတတ်ကြသည်။

လမ်းဆုံတစ်ခုရောက်သည့်အခါ ခဏနားကြပြီး ရှေ့သို့ခရီးဆက်ရန်ပြင်ကြသည်။

''ဒီညာဘက်ကလမ်းကြောင်းက အထက်ဘက်က ဆင်းလာတဲ့လမ်းကြောင်းကွ၊ တစ်ခါတလေ ခွေးအုပ်တွေကို ကြိုးချည်ပြီးဆင်းလာကြတယ်၊ ငါတို့က အမဲလိုက်ခွေးတွေလို့ထင်တာ''

''မဟုတ်ဘူးလား''

''မဟုတ်ဘူးကွ၊ အထက်တက် က ခွေးတွေကိုဖမ်းပြီးဆင်းလာကြတာ၊ ဘယ်ကိုသွားမှာလဲလို့ မေးကြည့်တော့ အရှေ့ဘက်ကမ်းကို ငါးဖောင်နဲ့ဖြတ်ပြီး ကူးကြမှာတဲ့၊ ဟိုဘက်ကမ်းရောက်ရင် တစ်ဖက်နိုင်ငံကို သယ်သွားကြတယ်၊ ဟိုဘက်နိုင်ငံမှာ ခွေးတွေက ဈေးကောင်းတယ်လို့ ပြောတယ်''

''ခွေးတွေကို ဘာလုပ်တာလဲ''

''သတ်စားကြတာ''

''ဗျာ.....''

ကြည်ပြာတို့သုံးဦးနှင့် လူသစ်သုံးဦးသည် အံ့အားသင့်စွာဖြင့် ငေးမောကြည့်နေကြသည်။

''အဲဒီခွေးတွေသာမကဘူး၊ ဘိန်းစိမ်းလည်းသယ်ကြတယ်လို့ စခန်းက ဒေသခံတွေပြောလို့ ကြားဖူးတယ်''

''ဘိန်းစိမ်းလည်း သယ်တာပဲလား''

''လစ်ရင်လစ်သလိုပေါ့ကွာ၊ ဘိန်းသယ်မယ်၊ ခွေးသယ်မယ်၊ အခု ငါတို့တက်ရမှာက ဘယ်ဘက်ကလမ်းကွ''

ရှေ့ဆက်ခရီးထွက်ခဲ့ကြပြန်၏။ နှစ်နာရီခန့် သွားရမည့်ခရီးမှာ ဆယ့်ငါးမိနစ်တစ်ကြိမ်နားသည့်စနစ်ဖြင့် ချီတက်ခဲ့ကြရာ လမ်းတွင် သုံးနာရီခန့်ကြာခဲ့သည်။ လူသစ်တွေဖြစ်သဖြင့် ဦးဘဆွေမှအပ ကျန်လူများသည် တောင်တက်ခရီးအတွေ့အကြုံမရှိ၍ ဖြည်းဖြည်းနှင့်မှန်မှန်သာ တက်နိုင်ကြသည်။

သစ်ခွစခန်းသို့ ရောက်သည့်အခါ ဦးဘဆွေက သူ၏တဲအတွင်း နားနေကြရန်ပြောသည်။ လူသစ်သုံးဦးမှာ တာဝန်ခံ ဦးမြင့်နှင့်တွေ့ရန် ဆက်သွားမည်ဖြစ်ကြောင်း ပြောသဖြင့် ဦးဘဆွေက လမ်းညွှန်ပေးလိုက်သည်။

''ကဲ.....သိန်းဆွေတို့အုပ်စုကတော့ ဒီမှာခဏနားကြပေါ့ကွာ၊ အခုအချိန်ဆိုရင် တာဝန်ခံ ဦးမြင့်က ဆင်းတွေထဲကို ရောက်နေလောက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ညနေ ၄ နာရီလောက်မှ ပြန်ရောက်မှာမို့ အရင်သွားနှင့်တဲ့ ထွန်းတင်တို့အဖွဲ့နဲ့ မင်းတို့ရောက်နေတဲ့အကြောင်း ကြိုပြီးပြောထားခိုင်းလိုက်တယ်''

ကြည်ပြာတို့သုံးဦးသည် ခရီးပန်းလာသဖြင့် ဦးဘဆွေ၏တဲရှိ ကုပ်ပျစ်ပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြသည်။

ညနေ ၄ နာရီခန့်တွင် သုံးဦး စလုံး ရွှင်လန်းစွာဖြင့် အိပ်ရာမှနိုးခဲ့ကြ သည်။

''မင်းတို့သုံးယောက်စလုံး အိပ်နေလိုက်ကြတာကွာ ဆင်လာရင်တောင် နိုးမှာမဟုတ်ဘူး၊ အိပ်ရေးဝသွားကြပြီလား''

''ဟုတ်ကဲ့''

''ကဲ.....ဟိုရွေ့က စမ်းချောင်းလေးမှာ ကိုယ်လက်သန့်စင်လိုက်ကြ၊ ထမင်းစားပြီးမှ ဦးမြင့်ဆီမှာ သတင်းပို့ကြမယ်''

ကြည်ပြာတို့သည် တဲ၏အရှေ့ဘက်ရှိ စမ်းချောင်းလေးသို့သွားပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး တဲသို့ပြန်လာကြသည်။ ဦးဘဆွေချက်ပြုတ်ထားသော သစ်ရွက်စုံဟင်းချို၊ ငါးပိထောင်းနှင့် ပဲသီးပြုတ်၊ ငါးသေတ္တာဟင်းနှင့် ကြက်ဥကြော်တို့ကို အားရ ပါးရစားသောက်လိုက်ကြသည်။

ထမင်းစားပြီး ခဏအနားယူ၍ တာဝန်ခံ ဦးမြင့်ထံသို့ ဦးဘဆွေနှင့် အတူသွားခဲ့ကြသည်။

''လာဗျာ၊ ဦးဘဆွေနဲ့ ကလေးသုံးယောက်ပါလာတယ်လို့ ကြားပါတယ်၊ ညနေမှတွေ့ရအောင်လို့ လူကြုံနဲ့ မှာလိုက်တယ်''

''ဟုတ်ကဲ့၊ ကိုသာလှတို့ ဝင်ပြီး မြင်ကွင်းပါတယ်၊ ဒါကြောင့် သူတို့ ကိုထားပစ်ကြည့်ဖို့ ခေါ်လာတာပါ၊ ဒါက ကျွန်တော့်တူအရင်း ဘိန်းဆွေ ပါ၊ ဟို ကခဝေးနှစ်ယောက်က တစ်ယောက်က ကြည်ပြာ၊ တစ်ယောက်က သန်းအောင်ပါ၊ သုံးယောက်စလုံးက ဘဲ့ရပြီးပါပြီ၊ ဒီမှာအလုပ်လုပ်ချင်တယ်ဆိုလို့ ခေါ်လာခဲ့တာပါ''

''အေးဗျာ၊ မင်းတို့တစ်တွေက အတွေ့အကြုံရှိသလား''

''မရှိပါဘူးခင်ဗျာ''

''ဒီတော့ မုန်းလုပ်ငန်းတော့ လုပ်နိုင်ကြမှာပေါ့၊ ဦးဘဆွေနဲ့ လိုက်လာတဲ့ လူသစ်သုံးယောက်ကိုတော့ ဆိုက်ထဲကို သွားခိုင်းလိုက်ပြီ၊ သူတို့တွေက အတွေ့အကြုံရှိကြတယ်၊ ဒီလူယဉ်တွေကိုတော့ စေ့စေ့စေ့စေ့ကြည့်ပြီး ခန်မှာ တွဲထားလိုက်ပါမယ်၊ နေတော့ ဦးဘဆွေတဲမှာ နေကြမှေ့''

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်တဲမှာ အဆင်ပြေပါတယ်၊ ကျွန်တော်ခေါ်ထားပါ့မယ်''

* * *

ကြည်ပြာတို့သုံးဦးသည် ဦးမြင့်၏ စခန်းရုံးတွင် အတူတူအလုပ်ဆင်းကြ ရသည့်နေ့ အစောကြီးပင်။ တစ်ယောက်ကိုတစ်ယောက် ကျည်နှိပ်ကြသည်။ စခန်းထဲမပေး၊ အလုပ်ခွင်နေရာခန့်တွင် ခဲယမ်းအနောက်အယှက်ကို ကြောင့် သွားကြသည်။ တောစပ်တွင် ထင်းခိုရန်၊ ရေတိုင်တိုနှင့် အခြားတိုးစရာများကို တွေ့ရသည်။

''ဒါတွေက ဦးဘဆွေ

ပြောတဲ့ သစ်ကတိုးဆီချက်တဲ့ပစ္စည်းတွေဖြစ်မယ်''

''ဟုတ်တယ်၊ မနေ့က ဒီနားမှာ လူတွေစုပြီး အလုပ်လုပ်နေကြတာတွေ့တယ်၊ ဒီနေ့တော့ မတွေ့တော့ ဘူး''

ကြည်ပြာတို့ စကားပြောနေစဉ် ဦးဘဆွေသည် ၎င်းတို့အနီးသို့ရောက်လာသည်။

''အေး မနေ့ကလုပ်ကွက်ရှိတော့ လူစုံတာပေါ့ကွာ၊ ဒီနေ့တော့ အလုပ်မရှိလို့ တောထဲပြန်ဝင်သွားကြပြီ''

''သစ်ကတိုးဆီတွေကကော''

''လက်တောင်မလည်ပါဘူးကွာ၊ ဝယ်လက်တွေက တစ်ခါတည်းရောက်လာပြီး ယူသွားကြပြီကွ''

''မြန်လိုက်တာနော်၊ ဒါတွေကို ဘယ်လိုသယ်ကြသလဲ''

''ဒါကတော့ သူ့လင်းနဲ့သူပေါ့ ကွာ၊ တရားဝင်ထုတ်တဲ့ပစ္စည်းမဟုတ် တော့ ရွှောင်လမ်း၊ ကွင်းလမ်းတွေက သယ်ကြရတယ်၊ ချင်းတွင်းမြစ်ရောက်ရင်လည်း သစ်ဖောင်တွေနဲ့တွဲပြီးသယ်ရတယ်၊ ဒါကြောင့် ဒီမှာအလုပ်လုပ်ရင် ဝင်ငွေကောင်းမယ်၊ ရိက္ခာပေါမယ်၊ ပြဿနာဖြစ်ပြီဆိုရင်တော့ ရွှောင်ရတိမ်းရတယ်ကွ''

''အခု ဦးလေးတို့ သစ်ခွစခန်းက တစ်ပိုင်တစ်နိုင်ဆိုတော့ စီးပွားဖြစ်စရာကော ရှိလို့လား''

''စီးပွားဖြစ်လို့သာ အခုလို မင်းတို့ငါတို့ကို ခေါ်ထားနိုင်တာပေါ့ကွာ၊ စီးပွားမဖြစ်ရင် ဘယ်သူက ငွေအရှဲ့အနှီးစိုက်ပြီး လုပ်နေမှာလဲ''

ကြည်ပြာတို့သူငယ်ချင်းများမှာ တွေဝေနေကြသည်။ တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကြည့်နေကြသည်။

''ကြာရင် ဒီလုပ်ငန်းတွေက အန္တရာယ်ဖြစ်လာနိုင်တယ်''

''အင်း.....ငါတို့ထက်ဆိုးတာက သစ်ရှာတဲ့အဖွဲ့နဲ့ တောထဲကို လိုက်သွားဘူးတယ်၊ လမ်းမှားပြီး စခန်းတစ်ခုကိုရောက်သွားတော့ အဲဒီမှာစတီးလ်ပေါင်းအိုးကြီးတွေ၊ စတီးလ်ဒယ်အိုးကြီးတွေနဲ့ အလုပ်လုပ်နေကြတာတွေလည်း တွေ့ခဲ့ကြတယ်၊ တော်သေးတာပေါ့ကွာ၊ ငါတို့ဆီမှာပါတဲ့ လမ်းပြနဲ့ ဟိုကအဖွဲ့တွေက သိနေကြလို့ပေါ့''

ဦးဘဆွေ ရှင်းပြနေသည်ကို ကြည့်ပြာတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်။

''အဲဒီသစ်ကတိုးဆိတွေကို ဘယ်သူတွေက ဘယ်ကိုပို့ကြတာလဲ''

''အင်း.....ငါလည်း သေသေချာချာမသိဘူး၊ တစ်ဖက်နိုင်ငံကို ပို့ကြတယ်လို့တော့ ပြောကြတာပဲ''

''ကဲ...ညနေစောင်းတော့မယ်၊ ဦးလေးတဲကို ပြန်ကြမလား''

ဦးဘဆွေအား လှမ်းကြည့်၍ ကြည့်ပြာက သန်းအောင်နှင့် သိန်းဆွေတို့ကို လှမ်းပြောလိုက်သည်။

''အေး...ရုံးပေါ်တက်ပြီး ပြန်ကြတာပေါ့ကွာ''

''တဲမှာ ဟိုဘက်တဲကပို့ထားတဲ့ ကို(ချေ)သားပေါင်ကို ငရုတ်သီးစပ်စပ်နဲ့ ချက်ထားတယ်၊ စမ်းချောင်းမှာ ရေဝင်ချိုးပြီးမှ တဲကိုသွားကြတာပေါ့''

သစ်ခွရုံးခန်းသို့ဝင်ပြီး အလုပ်များအား လက်စသတ်၍ ဦးဘဆွေတဲသို့ ပြန်ခဲ့ကြတော့သည်။

+++

ကြည့်ပြာတို့အဖွဲ့ သစ်ခွစခန်းသို့ ရောက်သည့်အချိန်သည် တစ်လကျော်ခန့် ကြာပြီဖြစ်သည်။ စားဝတ်နေရေးအတွက် အဆင်ပြေသော်လည်း ဦးဘဆွေပြောပြသည့် စကားများကြောင့် တရားမဝင်ပစ္စည်းများ ထုတ်လုပ်နေသည့်ကိစ္စအား ဘဝင်မကျဖြစ်နေကြသည်။

တောစပ်ရှိ ဝါးလုံးသစ်သားကုလားထိုင်တွင် ကြည့်ပြာတို့သုံးဦး ထိုင်ပြီး စခန်းနှင့်ပတ်သက်၍ ပြောနေကြသည်။

''ငါတော့ ဒီမှာကြာကြာမနေချင်တော့ဘူးကွာ၊ ဒီမှာက လစာမရှိဘာတွေက အဆင်ပြေပေမယ့် တစ်နေ့နေ့မှာ တာဝန်ရှိတဲ့သူတွေ ရောက်လာပြီး ဖမ်းလားဆီးလား မလုပ်ဘူးလို့ ပြောနိုင်မလား။ အဲဒီကျရင် ငါတို့လည်း ပါသွားမှာနော်''

ကြည့်ပြာသည် သိန်းဆွေနှင့် သန်းအောင်ကို သစ်ခွစခန်းတွင် ဆက်၍အလုပ်မလုပ်ချင်ကြောင်း ပြောနေသည်။

''ဒါပေမဲ့ ဒီမှာက တရားဝင်သလိုလို လုပ်နေကြတော့ မင်းထင်သလိုဖြစ်လာမှာမဟုတ်ပါဘူးကွာ''

သန်းအောင်က ကြည့်ပြာ၏ စကားကို မဖြစ်နိုင်ကြောင်း ပြောပြလိုက်၏။

''ငါတို့တွေက မင်းသူကိုစွကြောင့် ဒီကိုရောင်းတိမ်းရောင်း ရောက်လာကြတာဆိုတော့ ဒီရောက်မှ သစ်ကိစ္စနဲ့ ထပ်ပြီးအဖမ်းခံနေရရင် မလွယ်ဘူးကွ''

''လမ်းမှာ ဦးလေးဦးဘဆွေပြောသလို မော်လိုက်ကို ပြန်ဆင်းပြီး တော်သာမှာ ရွှေသွားကျင်ကြရင်မကောင်းဘူးလား''

သန်းအောင်ကသူ၏အကြံအစည်အား ပြောပြလိုက်သည်။

''မင်းကလည်းကွာ ဦးလေး ဦးဘဆွေတောင် အဆင်မပြေလို့ ဒီအရပ်ကို ရောက်လာတာလေကွာ''

ကြည့်ပြာတို့အဖွဲ့ စကားပြောနေကြစဉ် ဦးဘဆွေသည် ရေးကြီးသုတ်ပျာဖြင့် ရောက်လာသည်။

''ငါတို့သစ်ခွစခန်းတော့ပြဿနာတက်ပြီကွ၊ ဟိုမှာ ရဲဝတ်စုံတွေ၊ သစ်တောဝတ်စုံတွေနဲ့အရပ်သားသုံးယောက် စခန်းတာဝန်ခံ ဦးမြင့်ရုံးကို သွားနေကြပြီ၊ ငါ့ကိုတောင် မတွေ့လို့ ခေါ်မသွားတာဖြစ်မယ်''

ကြည့်ပြာတို့သူငယ်ချင်းများသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်သည်။ အခြေအနေအရ ရှောင်ရတိမ်းရမည်ကို သိနေကြသည်။

''ဒီတော့ ငါတို့တွေစမ်းချောင်းက နေပတ်ပြီး ဟိုတောင်ပေါ်ကို သွားရှောင်ကြမယ်ကွာ၊ လာ.....လာ''

ဦးဘဆွေက အတွေ့အကြုံအရ တောင်ထိပ်သို့တက်၍ ရှောင်နေကြရန် ပြောလိုက်သည်။

''ရွာသားတွေတော့ကြက်ပျောက်၊ ငှက်ပျောက် ပြေးကုန်ကြပြီ၊ တဲထဲမှာ ဆရာဦးမြင့်နဲ့ ရွာသားသုံးယောက်တော့ ရှိဦးမယ်ထင်တယ်''

ဦးဘဆွေတို့အဖွဲ့သည်စမ်းချောင်းကိုပတ်၍ တောင်ပေါ်တက်သည့်လမ်းမှ ပုန်းလျှိုးကွယ်လျှိုး တက်ခဲ့ကြသည်။ စခန်းတွင် ပတ်ဝန်းကျင်နေရာများကို လည်း လူစုခွဲ၍ ရှာဖွေရေးလုပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တောင်ပေါ်မှလှမ်းရှုမြင်နေရသည်။

စခန်းအနီးရှိ တိုင်ကိုပိုင်းများ၊ သံဒယ်အိုးများအား ဆွဲထုတ်နေကြသည်။ စခန်းတာဝန်ခံ ဦးမြင့်သည် အမျိုးမျိုး ရှင်းပြနေပုံရသည်။ ဖမ်းဆီးရေးအဖွဲ့ တာဝန်ခံမှ ခေါင်းခါ၍ ငြင်းဆန်နေသည်ကိုလည်း တွေ့ရသည်။

တစ်နာရီခန့်အကြာတွင် ဖမ်းဆီးရေးအဖွဲ့သည် ဦးမြင့်နှင့်အတူ လိုအပ်သော ပစ္စည်းများကို သယ်ဆောင်၍ မောင်းခမ်းရွာဘက်သို့ ထွက်သွားသည်ကို တွေ့ရသည်။

"ငါတို့ ဒီမှာနေလို့ မရတော့ဘူး၊ တစ်နေရာကို ရှောင်နေမှဖြစ်မယ်"

"ငါတို့အဝတ်အစားတွေကိုတယ် လိုလုပ်မလဲ"

"ဦးချုပ်မှ သွားယူကြတာပေါ့ကွာ၊ သူတို့အဖွဲ့က နောက်ချန်အဖွဲ့တွေ ကျန်ရင်ကျန်နေကြမှာ"

+++

ဦးဘဆွေတို့လည်တောင်ပေါ်တွင် သုံးရက်ခန့်မျှ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပြီး ရှောင်တိမ်းခဲ့ကြရသည်။ မောင်းခမ်းရွာသို့ အခြေအနေဝင်ကြည့်ကြပြီး မုံရွာမြို့သို့ စက်လှေကြဲဖြင့် ပြန်လာခဲ့ကြသည်။ မုံရွာမှတစ်ဆင့် ရန်ကုန်မြို့သို့ ကားစီးရွှေ့ပြန်လာပြီး ၎င်းတို့နေထိုင်ကြသော ရပ်ကွက်အတွင်း မဝင်ရဲ၍ ရပ်ကွက်ထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် စုထိုင်နေကြသည်။

"ဦးလေး ဦးလေးက အိမ်ပြန်ပြီး အခြေအနေကြည့်ပေးပါလား၊ ဟိုကောင် မင်းသူနဲ့ပတ်သက်ပြီး ဘာတွေထူးသလဲဆိုတာ သိချင်လို့ပါ၊ ကူညီပါဦးလေးရယ်"

"အင်း..ငါလည်း မင်းတို့နဲ့ပေါင်း မိကာမှ ဟိုပြေးရ၊ ဒီပြေးရနဲ့၊ ကဲ...ငါ အရင်သွားမယ်၊ ပြီးမှ ပြန်လာပြီးပြော ပြမယ်"

ဦးဘဆွေသည် အငှားကားတစ်စီးဖြင့် သိန်းဆွေ၏အိမ်သို့ သွားခဲ့သည်။ တစ်နာရီခန့်အကြာတွင် ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေသော ကြည်ပြာတို့အဖွဲ့ထံသို့ အငှားကားတစ်စီး ရောက်လာသည်။ ကားထဲမှ ယဉ်ယဉ်ပြုံးထွက်လာသည်ကို တွေ့လိုက်ရ၏။

"ယဉ်ယဉ် နင့်ကို ဦးလေးဦးဘဆွေပြောလို့ လိုက်လာတာလား"

ယဉ်ယဉ်ပြုံးသည် ချိုရွှင်သော မျက်နှာဖြင့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်။ ကြည်ပြာ၏အနီးတွင် ထိုင်လိုက်သည်။

"နင်တို့ကလည်း နေနိုင်လိုက်ကြတာဟာ၊ ငါတို့ကတော့ နင်တို့ဆီက စာလာမလား၊ ဖုန်းလာမလားနဲ့ တမျှော်မျှော်နဲ့ နေကြရတာ၊ အံ့ပါရဲ့ဟာ"

"ဒါနဲ့ ဟိုကောင်မင်းသူကိစ္စက ဘာဖြစ်သွားလဲ"

"နင်တို့ကိစ္စက ရယ်လည်းရယ်ရ၊ ငိုလည်းငိုရနဲ့၊ ဘာပြောရမှန်းကိုမသိတော့ဘူး"

"ယဉ်ယဉ်ရယ် ရှင်းရှင်းပြောစမ်းပါ၊ ဘာလဲ ငိုလည်းငို၊ ရယ်လည်းရယ်ဆိုတာက"

"ဒီလိုဟာ၊ မင်းသူကို လမ်းမှာရှာဖွေရေးအဖွဲ့တွေက ဆိုင်ကယ်ရပ်ခိုင်းပြီး စစ်တယ်၊ မင်းသူကလည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဘာပြောရမှန်းမသိဘဲ ခြေတုန်တုန်၊ လက်တုန်တုန်နဲ့ ဖြစ်နေတယ်တဲ့၊ အဲဒီမှာ ရှာဖွေရေးအဖွဲ့ခေါင်းဆောင်က ဆိုင်ကယ်ဦးထုပ်ကို ချွတ်ခိုင်းပြီး စစ်တယ်တဲ့"

"ဘာလဲ စိတ်ကြွရူးသွပ်ဆေးတွေကို ဦးထုပ်ထဲမှာ တွေ့ရောလား"

"အေး ဟုတ်တယ်၊ ဦးထုပ်ထဲမှာ စိတ်ကြွရူးသွပ်ဆေးပြား အပြား (၂၀) ကိုတွေ့တယ်"

"အေးလေ၊ ငါတို့လည်း အဲဒီကိစ္စကြောင့် ဒီကနေ ချင်းတွင်းမြစ်ကြောကို ကိုယ်ယောင်ဖျောက်ပြီး ပြေးခဲ့ရတာပေါ့ဟာ"

"ရှာဖွေရေးအဖွဲ့ခေါင်းဆောင်က မင်းသူကို ဒါကဘာလဲလို့မေးတော့ မင်းသူကလည်း စိတ်ကြွရူးသွပ်ဆေးပြားတွေလို့ ပြောလိုက်တယ်၊ ဘယ်ကဝယ်လာတာလဲဆိုတော့ ရပ်ကွက်ထိပ်နားက ဝက်စာရောင်းတဲ့ဆိုင်ကလို့ ပြောတယ်တဲ့"

"ဟာ.....ဒီကောင်ကတော့ကွာ၊ ဟိုရှောင်ဒီရှောင် ပြောပါလား"

"ဟဲ့.....ကြောက်နေတော့ ဟုတ်တဲ့အတိုင်း ပြောတာပေါ့"

"အဲဒီတော့ ဖမ်းရောလား"

"ဖမ်းတာမှ လက်ထိတ်ခတ်ပြီး ဖမ်းတာ၊ အဲဒီအချိန်မှာ မူးယစ်(အထူး) အဖွဲ့က ရဲအုပ် ကြည့်အောင်ဆိုတာ ဖမ်းဆီးရေးအဖွဲ့ဆီကိုရောက်လာတယ်၊ အဖွဲ့ကသိမ်းထားတဲ့ ဆေးပြားတွေကို ကြည့်ပြီး ဒါတွေက စိတ်ကြွရူးသွပ်ဆေးပြားတွေ မဖြစ်နိုင်ဘူးလို့ပြောတယ်"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဖမ်းဆီးရေးအဖွဲ့က အထက်ကိုလည်း သတင်းပို့ပြီးပြီ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ရှာဖွေပုံစံနဲ့လည်း သိမ်းထားပြီးပြီဆိုတော့ ဓာတုဗေဒဝန်ရုံးရဲ့ အဆုံးအဖြတ်ကိုလိုက်နာကြဖို့ပဲရှိတယ်လို့ ပြောတယ်တဲ့"

"ဒါဆိုလည်း တစ်ခါတည်းလွှတ်လိုက်ပါလားကွာ"

"အဲဒီလိုလုပ်လို့ မရဘူးတဲ့၊ တရားခံကိုယ်တိုင်က စိတ်ကြွရူးသွပ်ဆေးပါလို့ ပြောထားတယ်တဲ့လေ၊ ရဲအုပ် ကြည့်အောင်က ပြောတယ်တဲ့၊ သူကိုယ်တိုင် တမူး မူးယစ်(အထူး)အဖွဲ့မှာ တာဝန်ကျစဉ်တုန်းက ဒီလိုပဲ ဝက်စာအားဆေးတွေကို စိတ်ကြွရူးသွပ်ဆေးသုံးတဲ့သူတွေက ဝယ်ဘူးတယ်တဲ့၊ ဖမ်းပြီးစစ်လိုက်တော့ ဝက်ဆေးတွေဖြစ်နေပေမယ့် ဓာတုဗေဒဝန်ရုံးရဲ့ အဆုံးအဖြတ်နဲ့မှ လွှတ်လို့ရခဲ့တယ်လို့ ပြောခဲ့တယ်၊ ဒါကြောင့် နင်တို့ကိစ္စတွေကိုလည်း ကွင်းဆက်မလိုက်ဘော့တဲ့ဆက်သားလွှတ်ပြီး အပြန်ဆုံး ဓာတုဗေဒဝန်ရုံးကို ဆေးစာပြန်ကြားနိုင်အောင်လွှတ်ခဲ့ရတယ်"

"ဒီတော့ ဘာဖြစ်လဲ"

"ဓာတုဗေဒဝန်ရုံးက မူးယစ်ဆေးဝါးမဟုတ်ကြောင်း ပြန်စာရတော့ မင်းသူကို ပြန်လွှတ်ပေးခဲ့တာ၊ ဒါတောင် မင်းသူက ခဲစခန်းမှာ တစ်လလောက် နေလိုက်ရတယ်"

"ဒါဆို ဟိုကောင်မင်းသူကော အခုဘယ်မှာလဲ"

"အင်း.....သူက ငါ့ရှေ့ကအရင် ထွက်သွားတာ၊ ကြည်ပြာဆိုင်ကယ်နဲ့၊ လမ်းမှာ ဘီးပေါက်လို့ ဘီးဖာနေတာတွေ့ခဲ့ရတယ်၊ ငါက အငှားကားနဲ့လိုက်လာခဲ့တာ"

စကားပြောနေကြစဉ် မင်းသူမှာ ဆိုင်ကယ်ဖြင့် ရောက်လာသည်။ မင်းသူအား သူငယ်ချင်းများက ဝိုင်းရှိုးဖက်လိုက်ကြသည်။

"ဖြစ်မှဖြစ်ရလေ မင်းသူရယ်"

"အေး၊ အခု မင်းတို့ငါတို့လည်း စိတ်ကြွရူးသွပ်ဆေးပြားကို မသုံးဘဲနေလို့ရပြီ၊ အဓိကပြောချင်တာကတော့ စိတ်သာအဓိကပါကွာ"

မောင်ကြည်အောင်

ခရာသင်းသမင်ဖြူ။

ခရာသင်း သမင်ဖြူ၊ အနာကြီးရောဂါ Fungus-Psoriasis
ပို့စွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရွှန်ကရွိုက်၊ ရေယုန်၊ ရိုပြူ-ရိနိဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း ရာ×ရ၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၃ ၄၉၂ ၇၀၉၅၁၊ ၀၃ ၄၀၂၅၄၃၆၂

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၃ ၄၂၁၀၀၆၅၄၅

www.burmeseclassic.com

www.burmeseclassic.com

ထက်ထက်

ဟာသများ

နစ်ခါနာတယ်

လင်မယားစုံတွဲသည် ဆိုင်ကယ်စီး၍ ရုံးမှအိမ်သို့ပြန်လာစဉ် ယာဉ်ထိန်းရဲ့၏ အချက်ပေးခရာသံကြောင့်.....

ခင်ပွန်း။ ။ မိန်းမရေ....ရပ်လိုက် ရပ်လိုက်၊ တို့ဆိုင်ကယ်ကို ရဲဖမ်းပြီ။

ဆိုင်ကယ်မောင်းလာသည့် ဇနီးဖြစ်သူလည်းကြောက်ကြောက်လန့်လန့်ဖြင့် ရှေ့ဘရိတ်ဆွဲလိုက်ရာ ဆိုင်ကယ်မှာ ဇင်ထောင်၍ ပလက်ဖောင်းဘေးသို့ လဲကျသွားတော့၏။ ခင်ပွန်းဖြစ်သူလည်း ဖင်ထိုင်လျက် လဲကျသွားသည်။

ယာဉ်ထိန်း။ ။ ဟေ့...ဆိုင်ကယ်လာမ,ပေးကြပါဦးကွ၊ ဒီမှာ ဦးလေးကြီးနဲ့ သူ့သမီးလေး ဆိုင်ကယ်မှောက်သွားပြီ၊ ဘယ်နာသွားလဲ ဦးလေး။

ခင်ပွန်းဖြစ်သူသည် နာကျင်မှုအား ဂရုမစိုက်နိုင်ပေ။ ယာဉ်ထိန်း၏အပြောကြောင့် စိတ်တိုပြီး မေးလိုက်၏။

ခင်ပွန်း။ ။ ကျွန်တော်တို့ဆိုင်ကယ်ကို ဘာကြောင့် ဖမ်းတာလဲဗျာ။

ယာဉ်ထိန်း။ ။ ရှေ့မီးပွင့်နေလို့ သတိပေးတာပါ ဦးလေးရာ။

ခင်ပွန်း။ ။ အောင်မလေး..နှစ်ခါနာတယ်ဗျာ၊ အီး..ဟီး.....ဟီး။

www.burmeseclassic.com

www.burmeseclassic.com

လွဲပုံက

အိမ်ပွဲစားအမျိုးသမီးသည် ဈေးဆိုင်ရှေ့တွင်ရပ်၍ ဆိုင်ရှင်နှင့် စကားပြောနေ၏။ ပွဲစားအမျိုးသမီးမှာ အာပေါင်အာရင်းသန်သန်ပြောနေသည့်အပြင် အချိန်ကြာလာ၍ ဆိုင်ရှင်မှာ အားနာနာနှင့် နားထောင်နေရသည်။

ဆိုင်ရှင်။ ။ ဟော...ရှင့်ဖုန်းလာနေပြီ၊ ကိုင်လိုက်ဦးလေ။

ဆိုင်ရှင်လည်း အိမ်သာတက်ချင်လာ၍ ဖုန်းပြောနေသော ပွဲစားမအား ခြေဟန်လက်ဟန်ဖြင့် ပြောပြလိုက်၏။ ဤသည်ကို ပွဲစားအမျိုးသမီးက **တစ်မျိုးထင်၍** ဖုန်းကိုလက်ဖြင့်ပိတ်ပြီး ပြန်ပြောလိုက်တော့၏။

ပွဲစားမ။ ။ ဩော်...ဗိုက်ဆာလို့လား။ သွားစား...သွားစား၊ ဝအောင်သာစားခဲ့နော်။

ဆိုင်ရှင်မှာ ရှုံမဲ့မဲ့ဖြင့် အောင့်သက်သက်ထွက်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတတ်သူ

လွန်စွာစပ်စုသော ကလေးတစ်ဦးသည် လူကြီးများ စကားပြောတိုင်း နားထောင်တတ်၏။ ပြီးလျှင် ဝင်ရောက် ပြောနေတတ်သေးသည်။ တစ်နေ့တော့ အမျိုးသမီးနှစ်ဦး စကားပြောနေသည့်နေရာသို့ မယောင်မလည်ရောက်လာပြန်၏။

အမျိုးသမီး။ ။ အမေရေ...ဝန်ကြီးများရုံးဆိုတာ ဗိုလ်ချုပ်တို့ကျဆုံးတဲ့နေရာမဟုတ်လား။

အမျိုးသမီးကြီး။ ။ ဟုတ်တယ်လေကွယ်၊ ဝန်ကြီးများရုံးက သမိုင်းဝင်နေရာတစ်ခုပဲပေါ့။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရတဲ့နေရာလေ။

စကားဆုံးသည်နှင့် ကလေးငယ်က အားပါးတရ ဝင်ပြောလိုက်တော့သည်။

ကလေး။ ။ ဟုတ်တယ် အဘွား၊ သားလေ ဗိုလ်ချုပ်တို့ သေသွားတဲ့နေ့က ငိုလိုက်ရတာ မပြောပါနဲ့တော့။

အမျိုးသမီးကြီး။ ။ တယ်.....ဒီကောင်လေး ငါခေါင်းခေါက်လိုက်ရ၊ ဗိုလ်ချုပ်တို့ကျဆုံးချိန်က နင်တောင် ဘယ်ဘဝရောက်နေမှန်းမသိဘဲနဲ့ ဝင်ပြီးနေပြန်ပြီ၊ သွား.....။

ထိုသို့ပြောဆိုရင်း မောင်းထုတ်လိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

သတ်ပုံမှားလို့ပါ

အနော်ရထာလမ်းမပေါ်ရှိ ဖုန်းအရောင်းဆိုင်သို့ အမျိုးသမီးတစ်ဦး ရောက်လာသည်။

အမျိုးသား။ ။ ဘာအလိုရှိပါသလဲခင်ဗျာ။

အမျိုးသမီး။ ။ ကျွန်မ ငွေဖြည့်ကတ် ဝယ်မလို့ပါ။

အမျိုးသား။ ။ ဟုတ်ကဲ့၊ ဘယ်လောက်တန်ကတ်ပါလဲခင်ဗျ။

အမျိုးသမီး။ ။ တစ်သောင်းတန်ပါ။

အမျိုးသားက ငွေဖြည့်ကတ်ကိုယူနေစဉ် အမျိုးသမီးက ငွေနှင့်ဖုန်းကို ထုတ်ယူပြီး မှန်ဗီရိုပေါ် တင်လိုက်၏။ ထို့ကြောင့် ဆိုင်ရှင်အမျိုးသားက မေးလိုက်သည်။

အမျိုးသား။ ။ ခြစ်လိုက်ရမလား။

ထိုစကားကြောင့် အမျိုးသမီးက ဒေါသဖြစ်သွား၏။

အမျိုးသမီး။ ။ ဘာပြောတယ်ရှင့်.....ကျွန်မက ရှင့်ကို ဘာကြောင့်ချစ်ရမှာလဲ။

သည်တော့မှ အမျိုးသားလည်း သဘောပေါက်သွားပြီး ရှင်းပြရတော့၏။

အမျိုးသား။ ။ မဟုတ်ပါဘူးဗျာ၊ ငွေဖြည့်ကတ်ကို ခြစ်ပေးရမလားလို့ မေးတာပါ၊ ဖုန်းထဲကို တစ်ခါတည်းရိုက်ထည့်မယ်ထင်လို့ပါ။



ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဩ.....ဩ ဒါကြောင့်လား၊ အေး.....မင်းကြည့်ရတာ အလုပ်အပေါ်မှာတော့ ကြိုးကြိုးစားစား လုပ်ကိုင်နေတာကို ငါဂရုပြုမိပါတယ်၊ အလုပ်အပေါ်ကြိုးစားတာကိုတော့ ငါသဘောကျမိတယ်ဟေ့၊ ဒါနဲ့ မင်း အတန်းပညာကို ဘယ်လောက်ထိ သင်ကြားခဲ့ဖူးသလဲကွ"

"ကျွန်တော် ဆယ်တန်းအထိတော့ ကျောင်းနေခဲ့ဖူးပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ကို ကျောင်းဆက်ထားပေးမယ့် မိဘဆွေမျိုးတွေ မရှိခဲ့တာမို့ ကျောင်းဆက်တက်နိုင်ခြင်းမရှိခဲ့ပါဘူးခင်ဗျာ၊ ဒါကြောင့် ကျွန်တော့် ဘဝအတွက် အခုလို အဆင်ပြေတဲ့ အရပ်ဒေသမှာ လာပြီးလုပ်ကိုင်နေရတာပါခင်ဗျာ"

မေးလို့သာ ပြန်ဖြေနေရလင့်ကစား မောင်ကံသိန်းမှာ အုပ်ချုပ်ရေးမှူး ပြန်ပြောမည့်စကားကို ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေမိသည်ကတော့ အမှန်ပင်။ ဩော်....သူ့မှာက အရည်အချင်းက နည်းခဲ့ပေသကိုး။

"ဩော်....ဒါဖြင့် မင်းက ဆယ်တန်းအထိတော့ ကျောင်းနေခဲ့ဖူးတာကိုး၊ ကောင်းပြီလေ၊ ဒါဖြင့် မင်းကို ကျောင်းဆက်တက်ခွင့်ရမယ်ဆိုရင် ကောမင်း ပညာဆက်သင်ချင်တဲ့ စိတ်ဆန္ဒရောရှိရဲ့လား"

မောင်ကံသိန်းမှာ မမျှော်လင့်သောစကားအား ကြားလိုက်ရသည့် အတွက် အံ့အားသင့်ခြင်းနှင့်အတူ သူ ပြန်ဖြေကြားရမည့် စကားလုံးအား ရွာ ဖွေနေဟန်ဖြင့် ရုတ်တရက် ပြန်မပြော ဖြစ်သေးပေ။ စဉ်းစားနေလိုက်သည်။

မောင်ကံသိန်းက ထိုအမေးအား ဖြေကြားရန် စဉ်းစားနေဟန်ရှိသည်။ နောက်တော့မှ မရွံ့မရဲလေသံဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်.....ကျွန်တော်က ပညာကလည်းမရှိ၊ ကိုယ့်အရပ်ဒေသမှာ အလုပ်အကိုင်ကလည်း ရှားပါးတာမို့ ဒီမှာလာပြီး လုပ်နေတာပါ၊ နောက်ပြီး ကျွန်တော့်မှာ မိဘ...မိဘတွေကလည်း မရှိ..မရှိတော့တာမို့ပါ ခင်ဗျာ"

ခင်ပွန်းသည်
မရှိခိုက် ဒေါ်မြမြဝင်းမှာ
တူသားသဖွယ်
ရင်းနှီးတွယ်တာခဲ့ရသော
မောင်ကံသိန်းနှင့်အတူ
ခင်ပွန်းသည်
လာခေါ်မည့်နေ့ရက်အား
စောင့်စားနေရင်း
ဘယ်ကဲ့ကြမ္မာဝိပါက်က
ဖန်လာလေသည်မသိ။
သူမနှင့် မောင်ကံသိန်းအပေါ်
မယုံသင်္ကာဖြင့်
စွပ်စွဲမှုများ
အပုပ်နံ့
သင်းလာခဲ့ရတော့သည်

...

□

"မောင်ကံသိန်း.....မင်းကို အုပ်ချုပ်ရေးမှူးက ခေါ်နေတယ်"

ထိုအသံကြောင့် မောင်ကံသိန်းခမျာ ရင်ဖိုသွားခဲ့ရသည်ကတော့ အမှန်။ ဟိုကြည့်သည်ကြည့်နှင့် ဌာန တစ်ခုမှ အုပ်ချုပ်ရေးမှူးအခန်းတွင်းသို့ ခပ်ရိုရိုပင် ဝင်သွားလိုက်သည်။ အုပ် ချုပ်ရေးမှူး ဦးထွန်းကြည်က မောင်ကံ သိန်းအား တစ်ချက်မျှ စူးစိုက်ကြည့် လိုက်သည်။ နောက်ပြီးမှ လေသံခပ် အေးအေးဖြင့် ပြောလိုက်ပါလေ၏။

"ဩော်.....မောင်ကံသိန်း၊ ထိုင်ကွာ၊ မင်းကို ဆရာ မေးစရာလေးရှိလို့"

မောင်ကံသိန်းက ခပ်ရိုရိုပင် အုပ်ချုပ်ရေးမှူးရှေ့ရှိထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ သူ့စိတ်ထဲတွင် အကြောင်းတစ်စုံတစ်ရာဖြင့် အပြစ်ပြောလေမည်လားဟု နားစွင့်နေလိုက်မိသည်။

"နေပါဦးကွဲ့၊ မင်း ဒီအလုပ်ကို လုပ်ကိုင်နေတာ သိပ်ကြာသေးပုံမပေါ်ဘူး၊ ဘာ့ကြောင့် တစ်နယ်တစ်ရပ်ခြားကနေ ဒီအရပ်မှာလာပြီး အလုပ်လာလုပ်နေရတာလဲ၊ မင်းက ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာ ဘာလို့အလုပ်မလုပ်ဘဲ ဒီအရပ်မှာလာပြီး ဆင်းဆင်းရဲရဲ လာလုပ်နေရတာလဲ၊ ပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာမှ သူ့နှုတ်မှ မဝံ့မရဲ လေသံမျိုးဖြင့် လေသံတိုးတိုးဖြင့် ပြန်ဖြေလိုက်တော့သည်။

''ကျွန်တော်တို့ အမျိုးအဆက် ဆက်မှာ ပညာတတ်ဆိုလို့ မရှိခဲ့ပါဘူး ဆရာ၊ ကျွန်တော် ပညာတတ်တစ်ယောက် ဖြစ်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ကျောင်းဆက်တက်ဖို့အတွက် မတတ်နိုင်.....''

သည်မှာပင် အုပ်ချုပ်ရေးမှူး ဦးထွန်းကြည်က တည်ကြည်လေးနက် သောအသံဖြင့် ဖြတ်ပြောလိုက်ပါလေ ၏။

''ထားပါတော့လေ၊ အကယ်၍ မင်း ဆယ်တန်းအောင်မြင်အောင် ကျောင်းတက်ခွင့် ရမယ်ဆိုရင်ကော မင်း ကျောင်းဆက်နေမလား''

မထင်မှတ်သော အုပ်ချုပ်ရေးမှူး ၏နှုတ်မှ ထွက်ပေါ်လာသော စကား သံကြောင့် မောင်ကံသိန်း အံ့သြခြင်း နှင့်အတူ အုပ်ချုပ်ရေးမှူး ဦးထွန်းကြည် ၏မျက်နှာအား မော့ကြည့်လိုက်ပါလေ ၏။ သူ စကားမပြောနိုင်မီမှာပင် ဦး ထွန်းကြည်ထံမှ စကားသံများ ထွက် ပေါ်လာသည်။

''အေး.....မင်းကိုယ်တိုင်က ကျောင်းဆက်တက်ချင်စိတ် ရှိနေတယ် ဆိုရင် မင်းပညာဆက်သင်ဖို့ ဆရာ တာဝန်ယူမယ်လေ၊ ကျောင်းဆက်နေပေါ့၊ ကုန်ကျစရိတ်အားလုံးကို ငါတာဝန်ယူ ပါတယ်၊ ဒါပေမဲ့ မင်းကြိုးစားရမယ် နော်၊ မင်း ဆယ်တန်းအောင်မြင်သွား ပြီဆိုရင် မင်းဘဝလည်း ပြောင်းလဲ သွားနိုင်တာပေါ့၊ ဆယ်တန်းအောင်ရင် အလုပ်ရဖို့ကိုလည်း ငါတာဝန်ယူပါ တယ်၊ မင်း ကြိုးစားပေါ့ကွာ''

မောင်ကံသိန်းမှာ သူ့နားကိုပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ် သွားရတော့သည်။ စဉ်းစားကြည့်လေ။ သူ့ပညာရေးအတွက် ဆွေမျိုးသားချင်း များကပင် အထောက်အကူပြုနိုင်သည့် အခြေအနေမျိုးမရှိ။

ယခုတော့ သူပညာဆက်သင်ခွင့် အတွက် အထောက်အကူပြု ကူညီ မည့်သူ ပေါ်ပေါက်လာခဲ့ချေပြီ။ မောင် ကံသိန်းမှာ ထိုကိစ္စနှင့်ပတ်သက်၍ မည်သို့ခံစားရမည်ကိုပင် အဖြေရှာမရ အောင် ဖြစ်ခဲ့ရသည့်ဖြစ်ခြင်းရယ်လေ။

✦ ✦ ✦

သူ့ရှေ့ဆက်လျှောက်ရမည့် ဘဝ လမ်းမှာ ရောင်ခြည်သန်းလာပြီဟုပင် ဆိုရခြိမ့်မည်။ စဉ်းစားကြည့်လေ။ သူ ကြီးပြင်းလာခဲ့ရသည်က ကျေးတောရွာ တစ်ရွာပင် ဖြစ်၏။ မိဘဆွေမျိုးသား ချင်းများဆိုသည်ကလည်း တောလုပ် တောကိုင်ကို အားထားအမှီသဟဲပြု ရင်း ထမင်းတစ်လုတ်ကို စားခဲ့ကြရ သည့် တောင်ယာသမားများသာဖြစ် သည်။ မိဘများက သားလေးတစ် ယောက်ဆို၍ အတန်းပညာအား သင် ကြားပေးလင့်ကစား ခေတ်မမီသော ကျေးလက်တောရွာပညာရေးက နှောင့် နှေးချို့တဲ့လှပါဘိတောင်း။

သည်တော့လည်း မောင်ကံသိန်း မှာ ဆယ်တန်းအထိ ပညာကို ဆင်း ဆင်းရဲရဲဖြင့် သင်ခဲ့ရသည်သာ။ ဆွေ မျိုးသားချင်းများအထောက်အပံ့ဖြင့် ဆယ်တန်းအား တစ်နှစ်သာဖြေဆိုခဲ့ ပြီးနောက် ကျောင်းပညာသင်ကြားခြင်း ကို စခန်းသိမ်းခဲ့ရခြင်းပင်ဖြစ်သည်။

မိဘများက အသက်အရွယ်ကြီး ရင့်လာ၍ မောင်ကံသိန်းမှာ ရွာမှာပင် လယ်ပိုင်ရှင်တို့ထံဝယ် နေ့စားအလုပ် ဝင်လုပ်ရင်း မိသားစုစားဝတ်နေရေးကို ဖြည့်တင်းခဲ့ရသည်။ သို့တိုင် နေ့စား အလုပ်က နေ့တိုင်းမရှိ။ သည်လိုဖြင့် မိဘနှစ်ပါး ဆုံးပါးသွားခဲ့ရတော့သည်။ နောက်ဆုံး ဘယ်နေရာ၊ ဘယ်ဒေသ ကိုပဲရောက်ရောက် အလုပ်တစ်ခု တည် တည်တံ့တံ့ရအောင် ရှာဖွေမည်ဆို သည့် ဆုံးဖြတ်ချက်ဖြင့် အဆက် အသွယ်ကောင်းတစ်ဦး၏ အကူအညီ ဖြင့် ပြည်နယ်တစ်ခုတွင် ကျောက်ထု လုပ်ငန်း၌ အလုပ်ဝင်လုပ်ခဲ့သည်။

သို့ရာတွင် သူ့မှာ နေစရာထိုင် စရာမရှိ။ နောက်ဆုံး သူ့အဖြစ်အား နားလည်စာနာသော ညစောင့်အလုပ် သမားက သူနှင့်အတူနေစေရင်း သူ ၏ ကျောခင်းစရာ တစ်နေရာအတွက် ဖြေရှင်းခဲ့ရတော့သည်။ ညစောင့်က သူ့ အပေါ် စာနာထောက်ထားခြင်းအား ဘန်ပြန်ကျေးဇူးပြုသည့်အနေဖြင့် ည စောင့်လုပ်သည့် ရုံးပတ်ဝန်းကျင်တွင် အမှိုက်ရှင်းလင်းခြင်း၊ ခြံစည်းရိုးအတွင်း ရှိ ပေါင်းပင်များအား သုတ်သင်ရှင်း လင်းခြင်းများနှင့် ရုံးတွင်းရုံးပြင် မွမ်းမံ ခြင်းများအား တစိုက်မတ်မတ် ပြုလုပ် ခဲ့သည်။

သူ၏ သွက်သွက်လက်လက် ချက်ချက်ချာချာ လုပ်ကိုင်နေသည်ကို ရုံးအရာရှိဖြစ်သူက နေ့စဉ်နှင့်အမျှ မြင် တွေ့နေရသောအခါ သူ့အပေါ် စိတ် ဝင်စားသွားခဲ့တော့၏။ ရုံးအရာရှိက သူအား လပ်သည့် အချိန်အခါမျိုးဝယ်

www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲလာကာ ဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာမှ ရှစ်နှစ်ခန့်ကြာသောအခါတွင် အရာရှိတစ်ဦး ဖြစ်လာခဲ့တော့သည်။ အရာရှိဘဝဖြင့် တင့်တောင့်တင့်တယ် နေနိုင်သည့်အခြေအနေအထိ မောင်ကံသိန်းမှာ ဦးထွန်းကြည့်အပေါ် မိဘသဖွယ် ရိုသေလေးစား ကိုင်းရှိုင်းခဲ့သောကြောင့် ဦးထွန်းကြည့်တို့ လင်မယားကလည်း တူ/သား သဖွယ် သံယောဇဉ်ကြီးတွယ်လာခဲ့သည်မှာ အထူးအဆန်းတော့ မဟုတ်ပေ။ ထို့နောက်ပိုင်းတွင် ဦးထွန်းကြည့်တို့ လင်မယားက သူ့အား သင့်တော်မည့် ထင်သည့် အမျိုးသမီးငယ်တစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးခဲ့ပြန်သည်။

မောင်ကံသိန်းမှာ ဘဝအခြေအနေ တိုးတက်မြင့်မားလာခဲ့သည့်တိုင် အိမ်ထောင်ရေးမှာ ကံညံ့ခဲ့သည်ဟု ဆိုရမြဲမို့မည်။ မောင်ကံသိန်းမှာ ရခဲ့သည့် မိန်းကလေးနှင့် တစ်နှစ်သာ ပေါင်းခွင့်ရလိုက်သည်။ အမျိုးသမီးရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ ထို့နောက်တွင် အထီးကျန်ဖြစ်နေသော မောင်ကံသိန်းအား ဦးထွန်းကြည့်တို့လင်မယားက သူတို့အိမ်မှာပင် ခေါ်ထားလိုက်လေတော့၏။

+ + +

ကံ့ကံ၏အကျိုးဟု ဆိုရလေမည်လားမသိ။ မောင်ကံသိန်းအပေါ် ကရုဏာသက်စွာဖြင့် လူ့အဆင့်အတန်းမြင့်မားစေရန် ကူညီထောက်ပံ့ပေးခဲ့သော ဦးထွန်းကြည့်မှာ ရာထူးဆိုင်ရာ အဆင့်တက်သွားသည့် အခွင့်ကံရောက်

မောင်ကံသိန်း၏ နေပုံထိုင်ပုံများကိုပါ အနီးကပ် လေ့လာအကဲခတ်ကြည့်မိသည်အထိ စိတ်အာရုံများ ရောက်ခဲ့ရတော့သည်။

သည်လိုနှင့် မောင်ကံသိန်း ဆယ်တန်းစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့သဖြင့် သူလုပ်နေသည့် အလုပ်မှ ဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ရင်း ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ကြားခွင့် ရခဲ့တော့၏။ ဒါကလည်း သူ့အား မိဘသဖွယ် စောင့်ရှောက်အားပေးခဲ့သော အရာရှိ ဦးထွန်းကြည့်၏ ကောင်းမှုစေတနာကြောင့်ဟုဆိုလျှင် မှားမည်မဟုတ်ပေ။

ဘွဲ့ရပညာတတ်တစ်ဦး ဖြစ်လာသည်နှင့် သူ့ဘဝတစ်ဆစ်ချိုးကလည်း

ကိုယ့်ကျေးဇူးရှင်ရဲ့ ဇနီးမယားကို ယုတ်ယုတ်မာမာ ကြံစည်ရဲတဲ့အကောင်း ဇရဲကို ဒ,သ,န,သော ဆိုတဲ့ အသံအော်ဟစ်ပြီး ဒယ်အိုးထဲဆင်းမယ့် ငပိက်သားပဲ

...

www.burmeseclassic.com

www.burmeseclassic.com

ရရှိခဲ့သည်ဟု ဆိုရမြဲမို့မည်။ သို့ပေမင့် လက်ရှိဌာနဒေသ တွင်တော့မဟုတ်။ အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့ထမ်း ဆောင်ခဲ့ရခြင်းသာ ဖြစ်ပေသည်။

ဦးထွန်းကြည်အနေဖြင့် ရာထူးတိုး ထမ်းဆောင်ရ မည်ဆိုသောကြောင့် တာဝန်ကျရာမြို့သို့ သွားရောက်တာ ဝန်ထမ်းဆောင်ခဲ့ရတော့သည်။ သူ့အနေဖြင့် ရုတ်တရက် ထွက်ခွာသွားခဲ့ရသော်လည်း ထားရစ်ခဲ့ရမည့် ဇနီးမယား အား သားတပည့် မောင်ကံသိန်း ရှိနေသဖြင့် စိတ်ချလက်ချ ပင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့၏။

''အစ်ကို သတ်မှတ်ထားတဲ့ရက်အတိုင်း သွားရမှာ လေ၊ မြမြအနေနဲ့ ဒီမှာပဲ ခဏတော့နေခဲ့ဦးနော်၊ အစ်ကို ဟိုမှာ အခြေကျမှ မြမြကို လာခေါ်မယ်နော်၊ ဒီမှာ မင့်သား မောင်ကံသိန်းလည်း ရှိနေတာပဲဥစ္စာ၊ ဘာမှ အားမငယ်ပါနဲ့၊ ဟုတ်လား''

ဦးထွန်းကြည်က ထိုကဲ့သို့သော အမှာစကားပြော ကြားလျက် တာဝန်ကျရာမြို့သို့ သွားရောက်ခဲ့တော့၏။ ဒေါ်မြမြဝင်းအနေဖြင့် ခင်ပွန်းဖြစ်သူက စိမ်ခဲ့သည့်အတိုင်း ခေါင်းညိတ် နားထောင်နေခဲ့သည်။ ခင်ပွန်းသည်မရှိခိုက် ဒေါ်မြမြဝင်းမှာ တူသားသဖွယ် ရင်းနှီးတွယ်တာခဲ့ရသော မောင်ကံသိန်းနှင့်အတူ ခင်ပွန်းသည် လာခေါ်မည့်နေ့ရက် အား စောင့်စားနေရင်း ဘယ်ကံကြမ္မာဝိပါက်က ဖန်လာလေ သည်မသိ။

သူမနှင့် မောင်ကံသိန်းအပေါ် မယုံသင်္ကာဖြင့် စွပ်စွဲမှု များ အပုပ်နဲ့ သင်းလာခဲ့ရတော့သည်။ ထိုသတင်းစကားက သူမတစ်ဦးတည်းသာမဟုတ်။ ကာယကံရှင် မောင်ကံသိန်း နားသို့ပင် ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။

မောင်ကံသိန်းမှာ အိမ်ထောင်ရေး အတွေ့အကြုံရှိခဲ့သူ ဖြစ်၍ အချစ်ရေးနှင့်ပတ်သက်လျှင် ခံစားလွယ်သူဟု ဆိုရပေ မည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ချော်လဲရောထိုင်ဆိုဘိ သကဲ့သို့ ရသည့်အခွင့်အရေးအား အသုံးချခဲ့လေတော့သည်။

သောက်လေ သောက်လေ ငတ်မပြေသည့် ဆားငန်ရေ သည် အဆာပြေသည်မရှိ။ သောက်သုံးလိုသည့်ဆန္ဒအလျောက် ဒေါ်မြမြဝင်းအပေါ် ကျူးလွန်ဖောက်ပြန်ခဲ့မိသည်ကတော့ အမှန် ပင်။ နောက်ဆုံး တစ်မြို့လုံးရှိ လူအပေါင်းက မောင်ကံသိန်း အပေါ် အပြစ်တင်စကား ပြောကြားခဲ့ရုံမှတစ်ပါး အခြား ဘာမျှ

မပြောဆိုကြတော့ဘဲ ကိုယ်နှင့်မဆိုင်သည့် ကိစ္စလိုပင် သဘောပိုက်ထားလိုက်ကြကာ မသိဟန်ဆောင်လျက် ဖြင့် အခင်အမင်မပျက် ပြောဆိုဆက်ဆံနေခဲ့ကြတော့ သည်။

အားလုံး၏စိတ်ထဲတွင်တော့ တစ်ချိန်တစ်ခါက လမ်းဘေးတွင် ကျောက်ထုရင်း၊ ညစောင့်အိမ်တွင် မှီ တင်းနေထိုင်ရင်း အခြေမဲ့အနေမဲ့ ဖြစ်ခဲ့ရသော မောင် ကံသိန်းမှာ သားရေပေါ်အိပ်၊ သားရေနှီးစားသည့် လူယုတ် မာတစ်ယောက်ဟုသာ သတ်မှတ်ထားခဲ့ကြတော့သည်။

''ကိုယ့်ကျေးဇူးရှင်ရဲ့ ဇနီးမယားကို ယုတ်ယုတ် မာမာ ကြံစည်ရဲတဲ့ အကောင်၊ ငရဲကို ဒုသ,န,ဘေး ဆိုတဲ့ အသံအော်ဟစ်ပြီး ဒယ်အိုးထဲဆင်းမယ့်စမိုက် သားပဲ''

''ဒါကြောင့် ရွေးကစာဆိုရှိခဲ့လာပေါ့၊ ခြေနှစ်

www.burmeseclassic.com

www.burmeseclassic.com

ချောင်းလည်းမကယ်နဲ့၊ မင်းလေမျောလည်း မဆယ်နဲ့ဆိုတာမျိုးလို သူ့ကို သနားပြီး စေတနာကောင်းနဲ့ ပြုစုပျိုးထောင်ပေးခဲ့ရာက အခုလိုပဲ ဖြစ်နေတာပေါ့ကွာ''

ဆရာဖြစ်သူက ရာထူးတိုးဖြင့် တခြားမြို့တစ်နေရာဆီ တာဝန်ထမ်းဆောင်နေဆဲကာလဝယ် ယုံကြည်ကိုးစား အားထားခဲ့သည့် မောင်ကံသိန်းက ဇနီးဖြစ်သူနှင့် ဖောက်ပြန်နေခြင်းအား နားနှင့်မဆံ့အောင် ကြားသိခဲ့ရသော ဦးထွန်းကြည်မှာ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းဘိသကဲ့သို့ ဖြစ်နေမည်စိုးသောကြောင့် မသိကျိုးကျွန်ဖြင့် လျစ်လျူရှု၍သာ ရေငုံနှုတ်ပိတ် နေလိုက်တော့သည်။

သို့သော်လည်း နံရံများတွင် နားရှိသည်ဆိုသောအတိုင်း ယုတ်စွအဆုံး ဦးထွန်းကြည်ခမျာ မသိဟန်ဆောင်လျက် အိမ်ပြန်ရက်အား လုပ်ငန်းခွင်ဝယ် နှစ်မြှုပ်ထားရင်း သူ၏အိမ်ထောင်ရေးကို နောက်ကျောပေးလျက် သူ့ဘဝအား မုဒိတာပွားနေလိုက်လေတော့၏။

ဆရာကတော်ဖြစ်သူအနေဖြင့်လည်း လင်ယောကျ်ားဖြစ်သူ၏ လျစ်လျူရှုပြုမူခြင်း ခံနေရသည့်အတွက် သူမ၏အမှားအား ခွင့်အားပေးလိုက်ဘိသကဲ့သို့ပင်။ ဆက်ဆံရေးမှာလည်း လူသိထင်ရှားလို ဖြစ်ခဲ့တော့သည်။

ထိုအဖြစ်ကို သိကြသူအပေါင်းက နှုတ်မှ မကျေနပ်မှုအား ထုတ်ဖော်ပြောဆိုခြင်း မပြုလုပ်ကြသော်လည်း စိတ်အတွင်းကမူ ဦးထွန်းကြည်အပေါ် သနားညှာတာ ကိုယ်ချင်းစာစိတ်များကြောင့် ရေငုံနှုတ်ပိတ် နေခဲ့ကြလေတော့သည်။

ဦးထွန်းကြည်မှာ မိမိဇနီးမယားထံသို့လည်း ပြန်မလာတော့ဘဲ အလုပ်ရှုပ်လို့ဟူသော အကြောင်းပြချက်ဖြင့် အနွေဒေသဘောမျိုးဖြင့် သမုဒယသံယောဇဉ်အား ဖြတ်တောက်လိုက်တော့သည်။ ကျေးဇူးရှင်ဆရာ မသေဆုံးမီကာလအတွင်း၌ပင် ဆရာကတော်အား ခိုးယူပေါင်းသင်းနေခြင်းကြောင့် ပတ်ဝန်းကျင်မှ မထိတထိ နောက်ပြောင်ပြောဆိုခြင်းကို ပစ္စုပ္ပန်ကာလ၌ပင် မောင်ကံသိန်းမှာ ကြုံတွေ့နေရ ၏။ ကာလဝိပါက် နောက်ပိုးတက်ဆိုဘိသကဲ့သို့ ခံစားနေရသည်ကတော့ အမှန်ပင်။

''ကျွန်တော် နေလို့ထိုင်လို့ သိပ်မကောင်းဘူး မမမြ၊ ဆရာဝန်ပြကြည့်တော့ တောင်ကြီးဆေးရုံကြီးကို သွားပြဖို့ ညွှန်ကြားလိုက်တယ်၊ အဲဒါ မမမြလိုက်လို့ဖြစ်မယ်မထင်ဘူး''

သူတို့နှစ်ဦးမှာ ရင်နှီးမှုတွေ ရလာကြသည်မို့ နှစ်ဦးသား စကားပြောကြရာ၌ ပွင့်ပွင့်လင်းလင်းဖြင့် အကြင်နာစကားလုံးများသုံးရင်း သံယောဇဉ်စကားများ ဖြစ်ပေါ်လာရတော့သည်။

''ဟုတ်တော့လည်း ဟုတ်တယ်ကွယ်၊ မမမြအနေနဲ့ ကိုယ်တိုင်လိုက်ပြုစုချင်ပေမယ့် အခြေအနေက.....''

''တော်ပါတော့ မမမြရယ်၊ ဒါတွေအားလုံး ကျွန်တော်နားလည်သဘောပေါက်ပြီးသားပါ၊ ကျွန်တော့်အတွက် ဘာမှမစိုးရိမ်ပါနဲ့ဗျာ၊ ဖုန်းနဲ့အဆက်အသွယ်လုပ်နေမှာပါ''

အမှောင်လိုင်းထဲမှ ကိလေသာသမုဒယသံယောဇဉ်များမှာ ယခုတော့ တိတ်တခိုးဘဝ ရောက်ခဲ့ရ၏။ တိုးတိုးတိတ်တိတ်ဖြင့်သာ စိုးရိမ်စိတ်ဖြင့် ဝေဒနာပွားနေရတော့သည်။

+++

လောကတွင် ကိုယ့်ကျေးဇူးရှင်အား စော်ကား၊ သူတစ်ပါးသားမယားကို ဖောက်ပြန်၍ ဆန့်ကျောလောက်မှ ဇောက်မနက်၊ အကျင့်သီလပျက်ကာ မိုက်တွင်းနက်လှသည့် မောင်ကံသိန်းအား ကံတရားလက် ဝက္ကအပ်နဲ့ လိုက်ဘိသို့ရှိတော့သည်...

www.burmeseclassic.com

www.burmeseclassic.com

အညည်လိုဖြင့်ပင် မောင်ကံသိန်းမှာ ကောင်ကြီးဆေးရုံသို့ တက်ရောက်၍ ဆေးကုသခြင်းကို ခံရလေတော့တ၏။ စင်စစ် မောင်ကံသိန်းမှာ သောက်စားမူး ယစ်ခြင်းအပြစ်ကား မရှိပါချေ။ သို့ရာတွင် မိမိလုပ်ခဲ့သည့် ဒုဿနုသောသူတစ်ပါးမယားအား ပြစ်မှားကျူးလွန်ခဲ့သည့် မကောင်းသည့်စိတ်က သူ့အား ရောဂါအဖြစ် ဖန်တီးခဲ့ခြင်းသာဖြစ်ပေလိမ့်မည်။ ရက်သတ္တတစ်ပတ်မျှအကြာမှာပင် မောင်ကံသိန်းမှာ ထူထူထောင်ထောင် ပြန်ဖြစ်လာတော့သည်။ သည်မှာပင် သူ့၏မမမြထံ ဖုန်းဖြင့် အကြောင်းကြားလိုက်၏။

"မမမြ နေကောင်းတယ်နော်၊ ကျွန်တော့်ကျန်းမာရေးအခြေအနေ ကောင်းလာပါပြီ၊ မနက်ဖြန်မနက်ဖိုင်းမှာ တက္ကစီကား အပြတ်ငှားပြီး ပြန်လာခဲ့မယ်လေ၊ မမမြ အိမ်ကသာအေးအေးဆေးဆေး စောင့်နေပါနော်"

ဒေါ်မြမြဝင်းမှာ ထိုဖုန်းသံကြားလိုက်ရသည်နှင့် သဘောကျ ကျေနပ်သွားရောသည်။ စဉ်းစားကြည့်ပါလား။ ကိုယ့်ထက်အသက်ကြီးတဲ့ လင်ယောကျ်ားဆိုတာ မိန်းမသားတစ်ယောက်ရဲ့ စိတ်ခန္ဓာကို နေရောတိုင်းမှာ ဖြည့်စွမ်းနိုင်အားရှိပါရဲ့လား။ မည်သို့ပင်ဖြစ်စေ လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး ရာနှုန်းပြည့် ကျေနပ်နှစ်သိမ့်နိုင်စွမ်း ရှိပါမည်တဲ့လား။ ထိုမေးခွန်းအား အလွယ်ထုတ်ပေးနိုင်ရန် အတွက် ရာနှုန်းပြည့်ဖြေဆိုရန်ဆိုသည်ကား လွယ်ကူသော အလုပ်တစ်ခုတော့ မဟုတ်ပေ။ မယားဒေဝဆိုးမစောများထဲမှ စာပိုဒ်များကို ပြန်လည်ဖြည်ယောင်ပြီ တော့သည်။

ရမ္မက်လောဘ၊ မောဟမြေးယုဉ်၊
ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲ့စွာ ကိလေသာကြောင့်၊
တစ်ခါတစ်ရံ၊ အကြံမရှိ၊ မှားယွင်းမိလည်း၊
သတိမပြု၊ မကောင်းမှုဌ်၊
အနုမြူညက်၊ ဆဲတစ်ရွက်မျှ . . .

www.burmeseclassic.com

www.burmeseclassic.com

ကိလေသာဓောတိုပြုနိုင်တတ်သော မိန်းမသားနှင့် ထိုဓောတိုပြုနိုင်သော မိန်းမသားအား ချစ်ခင်မြတ်နိုးတွယ်တာမိသော ယောဂျိုးသားမှာ ဝစ္စကုန်မှာဝင် အဆိုးတရားဖြင့် ရုပ်ဆိုင်ရုတတ်သည်မှာ မနေထားဝင် မတုတ်ပါလား။

မောင်ကံသိန်းမှာ တောင်ကြီးဆေးရုံတွင် တစ်ပတ်ကျော်ကျော်မျှ ဆေးကုသခံပြီးသည့်နောက် အခြေအနေ ကောင်းမွန်လာသဖြင့် သူချစ်မြတ်နိုးရသော ဒေါ်မြမြဝင်းရှိရာ -- မြို့လေးသို့ တက္ကစီအငှားကားလေးဖြင့် ပြန်လာခဲ့လေသည်။ တောင်ကြီး စပ်စံထွန်းဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့သည့်အတွက် ငွေကုန်ကြေးကျများသဖြင့် အငှားကားအား အများနှင့် ပူးတွဲလိုက်ပါလာခဲ့ရခြင်းဖြစ်၏။



ရှမ်းကုန်းပြင်မြင့်ဒေသ၏ မြို့ရွာလမ်းပန်းဆက်သွယ်ရေးမှာ အများအားဖြင့် အဆင်းအတက်၊ အကွေ့အကောက်များစွာဖြင့် ဖောက်လုပ်ထားခြင်းများသာဖြစ်လေ၏။ သည်လမ်း၊ သည်မြေ၊ သည်ဒေသအား ကျွမ်းကျင်ပြီးဖြစ်နေသော တက္ကစီအငှားကားဒရိုင်ဘာတို့မှာ ဘေးရန်မခ မောင်းနှင်ခဲ့ကြသည်ကတော့ အတွေ့အကြုံကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် မမျှော်လင့်သော ကားစက်ပိုင်းတစ်ခု ရွှတ်ယွင်းလာသောအခါဝယ် မည်သို့မျှ မတတ်နိုင်သော အခြေအနေမျိုးဖြင့် ရင်ဆိုင်ရတတ်ပါသည်။

ခုပင်ကြည့်လေ။ မောင်ကံသိန်းစီးလာသောကားလေးမှာ သူ့ချစ်သူရှိရာမြို့လေးသို့ လမ်းတစ်ဝက်ကျော် ရောက်လာသည်နှင့် မမျှော်လင့်ဘဲ ရွှတ်ယွင်းမှုတစ်ခုကြောင့် ထိုလမ်း၊ ထိုခရီးအား ပိုင်နိုင်ကျွမ်းကျင်လှပါသည်ဆိုသော ကားဒရိုင်ဘာမှာ မျက်လုံးပြူးမျက်ဆံပြူးအဖြစ်နှင့် ကြုံတွေ့လိုက်ရတော့သည်။

အဆင်းအတက်များသော ကားလမ်းခရီးဝယ် အချက်အချာကျသည်ကကားကို ထိန်းသိမ်းနိုင်စွမ်းရှိသည့် ကားဘရိတ်ပင်ဖြစ်ပါလေ၏။ ထိုအရေးကြီးသော ကားဘရိတ်ပေါက်လေသော အခါကားဒရိုင်ဘာမှာ အထိန်းအကွပ်မဲ့သောယာဉ်၏ တစ်ရှိန်ထိုး ပြေးဆင်းသွားသော အခက်အခဲကြောင့် မထိန်းနိုင်တော့ဘဲ လမ်းဘေးချောက်အတွင်းသို့ ထိုးဆင်းကျသွားလေတော့သည်။

လမ်းဘေးသို့ ထိုးကျသွားသော ကားပေါ်ဝယ် လိုက်ပါလာသူ ခရီးသည်အားလုံးမှာ အလန့်တကြား အော်ဟစ်လိုက်သံနှင့်အတူ လိမ့်ဆင်းသွားသော ကားပေါ်တွင် ပါသွားကြရတော့သည်။ ထိုကားပေါ်တွင် လိုက်ပါလာသော မောင်ကံသိန်းမှာလည်း မျက်လုံးများ ပြာဝေသွားကာ ဘာဆိုဘာမျှ မသိနိုင်တော့ဘဲ ကားလေးနှင့်အတူ ချောက်အတွင်းသို့ ထိုးဆင်းပါသွားခဲ့ရတော့သည်။ သူ၏နောက်ဆုံးအသိမှာ သူ၏နောက်ဆုံးအချိန်ဟု ကြောက်လန့်စိုးရိမ်ခြင်းဖြင့်ပင် အသိဝင်သွားခဲ့ရလေတော့သည်။

လောကတွင် ကိုယ့်ကျေးဇူးရှင် အားတော်ကား သူတစ်ပါးသားမယား ကို ဖောက်ပြန်၍ ဆန်ကောလောက်မှ ဖောက်မနက်၊ အကျင့်သီလပျက်ကာ မိုက်တွင်းနက်လှသည့် **မောင်ကံသိန်း** အား ကံတရားလက် ဝက္ကန်**အပ်နှံ** လိုက်တိသို့ရှိတော့သည်။

ဆိုရလျှင် မောင်ကံသိန်း **စီးနင်း**လိုက်ပါလာသော အငှားယာဉ်လေးမှာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာတွင် ယာဉ်မောင်းအပါအဝင် အခြားသော ခရီးသည်များမှာ ပွန်းပဲ့ရှုနာရုံမှတစ်ပါး အခြား ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရခြင်း မရှိကြပါဘဲ မောင်ကံသိန်းတစ်ဦးတည်းသာ ကံအဆိုးဆုံးဖြင့် သေဆုံးခဲ့ခြင်းပင်ဖြစ်လေ၏။

သည်ဖြစ်ရပ်အား စာရေးသူ၏ မိတ်ဆွေ စာရေးဆရာ ချိုပြုံး (နမ့်စန်)၏ ပြောပြချက်အား ဝတ္ထုတစ်ပုဒ်အသွင် ဇာတ်လမ်းဖွဲ့ ရေးသားပြီးသည့်နောက်ဝယ် ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာအား သွားရှိသတိရမိကာ ရေးရွတ်လိုက်မိပါလေတော့သည်။

ရမ္မက်လောဘ၊ မောဟမြေး
ယှဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်ခဲ့စွာ
ကိလေသာကြောင့်၊ တစ်ခါတစ်ရံ၊
အကြိမ်မရှိ၊ မှားယွင်းမိလည်း။ သတိ
မပြု၊ မကောင်းမှုဌ်၊ အနုပြုညက်၊
ဆံတစ်ရွက်မျှ..... စသည့်စာပိုဒ်အား သွားရှိသတိရလိုက်မိပါလေတော့ သည်။

မေတ္တာရည်လျှက်
သိဏ်းသန်းအောင် (မြင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

မောင်သာမန် (ဇီးကုန်း)

ရင်နာသူတို့၏ ကလဲ့စား

www.burmeseclassic.com

www.burmeseclassic.com

"တူ.....တူ.....တူ"

မင်္ဂလာရာမကျောင်းတိုက်မှ အုန်းမောင်းမခေါက်မီ တန်ငါးဆယ်ကျ သီရိမင်္ဂလာဆန်စက်ကြီးသည် စက်အင်ဂျင်သံ တဒုန်းဒုန်းဖြင့် ဥဩတင်ဆွဲနေပြီဖြစ်သည်။ ထိုဥဩသံသည် ဆန်စက်ကာယအလုပ်သမားများအား အလုပ်ဝင်ရန် အချိန်တန်ပြီဟူသော အချက်ပေးသံပင်ဖြစ်သည်။ ထိုအသံကြောင့် ပင်ဘုရားခန်းတွင် ခြေပစ်လက်ပစ် အိပ်နေသော ညီမြင်းသည် အိပ်ရာမှ အိပ်မှုန်စုံမွှားထလျက် အိမ်ကပြင်သို့ ကိုယ်လက်သန့်စင်ရန် ထွက်လာခဲ့တ၏။ မိခင်ဒေါ်တင်ကြွေသည် မီးဖိုချောင်ထဲတွင် ရေနွေးအိုးတည်လျက်ရှိသည်။ အိမ်ကပြင်တွင် မျက်နှာသစ်လျက်ရှိသော ညီမြင်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ညီမဖြစ်သူ ဖြူဝင်းအား အော်ခေါ်နှိုးနေတ၏။

"ဖြူဝင်း...ဟဲ့..ဖြူဝင်း၊ ထတော့လေ၊ စက်က ဥဩဆွဲနေပြီ"

မိခင်ဖြစ်သူကလည်း သမီးဖြစ်သူအား.....

"ဟဲ့...လုံမလေး ထတော့လေ၊ ဒီသူငယ်မ တစ်ဖက်အိမ်က တိဗွိကို သွားမှောနေရတာနဲ့ အိပ်ရေးပျက်တယ်နဲ့တူတယ်၊ ဟဲ့.....ဖြူဝင်း ထဟဲ့"

ဖြူဝင်းမှာ အိပ်ရာထဲတွင် လူးလိမ့်နေရင်းဖြင့်.....

"အစ်ကိုကြီး သွားချင်သွားနှင့်တော့၊ ညီမလေး ပူစူးမနဲ့ ခင်ထွေးညိုတို့ကို စောင့်ပြီးလိုက်လာခဲ့မယ်"

ညီမြင်းသည် မည်သို့မျှ မပြောသာတော့။ မိခင်ချစေးသော ရေနွေးကြမ်းပူပူအား တစ်ခွက်မျှ မူတ်သောက်ပြီးနောက် ပုဆိုးဟောင်းတစ်ထည်အား ပခုံးပေါ်တင်လျက် ဆန်စက်ဆီသို့ ထွက်ခွာသွားတော့သည်။ ညီမြင်းတို့ အလုပ်သမားများ နေထိုင်ရာအိမ်များသည် ဆန်စက်ကြီး၏ အနောက်ဘက်ခပ်လှမ်းလှမ်းရှိ ပြာကုန်းတွင် တည်ရှိကြသည်။ ဖြူဝင်းနှင့် သူငယ်ချင်းတစ်စုသည် နံနက် အရုဏ်ဦးအချိန်တွင် တောင်ဘက်မှတိုက်ခတ်လာသော လေအေးစိမ့်စိမ့်ကို ခံယူလျက် ပျော်ရွှင်လန်းဆန်းစွာ ဆန်စက်ရှိရာသို့ တပျော်တပါး သွားနေကြသည်။

+++

"ကျုံး.....ကျုံး....ကျုံး.....ကျုံး"

တန်ငါးဆယ်ကျ သီရိမင်္ဂလာဆန်စက်ကြီးသည် နံနက် ၄ နာရီမှစ၍ ည ၁၀ နာရီထိတိုင် မရပ်မနားလည်ပတ်လျက် စပါးများအား ကြိတ်ဝါးလျက်ရှိ၏။ စပါးဆိုင်းအလုပ်သမားများမှာလည်း စက်နှင့်တွဲလျက်ရှိသော သိုလှောင်ရုံများမှ စပါးများအား အလုပ်သမား၊ အလုပ်သမလေးများသည် ကာယအင်အားကို အသုံးပြုလျက် ဖုန်ချဆန်ခါရှိရာသို့ သယ်ဆောင်သွန်လောင်းနေကြသည်။ ထိုသို့ စပါးသယ်ပို့ရာတွင် အလှည့်ကျ လုပ်ဆောင်ကြပြီး နံနက်ပိုင်း ထမင်းကြမ်း၊ နေ့လယ်စာထမင်းများကို အလှည့်ကျ စားသောက်ကြရသည်။ ညီမြင်းနှင့် ဖြူဝင်းကား ဆန်စက်ထဲတွင် လုပ်ကိုင်နေသော်လည်း အလုပ်ချင်းမတူကြပေ။ ညီမြင်းကား ဆန်စက်မှထွက်ရှိလာသော ဆန်ချောများအား ကုန်တင်ကုန်ချလုပ်ရသည်၊ ဆန်အိတ်များအားချုပ်ရသည်။ ဘူတာတွင်ရပ်ထားသော တွဲများပေါ်သို့ ဆန်အိတ်များ တင်ရသည်။ မိခင် ဒေါ်တင်ကြွေသည် မောင်နှမ နှစ်ယောက်အား တစ်လုံးချိုင့် တစ်ချိုင့်စီဖြင့် ထမင်းပို့ပေးရသည်။

အလုပ်သမား၊ အလုပ်သမလေးများမှာ မိမိတို့လုပ်ရသော လုပ်ငန်း သည် တစ်နေ့တာလုပ်ငန်း မဟုတ်ရကား ပင်ပန်းသည်ကား ပြောဖွယ်ရာ မရှိပါချေ။ သို့စေကာမူ သူတို့သည် အားကောင်းမောင်းသန် လူငယ်လေးများဖြစ်သည့်အတွက် ပင်ပန်းမောပန်းခြင်းကို ဂရုမစိုက်ဘဲ ရယ်စရာမောစရာများ၊ ရုပ်ရှင်အကြောင်းများ၊ မင်းသားမင်းသမီးအကြောင်းများ ပြောဆိုငြင်းခုံရင်း ပင်ပန်းမှုအစုစုကို မေ့လျော့နေကြသည်။

တစ်နေ့သောအခါဟု ဆိုရမည့် တစ်ရက်တွင် ညီမြင်းတို့မောင်နှမ အလုပ်မဆင်းကြ။ ဖြူဝင်း၏ သူငယ်ချင်း မိန်းမဖော်များကလည်း ဖြူဝင်းဖျားနာ၍ အလုပ်မဆင်းဟု ယူဆထား

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ဆန်စက်ထဲတွင် အလုပ်သမားများ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေသလောက် ညီမြင်းတို့၏ တဲအိမ်လေးတွင် ပျော်ရွှင်မှုကင်းမဲ့လျက် စိတ်ဆိုးဒေါသထွက်မှုများ ကြုံတွေ့နေရသည်။

''ဘာပြောတယ် ဖြူဝင်း၊ တင်မျိုးကျော်က နင့်ကို.....''

ငိုရှိက်သံများဖြင့် ထွက်ပေါ်လာသော ဖြူဝင်း၏စကားကြောင့် ညီမြင်း၏ဒေါသတို့သည် ပေါက်ကွဲလွင့်ထွက်မတတ် ဖြစ်ခဲ့ရသည်။ အစ်ကိုဖြစ်သူ၏ ဒေါသစွက်သော ပေါက်ကွဲမှုသံစဉ်များကြောင့် ဖြူဝင်းမှာ အစ်ကိုဖြစ်သူအား ကြောက်လန့်တုန်လှုပ်သွားရပြီး ရှိက်ၗိုင်ကြွေးနေလေ၏။

''တောက်.....ငါ့ညီမကိုမျာ၊ ယုတ်မာလိုက်တာ၊ တင်မျိုးကျော်..... တင်မျိုးကျော်၊ တော်တော်လူမဆန်တဲ့ကောင်ပဲ၊ တွေ့ကြသေးတာပေါ့ကွာ''

သမီးဖြစ်သူနားတွင် ထိုင်နေသော မိခင်ကြီးမှာ ညီမနှင့်ပတ်သက်၍ ဒေါသအမျက်ခြောင်းခြောင်းထနေသော သားဖြစ်သူအား စိုးရိမ်သောကကြီးစွာဖြင့် တဖွဖွ သတိပေးနေ၏။

''ညီမြင်း...လူလေး၊ ဘာမှစိတ်လိုက်မာန်ပါလုပ်ဖို့ မကြိုးစားပါနဲ့ကွယ်၊ အမေတို့က ဆင်းရဲပေမယ့် အားကိုးစရာ တရားဥပဒေ ရှိပါသေးတယ်ကွဲ့၊ ဘာပဲဖြစ်ဖြစ် တရားကို နတ်ဓောင့်ပါတယ် လူလေးရယ်၊ လူလေးလိုပါပဲ၊ လုံမလေး အရှက်တကွဲ အကျိုးနည်းရမယ့် အဖြစ်မျိုးကိုတော့ အမေလည်း သည်းမခံနိုင်ပါဘူး၊ သူဌေးမင်းတို့ကို အားနာပေမယ့် ဥပဒေအရ အရေးယူနိုင်ဖို့ ရဲစခန်းကိုသွားပြီး အမှုဖွင့်ဖို့ပဲရှိတော့တယ်''

တုတ်ဆွဲဓားဆွဲဖြစ်နေသော အစ်ကိုဖြစ်သူနှင့် ရဲစခန်းတိုင်ရန် တာစူနေသည့် မိခင်တို့အား ဖြူဝင်းက ရှိက်ကြီးတငင်ဖြင့်.....

''သမီးရဲ့အရှက်နဲ့ သိက္ခာကိုငဲ့ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ပါ အမေရဲ့ အစ်ကိုတို့ရယ်၊ အစ်ကိုကြီးအနေနဲ့ ညီမလေးအတွက် သူ့ကိုရန်ရှာလို့ တစ်ခုခုဖြစ်ခဲ့ရင် အစ်ကိုကြီးပဲ ဒုက္ခရောက်မှာ၊ အမေ့အနေနဲ့ ဆိုင်ရာကိုသွားပြီး အမှုဖွင့်မယ်ဆိုပြန်ရင်လည်း သမီးပဲ အရှက်တကွဲဖြစ်ရမယ့်အဖြစ်မျိုးမို့ စဉ်းစားကြပါဦး၊ ကာယကံရှင် စက်ပိုင်သူဌေးတို့ရဲ့မျက်နှာ မထောက်သလို ဖြစ်သွားနိုင်တာပေါ့၊ သူက သမီးကို မူးမူးရူးရူးနဲ့ ဆွဲလားလွဲလားလုပ်ပေမယ့် သမီးအလွတ်ရုန်းနိုင်ခဲ့ပြီး ဘာမှမဖြစ်ခဲ့ဘူးလေ၊ ဘယ်လိုဘယ်အကြောင်းပဲ ဖြစ်ဖြစ် သူတို့ရဲ့အကြည့်တွေကို ရင်မဆိုင်ရဲလို့ သမီးတို့ ရွာကိုပြန်ကြရင် ကောင်းမယ်နဲ့တူတယ် အမေ''

ပြောပြောဆိုဆို ငိုယိုလျက် မိခင်၏ပခုံးပေါ်သို့ မှီ၍လာသော သူမအား မိခင်က အလိုက်သင့်ပွေ့ဖက်လိုက်ပြီး သမီးဖြစ်သူအား သနားကြင်နာစွာ ဆုံကြည့်လိုက်သည်။ ယင်းနောက် သက်ပြင်းမောအားချလျက် သားဖြစ်သူအား မော့ကြည့်လိုက်၏။

''မင်းညီမလေးပြောတာ မှန်ပါတယ် လူလေးရယ်၊ ရွာကိုပြန်ကြဖို့ ရွာမှာပဲ ရရာလုပ်ကိုင်စားသောက်ကြတာ ကောင်းပါလိမ့်မယ်ကွယ်၊ ဒီလိုမြို့မှာ

www.burmeseclassic.com

www.burmeseclassic.com

က ငွေကြေးချမ်းသာပြီး လူမဆန်သူ လူယုတ်မာတွေက ဒုနဲ့ဒေးဖြစ်နေကြတော့ ကြာလာရင် လူလေးကိုရော လုံမလေးအတွက်ပါ စိုးရိမ်စရာ၊ စိတ်မချစရာ ဖြစ်လာနိုင်တယ်၊ အမေတို့လို ရိုးသားတဲ့ တောသူတောင်သားတွေအဖို့ ရွှေပုံထွေးတဲ့ဒီလောကမှာ မှီတွယ်နေမယ့်အစား ကိုယ့်ရွာကိုယ့်ဒေသကို ပြန်နေတာ ကောင်းပါလိမ့်မယ်ကွယ်''

ညိုမင်းသည် မိခင်ဖြစ်သူ၏ စကားများအား နားထောင်လျက် မျက်နှာ ရုံ့မဲ့လိုက်သည်။ ယင်းနောက် ခေါင်းကိုတွင်တွင်ခါလျက် အမေဖြစ်သူအား ပြန်ပြောလိုက်သည်။

''အမေပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ညီမကို ကိုယ်ထိလက်ရောက် စော်ကားတာကို လက်မြှောက်အရှုံးပေးသလို ဖြစ်မနေဘူးလား အမေရယ်၊ စက်သူဌေးသားဆိုပြီး အထင်ကြီးခဲ့လေသမျှ အခုတော့ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတယ်၊ ကျုပ်နှမကို စော်ကားတာ ကျုပ်နည်းနည်းလေးမှ သည်းမခံနိုင်ဘူးဗျာ၊ ဒီမှာအမေ၊ ကျုပ်ညီမကိုထိတာလည်း ကျုပ်ကိုထိတာနဲ့ အတူတူပဲဗျ။ ဒီကောင်မိကောင်းဖခင်သားသမီးဖြစ်လို့တောင်းပန်လာရင်တော့ အမေ ကျုပ်လူပါဗျ။ ကျုပ် ခွင့်လွှတ်လိုက်မယ်၊ တကယ်လို့ မတောင်းပန်တဲ့အပြင် ထပ်ပြီးစော်ကားလာရင်တော့ ကျုပ်ကိုခွင့်လွှတ်ပါဗျာ''

ပြောပြောဆိုဆိုဖြင့် ညိုမင်းသည် အိမ်ပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း ဆင်းသွားတော့သည်။ မိခင်ဒေါ်တင်ကြွေမှာ စိုးရိမ်သောကများစွာဖြင့်.....

''လူလေး....ညိုမင်း စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ကွယ်၊ ပြန်လာခဲ့ပါ လူလေးရယ်၊ သူရမ်းကားသမျှ သူ့တရားသူစီရင်ပါလိမ့်မယ်၊ ပြန်လာခဲ့ပါ''

မိခင်မှ အသံဝင်သည့်တိုင် လှမ်းအော်၍ တားဆီးခဲ့သော်လည်း ညိုမင်းသည် မိခင်ကြီးအား နောက်ပြန်လှည့်ကြည့်မနေတော့ပေ။ ညီမဖြစ်သူ ဖြူဝင်းကလည်း ငိုသံစွက်၍ တားပါ၏။ မည်သို့မျှ တားမရနိုင်သော ညိုမင်း သည် တင်မျိုးကျော်ရှိနိုင်သည့် စပါးသိုလှောင်ရုံသို့ ဦးတည်လျှောက်ခိုနေတော့သည်။

+++

အမှန်စင်စစ် ညိုမင်းတို့မိသားစုသည် ဖခင်ရှိစဉ်က ကျေးလက်ဒေသတွင် လယ်ယာလုပ်ငန်းဖြင့် နေထိုင်ခဲ့ကြသော်လည်း ဖခင်ဆုံးပါးပြီးနောက် ဤမြို့၊ ဤဆန်စက်သို့ ဖခင်ကြီး၏ ဝမ်းကွဲညီဖြစ်သူ၏ အဆက်အသွယ်ဖြင့် ရောက်ရှိနေထိုင် လုပ်ကိုင်ကြခြင်းဖြစ်သည်။ တစ်နည်းဆိုမူ မိသားစုစားဝတ်နေရေးနှင့် နေ့စဉ်ပုံမှန် လုပ်ခဝင်ငွေရရှိစေရန် ရေကြည်ရာမြက်နရာ ရှာဖွေလုပ်ကိုင်ခြင်းဟု ဆိုရမည်ဖြစ်သည်။

ညိုမင်းမှာ ဆန်စက်တွင် ကုန်တင်ကုန်ချ ကာယလုပ်သားအဖြစ် လုပ်ကိုင်၍ ညီမဖြစ်သူ ဖြူဝင်းကလည်း တစ်ဖက်တစ်လမ်း ဝင်ငွေရရှိစေရန် ဆန်စက်ထဲတွင် ဧည့်ခံလောင်းအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်သည်။ မောင်နှမနှစ်ဦး၏ လုပ်ခဝင်ငွေများသည် မိသားစုသုံးဦးအတွက် စားဝတ်နေရေး အတော်အသင့် ချောင်လည်စေပေသည်။ ထိုသို့ ရိုးသားကြိုးစား၍ လုပ်ကိုင်ကြိုးစားခဲ့သော်ငြား မထင်မှတ်ပါဘဲ ပြဿနာတစ်ခု ဝင်ရောက်လာခဲ့သည်။

ဖြူဝင်းအား ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားခဲ့သည်ဆိုသောသူမှာ တင်မျိုးကျော်ဖြစ်ပြီး ထိုသူမှာ စက်ပိုင်ရှင် ဦးကျော်ငွေနှင့် ဒေါ်ဖြူဖြူသီတို့၏ ရှမ်ဦးသည့် တစ်ဦးတည်းသောသားဖြစ်သည်။ ဆန်စက်သူဌေးကြီး ဦးကျော်ငွေသည် ခုံညားထည်ပါ၍ လူဝင်ဆံ့သော မြို့မိမြို့ဖတစ်ဦးဖြစ်၏။ သူဌေးကတော် ဒေါ်ဖြူဖြူသီမှာ တည်ငြိမ်အေးချမ်း၍ ဘုရားတရားတွင် ပျော်ပိုက်သောသူဖြစ်သည်။ ဆန်စက်သူဌေးဇနီးမောင်နှံမှာ လူရိုသေရှင်ရိုသေ ခုံညားတင့်တယ်စွာ ရှိနေသော်လည်း သူတို့၏သား တင်မျိုးကျော်မှာ သူတို့ကဲ့သို့မဟုတ်။ မဟုတ်သည့်နေရာတွင် ထွန်းပေါက်နေပါ၏။ သူသည် ဈေးအကြီးဆုံးအရက်မှသည် တော်အရက်ထိတိုင် နှစ်သက်စွာ သောက်တတ်၏။ ထို့ပြင် သူဌေးသားပီပီ ငွေရှိသည်ကြောင့် ကြက်တိုက် ၏၊ ဖဲရိုက်၏၊ ဘောလုံးမုစ္ဆ၌ လောင်းကစားအကုန်လုပ်၏။ တစ်ခါတစ်ရံ ဆန်စက်အလုပ်သမားများနှင့် အလောင်းအစား ဘောလုံးကန်တတ်သေး၏။

တင်မျိုးကျော်နှင့် သူ၏တေဖော်တေဖက် သူငယ်ချင်းများ ဘောလုံးကန်သည့်အခါတိုင်း မပါမပြီး ပါရသူမှာ ညိုမင်းဖြစ်၏။ ညိုမင်းသည် ဘောလုံးကစားရာတွင် ကျွမ်းသူဖြစ်၍ ဘောလုံးကန်သည့်အခါတိုင်း တင်မျိုးကျော်သည်

www.burmeseclassic.com

www.burmeseclassic.com

ညီမင်းအား ခေါ်စမ်းဖြစ်သည်။ တင်မျိုးကျော်ခေါ်တိုင်းလည်း ညီမင်းမှာ အင်တိုက်အားတိုက် ကန်လေ့ရှိပေသည်။ တင်မျိုးကျော်သည် ဆန်စက်သူဌေးသားဖြစ်ခြင်းကြောင့်လည်း ညီမင်းက တင်မျိုးကျော်နား အသေကပ်ထားခြင်းဖြစ်သည်။ သို့ဖြင့်ပင် တင်မျိုးကျော်နှင့် ညီမင်းမှာ ဆရာတပည့်ကဲ့သို့ ဖြစ်လာရသည်။ တင်မျိုးကျော်တစ်ယောက် သူ၏သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စားသောက်ကြသည်ဆိုလျှင် ညီမင်းကပင် အစစအရာရာ ရှာဖွေစီစဉ်ပေးရသည်။ တစ်စတစ်စဖြင့် ညီမင်းအား တင်မျိုးကျော်က ယုံကြည်၍လာသည်နှင့်အမျှ ညီမင်းလိုအပ်တာမှန်သမျှ တင်မျိုးကျော်က ဖြည့်ဆည်းပေးမြဲဖြစ်ခဲ့သည်။ ညီမင်းအနေဖြင့်လည်း တင်မျိုးကျော်အား အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားလုပ်သော်လည်း မိန်းမကိစ္စ ရှုပ်ရှုပ်ထွေးထွေးမရှိလှသဖြင့် အထူးပင်လေးစားခြင်နေပေသည်။

လောလောဆယ်အားဖြင့် စက်ပိုင်သူဌေးက ဆယ်တန်းအလီလီအလာလာ ကျရှုံးနေသော သားဖြစ်သူ တင်မျိုးကျော်အား ဆန်စက်လုပ်ငန်း ဆက်လက်ဦးစီး ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ဆန်စက်လုပ်ငန်းဖြစ်သည့် ဘွိုင်လာပိုင်း၊ ကြိတ်ခွဲရေးစက်ပိုင်း၊ ထုပ်ပိုးရေးပိုင်း၊ သိုလှောင်ရေး၊ တင်ပို့ရေးများအား စာရင်းဇယားများနှင့်အတူ လေ့လာနိုင်ရန် ဆန်စက်မန်နေဂျာအနေဖြင့် လွှဲအပ်ထားသည်မို့ တင်မျိုးကျော် လွတ်လွတ်လပ်လပ် မနေရတော့ပေ။ ထိုသို့အလုပ်မအားသည့်ကြားမှ အလုပ်သမားကြား၌ စပါးသယ်နေသော ပျိုဖြူချောလေး ဖြူဝင်းအား အမှတ်မထင် မြင်တွေ့ရာမှ စိတ်ဝင်စားမှုများ ဖြစ်လာခဲ့သည်။ အင်မမ်းမရသော တင်မျိုးကျော်၏ အကြည့်စူးစူးများကြောင့် ဖြူဝင်းမှာ ခြေလှမ်းများရသည့်အထိ ရင်တုန်ပန်းတုန် ဖြစ်နေရသည်။ တစ်နေ့တွင် တင်မျိုးကျော်သည် ဖြူဝင်းအား မဖြစ်မနေ လိုက်၍စကားပြောမည်ဟူသော ရည်ရွယ်ချက်ဖြင့် အရက်နှင့်ရဲဆေးတင်လျက် ဆန်စက်သို့ မဝင်သေးဘဲ လမ်းတစ်နေရာတွင် ဖြူဝင်းအလာကိုစောင့်နေသည်။ ဖြူဝင်းမှာ အစ်ကိုဖြစ်သူအတွက် ထမင်းချိုင့်ဆွဲ၍ ဆန်စက်သို့ အလာ တင်မျိုးကျော်အားတွေ့၍ ရင်တုန်ပန်းတုန်ဖြစ်ကာ ခေါင်းငုံ့၍ ခပ်သုတ်သုတ်လျှောက်လာမိစဉ် တင်မျိုးကျော်က နောက်မှလိုက်လာပြီးနောက် ဖြူဝင်း၏လက်အား ဖမ်းဆွဲထားပြီး....

"ဖြူဝင်း...ဖြူဝင်း၊ နေပါဦးဟာ၊ ငါလေ နင့်ကို စကားတစ်ခွန်းလောက် ပြောမလို့၊ ခဏလေးပါဟာ"

ဖြူဝင်းအနေဖြင့် သူမ၏လက်အား တင်မျိုးကျော်က ဖမ်းဆွဲထားသဖြင့် ကြောက်ရွံ့တုန်လှုပ်လျက် တင်မျိုးကျော်လက်မှ ရုန်းကန်၍နေလေ၏။

"အစ်ကိုပြောမယ့်စကားကို ကျွန်မ နားမထောင်ရဲပါဘူး၊ ကျွန်မ နားမထောင်ပါရစေနဲ့၊ ကျွန်မကိုသနားရင် လက်ကိုလွှတ်ပေးပါရှင်"

ထိုအခါ တင်မျိုးကျော်သည် ပိုမိုရဲတင်းစွာ ဖြူဝင်း၏ပခုံးအား ဖက်လိုက်ပြီး.....

"ဒီလိုတော့ သစ်စိမ်းချိုး မချိုးပါနဲ့ဟာ၊ ငါ့စကားနားထောင်ပါဦး၊ နင့်ကို မြင်မြင်ချင်း ငါချစ်မိနေတယ်ဟာ၊ နင် ငါ့အချစ်ကို လက်ခံပါလားဟင်၊ ငါ့ တစ်ဖက်သတ်ကြီး မချစ်ချင်လို့ နင့်အောက်ကျနောက်ကျခံပြီး ပြောနေတာပါဟာ၊ ငါ့ကိုချစ်ပါနော်"

တင်မျိုးကျော်၏ပါးစပ်မှ အရက်နံ့ကြောင့် ဖြူဝင်းမှာ ပိုမိုကြောက်လန့်သွားပြီး အတင်းရုန်းကန်လျက်.....

"ကျွန်မ...ကျွန်မ ဘာမှမသိဘူး လွှတ်ပါရှင်၊ တော်တော်ကြာ ကျွန်မအစ်ကိုညီမင်းတွေ့သွားရင် ကျွန်မကို ရိုက်မှာရှင့်"

ထိုအခါမှ ဖြူဝင်း၏ပခုံးနှင့်လက်မောင်းအား ဖမ်းကိုင်ထားရာမှ လွှတ်လိုက်ပြီး.....

"ဘာ...နင့်အစ်ကိုက ညီမင်းဟုတ်လား"

ဖြူဝင်းသည် အံ့အားသင့်စွာဖြင့် နောက်တွင် ကြောင်တောင်ငေး၍ကျန်ခဲ့သော တင်မျိုးကျော်အား တစ်ချက်ကလေးမှ လှည့်မကြည့်တော့ဘဲ ထမင်းချိုင့်ဆွဲ၍ ဆန်စက်သို့ ဦးတည်၍ ပြေးလေတော့သည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ဘေးပတ်ဝန်းကျင်မှပြောစကားများအရ ညီမင်းသိရှိသွားပြီး နောက်.....

+++

"ဟေ့ကောင်....တင်မျိုးကျော်၊ မင်းကွာ လုပ်ရက်လိုက်တာ၊ ငါ့ညီမ ကိုမမင်း....."

လက်ကားယား ခြေကားယားဖြင့် ညီမင်းသည် စပါးလှန်းကွင်းတွင် ရပ်နေသော တင်မျိုးကျော်ထံ ရောက်လာပြီး ဒေါသစိတ်မွန်လျက် အော်ဟစ်နေ

www.burmeseclassic.com

www.burmeseclassic.com

ပေဇာ်။ ပါးနပ်လှသော တင်မျိုးကျော်က ညိုမင်းအား စိတ်မဆိုးသည့်ဟန်ပန်ဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြနေပေဇာ်။ တင်မျိုးကျော်၏အနီးအနားတွင် စပါးလှန်းနေသော အလုပ်သမားများ ရှိနေကြပါ၏။ ဘွိုင်လာမီးထိုးသမားများမှာလည်း စပါးလှန်းကွင်းထဲ၌ အော်ဟစ်ဆူပူသံကြောင့် လှမ်း၍ကြည့်နေကြသည်။ ဆန်စက်ပိုင်ရှင်၏သားအား ဟိန်းဟောက်နေသော ညိုမင်းအား လူအများက အံ့သြတကြီး ကြည့်နေကြသည်။ တင်မျိုးကျော်က.....

''ညိုမင်း သတိထားဦးကွာ၊ မင်းမှားနေတယ်၊ ငါပြောတာ အစအဆုံးနားထောင်ပါဦး၊ ဖြူဝင်းကို စတွေ့တတည်းက ငါစိတ်ဝင်စားခဲ့တာအမှန်ပဲ၊ ဒါပေမဲ့ မင်းရဲ့ညီမမှန်း မသိခဲ့ရိုးအမှန်ပါ။ ဖြူဝင်းပြောမှ သိရတာ၊ ဖြူဝင်းဟာ မင်းညီမမှန်း သိတာနဲ့ တစ်ပြိုင်နက် ဖြူဝင်းကို ငါ ဘာဆိုဘာမှ မကျူးလွန် မစော်ကားခဲ့ပါဘူး၊ ဒါဟာ မှန်တဲ့သစ္စာစကားပါ ညိုမင်းရာ၊ မင်းညီမမှန်းလည်းသိရော ငါ အသိတရားနဲ့ ထိန်းချုပ်နိုင်ခဲ့တယ်ကွ''

ညိုမင်းသည် မျက်မှောင်ကုတ်၍ တင်မျိုးကျော်အား စိုက်၍ကြည့်နေ၏။ တင်မျိုးကျော်ကလည်း ညိုမင်းအား ပြန်၍စေ့စေ့ကြည့်ပြီး.....

''မင်းသိပါတယ် ညိုမင်းရာ၊ ဘယ်မိန်းကလေးကိုမှ ငါစိတ်မဝင်စားတာ၊ ဒါပေမဲ့ စိတ်ရင်းအမှန်နဲ့ ပြောရရင် ဖြူဝင်းကိုမြင်တော့ ငါသိပ်ချစ်သွားတယ်ကွ၊ တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ အရာတစ်ခုဟာ ငါ့နှလုံးသားထဲမှာ ပေါ်ပေါက်ခဲ့ရပြီလို့ ငါထင်မြင်ခဲ့တယ်၊ ဒါကြောင့် ငါ့ရင်ထဲကအချစ်အကြောင်းကို ဖြူဝင်းကို ထုတ်ပြောလိုက်မိတာပါ၊ ယောကျ်ားပျို တစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် ချစ်စကားပြောတာ ဆန်းတဲ့ကိစ္စမဟုတ်ပါဘူး၊ အဟင်း.....ငါသိပ်ယုံကြည်အားကိုးရတဲ့ မင်းရဲ့ညီမဆိုတော့ ငါက ပိုပြီးတန်ဖိုးထားရမှာပေါ့ကွာ၊ ငါ့မိဘတွေကို ဖွင့်ပြောပြီး မိကောင်းဖခင်သားသမီးပီသစွာ မင်းညီမ ဖြူဝင်းကို ငါတောင်းရမ်းယူမယ်ကွာ၊ ဘယ့်နယ်လဲ''

ညိုမင်း တွေဝေသွား၏။ ခေါင်းငိုက်စိုက်ကျသွား၏။ ညိုမင်း စဉ်းစားရတော့၏။ တင်မျိုးကျော်သည် အရက်နှင့်လောင်းကစားကို ခုံမင်၏။ သို့သော် မိန်းမကိစ္စရှင်းသည်ဟု ညိုမင်း ယုံကြည်ထားသည်။ တင်မျိုးကျော်သည် ချမ်းသာသော သူဌေးသားတစ်ယောက်၊ တစ်ဦးတည်းသောသား။ တစ်ချိန်ချိန်တွင် ဤဆန်စက်ကြီးအား ပိုင်ဆိုင်ရမည့်သူတစ်ယောက်။ ယခု သူသည် မိမိ၏ညီမအား စွဲစွဲလမ်းလမ်း ချစ်ခင်နှစ်သက်သည်ဟုဆိုသည်။ ထို့ပြင် မိကောင်းဖခင်သားသမီးပီသစွာ ညီမဖြစ်သူ ဖြူဝင်းအား လာတောင်းမည်ဟုဆိုလေတော့.....။ ညိုမင်း၏စိတ်ထဲ တွင် အလိုလို ကျေနပ်နေမိသည်။

ညိုမင်းသည် သက်ပြင်းရှည်ကြီးအား ချလိုက်ပြီး တင်မျိုးကျော်အား တစ်စုံတစ်ရာပြောဆိုရန် အားယူလိုက်စဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုမှာ ညိုမင်း၏ရှေ့၌ ဖြစ်ပွားခဲ့ပေသည်။ မည်သို့မျှ ထင်မထားသည့်ကိစ္စကြောင့် ညိုမင်းနှင့် တခြားအလုပ်သမားများ အံ့အားသင့်လျက် မှင်တက်သွားကြရ၏။ ဖြစ်စဉ်မှာလည်း မျက်စိတစ်မှိတ်မျှသာ။ စပါးဆိုင်းတွင် အလုပ်လုပ်နေသော ကိုဖိုးခွေးသည် အလုပ်သမားများကြားမှ ပြေးထွက်လာပြီး လက်တွင်ကိုင်လာသော နှစ်တစ်လက်မ သစ်အိုင်းတစ်ခုဖြင့် တင်မျိုးကျော်၏ဦးခေါင်းအား နှစ်ချက်လွှဲရိုက်လိုက်ခြင်းဖြစ်သည်။ ဦးခေါင်းမှ နီရဲသောသွေးများ ဖြာဆင်းကျလျက် တင်မျိုးကျော်မှာ အရုပ်ကြိုးပြတ်သကဲ့သို့ ခွေ၍ကျသွားတော့သည်။

လျှပ်တစ်ပြက် ဖြစ်ခဲ့ရသော ဖြစ်ရပ်ကြောင့် အလုပ်သမားများ ကြောင်၍ရပ်သူကရပ်၊ ဖိုးခွေး၏လက်ထဲက တုတ်ကို လုသူကလု၊ ဆွဲသူကဆွဲ၊ လဲသူကလဲ၊ တင်မျိုးကျော်အား ပွေ့သူကပွေ့ဖြင့် လတ်တလော ဝရုန်းသုန်းကားဖြစ်၍နေကြသည်။ ထိုစဉ်အခိုက်မန်နေဂျာ၊ အလုပ်သမားခေါင်းဆောင်၊ စက်စာရေးနှင့် စက်ပိုင်းဘွိုင်လာလုပ်သားများ ပြေးထွက်လာကြသည်။

အလုပ်သမားတစ်ဦးကလည်း စက်ပိုင်သူဌေးဇနီးမောင်နှံအား ပြေး၍သတင်းပေးသည်။ ညိုမင်းကား သူ၏ရှေ့၌ ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်အား ကြောင်၍ငေးကြည့်နေပေသည်။

''ဟေ့ကောင်...ဖိုးခွေး၊ မင်းမိုက်ရိုင်းလှချည်လား၊ မင်းဘယ်လိုလုပ်လိုက်တာလဲ''

ခပ်တင်းတင်းဖြင့် မေးလာသော ဆန်စက်မန်နေဂျာ၏အမေးအား ဖိုးခွေးက ရှိုက်ကြီးတငင်ငိုကြွေးလျက်မှ.....

''ဒီကောင်တင်မျိုးကျော် ယုတ်မာတယ် ဆရာ၊ သူ....သူ ကျွန်တော့်နှမကို စော်ကားရုံတင်မကဘူး အဲ့သူ့ကြောင့် ကျွန်တော့်နှမမှာ ကိုယ်ဝန်

www.burmeseclassic.com

www.burmeseclassic.com

ရှိနေပြီဟု သူ့ကို ဆန်စက်ပိုင်ရှင်သား ရယ်လို့ ကျွန်တော် လေးစားခဲ့တယ်၊ ရိုသေခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အောက်ခြေလူတန်းစားကို သူ လူရယ်လို့ မသတ်မှတ်ခဲ့ဘူး၊ သူ့ရဲ့လူမဆန်တဲ့လုပ်ရပ်ကြောင့် ကျွန်တော့်ညီမကို တောကိုပြန်ပို့ထားရတယ်၊ သူ့ကိုကျွန်တော် ဒူးထောက်ပြီးတောင်းပန်ပေမယ့် သူ့ရဲ့စကားတွေက ကျွန်တော်တို့ မိသားစုကို လူတကာရဲ့တံတွေးခွက်မှာ ပက်လက်မျောစေခဲ့တယ် ဆရာ၊ သူ နဲ့ဖြစ်တဲ့ကိစ္စကို ဘူးကွယ်ပြီး လူတကာ ယိုတဲ့မစင် ငါ့ခေါင်းပေါ် ပုံမချနဲ့တဲ့ဗျာ၊ ဟီး.....ဟီး.....ဟီး''

ဖိုးခွေး၏ ပြင်းထန်သော ရိုက်ချက်ကြောင့် တင်မျိုးကျော် သေသည်၊ ရှင်သည် မသိသော်လည်း ဖိုးခွေးမှာ တင်မျိုးကျော်အားရိုက်မှုဖြင့် တရား ဥပဒေအရ ရင်ဆိုင်ရမည် ဖြစ်ပြီး တင်မျိုးကျော် သေဆုံးပါက လူသတ်မှုနှင့် တရားစွဲခံရမည်သာ ဖြစ်သည်။

တင်မျိုးကျော်သည် မိန်းမပျိုလေးများအား လူမသိသူမသိ စားနေကျကြောင်ဖားဖြစ်သည်ကို ယခုမှပင် သိလိုက်ရသည့်အတွက် ညီမြင်းမှာ နာကြည်းစိတ်ဖြင့် အံ့သြမဆုံးဖြစ်ရသည်။ မည်သို့ပင်ဖြစ်လင့်ကစား ညီမြင်းသည် ဖိုးခွေးအား ကျေးဇူးတင်ပါ၏။ တင်မျိုးကျော်၏ ယုံတမ်းစကား အပေါ်တွင် နားယောင်မိခြင်းဖြင့် တင်မျိုးကျော်အား မဆုံးမလိုက်ရသည့်တိုင် ဖိုးခွေးမှာ သူ့နှမနှင့်ပတ်သက်၍ ကလဲ့စားချေလိုက်ခြင်းဖြင့် ညီမြင်းတစ်ယောက် တွေဝေခြင်းများလွန်ကဲ၍ တင်မျိုးကျော်အား မဆုံးမလိုက်ရတော့ပေ။

မကြာမီ ဖိုးခွေးအား ရဲတပ်ဖွဲ့ဝင်များ လာရောက်ဖမ်းဆီးကြပေတော့မည်။ ဖိုးခွေးကား ငိုရှိမဆုံးတော့ပေ။ ဆန်စက်ပိုင်ရှင် သူဌေးကြီးမှာ မိမိသား၏ ဆိုးသွမ်းပုံကို သိရှိထားသဖြင့် ဖိုးခွေးအား မည်သို့မျှမပြောတော့။ တင်မျိုးကျော်၏ မိခင်သည်လည်း သားဖြစ်သူနှင့်ပတ်သက်၍ သတ္တဝါတစ်ခု၊ ကံတစ်ခုဟု သဘောထားလေသလား မသိ။ ခံရသူ၏ကံနှင့် ပြုသူတို့၏ကံကား တစ်ထပ်တည်းကျသောမကောင်းကံဆိုသည်ကို တရား သဘော သိနေသည့် နှယ် ဆိတ်ဆိတ်ပင် နေပါချေ၏။ ဒဏ်ရာပြင်းထန်စွာ ရရှိထားသော တင်မျိုးကျော်အား ဆေးရုံသို့တင်ပို့ရန် စီစဉ်နေသည့် အချိန်တွင် ညီမြင်းသည် အမေနှင့် ညီမရှိရာသို့ မသိမသာထွက်လာပေသည်။

ညီမြင်းသည် ဘဝတူလူတန်းစား ဖိုးခွေးအတွက် စိတ်မကောင်းသကဲ့သို့ ကောက်ကျစ်၍ စဉ်းလဲသော မြေးကဲ့သို့ သဏ္ဌာန်တူသော တင်မျိုးကျော်အား အမှန်တကယ် ရွံရှာမုန်းတီးမိသည်။

မြို့မိမြို့ဖ ဂုဏ်သရေရှိ ဆန်စက်ပိုင်ရှင်သူဌေးကြီး၌ ကောက်ကျစ်စဉ်းလဲ၍ အတွေးအခေါ် ဆင်ခြင်မှုကင်းမဲ့သည့် လူပေလူတေသားတစ်ယောက် ရှိပါ၏။ ထိုသားအား ကြီးမားခံထည်သော ဤဆန်စက်ကြီးကို စီမံကွပ်ကဲအုပ်ချုပ်ရန် လွှဲအပ်ခဲ့သည်ရှိသော် ဆန်စက်ကြီး၏ အနာဂတ်ခရီး မကောင်းနိုင်သကဲ့သို့ အခြေခံအလုပ်သမားများ၏ ဘဝများသည်လည်း ရင်လေးဖွယ်ရာ ဖြစ်လာနိုင်သည်ကို ညီမြင်းတစ်ယောက် စိတ်မကောင်းစွာ စဉ်းစားနေမိသည်။ သို့ဖြင့် တင်မျိုးကျော် သေလွန်ခဲ့သည်ရှိသော် မည်သို့မျှ မထောင်းသာလှသော်လည်း တင်မျိုးကျော် အသက်ထင်ရှားရှိ၍ ဆန်စက်ကြီးအား စီမံအုပ်ချုပ်ခဲ့လေသော် မိမိတို့ဘဝအနာဂတ်ခရီးလမ်း မကောင်းနိုင်သည့်အတွက် ညီမြင်းတို့မိသားစုသည် သိရိမင်္ဂလာဆန်စက်ကြီးအား ကျောခိုင်း၍ ဇာတိရွာသို့ ပြန်လည်ပြောင်းရွှေ့ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်ကြတော့သည်။

မောင်သာမန် (ဒီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



စ

ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

အရောင်းအဝယ်သည် ‘‘သဘာဝ’’

ဆေးစစ်ဆေးမှုနှင်အာနိသင်

ထက်မြက်ရေးသည် ‘‘အဓိက’’

အမှတ် - ၂၃၀/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း- ၂၅၁၀၁၆၊ ၂၅၁၀၁၇၊ ၃၀၀၄၀၄၊ ၃၀၀၄၀၅

လက်ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

□

နယ်စပ်နှင့် မနီးမဝေး မြို့တစ်မြို့.....

မြို့နယ်အတွင်း ကျေးရွာပေါင်း (၃၀)ကျော်ရှိသည်ဟု သိရ၏။

နယ်စပ်နှင့်မနီး တောင်ပေါ်မြို့ဖြစ်သည်။

သွားလာရေးမှာ ယခင်ကလို မခက်ခဲတော့။ တောင်တန်းများ ပတ်လည်ဝန်းရံနေသော မြို့ဖြစ်သည်။ အရောင်းအဝယ် စည်ကားသည်။

နယ်စပ်မြို့မှ ကုန်သည်များလာရောက်ကြသလို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်မှ ကုန်သည်ပွဲစားများလည်း လာရောက်ကြသည်။

တစ်နည်းအားဖြင့် ပွဲရုံမြို့တော်ဟု ခေါ်ရမည်လားမသိ။

တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော ကုန်များရှိသည်။ မြန်မာနိုင်ငံမှ တင်ပို့သည့် ပစ္စည်းပေါင်းစုံလည်းရှိသည်။ နေ့ ည အမြဲစည်ကားနေသော မြို့တစ်မြို့ဖြစ်သည်။

ဒုရဲမှူး ကျော်ဗလ.....

သူ့အမည်က အားလုံးအတွက် ဆန်းပြားသည်။

ကျော်ဗလဆိုသည့်အတိုင်း ထွားကျိုင်းသန်မာသည်။ ဂျူဒို၊ ကရာတေး လည်းတတ်သည်။ အကျွမ်းကျင်ဆုံး ပညာက မြန်မာ့သိုင်းပညာဖြစ်သည်။

အသက်က (၃၀)ကျော်သာရှိသေးသည်။

အသက် (၂၀)အရွယ်တွင် ဒုရဲအုပ်လောင်းသင်တန်း တက်ရောက်ခဲ့သည်။ လုပ်ငန်းတာဝန်ကို အသက်စွန့်ပြီး အကြိမ်ကြိမ်ထမ်းဆောင်ခဲ့၍ နိုင်ငံတော်မှ လုပ်ငန်းထူးချွန်မှုအရ ချီးမြှင့်သောရာထူးကို ရရှိခဲ့သူဖြစ်သည်။

အသက်အငယ်ဆုံး ဒုရဲမှူးဟုလည်း ဆိုနိုင်သည်။

ဒုရဲမှူး ကျော်ဗလမှာ ရဲအုပ်အဆင့်၌ အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ဖက်အမျိုးသမီးက သူနှင့် ငယ်စဉ်က ကျောင်းနေဖက်။ မိဘများက တောင်သူလယ်သမားများဖြစ်သည်။

ဒုရဲမှူး ကျော်ဗလ၏ မိခင်၊ ဖခင်များက ကုန်သည်များဖြစ်၏။

ကုန်သည်များဖြစ်သည့် မိဘများက ဒုရဲမှူး ကျော်ဗလ၏ဇနီးကို ဒေသထွက် သီးနှံများအား နှစ်ချုပ်ဖြင့်ဝယ်ယူစေ၍ ကုန်သည်လုပ်ငန်းထဲ သွတ်သွင်းခဲ့သည်။

စီးပွားရေး အဆင်ပြေနေ၍ ထို အချိန်က ရဲအုပ်အဆင့်သာရှိသေးသော ကျော်ဗလမှာ အိမ်ကိစ္စ ပြန်မကြည့်ရ။ လုပ်ငန်းတာဝန်အပေါ် ပိုမိုရှိ အားစိုက်နိုင်ခဲ့သည်။

ရဲအုပ် ကျော်ဗလက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုတွင် စခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေရချိန်ဖြစ်သည်။

ရဲစခန်းတာဝန်များကြောင့် အိမ်မှုကိစ္စ ပြန်မကြည့်နိုင်၍ ကျော်ဗလ၏ ဇနီးက အရောင်းအဝယ်ကိစ္စဖြင့် ဥယျာဉ်ခြံမြေများအထိ သွားရောက်ရသည်။

ကံဆိုးသည်ဟု ဆိုရမည်။

ယောကျ်ၤမများနှင့်အတူ နေ့အိပ်ညနေဖြင့် နှစ်ချုပ်ဝယ်ယူထားသော သီးနှံများကို လိုက်လံသိမ်းစဉ် တောတွင်း၌ မြွေကိုက်ခံလိုက်ရ၏။

တောထဲမှ မြို့အထိ သယ်ယူရ၍ အချိန်ကြာသွားသည်။

မြို့ဆေးရုံသို့ ရောက်သောအခါ အသက်ပါမလာတော့။

ထိုအချိန်မှစ၍ ရဲအုပ် ကျော်ဗလမှာ အထီးကျန်ဖြစ်ခဲ့ရသည်။ ဇနီးဖြစ်သူ ရှာဖွေထားသော ငွေများအား ဘုန်းတော်ကြီးကျောင်းတွင် တရားရိပ်သာဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့၏။

အထီးကျန်ဆန်ဘဝဖြင့် လေးနှစ်ခန့် နေခဲ့ရသည်။

လုပ်ငန်းတာဝန်အပေါ် ပိုမို၍ အားစိုက်ခဲ့သည်။

အနှောင်အဖွဲ့မရှိ၊ သားသမီးလည်းမရှိ၍ အမှုကြီးများကို သက်စွန့်ဆံဖျားဖြင့် ဖော်ထုတ်ခဲ့နိုင်သည်။

နိုင်ငံနှင့်လူမျိုးအတွက် အရေးကြီးသော အမှုကြီးကို အောင်အောင်မြင်မြင် ဖော်ထုတ်ခဲ့နိုင်၍ ဒုရဲမှူးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

၂၀၁၃ ခုနှစ်ထဲတွင် ဒုရဲမှူးအဆင့် ရရှိခဲ့၏။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအသစ်အရ စခန်းမှူး ဒုရဲမှူးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လက်ရှိမြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။

အသက်အငယ်ဆုံး ဒုရဲမှူးဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ရာထူးတိုးပြောင်းရွှေ့အမိန့်အရ ပြောင်းခဲ့ရခြင်းဖြစ်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ဖွဲ့စည်းပုံအသစ်အရ ရဲမှူးဖြစ်သည်။

ဒုရဲမှူး ကျော်ဗလ၏ ဆရာရင်းဖြစ်သည်။

ဆရာရင်းရှိရာသို့ ပြောင်းလာခဲ့သော စခန်းမှူး ဒုရဲမှူး ကျော်ဗလကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးကျော်က အားရဝမ်းသာ ကြိုဆိုခဲ့သည်။

ဇ ဇ ဇ

''ကျော်ဗလ''

''ဟုတ်ကဲ့ ရဲမှူး''

''မင်းကို မြို့မျက်နှာဖုံး ဦးနေထူးက ထမင်းစားဖိတ်တယ်ကွ၊ ငါလည်း ပါတာပေါ့ကွာ၊ ဒါပေမဲ့ ငါက ပြည်နယ်ရုံးကို အစည်းအဝေးကိစ္စနဲ့ သွားရမှာဆိုတော့ မင်းပဲသွားလိုက်ပါ''

''ကျွန်တော် အဲဒီလို မသွားချင်ဘူး ရဲမှူး''

''ဘာဖြစ်လို့လဲကွ''

''ကျွန်တော်ဟာ စခန်းမှူးမဟုတ်ဘဲ သာမန်ကုန်သည်တစ်ဦးဆိုရင် ထမင်းဖိတ်ကျွေးပြီး မိတ်ဆက်မှာ မဟုတ်ဘူး၊ ဒါကြောင့် မသွားချင်ဘူး''

''ငါသိပါတယ်ကွာ၊ မင်းကို အဲဒီကိစ္စ ပြောချင်လို့ ခေါ်တာ''

''ဘာများလဲ ရဲမှူး''

''ဦးနေထူးက နေရာတကာမှာ ဝင်ဆံ့တယ်၊ ဒါပေမဲ့ မြို့မျက်နှာဖုံးရဲ့ နောက်ကွယ်မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေတယ်လို့ သတင်းရထားတယ်၊ မူးယစ်အထူးအဖွဲ့ကလည်း စောင့်ကြည့်နေတယ်''

''ကျွန်တော် သွားရမယ့် ရည်ရွယ်ချက်က ဘာလဲ ရဲမှူး''

''မင်းကိုမိတ်ဖွဲ့တာဟာ အသုံးချခံရလို့ပဲဖြစ်မယ်၊ သူတို့ထွင်ပေးတဲ့ လမ်းအတိုင်း မင်းလျှောက်ရမယ်၊ အဲဒီလမ်းကနေပြီး တာဝန်ပိုင်းအလုပ်ကို လုပ်ပေါ့၊ အခုအစည်းအဝေးမှာ ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုလည်း အသိပေးတင်ပြထားမယ်''

ရဲမှူးအေးကျော်က လျှို့ဝှက်ဆောင်ရွက်ရမည့်ကိစ္စကို ရှင်းပြသည်။

ထမင်းစားဖိတ်သည့်နေ့ နံနက်၌ပင် ရဲမှူးအေးကျော်က ပြည်နယ်ရုံးသို့ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသွားခဲ့သည်။

ညနေပိုင်းအချိန်တွင် ဒုရဲမှူး ကျော်ဗလက ထမင်းစားဖိတ်သည့် ဦးနေထူး၏အိမ်သို့ သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်ရာတွင် ဦးနေထူး၏ အိမ်အနေအထားကို စောင့်ကြည့်ပေးရန် နယ်ထိန်းခေါင်းဆောင်နှင့်အဖွဲ့ကို တာဝန်ပေးခဲ့သည်။

ဦးနေထူး၏အိမ်သို့ ညနေ ၆ နာရီကျော်တွင် ရောက်သွားသည်။

အိမ်က ကျယ်ဝန်းသော ခြံဝန်းထဲရှိ ခေတ်မီနှစ်ထပ်တိုက်အိမ်ဖြစ်သည်။ နံဘေးတွင် ကားဂိုဒေါင်ရှိ၏။ နောက်ဖေးတွင် အဖီဆွဲထားသည်။

အိမ်အတွင်းပိုင်းက ဟိုတယ်ခန်းတစ်ခုလိုပင်။

''ဟာ..စခန်းမှူးကြီး ကြွပါဗျာ''

ခြံစောင့်ကို ပြောပြခဲ့၍ ခြံစောင့်

က ခွင့်တောင်းပေးမှ အိမ်ထဲဝင်ရောက်ခွင့်ရခဲ့သည်။ ဦးနေထူးမှာ အရပ်ရှည်သည်၊ ဗလတောင့်သည်။ ကပြားဖြစ်ဟန်ရှိသည်။

''ဒါက ကျွန်တော့်ဇနီး၊ သူက သမီးပါ''

ည့ှခန်းထဲ၌ ထိုင်နေစဉ် ဦးနေထူးက သမီး၊ ဇနီးတို့နှင့် မိတ်ဆက်ပေးသည်။ ဦးနေထူး၏ဇနီးကလည်း တိုင်းရင်းသားအနွယ်ဝင် ကပြားဖြစ်၍ အတော့်ကိုလှသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း မယ်တစ်ယောက်ကဲ့သို့ပင်။

သမီးဖြစ်သူကလည်း မိန်းမချော။ မျက်နှာကမည်သို့မြင်သို့ကြည့် အကြည့်ခံသည့် အလှပိုင်ရှင်ဖြစ်သည်။ ဖြူဝင်းသောအသားနှင့် မော်ဒယ်လိုပုံ ကိုယ်လုံးက ပုရိသများကို ဆွဲဆောင်နိုင်စွမ်းရှိသည်။

ထမင်းဝိုင်းမစမီ နိုင်ငံခြားဖြစ်တန်ဖိုးမြင့်အရက်နှင့် ည့ှခံသည်။ ရဲမှူး ကျော်ဗလက အရက်မသောက်တတ်ကြောင်း ယဉ်ကျေးစွာ ငြင်းပယ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထမင်းဝိုင်းကို စောစောစသည်။

မျက်နှာချင်းဆိုင်တွင် ဦးနေထူး နှင့်ဇနီးက ယှဉ်တွဲ၍ နေရာယူသည်။ ဒုရဲမှူး ကျော်ဗလန်ဘေးတွင် ဦးနေထူး၏သမီးက ယှဉ်တွဲထိုင်သည်။

စားဖွယ်သောက်ဖွယ်တွေက စုံလင်လှသည်။

လူလေးယောက်စာမှာ လူ (၁၀) ယောက်စားနိုင်သော ထမင်းဝိုင်းမျိုးဖြစ်သည်။ ကြက်၊ ဝက်စတူး၊ ဘဲကင်၊ ကြက်နက်သားဟင်း၊ လိပ်ကောင်လုံးဟင်းချို၊ ငါးဟင်း မျိုးစုံပါရှိသည်။

ကျော်ဗလက ဟင်းကို များများစားတတ်သူမဟုတ်။ တောသားပီပီ ငါးပိကို အကြိုက်ဆုံးဖြစ်သည်။ ငါးပိအစားဘာလချောင်ကြော်သာပါသည်။ သို့နှင့်သော် အစပ်မဟုတ်။ အချိုတွေချည်းဖြစ်သည်။

ထမင်းဝိုင်းသိမ်းတော့ အိမ်ရှေ့ ဧည့်ခန်းတွင် သစ်သီးစုံအချိုပွဲဖြင့် ဧည့်ခံသည်။ ဦးနေထူးက ဒုရဲမှူး ကျော်ဗလအကြောင်း ကြိုတင်လေ့လာထားဟန်ရှိသည်။

ဇနီးမရှိတော့သည့် အသက်အငယ်ဆုံး မုဆိုးဖိုဖြစ်နေသည်ကိုပင် သိနေသည်။

ည ၉ နာရီခန့်၌ ရဲစခန်းသို့ပြန်ရန် ဒုရဲမှူးကျော်ဗလက ထိုင်ရာမှထသည်။

''နေပါဦး စခန်းမှူးကြီး၊ လက်ဆောင်ပေးချင်လို့ပါ''

ဦးနေထူးကပြောသည်။ ဦးနေထူး၏သမီးက ယွန်းလင်ဗန်းထဲတွင် အထုပ်နှစ်ထုပ်ကိုင်ပြီး ရောက်လာသည်။ ဒုရဲမှူး ကျော်ဗလန်ဘေးတွင် လူချင်းအနီးကပ်ဆုံး ဝင်ထိုင်သည်။

ဒုရဲမှူး ကျော်ဗလက ဦးနေထူး၏အကွက်ချလှုပ်ရှားမှုကို ကောင်းစွာသဘောပေါက်သည်။ ထောင်ထားသည့်မြှားထဲသို့ မဝင်မိစေရန် အထူးသတိထားခဲ့ရ၏။

ဦးနေထူး၏သမီးက အထုပ်နှစ်ထုပ်ကို ဖြေလိုက်သည်။

ယွန်းကွမ်းအစ်နှစ်လုံးဖြစ်နေ၏။

''စခန်းမှူးကြီး ကြိုက်တဲ့လက်ဆောင်ကို ရွေးယူနိုင်ပါတယ်''

ဒုရဲမှူး ကျော်ဗလက ယွန်းအစ်တစ်လုံးကို ဖွင့်လိုက်သည်။ အထဲတွင် ကျပ်ငါးထောင်တန် ငါးသိန်းထုပ်လေးထုပ်ကို တွေ့လိုက်ရ၏။

ငွေပါရှိသော ကွမ်းအစ်ကို ပြန်ပိတ်သည်။ ဒုတိယအလုံးကို ဖွင့်ကြည့်သည်။ ကွမ်းအစ်ထဲတွင် ရွှေရောင်ကွပ်ထားသော ခလုတ်မောင်္ကြာကို တွေ့ရသည်။ နီဝင်ခြားဖြစ်ဟု သိရသည်။ တန်ဖိုးကတော့ မနည်း။

''ကျွန်တော် ဒါကိုယူကြိုက်တယ်ဗျ''

ဒုရဲမှူး ကျော်ဗလက ခလုတ်မောင်္ကြာပါသော ကွမ်းအစ်ကိုယူပြီး မတ်တတ်ရပ်သည်။ ဦးနေထူးတို့ မိသားစုများ မျက်နှာပျက်သွားကြသည်။

''မိတ်ဆွေဖြစ်ဖို့ မျှော်လင့်ပါတယ်''

ဦးနေထူးက လှမ်းပြောသည်။

ဒုရဲမှူး ကျော်ဗလက ပြုံးပြရင်း အိမ်ထဲမှထွက်ခဲ့၏။

ဦးနေထူးက သူ့အိမ်သုံးကားဖြင့် လိုက်ပို့ပေးမည်ဟု ပြောခဲ့သည်။ လက်မခံခဲ့။ တစ်ဦးတည်းထွက်ခဲ့သည်။ အဆင့်မြင့် သိုင်းပညာရှင် ဒုရဲမှူး ကျော်ဗလက သူ့ကိုယ်သူ ယုံသည်။

အပြင်သို့ထွက်ခဲ့သည်။ အိမ်နှင့် မလှမ်းမကမ်းအရောက်၌ မှောင်ရိပ်တွင် စောင့်နေသော နယ်ထိန်းခေါင်းဆောင်၏ဆိုင်ကယ်ဖြင့် ရဲစခန်းသို့ ပြန်ခဲ့၏။

ဇ ဇ ဇ

ယနေ့.....

ဒုရဲမှူး ကျော်ဗလ တစ်ဦးတည်း မြို့ထဲသို့ထွက်ခဲ့သည်။ ဒုရဲမှူး ကျော်ဗလကို လူတိုင်းက မသိကြသေးပေ။ နီးစပ်ပတ်သက်သူ တချို့လောက်သာ သိကြသည်။

ဒုရဲမှူး ကျော်ဗလက အပြင်ထွက်သည်မရှိ။ အချိန်ပြည့် ရဲစခန်းအတွင်းဦးပင်နေသည်။

''ဗိုလ်ကြီး ညည့်သည်က တွေ့ချင်လို့တဲ့''

ဒုရဲမှူး ကျော်ဗလ မြို့ထဲသို့ ခဏသာသွားပြီး ရဲစခန်းသို့ပြန်ရောက်ချိန်တွင် ကင်းတာဝန်ကျရဲတပ်ဖွဲ့ဝင်ကလာရောက်သတင်းပို့ခဲ့ခြင်းဖြစ်သည်။

''အမှုသည်လား''

''မဟုတ်ဘူး၊ မိန်းမချောတစ်ဦးပါပဲ''

ဒုရဲမှူး ကျော်ဗလက မြို့ထဲမှ ပြန်ရောက်ပြီးနောက် စခန်းမှူးရုံးခန်းထဲတွင် အထက်ဌာနမှ ညွှန်ကြားသောစာများကို ဖတ်ရှုနေချိန်ဖြစ်သည်။

''စခန်းမှူး လုံခြုံရေး ဂရုစိုက်''

အထက်ဌာနမှ ပေးပို့သော ကြေးနန်းစာထဲတွင် စခန်းမှူးအား လုံခြုံရေး ဂရုစိုက်ရန် အသိပေးသည့် ကြေးနန်းစာ ပါရှိလာသည်။

ထောက်လှမ်းရရှိသောသတင်းကို ကြိုတင်အသိပေးမှုဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြေး

www.burmeseclassic.com

www.burmeseclassic.com

နန်းသတင်းပေးပို့ခြင်းဖြစ်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏သတင်းကို ရည်ညွှန်းချက်အဖြစ် ဖော်ပြထားသည်။

''အင်း...သတိထားရမှာပဲ၊ ဒီဒေသက လက်နက်ပုန်းများတယ်၊ ကြေးစားလူမိုက်တွေလည်း များတယ်လို့ သိထားရတယ်''

ဒုရဲမှူး ကျော်ဗလက နယ်မြေအခြေအနေနှင့် နှိုင်းယှဉ်ပြီး ပြန်လည်သုံးသပ်ကြည့်ခဲ့သည်။

တောတောင်ပတ်လည် ဝန်းရံထားသော မြို့ဖြစ်သည်။

တစ်နေရာမှ တစ်နေရာသို့ တောတောင်၊ လှိုဏ်မြောင်များကို ဖြတ်သန်းပြီး သွားလာရသည်။ တောကိုမှီသော လူဆိုးများကလည်း ရှိနေသေးသည်။

ရွာပုန်းသီး လူဆိုးတွေလည်း ရှိသည်။

ငွေပေးလျှင် ဘာမဆိုလုပ်မည့် သူတွေကလည်း များသည်။

ပြီးတော့ တစ်ဖက်နိုင်ငံနှင့် နီးစပ်မှုရှိသည့်အတွက် နိုင်ငံဖြတ်ကျော် လျှက်မှုခင်းကျူးလွန်သူ ဒုစရိုက်သမားများလည်း ရှိသေး၏။

ရဲတပ်ဖွဲ့ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေရသည့် တပ်ဖွဲ့ဖြစ်သည်။ အသက်နှင့်ရင်းရသည့် မှုခင်းနှိမ်နင်းရမှုတွေကလည်းများသည်။

ထိုသို့သော အခြေအနေများရှိနေသည့် ဂျာမြို့တွင် ဒုရဲမှူး ကျော်ဗလအတွက် ရန်သူတွေကရှိနေတတ်သည်။

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များကို ဒုစရိုက်မှုဖြင့် အသက်မွေးဖြူနေသူများက ရန်သူလို သဘောထားကြသည်မှာ နိုင်ငံတိုင်းလိုလိုတွင်ဖြစ်သည်။

ဒုရဲမှူး ကျော်ဗလအနေဖြင့် တရားဥပဒေစိုးမိုးရေးတာဝန်အတွက် နောက်တွန့်နေမည်မဟုတ်။ သူ၏ တာဝန်ထမ်းဆောင်ရာဘဝတွင် အသက်နှင့်ရင်းပြီး ဖြတ်ကျော်ခဲ့ရသည့်အချိန်များက သူ့ကို အတွေ့အကြုံ ရရှိစေခဲ့ပြီးဖြစ်သည်။

ဒုရဲမှူး ကျော်ဗလက ကြေးနန်းစာကို ညွှန်ကြားချက်ဖိုင်ထဲတွင် ဖိုင်တွဲထားလိုက်သည်။

လာရောက်သတင်းပို့သူ ရဲတပ်သားက အခန်းဝတွင် ခြေစုံရပ်၍စောင့်နေသည်။ ဒုရဲမှူး ကျော်ဗလက ရဲတပ်သားကို လှမ်း ကြည့်ရင်း ထပ်မေးခဲ့၏။

''ည့်သည်နာမည်က ဘယ်သူလဲ''

''မသန္ဒာပါ ဗိုလ်ကြီး''

''ဘယ်မှာနေတာတဲ့လဲ''

''ဒီမြို့ကပါ၊ ဦးနေထူးရဲ့သမီးပါ''

ဒုရဲမှူးကျော်ဗလက ချက်ချင်း သုံးသပ်ကြည့်သည်။ အဆက်အစပ်မရှိ၊ ကြိုတင်အသိပေးမှုမရှိဘဲ ရောက်လာ၍ အံ့သြနေမိသည်။

''ငါ့အခန်းထဲ ကိုပဲ လွှတ်လိုက်''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး''

သတင်းပို့သူ ရဲတပ်သား က အလေးပြု၍ ပြန်လှည့်ထွက်သည်။ ဒုရဲမှူး ကျော်ဗလက သတိတရဖြင့် လှမ်းပြောလိုက်၏။

''နေဦး''

''ဟုတ်ကဲ့ပါ''

''ည့်သည်ကို ငါ့အခန်းထဲ အရင်မလွှတ်နဲ့၊ ဒုမြို့နယ်မှူးရုံးက တပ်ကြပ်ကြီး မစောမြင့်ကို ဖိုင်တွဲယူပြီး ငါ့ဆီလာခဲ့လို့ ပြောလိုက်၊ ပြီးမှ ည့်သည်ကို ဝင်ခွင့်ပေးလိုက်၊ ည့်သည်မပြန်မချင်း မစောမြင့်ကို ငါ့အခန်းထဲမှာနေပေးပါလို့ ပြောလိုက်''

သတင်းလာပို့သူ ရဲတပ်သား ထွက်သွားသည်။ မရွေးမနှောင်းပင် တပ်ကြပ်ကြီး မစောမြင့် ရောက်လာသည်။

''ဆရာမ ကျွန်တော့်စားပွဲမှာပဲ ဖိုင်ဖွင့်ပြီး တွေ့ရာအမှုတွဲကို ဖတ်နေပါ၊ ည့်သည်လာလိမ့်မယ်၊ ည့်သည်ပြန်မှ ဆရာမလည်းပြန်ပါ''

တပ်ကြပ်ကြီး မစောမြင့်က စခန်းမှူးညွှန်ကြားသည့်အတိုင်း စခန်းမှူးရုံးခန်းထဲတွင် ထိုင်နေသည်။ စခန်းမှူးလှမ်းပေးသော အမှုတွဲကို ဖတ်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

''စခန်းမှူးကြီး ဝင်ခွင့်ပြုပါ''

မသန္တာ ရောက်လာသည်။ လက်ထဲတွင် သေသပ်စွာထုပ်ထားသော အထုပ်တစ်ထုပ် ပါလာသည်။

စခန်းမှူးက ထိုင်ခွင့်ပြုပြီး လာရင်းကိစ္စကိုမေးသည်။

''ဒီလိုပါ၊ ကျွန်မအဖေ စိုက်ပျိုးရေးခြံထဲကိုသွားချိန်မှာ သေနတ်နဲ့ အပစ်ခံရလို့ပါ''

''စိုက်ပျိုးရေးခြံက ဘယ်မှာလဲ''

''ဒီကနေ (၁၀)မိုင်လောက် ဝေးပါတယ်''

''ဘာဖြစ်သွားသေးလဲ''

''ကံကောင်းလို့ ဘာမှမဖြစ်ပါဘူး၊ ကားရဲ့ဘေးဘက်မှန်နှစ်ချပ်တော့ ကွဲသွားတယ်''

''ဦးနေထူးနဲ့အတူ တပည့်တွေ မပါဘူးလား''

''မပါဘူးရှင့်၊ အဲဒါကို အမှုဖွင့်ချင်လို့ပါ၊ အခင်းဖြစ်နေရာကိုလည်း စခန်းမှူးကြီးကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပေးဖို့ ဖေဖေက မေတ္တာရပ်ခံခိုင်းလို့ပါ''

''ကောင်းပြီလေ၊ အမှုလက်ခံရေးဖွင့်ပေးပါ့မယ်''

''ဟုတ်ကဲ့ရှင့်၊ ကျေးဇူးပါပဲ၊ စခန်းမှူးအနေနဲ့ ဘယ်တော့လောက် ကွင်းဆင်းစစ်ဆေးပေးနိုင်မလဲ၊ ဖေဖေက ကားနဲ့ အစားအသောက်စီစဉ်ပေးဖို့ မေးခိုင်းတာပါ''

ဒုရဲမှူး ကျော်ဗလက မသန္တာကို စေ့စေ့ကြည့်သည်။

မသန္တာက ကျေးဇူးတင်သည့် အကြောင်းပြောပြီး ပြန်သွားခဲ့သည်။ အထုပ်ကို စားပွဲပေါ်တွင် မေ့ချင်ယောင်ဆောင်၍ ထားခဲ့ပြီ။

သတိရပိုချိန်ကမှ ဒုရဲမှူး ကျော်ဗလက အထုပ်ကို တွေ့လိုက်သည်။ မသန္တာက ကားနှင့်ထွက်သွားပြီဖြစ် ၏။

ဒုရဲမှူး ကျော်ဗလက အထုပ်ကို မကိုင်။ ဂါတ်စာရေးခန်းထဲတွင် အမှုကိစ္စဖြင့်ရောက်နေသူ အရပ်သား ငါးယောက်ကို ခေါ်လိုက်သည်။

တာဝန်မှူးကိုလည်းခေါ်သည်။ သက်သေများကိုလာ အထုပ်ဖြေကြည့်ခိုင်းသည်။ အထုပ်ထဲတွင် ကျပ်ငါးထောင်တန် သိန်း (၃၀)ကို တွေ့လိုက်ရ၏။

''တာဝန်မှူး ရှာဖွေပုံစံနဲ့ သိမ်းပါ၊ ပြီးရင် ခရိုင်ခုံးကို အစီရင်ခံစာထွက်ပါ၊ သက်သေတွေအားလုံးကို လက်မှတ်ထိုးခိုင်းပါ''

တာဝန်မှူးက ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သည်။ သက်သေခံငွေထုပ်ကို ချိပ်ပိတ်၍ ပီခံသေတ္တာထဲထည့်သိမ်းလိုက်သည်။

ထိုအချိန်၌ပင် နယ်ထိန်းခေါင်းဆောင်နှင့် မူးယစ်အဖွဲ့မှ ကြီးကြပ်သူတို့ ရောက်လာသည်။

သူတို့ချင်းတိုးတိုးဆွေးနွေးခဲ့ကြ၏။

* * *

''ဒုရဲအုပ် ခင်ထွန်းနဲ့အဖွဲ့က ဦးနေထူးအိမ်ကိုသွား။ သူတို့စီစဉ်ပေးတဲ့ကားနဲ့ ဦးနေထူးကို သေနတ်နဲ့ချောင်းပစ်တယ်ဆိုတဲ့နေရာကို သွားစစ်ပါ''

''ဟုတ်ကဲ့ပါ''

''ခင်ဗျားနဲ့အတူ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင်နဲ့ အဖွဲ့ဝင် သုံးယောက် လိုက်လိမ့်မယ်၊ ဒီမြို့ပေါ်က အရပ်သား သက်သေ သုံးယောက်ပါ ခေါ်သွားပါ၊ အားလုံးကို ကိုယ်စီစဉ်ပြီးပြီ''

ဒုရဲအုပ် ခင်ထွန်းက စခန်းမှူးပြောသမျှကို မှတ်တမ်းစာအုပ်ဖြင့်မှတ်သားသည်။ ထိုအချိန်၌ပင် ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် ဦးနေလနှင့်အဖွဲ့ ရောက်လာကြသည်။

''ဦးနေလရေ အရေးပေါ်ကိစ္စပဲ၊ ကူညီပါဦး''

''ဦးနေထူးကားကို သေနတ်နဲ့ချောင်းပစ်တဲ့ကိစ္စလား''

''ဟုတ်ပါတယ်၊ ဦးနေလက ဒေသခံဆိုတော့ နယ်မြေကျွမ်းပြီးသားပဲ''

''စိတ်ချပါ၊ အသက်နဲ့လဲပြီး ကူညီပါ့မယ်''

ဦးနေလနှင့်အဖွဲ့တွင် လက်နက်ကိုယ်စီပါလာသည်။ နိုင်ငံတော်မှ ဒေသလုံခြုံရေးဘာဝန်ထမ်းဆောင်ရန် တရားဝင် ထုတ်ပေးထားသော သေနတ်များဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များတွင်လည်း ကိုယ်စီ လက်နက်ပါရှိကြသည်။

လုံခြုံရေးအတွက် တောင့်တင်းသော အင်အားစုဖွဲ့ထားမှုဖြစ်သည်။

''ဆရာခင်ထွန်း၊ ကားကိုစစ်မယ်၊ ပစ်တဲ့နေရာလို့ ယူဆရတဲ့ နေရာတွေ ဝိုက်မှာ ကျည်ခွံတွေ့အောင်ရှာပါ၊ ဦး

www.burmeseclassic.com

www.burmeseclassic.com

နေထူးဆီကလည်း ထွက်ဆိုချက် တစ်ခါတည်းယူခဲ့ပါ''

''ဟုတ်ကဲ့ပါ စခန်းမှူး''

စခန်းမှူးက တပ်ဖွဲ့ဝင်များကို တန်းစီစေသည်။

ကိုယ်စီလက်နက်ပါရှိမှု၊ ကျည်ယူဆောင်သယ်ယူမှု ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးသည်။ ပြီးမှ သွားရမည့်ခရီးစဉ်၏ ရည်ရွယ်ချက်နှင့် တာဝန်ပိုင်းကို ရှင်းလင်းပြောပြသည်။

ဒုရဲမှူး ကျော်ဗလက ဒုရဲအုပ် ခင်ထွန်းနှင့်အဖွဲ့ကို စစ်ဆေးပြီးသည်နှင့် ရဲစခန်းတွင် အသင့်စောင့်အဖွဲ့အဖြစ် ကြိုတင်ဖွဲ့စည်းထားသော အရန်အင်အားအဖွဲ့ကို ချက်ချင်းခေါ်လိုက်သည်။

ဒုရဲအုပ် ကျော်ကိုကိုနှင့် ဒုရဲအုပ် ဆွေမင်းအဖွဲ့ကို ရဲစခန်းမှူးရုံးခန်းထဲတွင် စုစည်းတွေ့ဆုံသည်။

''တို့သွားရမယ့်ကိစ္စက မူးယစ်အထူးအဖွဲ့နဲ့ ပူးပေါင်းပြီး လုပ်ရမယ့်ကိစ္စပဲ၊ ကြိုတင်သတင်းရရှိတဲ့နေရာမှာ စောင့်ဆိုင်းရှာဖွေမှု လုပ်ရမယ်''

''ဟုတ်ကဲ့ပါ စခန်းမှူး''

''ရှာဖွေစစ်ဆေးမှု လုပ်တဲ့နေရာမှာ ရှာဖွေရေးအဖွဲ့၊ အနီးကပ် လုံခြုံရေးအဖွဲ့၊ လက်တစ်ကမ်းလုံခြုံရေးအဖွဲ့၊ ဖမ်းဆီးရေးအဖွဲ့ဆိုပြီး တာဝန်ခွဲပေးမယ်''

''ဟုတ်ကဲ့ပါ''

''မင်းတို့အားလုံးမှာ အတွေ့အကြုံ ရှိပြီးသားဖြစ်တယ်၊ အားလုံးမျက်စိဖွင့်၊ နားစွင့်ထားကြပါ၊ ကိုယ်စီတာဝန်အတွက် သတ်မှတ်ပေးပြီးဖြစ်တယ်၊ အားလုံး ရှင်းသလား''

''ရှင်းပါတယ်''

''ရှင်းရင် အခုပဲ စထွက်မယ်''

ဒုရဲမှူး ကျော်ဗလကိုယ်တိုင် ဦးဆောင်၍ ရဲစခန်းထဲမှ ထွက်ခဲ့ကြ၏။ ရဲစခန်းဝင်းထဲတွင် တွဲဖက်နေထိုင်သော မူးယစ်အထူးအဖွဲ့က သီးခြားကားဖြင့် တစ်ပါတည်း လိုက်ခဲ့ကြ၏။

သတ်မှတ်နေရာက မြို့မှအထွက် တစ်မိုင်ခန့်အကွာဖြစ်၏။

လမ်းကွေ့ထောင့်ချိုးနေရာဖြစ်သည်။

လှိုဏ်မြောင်ကို ဖြတ်ကျော်ရသည့် အုတ်တံတားရှိသည်။

လမ်းဖြောင့်မဟုတ်၍ အစစ်ဆေးခံရမည့်ကားက ထွက်ပြေးဖို့မလွယ်ပေ။ ပြီးတော့ ကုန်းတက် ဆင်ခြေလျှောအစဖြစ်၍ ကားကို အရှိန်ယူပြီး ဂီယာပြောင်းရမည့်နေရာဖြစ်သည်။

ဒုရဲမှူးကျော်ဗလ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက လမ်း၏ဝဲ/ယာတွင် နေရာယူထားကြသည်။ အချို့က လမ်းနံဘေး တောင်ကမူပေါ်တွင် ဖုံးကွယ်မှုဖြင့် နေရာယူထားသည်။

စစ်ဆေးရန် သတ်မှတ်ထားသည့် နေရာနှင့် ကိုက် ၁၀၀ တွင် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို နေရာချထားသည်။

''စခန်းမှူးကြီး သတင်းကတော့ သေချာပါတယ်နော်''

ဒုရဲမှူး ကျော်ဗလနှင့်အတူရပ်နေသည့် မူးယစ်အထူးအဖွဲ့ ကြီးကြပ်သူ ဒုရဲမှူး ကြည်အောင်က မေးသည်။

သူတို့အဖွဲ့ စောင့်နေသည်မှာ တစ်နာရီနီးပါးရှိပြီဖြစ်သည်။

ကားလေးများသာ ဖြတ်သွားဖြတ်လာရှိသည်။ ကုန်တင်ကားများ တစ်စီးမှ ရောက်ရှိလာခြင်းမရှိသေးပေ။

ဒုရဲမှူး ကျော်ဗလက ဒုရဲအုပ် ကျော်ကိုကိုနှင့်အဖွဲ့ကို သတိပေးလိုက်သည်။ မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များကလည်း နားစွင့်ကြသည်။

''ဟုတ်တယ်၊ ကားကြီးအသံပဲ၊ ကုန်းအတက်ကို စက်ကုန်ဖွင့်ပြီး တက်နေရတဲ့အသံပဲ''

''နေရာယူ''

ဒုရဲမှူး ကျော်ဗလက အားလုံးကို သတိပေးလိုက်သည်။ တပ်ဖွဲ့ဝင်များက ကိုယ်ယောင်ဖျောက်လိုက်ကြ၏။

ကားကြီးအသံက တဖြည်းဖြည်း နီးလာသည်။

ပထမဆုံး မြင်ရသည်မှာ လင့်ခရီဇာ လူစီးကားဖြစ်သည်။ ဒုရဲမှူး ကျော်ဗလနှင့် မူးယစ်အဖွဲ့ကြီးကြပ်သူတို့က လမ်းပေါ်ထွက်၍ ရပ်လိုက်သည်။ ရဲတပ်ဖွဲ့ဝင် ငါးယောက်ခန့်ကလည်း ဝန်းရံ၍ နေရာယူကြ၏။

မူးယစ်အထူးအဖွဲ့မှရှေ့ပြေးအဖြစ် ရောက်ရှိနေခဲ့သော ဆိုင်ကယ်သုံးစီးက လမ်းဘေးတောလမ်းပေါ်မှ လမ်းမကြီးပေါ်သို့ တက်လိုက်သည်။

ဆိုင်ကယ်သုံးစီးအား လမ်းမပေါ်တွင် ကန့်လန့်ဖြတ် ပိတ်ဆို့ရပ်ထားလိုက်၏။ မကြာမီ ရှေ့ဆုံးမှ လင့်ခရီဇာကား ရောက်လာသည်။

''ဟင်..စခန်းမှူးကြီးတို့ပါလား''

ကားရပ်သည်နှင့် ကားထဲမှမသန္တာ၏ မျက်နှာက ပေါ်လာသည်။ ဒုရဲမှူး ကျော်ဗလကို လှမ်းစွာ ပြုံးပြလိုက်၏။

''ဘယ်သွားမှာလဲ မသန္တာ''

''မန္တလေးဘက်အထိ ခရီးဆက်စရာရှိလို့ပါ''

www.burmeseclassic.com

www.burmeseclassic.com

''ခင်ဗျားအဖေ သေနတ်ပစ်ခံရတဲ့နေရာမှာ စစ်ဆေးပေးဖို့ ခင်ဗျားပဲ လာခေါ်တယ်၊ အဲဒီနေရာမှာ ဘာကြောင့်ရှိမနေတာလဲ''

မသန္တာ မျက်နှာပျက်သွားခဲ့သည်။ ဒုရဲမှူး ကျော်ဗလက ဒုရဲအုပ် ဆွေမင်းနှင့်အဖွဲ့ကို အချက်ပြလိုက်သည်။

မသန္တာ၏ကားအတွင်းမှအမျိုးသားသုံးဦးတို့ မလှုပ်ရှားနိုင်မီ ထိန်းချုပ်လိုက်နိုင်သည်။ သူတို့၏အင်္ကျီအောက်မှ ချိုင်းစလွယ်ဖြင့်ထည့်ထားသော ပစ္စတိုသေနတ်များကို အချိန်မီ သိမ်းယူလိုက်နိုင်၏။

''စခန်းမှူးကြီးက ဘာကြောင့် ဖမ်းတာလဲ''

''လက်နက်ရှာတွေ့လို့ပါ''

''ဒီဒေသမှာ ကိုယ့်လုံခြုံရေးအတွက် အဆောင်အဖြစ်ကိုင်တာပါ''

''ဘယ်လိုနည်းနဲ့ကိုင်ကိုင် ဥပဒေကို ချိုးဖောက်တာပဲ''

အားလုံးကို ဖမ်းထားလိုက်သည်။ ထိုအချိန် ၁၂ ဘီးကုန်ကားက မောင်းဝင်လာသည်။ ပုန်းကွယ်နေရာယူထားကြသူ တပ်ဖွဲ့ဝင်အချို့ ထွက်လာပြီး ကုန်ကားကို ဝိုင်းပိတ်တားဆီး ဖမ်းထားလိုက်၏။

ကားပေါ်တွင်ပါရှိသူ ငါးယောက်ကိုပါ ဖမ်းမိသည်။ လမ်းကြုံခရီးသည်အဖြစ် ဟန်ဆောင်ကာ လိုက်ပါလာကြသူများဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

မူးယစ်အထူးအဖွဲ့က လုပ်ငန်းအတွေ့အကြုံ ပိုများသည်။

ကားအတွင်းရှာသည်။ ဘာမှမတွေ့။ ကားပေါ်တွင် စက်ဘီးများပါလာသည်ကိုတွေ့ရ၏။ စစ်ဆေးသည်။ စက်ဘီးကို လှုပ်ကြည့်သည်။ စက်ဘီးကို ယ်ထည်ဘားတန်းများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်းကျော်ကို ဖမ်းမိသည်။

ဒုရဲမှူး ကျော်ဗလက အားလုံးကို ဖမ်းဆီးစေလိုက်သည်။

''တီ.....တီ.....တီ''

ဦးနေလ သေနတ်ပစ်ခံရကြောင်း တိုင်ကြားမှုဖြင့် အခင်းဖြစ်အရပ်သို့ ရောက်ရှိနေသော ဒုရဲအုပ် ခင်ထွန်းထံမှ စကားပြောစက်အသံ ထွက်လာခဲ့၏။

''ပြော.....ဆရာခင်ထွန်း''

''ဒီမှာ ဘာမှမထူးဘူး၊ လှမ်းပစ်တယ်ဆိုတဲ့နေရာကိုရှာတော့ ခြေရာမတွေ့ရဘူး၊ ကျည်ခွံလည်းမတွေ့ရဘူး''

''အေး..ဦးနေထူး အဲဒီမှာရှိလား''

''ရှိတယ် စခန်းမှူး''

''ဦးနေထူးကိုဖမ်းပြီး စခန်းကို ခေါ်လာခဲ့တော့''

ဒုရဲမှူး ကျော်ဗလက ပွဲသိမ်းမြန်သည်။ ကုန်တင်ကားနှင့် မသန္တာစီး လာသောကားကို ရဲစခန်းသို့ မောင်းယူခဲ့သည်။ ရဲစခန်းဝင်းထဲတွင် အသေးစိတ်ထပ်ရှာသည်။

မသန္တာ၏ကားထဲမှ စိတ်ကြွဆေးပြား တစ်သိန်းကျော်ကို ထပ်မံရှာတွေ့ခဲ့သည်။ မသန္တာကို ရဲမေနှစ်ယောက်က ထိန်းထားသည်။

ကုန်ကားကို အသေးစိတ်ထပ်ရှာကြသည်။

အချိန်တစ်နာရီကြာခန့်တွင် ဦးနေထူးကို ဖမ်းဆီးခေါ်ဆောင်လာသော ဒုရဲအုပ် ခင်ထွန်းနှင့်အဖွဲ့ ရဲစခန်းသို့ ရောက်လာသည်။

ရဲစခန်းသို့ ရောက်လာသည်နှင့် ဦးနေထူးက လက်ကျန်မာနဖြင့် ဒုရဲမှူး ကျော်ဗလကို ရန်တွေ့သည့်စကားဆိုလိုက်၏။

''ကျုပ်ကို ဘာကြောင့်ဖမ်းတာလဲ''

''ဦးနေထူးရဲ့ကုန်ကားကို ကြည့်ပြီးမှ မေးပါဗျာ''

''ကျုပ်ကားလို့ ဘယ်သူကပြောသလဲ''

''မသန္တာကိုမြင်ရင် ဒီမေးခွန်းမျိုးပေးဝံ့ဦးမလား''

ဒုရဲမှူး ကျော်ဗလက အခန်းထဲတွင် ဝုက်ထားသော မသန္တာကို ခေါ်လာစေပြီး ပြသလိုက်၏။ ဦးနေထူးမှာ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

''ခင်ဗျားက ကျွန်တော်ပြောင်းလာကာစက ထမင်းစားဖိတ်တယ်၊ ငွေနဲ့မားထည့်ထားတဲ့ ယွန်းကွမ်းအစ်နှစ်ခုထဲက တစ်ခုခုကို ရွေးခိုင်းခဲ့တယ်''

ဦးနေထူး လုံးဝမလှုပ်ပေ။

''ငွေကိုယူရင် မိတ်ဆွေ၊ ဓားကိုယူရင် ရန်သူပေါ့၊ ကျွန်တော်က ဓားကိုရွေးတော့ ခင်ဗျားက ခင်ဗျားတပည့်တွေကို လုပ်ကြံခိုင်းတယ်၊ မအောင်မြင်ခဲ့ဘူးမဟုတ်လား''

''ဒါက ကျုပ်တို့လောကမှာ နိုင်သူစားစတမ်းပဲ''

''ဟုတ်ပါတယ်၊ ဒုစရိုက်သမားအချင်းချင်းအပေါ်တော့ ခင်ဗျားပြောတာ မှန်တယ်၊ ကျွန်တော်တို့က တာဝန်သမား၊ ဥပဒေက အကာအကွယ်ပေးထားတယ်''

''ခင်ဗျားပြောတာ လက်ခံတယ်၊ ကျွန်တော် ဒီနေ့ ပစ္စည်းပို့မယ်ဆိုတာ ခင်ဗျား ဘယ်လိုသိသလဲ''

''ရှင်းရှင်းကြီးပဲဗျာ၊ ခင်ဗျားက ကိုယ့်ကားကိုယ် သေနတ်နဲ့ပစ်ပြီးလုပ်ကြံခံရသလို ဇာတ်လမ်းထွင်မှာယ်၊

www.burmeseclassic.com

www.burmeseclassic.com

အခင်းဖြစ်အရပ် စစ်ဆေးစေခြင်းနဲ့ ရဲစခန်းကအင်အားကို ခင်ဗျားရှိတဲ့နေရာ ဆွဲခေါ်တယ်၊ ရဲစခန်းက အင်အား ထုတ်နုတ်ပြီး ခင်ဗျားခေါ်ရာလိုက်လာရင် အဲဒီအချိန်မှာ ခင်ဗျားက အခွင့်အရေးယူပြီး ကုန်ကားကို ထွက်နိုင်အောင် လှည့်စားခဲ့တာပဲမဟုတ်လား''

''စခန်းမှူးက ဘယ်လိုသိတာလဲ''

''ခင်ဗျားသမီးကို ငွေပေးပြီး ရဲစခန်းကို လွှတ်လိုက်ကတည်းက တစ်ခုခုလုပ်တော့မယ်ဆိုတာ ရိပ်မိခဲ့တယ်၊ အမှုဖွင့်ပြီး ရဲစခန်းမှာရှိတဲ့အင်အားကို ခင်ဗျားဘက် ဆွဲထုတ်တယ်၊ ဒါကို တွက်မိလို့ ကျွန်တော်က ခင်ဗျားခေါ်ရာမလိုက်ဘဲ စောင့်ဖမ်းလိုက်တာပဲ''

ဦးနေထူးမှာ အပွဲပွဲန္တိုလာသမျှ ယခုမှ အရှုံးပေးလိုက်ရ၍ သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေခဲ့သည်။

''ခင်ဗျားက ကျုပ်ကို ငွေနဲ့မျှားတယ်၊ မရတော့ သမီးနဲ့ဆွဲဆောင်တယ်၊ မရတော့ အမှုဖွင့်ပြီး လမ်းကြောင်းလွှဲဖို့ ကြိုးစားခဲ့တာပဲမဟုတ်လား''

''တော်ပါပေတယ် စခန်းမှူးရယ်''

''ဒါပဲလေ၊ အဲဒါအမှန်ပဲ၊ ကျုပ်ကိုတော်အောင် ရဲတပ်ဖွဲ့က သင်တန်းအမျိုးမျိုးနဲ့ အသိဉာဏ်ဖွင့်ပေးခဲ့တယ်၊ ခင်ဗျားရဲ့လှည့်ကွက်မှာ ခြေတစ်လှမ်း အသာရသွားလို့ ခင်ဗျားကို ဖမ်းနိုင်ခဲ့တာပဲ''

''ကျုပ် တောင်းပန်ပါရစေ''

''ဘွာခတ်လို့မရဘူးလေ၊ ခင်ဗျားနဲ့ကျွန်တော် ဉာဏ်ကစားတဲ့ပွဲမှာ အရှုံးပေးခဲ့ရတယ်ဆိုတာ ခင်ဗျား ဝန်ခံပြီလား''

ဦးနေထူးက ဝန်မခံခဲ့။

''ကျုပ်အတွက် ထောင်ထဲမှာပဲ အချိန်ကုန်ရတော့မယ်ထင်တယ်၊ ကျုပ်သမီးလေးကိုတော့ ချမ်းသာပေးပါဗျာ''

''ဟုတ်ကဲ့ပါ၊ ဥပဒေအတိုင်းကလွဲလို့ ဘာမှမကူညီနိုင်တာကို ဝမ်းနည်းပါတယ်၊ လူပေါင်းများစွာကို အသံတိတ်နည်းနဲ့သတ်မယ့် မူးယစ်ဆေးဝါးသားကောင်တွေဖြစ်နေလို့ တရားဥပဒေအရ အရေးယူရမှာကို ခွင့်လွှတ်ပါ''

ဒုရဲမှူး ကျော်ဇလက သူ့၏အောင်မြင်မှုအတွက် ပြုံးခဲ့နိုင်၏။

မသန္ဓာတို့သားအဖမှာ လူသားအားလုံးကို ငရဲသွားရာလမ်းပေါ်သို့ ရောက်ရှိစေရန် ဖန်တီးခဲ့မိကြသူများဖြစ်၍ သူတို့ဘဝ၏ရှေ့ရေးမှာ ငရဲဆိုသော ခရီးလမ်းသာဖြစ်ကြောင်း ကောင်းစွာသဘောပေါက်သွားခဲ့ရလေတော့၏။

စာပေသွားပြင့်
အောင်ကျော်ဇော

အင်ကြာဝေဒနာရှင်များဝမ်းမြောက်ပွဲယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အင်ကြာဝိဇ္ဇာ ဆရာကြီးဆရာလွှာ အင်ကြာပြုပြင်ရာဌာနမှ-

ဆရာကြီးဇော်သား ဆရာဦးရဲဝဝမ်း

ကိုယ်တိုင်အောက်ပါအင်ကြာရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အင်ကြာသေ ၊ အင်ကြာတက် ၊ ထုံနာ ကျွံနာ ၊

ခြေသေလက်ကပ် ၊ လေနင်းထုတ် ၊ အရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအင်ကြာနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

ဆေးခန်းဖွင့်ချိန်

၇/၁၂၀၊ မိုလိချုပ်လမ်း၊ဝေဘာဂီဖြူသစ်၊မြောက်ဥက္ကလာပဖြို့နယ်၊ရန်ကုန်ဖြို့။
အမှတ် (၄၃) ဒေဟသိကာ၊စီးရီးနယ်သာဂိမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၄

ဆေးခန်းဖွင့်ချိန် ၊ နံနက်(၇)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အင်ကြာဝိဇ္ဇာဆရာကြီးဆရာလွှာအင်ကြာလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိရောက် ဆိုးကျိုးကင်း အရသာရှိ

ပုဝဲဒါးဝဲဒါင်း

1504YR0768

လေးဘက်နှာပျော်ဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com

စိန်ခြေ

မင်းဝမ္မကုန်းကားပျောက်မှု

ဝန်းမျိ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ကားတားပါတယ်။ အမျိုးသားတစ်ယောက်ပါ။ အင်းစိန်ဖော့ကန်ကို ငှားတယ်။ ငွေကျပ်လေးထောင်နဲ့ ဈေးတည့်တယ်။ ခရီးသည်ကို အတက်ခိုင်းတယ်။ ကားရွှေ့ခန်းဝင်ထိုင်တယ်။ နောက်ခန်းက နှစ်ယောက်တက်လိုက်တာ မြင်းမိုရ် တွေ့ရတယ်။

''ခင်ဗျားတစ်ယောက်တည်း မဟုတ်လား။ နောက်ကအစ်ကိုတွေက ဘယ်ကတက်လာကြလဲ''

''ဈေးသွားဝယ်နေကြတာလေ၊ အတူတူပဲ''

မြင်းမိုရ်က မြေနီကုန်းဘက်ကို အရင်မောင်းတယ်။ ပြည်လမ်းမှ အင်းစိန်ဘက် ဦးတည်မောင်းပါတယ်။ ကားမောင်းရင်း City FM ကို ဖွင့်လာခဲ့တယ်။ ကားသမားများက တစ်ခါတစ်ရံ ခရီးသည်နဲ့ စကားလက်ဆုံကျလာတတ်တယ်။ သည်တစ်ခါတော့ တစ်ယောက်နဲ့မှ စကားမပြောပါဘူး။ ကိုယ့်အတွေးနဲ့ကိုယ်ပါ။

မြင်းမိုရ်က ကားလက်ခံရရှိတာ တစ်ပတ်ရှိသွားပြီ။ တစ်ပတ်အတွက် အုံနာခပေးချေဖို့ စောစောသွားမယ်၊ မြန်မြန်ပြန်မယ်လို့သာ စိတ်ကူးနေခဲ့ပါတယ်။ အခုအင်းစိန်ခရီးစဉ်ပြီးရင်တော့ သိမ်းတော့မယ်လေ။

တီးလုံးသံလေး ကြားလိုက်ရတယ်။ ရွှေကထိုင်လိုက်လာတဲ့ ခရီးသည်ထံ တယ်လီဖုန်းလာနေတာပါ။ ခါးချိတ်ထားရာမှ ဖုန်းကိုဖြုတ်ပြီးပြောပါတယ်။ မြင်းမိုရ်က ကားထဲကရေဒီယိုကို ပိတ်ပေးလိုက်တယ်။

''အချစ်ကလေး ပြော''

''အစ်ကိုကြီးလား။ သမီး ရွှေညောင်ပင်အဝေးပြေးမှာ ရောက်နေပြီ၊ အစ်ကိုကြီး အခုဘယ်ရောက်နေလဲ''

စပီကာဖွင့်ပြီး ပြောနေတာမို့ အားလုံးကြားနေရတယ်။ ဟိုဘက်ကပြောတဲ့ အမျိုးသမီးအသံ တော်တော်လေးကြည်လင်ကြောင်း မြင်းမိုရ် သတိပြုမိတယ်။

''အချစ်ကလေး အင်းစိန်မှာ ရှိသေးတယ်ထင်လို့ ကိုယ်တို့လာနေတာ၊ အခု ဘီအိုစီမှတ်တိုင်တောင် ကျော်လာပြီ၊ ဘာဖြစ်လို့ အစောကြီးဆင်းသွားရတာလဲ''

''သမီးစောတာမဟုတ်ဘူး၊ အစ်ကိုကြီးသာ အချိန်အတွက်မှားနေတာ၊ အခု ညနေ ၅ နာရီခွဲပြီလေ၊ အစ်ကိုကြီးကို ငွေပေးထားခဲ့ဦးမယ်၊ သမီးဆီလာယူပါလား။ ကားက ၆ နာရီတိတိ ထွက်မယ်၊ မြန်မြန်လာနော်''

ယာဉ်မောင်းမြင်းမိုရ် ကားရပ်လိုက်ပြီး ကားအုံနာအိမ်သွားရမှာဖြစ်လို့ ခရီးလမ်းကြောင်းပြောင်းလိုက်လို့ မဖြစ်ပါဘူးလို့ပြောလိုက်တယ်။

''ညီလေးရယ် ကိုယ့်ရည်းစားက ပိုက်ဆံဆယ်သိန်းလောက်ပေးမယ်ပြောထားတာ၊ ဒီအခွင့်အရေးကို လက်လွတ်ခံလို့မရဘူး။ ကျေးဇူးပြုပြီး ပါရမီအဝေးပြေးကားဝင်းကို ပြန်ခေါက်ပေးပါကွာ၊ ကားခလည်း ပိုယူလိုက်ပါ။ မင်းဝမ္မကုန်းဘက်ကဖြတ်လိုက်ရင် နီးမှာပါကွာ၊ နော် ချစ်ညီလေး''

''မလိုက်နိုင်လို့ပါ အစ်ကိုတို့ရာ''

''ဒီတစ်ချက်တော့ လုပ်ပေးပါကောင်လေးရာ''

ကရိနာ အငှားတက္ကစီကားမြေလေးကို စက်ပြန်ခွန်းပြီး ညာလှုံးကာ

ကရိနာ ဂျပန်ကားသစ်လေး မောင်းရတဲ့နေ့ကစပြီး မြင်းမိုရ် ပျော်ရွှင်ရပါတယ်။ အော်တိုဂီယာလေးနဲ့မို့ မောင်းရတာ တစ်မျိုးအရသာရှိနေတာလေ။ ကားအရောင်ကလည်း ဖြူဆွတ်ဆွတ်လေးမို့ မြင်းမိုရ်အကြိုက်ဆုံးပါ။

ရန်ကုန်မြို့တော်မှာ ကိုယ်ပိုင်ကားများ ပေါများလာပေမယ့် အငှားကားတစ်စီးရဖို့ မလွယ်ပါ။ ကားပိုင်ရှင်များက စပေါ်အများအပြားတောင်းတာတွေလည်းရှိတယ်။ စပေါ်မတောင်းသော်လည်း လူကိုယုံမှ ကားပေးတာမျိုးရှိပါတယ်၊

သည်ကား ၄က/၃၃--ရဲ့ ယာဉ်ပိုင်ရှင်က မြင်းမိုရ်ရဲ့ အကျင့်စာရိတ္တကို မေးမြန်းလေ့လာပြီးမှ တစ်နေ့ ကျပ်တစ်သောင်းခွဲနဲ့ ငှားထားတာပါ။ တစ်ပတ် တစ်ခါရှင်းဖို့ ပြောထားတယ်။ နေ့တိုင်းပေးလည်း ယူတာပါပဲ။

ဒီနေ့ ၁၉-၁-၂၀၁၃ နေ့ ကားပိုင်ရှင်ဆီမှာ ပထမဆုံးအကြိမ် တစ်ပတ်စာပေးရမှာပါ။ မြင်းမိုရ် ရေတာရွာည လမ်းဟောင်းမှာ ကားထိုးရပ်ပြီး မုန့်ဝယ်စားတယ်။ ကားပြန်ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆောလျင်စွာ ထွက်ခွာသွားပါတော့တယ်။

+++

"ကိုသန့်ဇင်ဦးရှိလား။ ကိုသန့်ဇင်ဦးရှိလား"

ဒဂုံမြို့သစ်(မြောက်ပိုင်း)တော်ဝင်အိမ်ရာ၊ ထိပ်ဆုံးတိုက်မှာ လူတစ်ယောက် အော်ခေါ်နေပါတယ်။ တိုက်ခန်းတံခါး ပွင့်လာတယ်။

"ဘာကိစ္စရှိလို့လဲ၊ သန့်ဇင်ဦးက ဥက္ကလာက သူ့အိမ်မှာ၊ တို့က သူ့အဖေပါ၊ ပြောပါ၊ ဘာလုပ်ပေးရမလဲ"

ဦးမြင့်အုန်းက မေးလိုက်တယ်။

"ကျွန်တော် မြင်းမိုရ်အစ်ကို မြင့်ဟန်ပါ၊ ဦးကိုရွာနေတာပါ၊ ဦးနာမည်မသိလို့ သူငယ်ချင်းသန့်ဇင်ဦးနာမည်ကိုပဲ ခေါ်နေတာပါ"

"ပြောပါ၊ ရတယ်"

"မြင်းမိုရ် အင်းစိန်ဆေးရုံရောက်နေတဲ့အကြောင်း လာပြောတာ"

ဦးမြင့်အုန်း အံ့အားသင့်သွားတယ်။ ကားမတော်တဆမှု ဖြစ်ပွားပြီဆိုတာ သိလိုက်တယ်။ သားဖြစ်သူထံ ဖုန်းဆက်ခေါ်လိုက်တယ်။ နာရီဝက်ခန့်အကြာမှာ အင်းစိန်ဆေးရုံကို လိုက်သွားကြတယ်။ မြင်းမိုရ်ကို ဒဏ်ရာတွေနဲ့ တွေ့ရပါတယ်။ သတိတော့ရနေပါပြီး၊ လည်ပင်းမှာ ပြတ်ရှဒဏ်ရာ၊ ညာဘက်နံစောင်းမှာ ထိုးသွင်းဒဏ်ရာရယ်တာတွေ့ရတယ်။

"မြင်းမိုရ် နေကောင်းရဲ့လား၊ အခုစကားပြောနိုင်လား"

"သက်သာပါတယ် ဦးလေး၊ စကားပြောလို့ရတယ်၊ ကံကောင်းလို့ မသေတာ၊ တက္ကစီငှားတာ မင်းဓမ္မကုန်းလူပြတ်တဲ့နေရာရောက်တော့ ခရီးသည်တစ်ယောက်က လည်ပင်းနဲ့ထောက်တယ်၊ ကားပေါ်ကဆင်းခိုင်းတယ်၊ ကျွန်တော်က လက်ကာလိုက်လို့ သူတို့က ကျွန်တော့်လည်ပင်းကို လိုးလိုက်တယ်၊ ကျွန်တော် လှုပ်လှုပ်ရှားရှားဖြစ်သွားတာမို့ နောက်တစ်ယောက်က စကေဘာလိုအခွန်နဲ့ထိုးပါတယ်၊ ကျွန်တော့်ကို ကားပေါ်က တွန်းချခဲ့တယ်၊ ကျွန်တော် ကျန်ခဲ့တယ်၊ သူတို့ ကားမောင်းပြေးသွားကြတယ်"

ဦးမြင့်အုန်း လွန်စွာတုန်လှုပ်မိပါပြီ။ အထင်နဲ့လက်တွေ့ ကွာခြားသွားတယ်။ မြင်းမိုရ်ကို အသေလုပ်သွားရာမှာ ညာဘက်နံဘေးနဲ့ပေါ်ထောက်မိလို့ ကံကောင်းသွားပါတယ်။ မသေကောင်း မပျောက်ကောင်းပါလား။ မိနစ်အနည်းငယ်ကြာမှရပ်ကွက်ထဲကလူတွေရောက်လာပြီး ဆေးရုံပို့ပေးကြပါတယ်တဲ့။ အင်းစိန်ရဲစခန်းက ရဲအရာရှိတွေလည်း ရောက်လာပြီး စီမံပေးပါတယ်။ အမှုလည်းဖွင့်ပြီးပြီလို့ပြောပါတယ်။ သန့်ဇင်ဦးက ဖခင်ကြီးပြောဆိုချက်အရ သူငယ်ချင်း မြင်းမိုရ်ကို အားလုံးလုပ်ပေးပါတယ်။ ဆေးရုံမှာ လိုအပ်တာတွေကိုလည်း လုပ်ပေးတယ်။ ဆွေမျိုးသားချင်းတွေကလည်း လာရောက်ကြည့်ရှု အားပေးကြပါတယ်။

+++

ဦးမြင့်အုန်းက အင်းစိန်ရဲစခန်းကို သွားရောက်တယ်။ ရဲစခန်းက အချင်းဖြစ်ကိစ္စ အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးနေပါပြီ။ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့ကလည်း ကွပ်ကဲမှုပေးပါတယ်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိတာကို ဦးမြင့်အုန်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါတယ်။

အင်းစိန်ရဲတပ်ဖွဲ့အနေနဲ့ ပျောက်ဆုံးသွားတဲ့ ကရီနာကားအဖြူရောင် လေးအား တားဆီးပိတ်ဆို့နိုင်ရေး အပူတပြင်း လုပ်ဆောင်နေပါတယ်။ ဆက်စပ် ပြည်နယ်/တိုင်းဒေသကြီးများက ရဲစခန်းတွေကို သတင်းပေးထားပြီးဖြစ်ပါတယ်။

အချင်းဖြစ်ကားကို ဖော်ထုတ်ပြီး ကျူးလွန်ပါဝင်တဲ့ တရားခံများကို အမြန်

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းဆီးနိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ပစ္စည်းပျောက်ကြောင်ခြာအတွက် ကားနဲ့ပတ်သက်တဲ့ အထောက်အထား၊ စာတိုပုံများကို ဦးမြင့်ဦးရဲ့အကူအညီ ရယူရပါတယ်။

"သန့်ဇင်ဦး ရဲကလည်း လုပ်သင့်တာလုပ်မှာပါ၊ တို့ကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို ကိုယ့်ကား ကိုယ်လိုက်ရှာရမှာပဲ"

"အဖေနေခဲ့ပါ၊ အိမ်မှာနားနေပါ၊ အဖေက လူကြီးရောဂါနဲ့၊ သားတို့သူငယ်ချင်းတွေ ထွက်ပါ့မယ်"

စိတ်ရောလူပါ ထိခိုက်မှာစိုးလို့ သားဖြစ်သူကပြောပေမယ့် ဦးမြင့်အုန်းက သားကိုပေးထားတဲ့ ကားတစ်စီးနဲ့ ရှာပုံတော်ဖွင့်ပါတယ်။ မြို့ပြင်ကိုထွက်သွားနိုင်လောက်တဲ့ ထောက်ကြွန့်လမ်းဆုံကို ရောက်သွားတယ်။

"အပြင်ကိုထွက်နိုင်တယ်၊ ဒါပေမဲ့ နံပါတ်အမှန်နဲ့ ထွက်ရမှာမဟုတ်ဘူး၊ ကားနံပါတ်ပြောင်းမှာ သေချာတယ်"

"ဟုတ်တယ် အဖေ၊ နံပါတ်ပြားကိုလည်း ရေးတဲ့ဆိုင်တွေမှာ အဟန့်အတားမရှိ ရေးလို့ရတာပဲ၊ ကားကို အရောင်ပြောင်းရင်ရော အဖေ"

"အရောင်ပြောင်းရင် အချိန်ပေးရတယ်၊ မဖြစ်နိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ မမှတ်မိအောင် စတေကာတွေ ဘာတွေ ရွှဲအောင်လုပ်ထားနိုင်တယ်"

"အဖြူပေါ် အရောင်တင်တာပဲ အဖေ၊ ဘာခက်မှာလဲ"

"ဖြစ်ရင်လည်းဖြစ်နိုင်တာပဲ"

ဦးမြင့်အုန်းနဲ့ သန့်ဇင်ဦးတို့သူငယ်ချင်းတွေ လှိုင်သာယာဘက်ကို ဦးတည်ကြပြန်တယ်။ လမ်းတစ်လျှောက်မှာ ဦးမြင့်အုန်းက ချောင်ကျတဲ့ ကားဝပ်ရှော့ခ်များကို ဝင်ကြည့်ခိုင်းတယ်။ အထူးသဖြင့် ကိုယ့်ခြေနဲ့ကိုယ့်ဝင်းမှာ လုပ်နေတဲ့နေရာတွေကို ပိုဂရုစိုက်ခိုင်းပါတယ်။

သည်နေရာများက ကားကို အရောင်ပြောင်း နံပါတ်အသစ်ထပ်ရေးကပ်၊ တစ်စစီဖြုတ်နဲ့ အစုံလုပ်တတ်တာကိုး။ မင်္ဂလာဒုံ၊ အင်းစိန်၊ လှိုင်တို့ဘက်မှာ တော်တော်များများ လေ့လာကြည့်ခိုင်းပါတယ်။

လှိုင်သာယာဘက်ကိုလည်း အချိန်ပေးပြီး စုံစမ်းရပါတယ်။ ထောက်ကြွန့်ထွက်ပေါက်ပြီးရင် သည်ဘက်ကလည်း အရေးကြီးတာပဲ။ ရောဝတီဘက်ကို ထွက်သွားလေ့ရှိလို့ပါ။ တစ်နေ့တစ်ည ဆက်တိုက်အပင်ပန်းခံရပါတယ်။

သန့်ဇင်ဦးတို့သူငယ်ချင်းတွေက ကားကို တစ်လှည့်စီမောင်းကြတယ်။ ဦးမြင့်အုန်းက လမ်းမှာ တစ်လမ်းလုံး ကားဖြူဖြူလေးတွေကို ကြည့်ရတယ်။ ဆီဖြည့်ရတယ်၊ ရောက်တဲ့အရပ်မှာစား သောက်ပြီး လှည့်ပတ်နေရပါတယ်။

သားဖြစ်တဲ့သူက ဖခင်ကို အိမ်ပြန်နားခိုင်းပေမယ့် ဘယ်မှာစိတ်အေးလက်အေး နေနိုင်ပါ့မလဲ။

+++

အချင်းဖြစ်တာ စနေနေ့။ တစ်ရက်တစ်ည လုံး အပင်ပန်းခံခဲ့ပြီ။

တနင်္လာနေ့ရောက်လည်း အရှိန်အဟုန်လျော့လိုက်လို့ မရသေးကြောင်း ဦးမြင့်အုန်းက ပြောပြပါတယ်။ ပြင်ပမြို့နယ်ကို အချင်းဖြစ်ကားထွက်သွားချိန်မရောက်ခင်လေးမှာ ကိုယ်ကလက်ဦးထားဖို့ လိုအပ်တယ်လို့လည်း ဦးမြင့်အုန်းက ပြောပြပါတယ်။

ခိုးရာပါကားအတိုင်း မထွက်နိုင်ပါ။ ဥပဓိရုပ်ပြောင်းပြီးမှ ထွက်မှာပါ။ အနည်းငယ်မျှသော ရက်ပိုင်းလေးမှာ အပြန်ဆုံးလုပ်ကြမယ်။

ဦးမြင့်အုန်းတွက်ထားတာက ကိုယ့်ကားကို ကိုယ်မီအောင်လိုက်နိုင်မယ်လို့ ယုံကြည်နေတယ်။ ကံနဲ့ဥာဏ်နဲ့တိုက်ဖို့၊ ဝီရိယလျော့မပစ်ဖို့ပဲ အရေးကြီးပါတယ်။

ဒေါ်ပုတက်က ကားဝပ်ရှော့ခ်တွေကို လေ့လာရတယ်။ သန်လျင်ဘက်ကိုလည်း အရောက်သွားရပြန်တယ်။ ဦးမြင့်အုန်းက ကိုယ့်ကားပြန်တွေ့မှာပဲလို့ ယုံကြည်နေပါတယ်။ တပ်မတော်(လေ)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ရဲအုပ်အဆင့်၊ ခုရဲမှူးအဆင့်တို့နဲ့ မြို့နယ် (၅)မြို့နယ်မှာ အတွေ့အကြုံများရခဲ့သူပါ။

ကားပျောက်မှု၊ ကားခိုးမှုတို့ကို လိုက်ခဲ့ဖူးပြီး အပင်ပန်းခံတာနဲ့အမျှ ပါဆုံးပစ္စည်းများ ပြန်ရခဲ့ဖူးပါတယ်။ ယခုလည်း လမ်းမဆုံးခင် ရွာတွေ့ဆိုတာမျိုး ဖြစ်လာမှာပါ။ သားဖြစ်သူနဲ့ သူငယ်ချင်းများကလည်း ဖခင်ဦးမြင့်အုန်းစကားနဲ့ မနားမနေဆောင်ရွက်မှုကို နားထောင်ပါတယ်။ ဆောင်ရွက်ပါ တယ်။

"မြောက်ဥက္ကလာမှာ နေ့လယ်စာစားမယ် အဖေ"

"ငွေတောင်မှာပဲ စားရအောင် သားရယ်"

www.burmeseclassic.com

www.burmeseclassic.com

နေ့ခင်းအချိန် ၁၁ နာရီ ၅၅ မိနစ် ရှိနေပါပြီ။ တောင်ဥက္ကလာက တရုတ်ဟင်းမျိုးစုံရတဲ့ ငွေတောင်ဆိုင်မှာ ဦးမြင့်အုန်း စားနေကျပါ။ သန့်ဇင်ဦးတို့က ဆိုင်ထဲဝင်သွားချိန်မှာ ဦးမြင့်အုန်းကတော့ ပျောက်တဲ့ကားအပေါ် မှာပဲ အာရုံရောက်နေပါတယ်။ ဆိုင်ရှေ့မှာ ကားလေးများ တန်းစီပါကင်ထိုးထားပါတယ်။ ကားသမားတွေ ထမင်းဝင်စားနေကြတာပါ။

ဦးမြင့်အုန်း ရှိန်းခနဲ ခေါင်းနွေးသွားပါတယ်။ ကရိနာကားအဖြူလေး တစ်စီးကို တွေ့ရလို့ပါ။ စတေကာတွေ ကပ်ထားတာ တွေ့ရတယ်။ ပစ္စည်းပျောက်ထားသူဖြစ်လို့ မသက်ဘဲတဲ့ မျက်လုံးနဲ့ပဲ ကြည့်နေမိတယ်။

လူတစ်ယောက် ရောက်လာတယ်။ ထမင်းစားပြီးလို့ ပြန်လာတယ် ဆိုပေမယ့် ဦးမြင့်အုန်းက ကားကို ကြည့်နေတာတွေ့လို့ ချက်ချင်းရောက်လာတဲ့ပုံပေါ်နေပါတယ်။ ကားအမျိုးအစားရယ်၊ အဖြူရောင်ရယ်ပဲ တူသေးပေမယ့် ဦးမြင့်အုန်းက သားဖြစ်သူ သန့်ဇင်ဦးကိုလှမ်းခေါ်ပြီး ရှေ့ကနေ ကားနဲ့ပိတ်ထားဖို့ ပြောလိုက်တယ်။ မဖြစ်နိုင်ဘူး၊ သေချာတဲ့အထောက်အထား မရှိဘူးဆိုပေမယ့် သန့်ဇင်ဦးက သူမောင်းလာတဲ့ကားကို ကားဖြူလေးမထွက်နိုင်အောင် ပိတ်ရပ်လိုက်တယ်။ စက္ကန့်အနည်းငယ်အတွင်းမှာပါ။ မြန်လိုက်တဲ့ သန့်ဇင်ဦး၊

''ဘာလဲ ကျူပ်ကားအခုထွက်မယ်၊ ဘာလုပ်တာလဲ''

ထိုလူဟာ ကားပေါ်တက်ပြီး မောင်းထွက်သွားဖို့ပြင်နေပါတယ်။ ဒေါသထွက်တာထက် စိုးရိမ်နေတဲ့ ထိုသူ့မျက်လုံးကို ဦးမြင့်အုန်း တွေ့လိုက်ရတယ်။ ဦးမြင့်အုန်းဟာ ရဲအရာရှိဟောင်းပီပီ ပြဿနာတစ်ခုကို လျင်မြန်တဲ့ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ချက်ကို ဆက်တိုက်ဆောင်ရွက်ပါတယ်။ လက်ဝှေ့သမားဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ ဦးမြင့်အုန်းဟာ ပေါ်လာတဲ့ဟာကွက်ကို အသုံးချလိုက်ပါတယ်။

''ပျောက်သွားတဲ့ကားပဲ၊ မောင်းထွက်လို့မရပါဘူး''

''ဘာလဲ၊ ကျူပ်ဝယ်ထားတာ''

''အဲဒါပြောတာ''

ဦးမြင့်အုန်း နောက်မဆုတ်နိုင်ပါ။ ကားဖြူလေးကို စစ်ဆေးပါတယ်။ ကိုယ့်အမှတ်အသား တစ်ခုတလေမှ မတွေ့ရပါ။ သို့သော် ဦးမြင့်အုန်း မျက်လုံးများ ဝင်းပလာတယ်။ နောက်ဘီးခွေနဲ့ လည်အားကုတ်အားကောင်းတဲ့ တာယာလဲထားတာ သည်အတိုင်းတွေ့လိုက်ရပြီ။

သားဖြစ်သူက အဖေမှားနေပြီဆိုပြီး စိုးရိမ်စိတ်များနဲ့ ကြည့်နေပါတယ်။ ဦးမြင့်အုန်းက အိတ်ကပ်ထဲက ကားသော့အော်ရီဂျင်နယ်ကိုထုတ်ယူကာ ကားတံခါးဖွင့်၊ ကားစက်နှိုးပြလိုက်ပါတယ်။ ကားဟာ ဝူးခနဲ စက်နိုးသွားပါတယ်။

''ကျွန်တော် ဘာလက်ဝယ်ထားတာပါ''

''ဦးရာပါကားပဲ ကိုယ့်လူ''

ထိုလူ တော်တော်တုန်လှုပ်သွားတယ်။ သန့်ဇင်ဦးတို့ သူငယ်ချင်းတွေလည်း အံ့သြသွားကြတယ်။ ဦးမြင့်အုန်း အနေနဲ့ နောက်ဘီးကားတာယာအသစ်က ဆုံးဖြတ်ချက်အမှန်ပေးသွားတာပါ။ လူအချို့ ဝိုင်းကြည့်ကြတယ်။ ကားထဲမှာ သန့်ဇင်ဦးကပ်ထားတဲ့ စတေကာအသေးတွေ တွေ့ပါသေးတယ်။ ပိုသေချာသွားပါပြီ။ ကားအသွင်ပြောင်းတဲ့သူ သတိမထားတဲ့ အသေးအဖွဲလေးပါပဲ။

ကားလက်ဝယ်တွေ့သူက ကားနောက်ခန်းမှာထည့်ထားတဲ့ ပစ္စည်းအိတ်ကိုယူပြီး ကားထားခဲ့ရန်၊ တစ်ခါတည်းထွက်သွားရန် ထိုလူက ဦးမြင့်အုန်းကို ပြောလာပါတယ်။ သူ စိတ်လှုပ်ရှားနေပါပြီ။

''ဘလက်ဝယ်ထားရင် သက်သေပဲလေ၊ ထွက်သွားရင် ဝိုင်းရိုက်ခံရလိမ့်မယ်၊ ရဲစခန်းမှာရှင်းမှဖြစ်မယ်''

ဦးမြင့်အုန်းက ရဲပညာကိုအသုံးပြုပြီး စည်းရုံးပြောလိုက်တာပါ။ ဟိုလူထိတ်လန့်စွာ ဘာလုပ်ရမယ်မသိဖြစ်နေပါတယ်။ ဦးမြင့်အုန်းက လိုအပ်တဲ့ ဓာတ်ပုံမှတ်တမ်းများပြုပြီး အမှုဖွင့်ထားတဲ့ အင်းစိန်ရဲစခန်းကို ဖုန်းဆက်ခေါ်လိုက်ပါတယ်။

+++

၁၉၈၈ ခုနှစ်နှောင်းပိုင်းမှာ ဦးမြင့်အုန်းဟာ ကန်တော်ကြီးစောင်းက ကားပျောက်မှုတစ်ခုကို ကိုယ်တိုင်အနီးကပ်ကြီးကြပ်ဖူးပါတယ်။ အိမ်တံခါးဖွင့်ပြီး ခိုးယူမောင်းထွက်သွားတဲ့ ပါးပလေကာကားကို လပေါင်းများစွာကြာမှ အမှုပေါ်ခဲ့ပါတယ်။

အချင်းဖြစ်ကား နံ့သာရောင်ကို အနီရောင်ပြောင်းခဲ့တယ်။ ကားအင်ဂျင်နံပါတ်ပြင်ရိုက်ထားတယ်။ တရားဝင်

www.burmeseclassic.com

www.burmeseclassic.com

လိုင်စင်ရှိတဲ့ကားအသွင်ကို ပြောင်းလဲလိုက်တယ်။ နောက်ဆုံးအဆင့် လူတစ်ယောက်ဆီကို တရားဝင် စာချုပ်စာတမ်းနဲ့ ရောင်းလိုက်ပြီးဖြစ်ပါတယ်။

အမှုစစ်အရာရှိမှာ အပြင်းအထန် ကြိုးစားပေမယ့် သဲလွန်စရဖို့ များစွာခက်ခဲနေခဲ့တာပါ။ ဦးမြင့်အုန်းက ဒုမြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်နဲ့ အမှုစစ်အရာရှိတွေကို တွေးခေါ်မြော်မြင် အကြံပေးခြင်း၊ အခြားအဖွဲ့အစည်းများနဲ့ ပေါင်းစပ်ဆောင်ရွက်စေခြင်းများ ပြုလုပ်ပေးခဲ့ပါတယ်။

ဦးမြင့်အုန်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးကြောင့် ကားလက်ဝယ်ရှိသူ၊ ရောင်းချပေးသူ၊ ကားကိုအသွင်ပြောင်းသူ၊ ဒိုးရောပါကားလက်ခံသူများကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ထုတ်ခဲ့ပါတယ်။ နောက်ဆုံး ဂိုဒေါင်ဖောက်ပြီး ပြစ်မှုကျူးလွန်သူအားလုံးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။

တန်ဖိုးကြီးတဲ့ကားကို ပိုင်ရှင်ရဲ့ လက်ထဲ ပြန်ထည့်ပေးနိုင်တဲ့အမှုမှာ ဦးမြင့်အုန်းဟာ ပိတိတွေဖြစ်ရုံမက အတွေ့အကြုံကောင်းများ ရခဲ့ပါတယ်။ ကားပျောက်မှုများ မကြာခဏ တွေ့ရပြန်တယ်။ ကားပျောက်မှု လာတိုင်တယ်ဆိုရင် အလုပ်သင်အရာရှိငယ်လေးတွေပါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကားတွေနဲ့ အဖွဲ့တွေခွဲလိုက်ကြတာ ပျော်စရာအလွန်ကောင်းပါတယ်။ တစ်ခုသောကားပျောက်မှုမှာ ဟံသာဝတီအိုင်းနားက ပြန်တွေ့တယ်။

အချို့သောကားများမှာ တစ်စစီဖြစ်မှ ပြန်ရပေမယ့် အချို့သောကားများမှာ (၂၄)နာရီအတွင်း ပြန်ရတာမျိုးလည်းရှိပါတယ်။ ကားအမှုပေါ်တယ်ဆိုရင် ခေါင်းမီးတောက်နေတဲ့ တရားလိုတို့ကို စိတ်ချမ်းသာသွားစေတာက တန်ဖိုးရှိပါတယ်။

ကားပစ္စည်းဖြုတ်ယူတာလောက် ဖြစ်တဲ့ ကားပျောက်မှုများမှာ တရားခံများကို အားလုံးဖမ်းဆီးနိုင်တာမျိုးမရှိပါဘူး။ သို့ပေမယ့် လုယက်ခြင်း၊ ဖောက်ထွင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ နံပါတ်၊ အရောင်ပြောင်းခြင်း၊ တစ်ဆင့်ရောင်းချခြင်းအမှုများမှာ တရားခံနဲ့ ပါဝင်သူများကို ဖမ်းဆီးနိုင်လေ့ရှိပါတယ်။

ရန်ကုန်မှာ ကားပစ္စည်းဟောင်းရောင်းတဲ့ ကြက်တန်းစျေးများ အရေအတွက်များလာပြီး ဘာမဆို ရောင်းလို့ရပါတယ်။ အသစ်စက်စက်တွေလည်း ရောင်းတယ်။ ကားပစ္စည်းတွေနည်းမျိုးစုံပျောက်နေပြီး အချိန်မရွေး ရောင်းဝယ်နေကြတာပဲ။

ကားတစ်စင်းလုံး ပျောက်သွားပြီး အင်ဂျင်တုံးကြီးတစ်ခုတည်း ဖြုတ်ယူထားကာ ကားကိုပစ်ထားခဲ့တာတွေကိုလည်း တွေ့ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အရေးကြီးတဲ့အမှု၊ များစွာနစ်နာတဲ့အမှု၊ အများသူငါ စိတ်ဝင်စားတဲ့အမှုမျိုးဆိုရင် လုံးဝပေါ်အောင် စုံစမ်းရပါတယ်။

ဝပ်ရှော့ခ်တွေမှာလည်း တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များအနေနဲ့ ဝင်ရောက်စစ်ဆေးရပါတယ်။ အချို့နေရာတွေမှာ ကားကို တစ်မှုဟုတ်ချင်းပြောင်းလဲပစ်တတ်ပါတယ်။ ခိုးရာပါကားကို ရောင်းကြဝယ်ကြတာလည်း မြန်ဆန်တတ်ပါတယ်။ ပြစ်မှုနဲ့မလွတ်ကင်းသူများကို တစ်ပါတည်း တရားစွဲရတာမျိုးတွေလည်းရှိပါတယ်။ ကရိန်းကားပျောက်မှုမှာ ဦးမြင့်အုန်းက ကားနဲ့တွေ့သူကို ဖမ်းဆီးနိုင်ပြီး အင်းစိန်ရဲစခန်းကို လွှဲအပ်ခဲ့ပြီးဖြစ်ပါတယ်။

ကာယကံမြောက် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ဖို့ မဝေးတော့ပါဘူး။

အင်းစိန်ရဲစခန်းသို့ သားဖြစ်သူ သန့်ဇင်ဦးနဲ့ သူငယ်ချင်းများက အမြဲသွားသလို ဦးမြင့်အုန်းကလည်း လိုအပ်တဲ့ရဲလုပ်ငန်းများ၊ စုံစမ်းထောက်လှမ်းမှုများကို ကူညီလုပ်ဆောင်ရန် အဆက်အသွယ်မပြတ်ပါ။ တရားခံများ စုံစုံလင်လင် ဖမ်းဆီးနိုင်မယ်ဆိုတာ ယုံကြည်လျက်ပါ။

အဓိက အမှုစစ်အရာရှိကို အားပေးကူညီ ဆောင်ရွက်ရမယ်မဟုတ်ပါလား။ အသက် (၇၀)ကျော်ပြီဖြစ်ပေမယ့် စိတ်မြန်ကိုယ်မြန်ရှိဆဲပါ။ ယခင်အတိုင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာသတင်း

ကိုယ်ဝန် ၂၁ ပတ်သားက လူအများအား အံ့အားသင့်စေခဲ့

Michael Clancy သည် USA Today Newspaper အတွက် ''မွေးရာပါ ကျောရိုးအမြွေးကွဲခြင်း''ကို ခွဲစိတ်ပြုပြင်ပုံကို အဆင့်ဆင့်မှတ်တမ်းတင်ရန် ခွဲစိတ်ခန်းသို့ ရောက်ရှိနေသည်။

ခွဲစိတ်မှုကို သားအိမ်အတွင်းမှာသာ ပြုလုပ်ရမည်ဖြစ်ပြီး ကိုယ်ဝန်မှာ (၂၁)ပတ်သာ ရှိသေးသဖြင့် အခန့်မသင့်လျှင် ကလေးသေဆုံးသွားနိုင်သည့် အခြေအနေဖြစ်သည်။ သို့သော် ခွဲစိတ်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ ခွဲစိတ်ထားသော အပေါက်မှာမူ မပိတ်ရသေးပေ။

ဆရာဝန်က Camera အား ဘယ်လောက်နှုန်းနှင့် ရိုက်နေသနည်းဟုမေးနေစဉ်မှာပင် သားအိမ်အတွင်းမှ လက်ကလေးတစ်ဖက် အတင်းတိုးထွက်လာသည်ကို တွေ့လိုက်ကြရသည်။ ဆရာဝန်က ထိုလက်ကလေးကို မ,လိုက်စဉ်မှာပင် သေးငယ်သော လက်ချောင်းကလေးများက ဆရာဝန်၏လက်ချောင်းကို ဆုပ်ကိုင်ထားလေတော့သည်။ ဆရာဝန်က အထဲပြန်သွင်းရန် ကြိုးစားသော်လည်း ပိုမိုမြဲမြံစွာ ဆုပ်ကိုင်ထားလျက်ရှိသည်။

ထို့နောက် ဆရာဝန်က ကလေးလက်ကလေးကိုပြန်ထည့်၍ အပေါက်ကိုပိတ်ကာ သားအိမ်ကို ပြန်ထည့်လိုက်ပြီး ဗိုက်ကိုပြန်ချုပ်ခဲ့သည်။ ခွဲစိတ်မှုလည်း အောင်မြင်စွာပြီးဆုံးခဲ့လေသည်။

ထိုဓာတ်ပုံလေးကို USA Today Newspaper က ဖော်ပြလိုက်သောအခါ လူထုတစ်ရပ်လုံး အံ့သြခဲ့ရသည်။ ၂၁ ပတ်သာရှိသေးသော်လည်း ရုပ်လုံးပေါ်နေပြီး ကောင်းမွန်စွာ ဖွံ့ဖြိုးနေကြောင်းကို သိလိုက်ရသောကြောင့်ပင်ဖြစ်၏။

ထိုပုံလေးကြောင့် လမရင့်ခင် ကိုယ်ဝန်ဖျက်ချသော အယူအဆများ ပြောင်းလဲခဲ့သည်။ ထိုဓာတ်ပုံလေးသည် ''Hand Of Hope''ဟု လူသိများကြလေသည်။

Ref. Internet News

www.burmeseclassic.com

www.burmeseclassic.com

စတီးလ်ချောင်းနှင့် အသက်ဆက်ခဲ့ရသည့် မော်ဒယ်လ်လေး

အမေရိကန်နိုင်ငံမှ အသက် ၁၇ နှစ်အရွယ်ရှိ မော်ဒယ်လ် Katrina Burgess သည် ကားမတော်တဆမှုတစ်ခုတွင် ခန္ဓာကိုယ်၌ နေရာလပ်မရှိအရိုးများကျိုးခဲ့သည်။ ကျောရိုး၊ ခါးရိုး၊ တင်ပါးဆုံရိုး၊ ဒူးဆစ်၊ ခြေထောက်ရိုး၊ လက်မောင်းရိုး အစရှိသည့်နေရာတော်တော်များများမှအရိုးများ ကျိုးသွားခဲ့သည်။ မတော်တဆမှုဖြစ်ပြီး အချိန်ပိုင်းအတွင်း ကယ်ဆယ်ရေးများ ရောက်ရှိလာကာ နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ဆေးပညာရှင်များကနေ့တွင်း ချင်း ခွဲစိတ်မှုပြုလုပ်ပြီး ကျိုးသွားသော အရိုးများအစား စတီးလ်ချောင်း ၁၃ ချောင်းကို အစားထိုးထည့်ပေးခဲ့သည်။ ယင်းစတီးလ်ချောင်း ၁၃ ချောင်းကို ထိန်းပေးသည့် ပင်မဝက်အူရစ်ကို ကျောထဲထည့်ထားပေးရသည်။

ငါးလခန့် ကိုက်အခဲပျောက် ဆေးစားသုံးခဲ့ရပြီးနောက် ယခုအခါ လူကောင်းအတိုင်း နေထိုင်နိုင်ပြီဖြစ်သည်။ ယခုအခါ မော်ဒယ်လ်အေဂျင်စီတွင် ပြန်လည်အလွှဲခံရပြီး မော်ဒယ်လ်ဖက်ရှင်လောကတွင် ပြန်လည် ဝင်ရောက်နေပြီဖြစ်သည်။

Ref: International News

www.burmeseclassic.com

www.burmeseclassic.com

အသက်မသေသော်လည်း တကယ်သေသွားရသော အမျိုးသမီး

ရုရှားနိုင်ငံမှ ပြည်နယ်တစ်ခုတွင် အသက် ၄၉ နှစ်အရွယ် အမျိုးသမီး ကြီးတစ်ဦးသည် ဆရာဝန်က သေဆုံး သွားပြီဟု ပြောဆိုကာ သင်္ဂြိုဟ်ခါနီး အချိန် ပြန်လည်နိုးထလာသည့် ဖြစ် ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဆရာဝန်က ထိုအမျိုးသမီးကို ကွယ်လွန်ပြီဟု စာရင်းသွင်းလိုက်ပြီး သင်္ဂြိုဟ်ရန် စီစဉ်ခဲ့ကြသည်။ ထို့နောက် ဂူသွင်းခါနီးအချိန်ကျမှ ထိုအမျိုးသမီး မှာ ပြန်ထလာခဲ့သည်။ ထိုသို့ နိုးထ လာချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံးက ကြောက်ရွံ့ အံ့သြမှင်တက်စွာ ကြည့် ရှုခြင်းကို ခံရပြီးနောက် ချက်ချင်းသွေး လန့် ချောက်ချားစွာ အော်ဟစ်ပြီး Heart Shork နှင့် အသက်သေဆုံးခဲ့ရသည်။

ထိုကဲ့သို့ဖြစ်ရပ်များသည် ကမ္ဘာ တစ်လွှားတွင် ဖြစ်လေ့ဖြစ်ထရှိပြီး အချို့မှာ အကြောင်းမဲ့ သေဆုံးသွားရ လေ့ရှိကြောင်း သိရသည်။

Ref: International News

6-5-2013

သောင်းပေါမှုန်

www.burmeseclassic.com

www.burmeseclassic.com

ပြည်တွင်းသတင်း

ညဉ့်နက်ချိန်မှာ လမ်းဖြတ်ကူးသူကို တိုက်မိယာဉ်က

စက်ဘီးနဲ့ ရပ်နားကားကို ထပ်ဆင့်တိုက်မှုဖြစ်ပွားခဲ့

၁၄-၅-၂၀၁၃ ရက်နေ့၊ ည ၁၁ နာရီ ၅၅ မိနစ်အချိန်က မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသည့် လိုက်ထရပ်အဖြူရောင် ကိုယ်ပိုင်ယာဉ်သည် အိုကေစမိုင်း စားသောက်ဆိုင်ရှေ့အရောက်၌ အနောက်မှအရှေ့သို့ လမ်းဖြတ်ကူးသည့် မအေးနန္ဒာ (၁၉ နှစ်)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူအား ဝင်ရောက်တိုက်မိခဲ့ပြီးနောက် ရပ်တန့်၍ အကူအညီပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ ဘုရင့်နောင်ဈေးရှေ့သို့ အရောက်၌ ၎င်းရှေ့မှ ကိုသိန်းဇော်အောင် (၂၈ နှစ်)၊ ၆ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူ စီးနင်းသွားလာနေသည့် စက်ဘီးအား ဝင်တိုက်မိပြီး ဆက်လက်၍ လမ်းနံဘေး၌ ရပ်နားထားသော အက်စ်အီး အနီရောင်အငှားယာဉ်အား တိုက်မိခဲ့သည်။

ထိုသို့တိုက်မိမှုကြောင့် ယာဉ်နှစ်စီးနှင့် စက်ဘီးတို့ ပျက်စီးခဲ့ပြီး လမ်းဖြတ်ကူးသူ မအေးနန္ဒာ၊ စက်ဘီးစီးနင်းသူ ကိုသိန်းဇော်အောင်၊ စက်ဘီး၏နောက်မှ လိုက်ပါစီးနင်းသူ ကိုနိုင်နိုင်လင်းတို့ ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။

ဒုရဲအုပ် စောဇော်မင်းဦး (ယာဉ်ထိန်းတပ်ဖွဲ့စု ၁၅၊ မရမ်းကုန်းမြို့နယ်)မှ တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဘုရင့်နောင်ရဲစခန်းမှ ယာဉ် (ပ) ၁၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၈ ဖြင့် ယာဉ်မောင်း ထွန်းလင်း (၃၇ နှစ်)အား အရေးယူထားကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်ဈေး ဆိုင်ခန်းပေါ်မှာ သေနေသူကိုစစ်ဆေးရာ ပြင်ပဒဏ်ရာမရှိသော်လည်း

ခြေ လက်များကို ကြိုက်ကိုက်ထားကြောင်းတွေ့ရ

၁၅-၅-၂၀၁၃ ရက်နေ့၊ နံနက် ၇ နာရီခွဲအချိန်ခန့်က ဒလမြို့နယ်၊ သမ္မတကမ်းခြေ၊ ရပ်ကွက်ဈေး၊ ဆိုင်ခန်းတစ်ခုပေါ်တွင် ဒလမြို့နယ်၊ သမ္မတကမ်းခြေ၊ မြတ်လေးလမ်းနေ လှဝင်း (ခ) မိုက်ပူ (၄၀ နှစ်) သေဆုံးနေသည်ကို တွေ့ရ၍ ဒလရဲစခန်းတာဝန်မှူးနှင့် အဖွဲ့က စစ်ဆေးခဲ့သည်။

သေဆုံးသူသည် ကျန်းမာရေးမကောင်းသော်လည်း အရက်ကို နေ့စဉ် အလွန်အကျွံသောက်သုံးသူဟု သိရ၏။ ပြင်ပဒဏ်ရာများ မတွေ့ရသော်လည်း ညအချိန် သေဆုံးခဲ့ခြင်းဖြစ်၍ အလောင်း၏ဝဲခြေဖမိုး၊ ခြေမ၊ ခြေညှိုး၊ ခြေသူကြွယ်တို့တွင် ကြွက်များကကိုက်ထားသည့် ဒဏ်ရာများကို တွေ့ရကြောင်း သိရသည်။

ဒလမြို့နယ်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၇/၂၀၁၃ ဖြင့် အမှုရေးဖွင့်၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုစစ် စခန်းမှူး ရဲအုပ် ဇော်ဝင်းနိုင်က စစ်ဆေးနေကြောင်း သိရသည်။

BURMESE CLASSIC .com

၁၀ ရက်ကျော်ကြာမှ အရွယ်မရောက်သေးသူသမီးကို ခိုးယူပေါင်းသင်းမှုနဲ့ တိုင်ကြားခဲ့မှု

၁၅-၅-၂၀၁၃ ရက်နေ့ကျမှ မိခင်ဖြစ်သူက သမီးပျောက်အား စုံစမ်းသိရှိရ၍ ဒဂုံမြို့သစ် (တောင်ပိုင်း)ရဲစခန်းသို့ တိုင်ကြားခဲ့သည့်အတွက် အရွယ်မရောက်သေးသူအား ဖြားယောင်းသွေးဆောင် ခိုးယူပေါင်းသင်းမှု (ပ) ၃၁၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အရေးယူခဲ့ရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ၅၅ ရပ်ကွက်နေ ဦး---(၄၅ နှစ်)သည် ၄-၅-၂၀၁၃ ရက်နေ့၊ ည ၉ နာရီခွဲအချိန်၌ အသက် (၁၅) နှစ်၊ လေးလရှိ သမီးဖြစ်သူသည် ရုပ်ကွက်ဘောလုံးကွင်း၌ ကလေးများဘောလုံးပွဲကို သွားကြည့်ရာမှ ပျောက်ဆုံးနေ၍ လိုက်လံရှာဖွေခဲ့ရာ တစ်လမ်းတည်းနေ ကုလား (ခ) ညီဖော်က ခိုးယူသွားကြောင်း သိလိုက်ရ၏။

လိုက်လံစုံစမ်းရာ မော်လမြိုင်ဘက်သို့ ရောက်ရှိနေကြောင်း သိရသဖြင့် ၁၅-၅-၂၀၁၃ ရက်နေ့ကျမှ အမှုဖွင့်တိုင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်မြင်တိုင် စံပြငါးဈေးတွင် ငွေကျပ် (၃၅)သိန်းကျော်ပါအိတ်ကို
အရောင်းစာရေးက ခေတ္တအိပ်ပျော်သွားစဉ်အတွင်း အခိုးခံလိုက်ရမှု

၁၅-၅-၂၀၁၃ ရက်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်အချိန်က ကော့မှူးမြို့နယ်၊ ကညင်ဂူရွာနေ ငါးဖိုင်စာရေး ကိုတင်ကိုလတ် (၂၃ နှစ်)သည် ငွေစာပုလဲ ငါးရောင်းဝယ်ရေးကုမ္ပဏီပိုင် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း/မြောက်/အနောက်ရပ်ကွက်၊ ပဟိုစံပြ ငါးဈေး (ယ)ဖိုင်အမှတ်(၁၂)၌ ငှင်းထိုင်နေသော ငွေသိမ်းစားပွဲပေါ်တွင် ငါးရောင်းရငွေ (၃၄၈၉၅၀၀)ကျပ်ပါအိတ်ထဲမှ ငွေကျပ် (၃၅၀၀၀၀)ကို ကျွတ်ကျတ်အိတ်အတွင်းခွဲထည့်ပြီး ငွေသိမ်းစားပွဲပေါ် တင်ထားခဲ့သည်ဆို၏။

ကိုတင်ကိုလတ်သည် ငွေများကို စားပွဲပေါ်တင်ထားရင်း အိပ်ပျော်သွားခဲ့ရာ နံနက် ၁၀ နာရီ ၂၀ မိနစ်အချိန်၌ နီးလာ၍ ကြည့်ရှုရာ ငွေအိတ်မှာ ပျောက်ဆုံးနေကြောင်း သိလိုက်ရ၏။

ငွေအိတ်ထဲတွင် ငွေကျပ် ၃၅၂၄၈၅၀၀ ပါရှိသွားခဲ့သည်ဆို၏။

ကိုတင်ကိုလတ်က တရားလိုပြု လုပ်တိုင်ကြားသဖြင့် ကြည့်မြင်တိုင်မြို့နယ်၊ မြို့မရဲစခန်းမှ (ပ) ၃၇၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် သန်းလွင်က စုံစမ်းဖော်ထုတ်နေကြောင်း သိရသည်။

BURMESE CLASSIC .com

ဆေးခြောက်နဲ့ဘိန်းဖြူများ သယ်ယူလာသူကို
မဂ်လာတောင်ညွန့်၊ ပိုလ်မင်းရောင်လမ်းပေါ်မှ သတင်းအရဖမ်းမိ

၁၅-၅-၂၀၁၃ ရက်နေ့၊ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်အချိန်က ရန်ကုန်အရှေ့ပိုင်း၊ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ဆန်းဦးနှင့်အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မဂ်လာတောင်ညွန့်မြို့နယ်၊ ပိုလ်မင်းရောင်လမ်း၊ တော်ဝင်ပလာဇာရွှေ့လမ်းမပေါ်၌ စောင့်ဆိုင်းနေကြစဉ် အနက်ရောင်ဆိုင်ကယ်အား စက်ဘီးလမ်းဘက်မှ စီးနင်းလာသူကို မဆက်ဘွယ်တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့သည်။

ဆိုင်ကယ်စီးနင်းရောက်ရှိလာသူမှာ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇန ဥယျာဉ်ပြိုတော်၊ (၁၀)လမ်းနေ အောင်အောင်ဇာဉီး (၃၇ နှစ်)ဖြစ်၍ ၎င်း ဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီရွေ့ဝဲဘက်အိတ်ကပ်အတွင်းမှ ဗမာသောက်ဆေးဘူး (၈)ဘူးကို ရှာဖွေတွေ့ရှိရ၏။ အဆိုပါဘူးတစ်ဘူးထဲတွင် ဘိန်းဖြူ အလေးချိန် ၈ ဒသမ ၀၃၅၅ ဂရမ် ပါရှိသည်ကို တွေ့ရ၏။

ထို့အပြင် ဂျာနယ်စက္ကူနှင့် ရစ်ပတ်ထုပ်ထားသည့် အလေးချိန် (၃) ဂရမ်ပါ ဆေးခြောက်တစ်ထုပ်နှင့် ဆေးဘူးခွံ (၃)ခု၊ ဆေးထိုးအပ်ပါ ပိုက်တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းယူနိုင်ခဲ့သည်။

ရဲအုပ် ဆန်းဦးက တိုင်တန်းသဖြင့် မဂ်လာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ မယ(ပ) ၁၃၂/၂၀၁၃၊ မူးယစ်ပုဒ်မ ၁၅/၁၆(ဂ)ဖြင့် အရေးယူ၍ အမှုစစ် ရဲအုပ် မင်းမင်းထွန်းက စစ်ဆေးနေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

လေတလူပ်လူပ်နဲ့ လိုင်းကပုတ်ခတ်နေချိန်မှာ

လေပေါ်ပါမိန်းမပျိုကို တစ်အိမ်တည်းနေသူက

ကြိုး နဲ့ တုပ် ပြီး အ ဓ မ္မ ပြု ကျင့် ခဲ့ မှု

BURMESE CLASSIC .com

၁၃-၅-၂၀၁၃ ရက်နေ့၊ ည ၁၁ နာရီအချိန်က တွံတေးမြို့နယ်၊ ---ရွာနေ မ---(၂၃ နှစ်)သည် တစ်အိမ်တည်းအတူနေ ဝင်းရွှေ (၄၇ နှစ်)က ငါးမျှားရာသို့လိုက်ခဲ့ရန်ခေါ်သဖြင့် အတူတကွလိုက်ပါရင်း အောင်ထွန်းချောင်းထဲတွင် လေဖြင့်ငါးမျှားနေခဲ့ကြသည်ဆို၏။

ငါးမျှားနေကြစဉ် ည ၁၁ နာရီခွဲအချိန်၌ ချောင်းထဲရှိလေပေါ်တွင် နှစ်ယောက်တည်းရှိပြီး အမှောင်ကြီးစိုးချိန်ဖြစ်၍ ဝင်းရွှေက မ---အား သားမယားအဖြစ် ဆက်ဆံလိုကြောင်းပြောခဲ့ရာ လက်မခံသည့်အတွက် မ---ဏ်ပါးကိုရိုက်၍ ပါးစပ်ကို အင်္ကျီဖြင့်ပိတ်စည်းထားကာ ခြေနှစ်ဖက်ကို လေတွင်ကြိုးဖြင့်ချည်၍ အကြိမ်ကြိမ် အဓမ္မပြုကျင့်ခဲ့သည်ဆို၏။

နောက်တစ်နေ့နံနက် ၅ နာရီကျမှ ကြိုးဖြေပေး၍ အိမ်ပြန်ရောက်သည့် အခါ မ---က ရဲစခန်းသို့သွားရောက်၍ တိုင်ကြားခဲ့သည်။

တွံတေးမြို့နယ်၊ မြို့မရဲစခန်းမှ (ပ) ၁၉၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် ဝင်း ရွှေကိုဖမ်းဆီး၍ အမှုစစ် စခန်းမှူး ရဲအုပ်သန်းထွန်းက စစ်ဆေးနေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

မီ သဿ၊ မတ်လ (၂၁) ရက်မှ ပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း ဘာပဲလုပ်လုပ်၊ ဘာပဲကြုံကြဲ အောင်မြင်မည်။ ကံစီမံတဲ့ ရွှေ၊ ငွေ၊ လာဘ် ခနကံတော့ ဝင်မည်မှတ်ပါ။ ကားဝယ်ရောင်းပြုသူများ ဆုံးရှုံးတတ်၍ သတိပြုပါ။ ရတနာ၊ ရေထွက်ပစ္စည်း၊ စားသောက်ကုန်ရောင်းချသူများ အမြတ်ပေါ်တတ်သည်။ ကျန်းမာရေးညံ့၊ လူမှုရေးသင့်၍ စီးပွားရေးက အထူးကောင်းမည်မှတ်ပါ။

အချစ်ရေး။ ။ ချစ်သူတွေ့ပတ်လည်ပိုင်းပြီး ရွှေးရခက်နေတတ်သည်။
အိမ်ထောင်ရေး။ ။ ဘဝခရီးဖော်လက်တွဲ တစ်သက်ပန်မြဲမည်မှတ်ပါ။
ထီထိုးရန်။ ။ (က) ၅-၉၊ (ခ) ၅-၄၊ (ဂ) ၅-၂။
ယတြာ- မွေးနံ့ထောင့်တွင် ခေါင်ရမ်းပန်း၊ ဝိတောက်ပန်းလှူဒါန်းပါ။

ပြီ သဿ၊ ပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ

BURMESE CLASSIC .com

ယခုလအတွင်း နိုင်ငံခြားခရီး၊ လေ့လာရေးခရီး၊ သင်တန်းတက်ရန် ရာထူး၊ နေရာ၊ ဌာနတိုးတက်ပြီး သွားရတတ်သည်။ သဘင်ပညာ၊ အားကစား၊ ရုပ်ရှင်အနုပညာရှင်တို့ အထူးပင် ကံဇာတာတိုးတက်တတ်သည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်မှမထွက်ပါနှင့်။ ကံကောင်းနေချိန်ဖြစ်သည်။ ကိုယ်ပိုင်လုပ်ပါက ဆုံးရှုံးရတတ်သည်။ ကျန်းမာရေးတွင် နှလုံး၊ သွေးတိုး၊ ဆီးချို သတိထားပါ။

အချစ်ရေး။ ။ အရှုံးကြုံရမည်ဖြစ်သော်လည်း စိတ်မပျက်ဘဲ ဆက်ကြိုးစားပါ။
အိမ်ထောင်ရေး။ ။ အဆင်မပြေဖြစ်ပြီး မိန်းမဖြစ်သူ အိမ်ပေါ်ကဆင်းသွားတတ်သည်။
ထီထိုးရန်။ ။ (တ) ၇-၉၊ (ထ) ၇-၅၊ (ဒ) ၇-၂။
ယတြာ- အိမ်ဘုရားတွင် မုန့်ဆီကြော်သုံးချပ်ကို ဆွမ်းနှင့်အတူ လှူဒါန်းပါ။

မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း ဘာပဲလုပ်လုပ် အဆင်မပြေဖြစ်နေတတ်သည်။ အရှေ့အရပ်ကို မျက်နှာမူပြီး နေထွက်သောအခါ လိုရာဆုတောင်း၍ ကြဲစည်ပါ။ အကြွေးအစည်၊ လုပ်ငန်းတို့ အဆင်ပြေမည်။ တိုက်၊ ခြံ၊ မြေတို့ကြောင့် အမှုအခင်းဖြစ်လျှင်ရှုံးမည်။ ကြွေးမြီကိစ္စ၊ ထွက်ပြီးသော ရွှေ၊ ငွေကိစ္စ ပြန်ဝင်ပြီး အောင်မြင်မှုရမည်။ ကျန်းမာရေးအထူးကောင်းနေမည်။

အချစ်ရေး။ ။ ရမ္မက်ဖောကြောင့် ဂုဏ်သိက္ခာကျဆင်းတတ်သည်။
အိမ်ထောင်ရေး။ ။ သင်ဘာပဲလုပ်လုပ် မိသားစုမျက်နှာကို ကြည့်ပါ။
ထီထိုးရန်။ ။ (ဃ) ၁-၈၊ (င) ၁-၇၊ (စ) ၁-၅။
ယတြာ- မွေးနံ့ထောင့်တွင် မုန့်ဟင်းခါး၊ ခေါက်ဆွဲ လှူဒါန်းပေးပါ။

ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဂုလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း အလုပ်များပြီး တပည့်တွေအတွက် သောကကြုံတတ်သည်။ လက်အောက်ငယ်သားများ တော်လှန်တတ်၍ သတိပြုပါ။ စီးပွားရေးတွင် အထည်အလိပ်၊ အလှကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ ကံကောင်းတတ်သည်။ ရာထူးနေရာလှုပ်ရှားတတ်သည်။ သဘင်အထူးပြုပါ။ ကျန်းမာရေးတွင် အကြောတက်ရောဂါ သတိထားပါ။

အချစ်ရေး။ ။ မိမိထက်အသက်ကြီးသူနှင့် ချစ်ကြိုက်ရကိန်းမြင့်သည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး စိတ်သဘောချင်းမတိုက်ဆိုင်ဖြစ်နေမည်။
ထီထိုးရန်။ ။ (တ) ၂-၄၊ (ထ) ၂-၆၊ (ဒ) ၂-၉။
ယတြာ- အိမ်ဘုရားတွင် ယို ကိုးမျိုး၊ ရေ ငါးခွက် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

သိ ဟ်၊ ဥလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း ရပ်ဝေးမှ သတင်းကောင်းကြားရမည်။ စီးပွားရေးတွင် လာဘ်ခေနဲတို့ သိန်းသန်းဝင်လာမစဲ တသဲသဲဖြစ်နေမည်။ လယ်၊ ကိုင်း၊ စပါး၊ ဆန်၊ ဆီ၊ ဆေးတို့ လုပ်ငန်း ခွင်ကံအထူးကောင်းလိမ့်မည်။ ရန်ဘက်၊ ပြိုင်ဘက်ရှိသည်။ သတိအထူးရှိပါ။ ပညာရေးကောင်း၊ လူမှုရေးညှိ၍ ကျန်းမာရေးသင့်ပါသည်။

အချစ်ရေး။ ။ ချစ်ဦးသူနှင့်လွဲ၍ ဒုတိယအချစ်နှင့် ရာသက်ပန်မြဲမည်။
အိမ်ထောင်ရေး။ ။ ရန်ဖြစ်လေ စီးပွားတက်လေဖြစ်နေမည်။
ထီထိုးရန်။ ။ (၆) ဂ-၁၊ (၄) ဂ-၂၊ (၃) ဂ-၄။
ယတြာ- မွေးနံ့ထောင့်တွင် သပြေ၊ ခံတက် ကိုးညှဉ့်စီနှင့် ရေသက်စေ့ကပ်လှူပါ။

ကာ နှ်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း မိဘ၊ ဆွေမျိုးဥာတိတို့ကို ငွေဖြင့်ကျေးဇူးဆပ်ခွင့်ကြုံမည်။ ပညာရေးအတွက် နိုင်ငံခြားသို့ ခရီးထွက်ရမည်။ သူငယ်ချင်း၊ အပေါင်းအသင်းများနှင့် အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားမှုကြောင့် အမှုဖြစ်ကိန်းမြင်သည်။ ကျတ္တိယကြောင့် ဂုဏ်ကက်မည်။ အတွင်းရန်၊ အပြင်ရန်ရှိနေသည်။ ပရိတ်ရွတ်ပါ။ မေတ္တာသုတ်ကို နေ့စဉ်ရွတ်ပါ။ ကျန်းမာရေးတွင် အာရုံကြော၊ ဇက်ကြော၊ နောက်ကြောတက်မည်။

အချစ်ရေး။ ။ နှလုံးသားအလိုမလိုက်ပါနှင့်။ ဒုက္ခတွေ့လိမ့်မည်။
အိမ်ထောင်ရေး။ ။ ချစ်ခင်မှန်းကို သံသယဝင်တတ်သည်။ သံသယကိုဖျောက်လိုက်ပါ။
ထီထိုးရန်။ ။ (နှ) ၂-၃၊ (ဒ) ၂-၉၊ (ဓ) ၂-၅။
ယတြာ- အိမ်ဘုရားတွင် ထီး၊ တံခွန်၊ ကုက္ကား သုံးလက်စီလှူပေးပါ။

BURMESE CLASSIC .com

တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း စီးပွားရေးတွင် အပျက်အစီးများတတ်သည်။ မရွံးသင့်ဘဲ ဆုံးရှုံးနေမည်။ လူမှုရေးဖောက်ပြန်မှုရှိတတ်သည်။ သတိထားရှောင်ပါ။ တိုက်၊ ကား၊ ခြံ၊ မြေ၊ ရွှေ၊ ငွေတို့နှင့် နေထိုင်ရတတ်သည်။ သို့သော် စိတ်အမြဲတမ်းဆင်းရဲနေရတတ်သည်။ ပညာရေးတွင် ကံဇာတာတက်မည်။ ကျန်းမာရေးကောင်းပြီး လူမှုရေးညှိနေမည်။ အလှူအတန်းပေးလှူရတတ်သည်။

အချစ်ရေး။ ။ လိုက်လေဝေးလေ ဆွေးလေဖြစ်တတ်ပါသည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး သဒ္ဓါထူး၍ အလှူကြီးပေးလှူရမည်။
ထီထိုးရန်။ ။ (ပ) ၅-၄၊ (ဏ) ၅-၉၊ (သ) ၅-၇။
ယတြာ- မွေးနံ့ထောင့်တွင် စာကလေး ကိုးကောင်လွှတ်လိုက်ပါ။

ဇြီ ဆွာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ

ယခုလထဲတွင် ရှေးဟောင်းပစ္စည်း၊ ဓာတ်လုံး၊ ကာယသိဒ္ဓိပြီးနိုင်သော အစီအရင်အရောင်းအဝယ် ကံကောင်းမည်။ ငွေလာဘ်ဓနကံ သိန်းများစွာဝင်လာတတ်သည်။ မြေကွက်၊ တိုက်၊ ခြံအရောင်းအဝယ် ကံကောင်းမည်။ မ,စ ကြည့်ရှုသူတို့နှင့် တွေ့ကြုံတတ်သည်။ သူတစ်ပါး ကိစ္စဝင်ရောက်ဖြေရှင်းပေးခြင်းရှောင်ပါ။ ရာထူး၊ နေရာ၊ ဌာန မြဲနေမည်။ စိုးရိမ်စိတ်မလွန်ကဲ ပါနှင့်။

အချစ်ရေး။ ။ မမျှော်လင့်ဘဲ စေ့စပ်ကြောင်းလမ်း ပွောင်းရမ်းကိန်းမြင်သည်။
အိမ်ထောင်ရေး။ ။ ဘာပဲဖြစ်ဖြစ် စိတ်ရှည်ရှည်ထားပါ။ သင့်အကြံအောင်မည်။
ထီထိုးရန်။ ။ (သ) ၇-၅၊ (ဟ) ၇-၈၊ (၆) ၇-၂။
ယတြာ- အိမ်ဘုရားတွင် ဆွမ်းပေါသကြားဖြူးပြီး ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com

ဝန္ဒ၊ နိဝင်ဘာလ (၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း သောကဗျာပါရက္ခင်းဝေပြီး စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်စုံလိမ့်မည်။ ခြေနှစ်ချောင်းကယ်မိပါက စိတ်သောကဗျာပါရကြုံမည်။ အထည်အလိပ်၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ပတ္တမြား၊ ပုလဲ၊ စိန်တို့ အရောင်းအဝယ်အားကောင်းမည်။ အနက်ရောင်မဝတ်သင့်ပါ။ ရှောင်ပါ။

အချစ်ရေး။ ။ မဟုတ်မတရားလုပ်ဇာတ်ကြောင့် ချစ်သူနှစ်ဦးအဆင်မပြေဖြစ်တတ်သည်။
အိမ်ထောင်ရေး။ ။ အိမ်ထောင်ဖက်၏ကျန်းမာရေး အထူးသတိထားပါ။
ထီထိုးရန်။ ။ (စ) ၅–၄၊ (ဆ) ၅–၈၊ (ဇ) ၅–၉။
ယတြာ– မွေးနံ့ထောင့်တွင် ပန်းကိုးမျိုး၊ ရေကိုးခွက်လှူဒါန်းပါ။

မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း အိမ်၊ ခြံ၊ မြေကိစ္စကြောင့် ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုးများကြားတွင် ရန်ပွဲကြုံတတ်သည်။ ဒေါသကို သတိထားရှောင်ပါ။ အမှုအခင်းဖြစ်တတ်သည်။ ဝန်ထမ်းဖြစ်ပါက အလုပ်ထွက်ပြီး အပြင်စီးပွားရေးမလုပ်သင့်ပါ။ မြောက်အရပ်သွားလျှင် အချုပ်အနှောင့်ခံရကိန်းမြင့်သည်။ မသွားသင့်ပါ။ မုန့်ပဲသရေစာအမျိုးမျိုး၊ ထမင်းဆိုင်၊ သားငါးပုစွန်ရောင်းဝယ်ရေးတို့ စီးပွားရေးကံကောင်းမည်။

အချစ်ရေး။ ။ ရွှုပ်ထွေးပွေလီ ချစ်ပြဿနာတက်နေမည်။ ရှောင်လိုက်ပါ။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦးစလုံး သစ္စာမြဲစေ၊ မေတ္တာစွဲစေမှတ်ပါ။
ထီထိုးရန်။ ။ (ဃ) ၄–၃၊ (င) ၄–၉၊ (ဆ) ၈–၁။
ယတြာ– အိမ်ဘုရားတွင် သရက်သီး၊ ဒူးရင်းသီး ကပ်လှူပေးပါ။

BURMESE CLASSIC .com

ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလအတွင်း ထီပေါက်ခြင်း၊ စီးပွားရေးကောင်းခြင်း၊ မကြာခဏ ရွှေဝယ်ရခြင်း၊ ကား၊ အိမ်၊ ခြံ၊ မြေ ဝယ်ယူရခြင်းကြုံမည်။ ဝယ်ရောင်းပြုသူများ အထူးကောင်းမည်။ ဘာပဲလုပ် လုပ်မှုချအောင်မြင်မည်။ သာသနာရေး၊ ဘာသာရေး ကြိုးစားပေးပါ။ ပရိတ်၊ ဂါထာ၊ မန္တန် တို့ကို အခါအခွင့်သင့်သလို ရွတ်ဖတ်ပေးပါ။ ရပ်နီး၊ ရပ်ဝေးမှ ကောင်းသတင်းကြားရမည်။

အချစ်ရေး။ ။ ချစ်သူ၏သစ္စာဖောက်ခြင်းခံရမည်။ အချစ်သစ်ရှာပါ။
အိမ်ထောင်ရေး။ ။ လင်မယားစိတ်ဆိုးပြီး မိန်းမအိမ်ပေါ်ကဆင်းသွားတတ်သည်။
ထီထိုးရန်။ ။ (က) ၆–၃၊ (ခ) ၅–၄၊ (ဂ) ၈–၁။
ယတြာ– မွေးနံ့ထောင့်တွင် ဖီဇင်၊ ဓမ္မာ၊ ဇလပ် ကိုးပွင့်၊ ကိုးညွှန့်စီလှူပါ။

မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ

ယခုလမွေးဖွားသူများသည် ဒီတစ်လအတွင်း အိမ်နီးချင်းတို့နှင့် စကားပြောဆင်ခြင်ပါ။ ရန်ဘက်၊ ပြိုင်ဘက်မြင်သည်။ ခရီးသွားလျှင် အရှေ့၊ တောင်အရပ်ရှောင်ပါ။ ဘေးရန်ရှိသည်။ ဘာပဲလုပ်လုပ် ရတနာသုံးပါး၊ အနန္တဂါးပါး မမေ့သင့်ပါ။ ပုတီးစိပ်၊ သက်သတ်လွတ်စာ၊ အဓိဋ္ဌာန်ဝင်ပါ။ ဂုဏ်တော်ပုတီးများများစိပ်ပေးပါ။

အချစ်ရေး။ ။ အားလုံးအဆင်ပြေပြီး လက်ထပ်ကိန်းမြင့်သည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး ပြည်ပဘုရားဖူးသွားရမည်။
ထီထိုးရန်။ ။ (ဇ) ၅–၂၊ (စျ) ၅–၄၊ (ည) ၅–၉။
ယတြာ– အိမ်ဘုရားတွင် နှင်းဆီနီနီရဲရဲ ကိုးပွင့်လှူဒါန်းပေးပါ။

စမ်းလိုအေးရှိ ပန်းလိုမွေးပါစေ
သစ္စာမေတ္တာ ဆရာဆွန်းလင်းကျော်
နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်

www.burmeseclassic.com